# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

# ၏

# သမိုင်းအကျဉ်း

# THE BRIEF HISTORY

# OF

# NATIONAL LEAGUE FOR DEMOCRACY

# “ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ”
# ( NATIONAL LEAGUE FOR DEMOCRACY )

### အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် မြန်မာ့နိုင်ငံရေးလောကအတွင်း ရောက်ရှိလာခြင်း။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှု အတွင်းစတင်ဝင်ရောက်လာပုံ သမိုင်းဝင်အဖြစ်အပျက်များအကြောင်း သခင်အုန်းမြင့်၏ပြောပြချက်များအား ဒီမိုကရက်တစ်မြန်မာ့အသံမှ အခန်းဆက်ဆောင်းပါးများအဖြစ် ထုတ်လွှင့်ပေးခဲ့ရာ အောက်ပါအတိုင်းဖြစ်သည်။

ဒေါ်စုကိစ္စကတော့၊ ကျနော်တို့အစချီပြီးပြောရမယ်ဆိုရင်တော့ တော်တော့်ကိုပြောရမယ်။ အဲဒီတော့ ကျနော် (၇၉)က သူနဲ့ပြန်တွေ့တွေ့ချင်း၊ အစပိုင်းလောက်က အစချီပြီးတော့၊ ပထမနှုတ်ဆက်တဲ့ဥစ္စာကစရမှာပဲ။ အဲဒီတုန်းက (၇၉)။ လတော့မမှတ်မိတော့ဘူးဗျ၊ ကျနော်မနက်ပိုင်းရောက်သွားတော့၊ အဲ မမကြည်က၊ အဲ ဒေါ်ခင်ကြည်ပေါ့ဗျာ။ အဲ စုစုတဲ့၊ အဲဒီမှာ တဲ့၊ ဦးအုန်းမြင့် တဲ့၊ အဲ ဖေဖေ့သူငယ်ချင်း တဲ့၊ မိတ်ဟောင်းတွေပေါ့တဲ့ ဆိုတော့၊ တွေ့ရတာဝမ်းသာပါတယ်အန်ကယ် တဲ့။ အဲတွေ့လိုက်တော့သေးသေးပဲဗျ၊ ဟိုဗမာအဝတ်အစားကိုသပ်သပ်ရပ်ရပ် တခါတည်းဝတ်ထားတာပဲ။ နောက်ပြီးတော့ လက်မှာကကြည့်လိုက်တော့ လက်ဝတ်တန်ဆာတခုမှမရှိဘူး။ နာရီလေးပတ်ထားတယ်၊ သရေကြိုးလေးနဲ့နာရီလေးတလုံးပတ်ထားတယ်။ ဒီပြင်ဘာမှမရှိဘူး၊ ဆွဲကြိုးတွေဘာတွေညာတွေ၊ လက်စွပ်တွေ ဘာမှမရှိဘူးဗျ၊ လက်ကောက်တွေ ဘာမှမရှိဘူး၊ အဲဒါ ရိုးရိုးပဲ။ ဒါပေမယ့် အဝတ်အစားဝတ်ထားပုံက သိပ်သပ်ရပ်လွန်းအားကြီးတယ်လေ။ နိုင်ငံခြားမှာနေတယ်ဆိုပေမယ်လို့၊ အဲဒါတော့ ကျနော်သတိထားမိလိုက်တယ်။ အဲဒီနောက်ပိုင်း မတွေ့ဘူးဗျ၊ အဲဒီတခေါက်က ဒါပဲပြောဖြစ်တယ်။ အဲဒါ နောက်တနှစ်လာတဲ့အခါကြတော့၊ တွေ့တွေ့ချင်းပဲ၊ အဲဒါ အန်ကယ် တဲ့၊ ဖေဖေနဲ့အတူနေခဲ့ရတယ်ပြောတယ် တဲ့။ အဲ ဖေဖေ့အကြောင်းကိုပြောပြစမ်းပါ တဲ့၊ အဲဒါက စတာပဲ။ အဲဒါကစတော့ဗျာ၊ ကိုအောင်ဆန်းကျောင်းသားဘဝက ကျနော်စတွေ့တဲ့အကြောင်းကစပြောရတာပေါ့။ ဒါပြောပြီးတော့ တဖြည်းဖြည်း တဖြည်းဖြည်းချင်း၊ ကျောင်းသားဘဝက အပေါင်းအသင်း၊ ဟို ကျောင်းသားခေါင်းဆောင်အားလုံးရဲ့၊ တယောက်ချင်းစီရဲ့အကြောင်းလည်း ပါတာပေါ့ဗျာ။ ကျောင်းသားခေါင်းဆောင်တွေထဲမှာ၊ ဟိုဗိုလ်လက်ျာတို့၊ ကိုအုန်းတို့၊ ကိုကျော်ငြိမ်းတို့၊ ကိုနုတို့၊ ဘယ်သူတို့၊ အကုန်လုံးအကြောင်းတွေလည်း၊ တယောက်ချင်း၊ တယောက်ချင်းရဲ့ သဘောသဘာဝနဲ့ စိတ်ထားသဘောထားအကြောင်းလည်းပြောဖြစ်တာပေါ့ဗျာ။ အဲသူကလည်းမေးတယ်ဗျ၊ ဒေါ်စုကလည်းမေးတော့၊ ကျနော်ကလည်းပြောတာပဲ၊ သိသလောက်တော့။ အဲဒါကျနော်သိသလောက်တော့ပြောပြတာပေါ့ဗျာ၊ အသေးစိတ်ပြောတယ်ဗျာ။ ကိုယ်ကျင့်တရားတွေဘာတွေကအစပြောရတာပေါ့။ အဲနောက်၊ အဲဒီ၊ တို့ဗမာအစည်းအရုံးရောက်တော့ ပြောတယ်။ တို့ဗမာအစည်းအရုံးမှာတွဲလုပ်တဲ့ ဗမာနိုင်ငံလုံးဆိုင်ရာအလုပ်မှုဆောင်ထဲက၊ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေရဲ့အကြောင်းတွေရော၊ တယောက်ချင်းတယောက်ချင်းရဲ့၊ စိတ်သဘောထားတွေ ဘာတွေပါ အကုန်ပြောပြတာပေါ့။ တော်တော်လေးပြောရတယ်ဗျ၊ အဲဒါဘာလို့ဆိုတော့၊ သူကနစ်တိုင်းလိုလာတာကိုဗျ။ ဒါပေမယ့်သူကချည်းမေးနေတာပဲ။ ဘာတုန်းဆိုတော့၊ သူက ကျနော်တို့ထက် လက်လှမ်းမီတယ်လေ။ ဗမာပြည်အကြောင်းထုတ်ထားတဲ့၊ နိုင်ငံခြားမှာထုတ်တဲ့စာအုပ်တွေထဲက၊ သူ တော်တော်များများသိရတယ်လေ၊ သိထားတယ်လေ။ အဲဒါ သူဖတ်ထားတာ၊ နောက်ပြီးတော့၊ အထူးသဖြင့်က၊ ကျနော့်ကို အဲဒီဗမာပြည်ကထွက်သမျှစာအုပ်၊ သူမှာမရှိသေးတဲ့စာအုပ်တွေအကုန်လုံးရှာခိုင်းတော့တာပဲ။ ကျနော်တင်မဟုတ်ပါဘူး၊ (၃)(၄)ယောက်ကိုရှာခိုင်းတာ။ ရသမျှအကုန်သိမ်းကျုံးပြီးယူတာပဲ။ ကျနော်လည်း မှတ်တမ်းမှတ်ရာရှိသမျှ သူ့ကိုပေးတာပဲ။ အဲဒါရသမျှကိုအကုန်ပေးတာ၊ တခေါက်လာရင်နည်းနည်း၊ တခေါက်လာရင်နည်းနည်း။ ဒါကတော့ဗျာ အစအနေနဲ့ပြောတာ။ နောက်ဆုံးခင်ဗျာ၊ (၈၄)မှာပဲထင်တယ်ဗျ၊ ဒီစာအုပ်ပြန်ကြည့်မှရက်စွဲသိမယ်။ အဲ တပ်မတော်မော်ကွန်းတိုက်မှာသွားပြီးတော့၊ သူ စာတွေဘာတွေသွားကူးတယ်ဗျ။ အဲဒီ ဂျပန်ခေတ်က Statement တို့၊ ဘာတို့၊ ညာတို့ နိုင်ငံရေးနဲ့ပတ်သက်တဲ့စာစောင်တွေ၊ စာရွက်စာတမ်းတွေကိုသွားကူးတယ်ဗျ။ လက်ရေးနဲ့ကူးရတာ။ တချို့ဥစ္စာတွေ အင်္ဂလိပ်လိုထုတ်တဲ့ဟာတွေရှိတယ်လေ။ ဗြိတိသျှအစိုးရနဲ့ ဟို ပြောတာဆိုတာကိစ္စတွေက အင်္ဂလိပ်လိုရှိတယ်။ အဲဒါတွေ လက်ရေးနဲ့ကူးရတာ။ Type Writer ယူသွားလို့လည်းမရဘူး၊ အဖော်လည်းခေါ်သွားလို့မရဘူး။ သူလက်ရေးနဲ့ကူးရတယ်။ လက်ရေးနဲ့ကူးပြီးတော့မှ ကျနော်ကပြန်ပြီးတော့၊ ဟိုသားကို Type အရိုက်ခိုင်းရတယ်၊ အောင်ခင်ကို Type

ရိုက်ခိုင်းပြီးတော့၊ ဟို သူ့ကိုပေးရတယ်။ သူပြီးတော့ကြမှသူနဲ့ကျနော်နဲ့ပြန်ပြီးတော့တခါ၊ သူ့လက်ရေးမူနဲ့ပြန်ပြီးတိုက်ရတာ။ တိုက်ပြီးတော့မှ အကုန်လုံးသူ့ကိုပေးလိုက်တယ်လေ။

အဲဒီ ဒေါ်စုနဲ့ကတော့ဗျာ၊ ကျနော်တို့ ဟိုပြောရင်းပြောရင်းနဲ့၊ အဲဒီအကြောင်းတွေပြောရင်းပြောရင်းနဲ့၊ ဟို နောက်ဆုံးသူကလည်း မေးတာအသေးစိတ်မေးတယ်ဗျ။ တယောက်ချင်းတယောက်ချင်းအကြောင်းလဲ မေးတယ်။ ဟို ပါတီအဖွဲ့အစည်းတွေရဲ့အကြောင်းလည်းမေးတယ်ဗျ။ ကျနော်သိသမျှအကုန်ပြောရတာပေါ့ဗျာ။ ပြောရင်းပြောရင်းနဲ့ ကျနော်တို့နောက်ကြတော့၊ ဘာဖြစ်လာသလဲဆိုတော့၊ တိုင်းပြည်အခြေအနေက၊ သိပ် တနေ့ထက်တနေ့၊ တနေ့ထက်တနေ့ သိပ်ဆိုးလာပြီပေါ့။ တိုင်းပြည်ငြိမ်းချမ်းမှ တတိုင်းပြည်လုံးချမ်းသာမယ်ပေါ့။ ဒီ တိုင်းပြည်ထဲကလူတွေလည်း လူတွေရော၊ တိုင်းသူပြည်သားတွေရော ချမ်းသာမယ်ပေါ့။ အဲဒါကြောင့်မို့လို့ ငြိမ်းချမ်းရေးရဖို့အတွက်ကို၊ ဟိုဒါအဓိကဖြစ်တယ်ဆိုတဲ့ ဥစ္စာကိုပြောပြီးတော့၊ ဒါငြိမ်းချမ်းရေးရဖို့အတွက်ဆိုရင်၊ တနေ့ကျလာလို့ရှိရင်၊ စိတ်ကောင်းစေတနာရှိတဲ့လူတွေ၊ တိုင်းပြည်ကောင်းကျိုးလုပ်ချင်တဲ့လူတွေ၊ ဟိုတိုင်းပြည်ကိုချစ်တဲ့လူ၊ တကယ်မျိုးချစ်စိတ်ရှိတဲ့လူတွေတိုင်းဟာ၊ နိုင်ငံရေးထဲမှာပါလာမယ်ဆိုပြီးတော့၊ ဒါသူနဲ့ကျနော်နဲ့ **Understanding** ရတာပဲဗျ။ အဲဒါ အဲဒီဟာ၊ ဘယ်လောက်မှာရပြီလဲဆိုတော့ (၈၄) မှာကြတော့၊ အဲဒါအပြတ်ပဲ။ ငြိမ်းချမ်းရေးရမှဖြစ်တော့မယ်။ ဒါ အတွက် မလုပ်ရင်မဖြစ်တော့ဘူး။ တခုခု ကျနော်တို့ ကိုယ်တိုင်ဝင်ပြီးတော့လုပ်ရမယ်ဆိုတဲ့သဘောမျိုးကို၊ သဘောတူကြတာပေါ့ဗျာ။ အဲဒါ နောက်ပြီးတော့လည်း ပြောတာတခုရှိသေးတယ်ဗျ။ ဒေါ်စုက အန်ကယ်နော်တဲ့၊ အချိန်ကသိပ်မရှိဘူးနော်တဲ့၊ စုတို့လုပ်ရမှာတွေကအများကြီးတဲ့၊ ဘယ်လိုလုပ်ပြီးတော့စကြမလဲဆိုတာကွအစ တွက်ရမှာတဲ့ဆိုပြီးတော့သူပြောတယ်ဗျ။ အဲလိုပဲ(၈၄)ကြတော့၊ သူလည်းတော်တော်များများသိသွားပြီပေါ့ဗျာ။ သိသွားတော့၊ အဲဒီ(၈၄)မှာပဲ၊ ကျနော်ကတရက်ကြတော့၊ ကျနော်လည်းပဲ ပေးမယ်၊ ပေးမယ်နဲ့ မေ့နေတယ်ဆိုပြီးတော့၊ ၁၉၃၀ ပြည့်နှစ်က၊ ဟို ဗိုလ်ချုပ်အောင်ဆန်း၊ ကိုအောင်ဆန်းပေါ့၊ ကိုအောင်ဆန်း ရေနံချောင်းကျောင်းက (၇)တန်းမှာ စကောလားရှစ်ရပြီးတော့ရွှေတံဆိပ်ရတဲ့သတင်းဖြတ်ပိုင်းလေးပေါ့ဗျာ။ အမျိုးသားပညာရေးမဂ္ဂဇင်းဆိုတဲ့၊ အဲဒီထဲမှာ ပါလာတဲ့ဖြတ်ပိုင်းလေးကျနော်ပြတော့မှ၊ ဟာ အန်ကယ်တဲ့၊ အဲအခုမှ ဟို သတိရတယ်တဲ့၊ ပြောမယ်ပြောမယ်နဲ့ စုလည်းပဲမေ့နေတယ်တဲ့။ စုကတဲ့၊ ဆုံးဖြတ်ချက်ချထားပြီတဲ့။ စုသား(၂)ယောက်လည်းပဲ တက္ကသိုလ်ရောက်ခါနီးပြီးတဲ့။ အဲဒီအခါကျလာလို့ရှိရင်စုအလုပ်လုပ်မယ်တဲ့။ သူနဲ့ကျနော်နဲ့က၊ ကျနော်ကို မေးတာစမ်းတာတွေကလည်းပဲ၊ ဒီ လှုပ်ရှားမှုမေးတာကလည်းပဲ သူကဟိုဟာပေါ့ဗျာ၊ စာတမ်းတစောင်ပြုစုနေတာကိုဗျ။ ဗမာလွတ်လပ်ရေးကြိုးပမ်းမှုမှာ စာပေနဲ့၊ စာနယ်ဇင်းများနဲ့၊ လူထုလှုပ်ရှားမှုကနေပြီးတော့၊ အထောက်အကူဘယ်လိုပြုသလဲဆိုတဲ့စာတမ်းကိုတင်မှာကိုဗျ။ တင်မယ်ဆိုတော့၊ အဲဒါအတွက်မေးရင်းမေးရင်းနဲ့ ပိုပြီးတော့ကျယ်ဝန်းလာတာပေါ့ဗျာ။ အကုန်လုံးစာအုပ်တွေအကြောင်း၊ စာအုပ်တွေဖွင့်ဖွင့်ပြီးတော့၊ အဲဒီစာအုပ်ထဲမှာဒီလိုရေးထားတာကဘယ်လိုလဲ၊ မေးတာပေါ့ဗျာ။ မေးရင်းကနေပြီးတော့၊ နောက်ဆုံးကြတော့၊ ကျနော်တို့ သူက အဲဒီဟာ အဲဒီစာတမ်းပြုစုပြီးတော့၊ ဟိုဒေါက်တာဘွဲ့ရလို့ရှိရင်တော့သူအလုပ်လုပ်မယ်။ အလုပ်လုပ်ပြီးတော့သူ့ချွေးနည်းစာနဲ့ ဗိုလ်ချုပ်အောင်ဆန်း **Educational Foundation** ဆိုပြီးတော့ မတည်မယ်တဲ့။ ဗမာပြည်မှာပညာထူးချွန်ရဲ့သားနဲ့ ငွေရေးကြေးရေးကြောင့်၊ ကျန်တဲ့ အကြောင်းကြောင်းတွေကြောင့် အထက်တန်းပညာမသင်နိုင်ဘူး၊ နိုင်ငံခြားမသွားနိုင်ဘူးဆိုတဲ့လူတွေကိုအထောက် အကူပေးဖို့သူလုပ်မယ်တဲ့။ အဲဒါကိုတဲ့၊ မေမေဆီသွားပြောရအောင်တဲ့၊ သွားကြည့်လိုက်ဦးမယ်။ နေဦးနေဦး သွားကြည့်လိုက်ဦးမယ်။ မေမေအားလားမသိဘူးတဲ့။ ဆိုပြီးတော့၊ သွားကြည့်မယ်ဆို သွားကြည့်တယ်ဗျ။ သွားကြည့်ပြီးတော့၊ အားတယ်အားတယ်လာတဲ့၊ လာမေမေအားနေတယ်။ လာသွားပြောရအောင်အန်ကယ်လိုက်ခဲ့တဲ့ဆိုပြီးတော့၊ သွားပြီးတော့ဟိုကြတော့၊ မေမေတဲ့၊ ဘာလဲသမီးဆိုတော့၊ မေမေကိုခွင့်တောင်းမလို့၊ ဘာလဲတဲ့၊ စုကတဲ့၊ အခုအလုပ်လုပ်ပြီးရင်စုချွေးနည်းစာနဲ့၊ ကလေး(၂)ယောက်လည်း တက္ကသိုလ်ရောက်တော့စုနည်းနည်းပါးပါးအားမယ်တဲ့။ အဲဒီတော့ဒေါက်တာဘွဲ့ရပြီးလို့ရှိရင်၊ ချွေးနည်းစာနဲ့၊ အဲဒါ ဗိုလ်ချုပ်အောင်ဆန်း **Educational Foundation** လုပ်မယ်တဲ့။ အဲလုပ်ပေါ့လုပ်ပေါ့၊ မဟုတ်ဘူးတဲ့၊ မေမေတဲ့၊ အဲဒီဖောင်ဒေးရှင်းကိုတဲ့ဒီအိမ်မှာ၊ ဒီနေရာထဲမှာ၊ ဒီခြံထဲမှာထားပြီးတော့၊ ရုံးဖွင့်ပြီးတော့စုကလုပ်မှာတဲ့။ လုပ်ပေါ့လုပ်ပေါ့တဲ့။ အဲဒါမေမေဆီခွင့်တောင်းနေတာတဲ့။ လုပ်ပါကောင်းပါတယ်တဲ့၊ အဲဒီလိုဆိုရင်ပြီးရောတဲ့ဆိုပြီးတော့လှည့်အထွက်မှာမှ၊ မကြည်ကဘာပြောလဲဆိုတော့၊ စုစုတဲ့၊ ဘာလဲမေမေတဲ့၊ အဲသလိုလုပ်ရင်တဲ့၊ ပညာရေးပိုင်ဆိုင်ရာက၊ ဟို ပါမောက္ခကြီးတွေ၊ ဆရာကြီးတွေ၊ တကယ့်ပညာရှင်ကြီးတွေနဲ့သွားပြီးတော့၊ သူတို့ဆီကအကြံဉာဏ်တောင်း။ မဟုတ်ဘူးမေမေ၊ စုကအကုန်လုံးကိုလိုက်တွေ့မှာတဲ့။ အဲဒီပါမောက္ခကြီးတွေ၊ ဆရာကြီးတွေ၊ ပညာရှင်တွေကိုလိုက်တွေ့ပြီးတော့မှ သူတို့ရဲ့အကြံဉာဏ်နဲ့၊ သူတို့အပါအဝင် အဖွဲ့တဖွဲ့ဖွဲ့မှာတဲ့။ အဲ ကောင်းတယ်၊ ကောင်းတယ်၊ လုပ်သာလုပ်ပါတဲ့။ အဲ မေမေဆီကခွင့်ရရင်ပြီးရောတဲ့ ဆိုပြီးတော့ ထွက်လာကြတယ်၊ ကျနော်တို့လေ။ အဲဒါကစတယ်ပြောပါတော့ဗျာ၊ အမှန်အတိုင်းကတော့၊ အဲဒီနှစ်ကပဲ၊ (၈၄)ကပဲ၊ အဲဒီလို ကျနော်တို့(၂)ယောက်က၊ တယောက်နဲ့တယောက်နားလည်ကြတာ။ တနေ့ကြရင်ကိုယ်တိုင်ပါဝင်ပြီးတော့လုပ်ကြမှ တကယ့်ကိုတိုင်းပြည်ချစ်တဲ့လူတွေ၊ တိုင်းပြည်အကျိုးလိုလားတဲ့လူတွေ၊ တိုင်းသူ

ပြည်သားတွေ ကောင်းစားစေချင်၊ ထမင်းဝဝစား၊ ကောင်းကောင်းနေ၊ ကောင်းကောင်းဝတ်၊ ကောင်းကောင်းစား စေချင်တယ်။ ဒီနိုင်ငံရေးကိုမလုပ်လို့မဖြစ်တော့ဘူး၊ ဒီတိုင်းပြည်အခြေအနေကသိပ်ဆိုးနေပြီ၊ လုပ်ကိုလုပ်ရတော့မယ် ဆိုပြီး ကော့ ကျနော်တို့နားလည်ကြပြီးတော့သဘောပေါက်တာပေါ့။ အဲဒါ အဲဒီမှာနောက်ဆုံး(၈၆)မှာတွေ့တဲ့အခါကြတော့၊ သိပ် အချိန်မရတော့ဘူး။ တနှစ်တနှစ်ခွဲလောက်အတွင်းမှာအလုပ်လုပ်ကြရတော့မယ်ဆိုပြီးတော့သူပြောတာပဲဗျ။ ပြောတော့ လုပ်တော့လုပ်တာပေါ့လို့၊ အဲဒါဘယ်လိုစမလဲဆိုတာအရေးကြီးတယ်လို့၊ စဖို့အတွက်။ ဟုတ်တယ်တဲ့၊ အဲ သူလည်းပဲ သိတယ်တဲ့။ အဲဒါ ဒါကတော့အန်ကယ်လုပ်ကိုလုပ်မှဖြစ်တော့မယ်ဆိုပြီးပြောပြီးပြန်သွားတာပဲဗျ။ အဲ နောက်(၈၈)ကြတော့၊ သူ့အမေပြုစုဖို့ပြန်လာရင်းက အဲဒီကနေစတာပဲ။

ဒီ ဒေါ်ခင်ကြည်ဖြစ်တာက မတ်လ (၂၈)ရက်နေ့ပေါ့၊ အဲဒီနေ့က ကျနော်က အမှန်တိုင်းကနေ့တိုင်းနေ့တိုင်း ရောက်တာကနေပြီးတော့ အဲဒီနေ့ကမရောက်ဘူးဗျ။ မရောက်တော့ နောက်တနေ့မနက်(၂၉)ရက်နေ့ မနက်ကြတော့ (၇)နာရီခွဲလောက်ရှိသေးတယ်၊ တယ်လီဖုန်းလာတာပဲ။ ဟို တယ်လီဖုန်းခေါ်ခိုင်းလို့တဲ့၊ အဲဒီ ဒေါ်ခင်ကြည်ရဲ့ညီမက ကျနော့် ကို၊ ဦးအုန်းမြင့်တဲ့ မနေ့ကဘာလို့မလာတာလဲ။ ကျနော်လည်း ဝင်မလို့လုပ်ပြီးမှမဝင်ဖြစ်တာလို့၊ မမကြည် နေမကောင်း ဘူးတဲ့၊ ကျနော်အခုလာခဲ့မယ်လို့ဆိုတော့၊ ဟာ မလာနဲ့တော့တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ အခု ဆေးရုံသွားဖို့ပြင်ဆင် နေပြီတဲ့။ ဂျပန်ဆေးရုံကိုတင်ရမယ်တဲ့။ အဲဒါနဲ့(၂၉)ရက်နေ့ ညကြတော့၊ ဒေါ်စုကလိုက်လာဖို့ အစီအစဉ်လုပ်နေပြီပေါ့ ဆိုပြီးတော့ပြောလိုက်တယ်တဲ့။ ဆိုတော့ ဒါနဲ့ ကျနော်တို့နေ့တိုင်းသွားတာပေါ့ဗျာ။ နေ့တိုင်းသွားတော့လည်းပဲ၊ မမကြည် ဝင်ပြူနှတ်ဆက် သူကနည်းနည်းလေး၊ နည်းနည်းလေးတော့၊ လျော့တယ်ဗျ။ ကောင်းမလာဘဲနဲ့လေ၊ အဲဒါနဲ့ ဧပြီလ (၂) ရက်နေ့ ဒီ ကျနော်တို့(၅)နာရီထိုး ထုံးစံအတိုင်းသွားတဲ့အခါကြတော့၊ ဒေါ်စုရောက်နေပြီ။ လေယာဉ်ပျံကွင်းကနေပြီးတော့ လက်ဆွဲသေတ္တာ(၂)လုံးနဲ့ပေါ့ဗျာ။ အဝတ်အစားထည့်တဲ့ သေတ္တာလေး(၂)လုံးနဲ့၊ သူတန်းပြီးတော့၊ ဆေးရုံပေါ်တက်ပြီး တော့၊ အဲဒီကနေတောက်လျှောက် ပြုစုစောင့်ရှောက်တာပေါ့ဗျာ။ ဧပြီလ(၂)ရက်နေ့ရောက်ပြီးတော့၊ အင်း(၂)ရက်၊ (၃)ရက်၊ (၄)ရက်၊ (၅)ရက်၊ (၆)ရက်နေ့လောက်ကြတော့၊ ညနေ ကျနော်ရောက်သွားတော့ အဲ ခဏနေတော့ထွက်လာတယ်။ ထွက်လာပြီးတော့၊ အန်ကယ်တဲ့၊ အန်ကယ်ဦးထွန်းကြိုင်တို့နဲ့ ဟို ကိုထွေးမြင့်လာသွားတယ်တဲ့၊ အန်ကယ့်တောင်မေးနေ သေးတယ်တဲ့။ အဲဒါခဏလေး တောင်စောင့်ဦးမယ်ဆိုပြီးစောင့်နေသေးတယ်။ နောက် သူတို့ ဒီပြင်ကိစ္စချိန်းထားတာရှိတာ ကြောင့်သွားတယ်တဲ့။ တွေ့တာပေါ့၊ တွေ့မှာပါလို့၊ အေးအေးဆေးဆေးနောက်တွေ့တာပေါ့လို့၊ အဲလိုပဲပြောတယ်ဗျ။ အဲဒါနဲ့ကား နေ့တိုင်းနေ့တိုင်း ကျနော်တို့အလုပ်ကတော့အဲဒီသွား၊ မမကြည်ကို အထဲ၊ နောက်ပိုင်းတော့ဝင်တောင်မနှုတ် ဆက်ဘူး။ ဟို ဒေါ်စုလည်းရောက်နေပြီကိုဗျ၊ အဲ အဲဒါနဲ့ မမကြည်ကလည်း တဖြေးဖြေး၊ တဖြေးဖြေးက၊ ဒေါက်တာမြဦး ပြောသလိုပဲ တဖြည်းဖြည်း၊ တဖြည်းဖြည်း၊ လေဖြတ်တာက များလာတာပေါ့ဗျာ။ ဟိုတခြမ်းလုံး တဖြည်းဖြည်းလေဖြတ် သွားတယ်ဆိုတဲ့သဘောပေါ့။ အဲဒါနဲ့ ပြုစုနေတဲ့ကြားထဲကပေါ့ဗျာ၊ ဆရာဝန်တွေကြပ်မတ်ပြီးနေတဲ့ကြားထဲကပဲ၊ ကျနော်တို့ အဲဒီနောက်ပိုင်းကြတော့ ဒေါ်စုနဲ့ကျနော်တို့က စကားပြောချိန်လေးနည်းနည်းပိုပိုရလာတာပေါ့။ ရလာတော့ အဲ ကျနော့် လည်းမေးတယ်၊ မမကြည်၊ သူ့အမေအကြောင်းကိုပေါ့ဗျာ၊ ဘယ်လိုဘယ်လိုဖြစ်သလဲ၊ အဲဒီ မတိုင်ခင်ကဘယ်လိုဘယ်လိုလဲ၊ ဘာလဲညာလဲ၊ ကျနော်လည်းအကျိုးအကြောင်းကိုအကုန်ပြောပြတာပေါ့ဗျာ။ ပြောပြတယ်ဆိုတာကတော့၊ ဟိုပြောပြလို့ရ သလောက်ပေါ့၊ တနေ့နည်းနည်း၊ တနေ့နည်းနည်း၊ **RIT** ဘုန်းမော်ဆုံးသွားတဲ့အကြောင်းတွေ ဘာတွေလည်း၊ ကျနော်က မမကြည်အကြောင်းပြောတဲ့ဥစ္စာ ပြန်ပြောပြရင်းပြောမိတယ်။ ပြောပြပြီးတော့၊ ဇွန်လဆန်းလောက်ကြတော့၊ ကျနော့်ကို မေးတယ်ဗျ။ မေးတာကအန်ကယ်တဲ့၊ မေမေအခြေအနေကို အန်အယ်သိသလောက်၊ အန်ကယ်ထင်သလိုပြောစမ်းပါတဲ့၊ အန်ကယ့်ထင်မြင်ချက်သိချင်တယ်တဲ့။ မစုရယ်လို့ အန်ကယ်က ဒီ ဆရာဝန်မှမဟုတ်ဘဲ၊ ဒါပေမယ့် အန်ကယ့်ထင်မြင်ချက် သိချင်တယ်တဲ့၊ ဒီတော့မေမေကမြင်တဲ့အတိုင်းပဲ၊ တဖြည်းဖြည်း၊ တဖြည်းဖြည်းချင်း ဆုတ်လာတယ်လို့၊ နောက်ပြီးတော့ အသက်ကလည်းကြီး၊ ရောဂါကလည်းသိပ်စုံတယ်လို့၊ ရောဂါ(၃)(၄)မျိုးဖြစ်နေတယ်။ ဆီးချိုကလည်းသူကပြင်းထန်၊ ဆီးချိုကလည်းတဘက်ကထိန်းရ၊ ဒီလေဖြတ်တဲ့ဥစ္စာလည်းလုပ်ရဆိုတော့၊ သိပ်ပြီးတော့ အရင်လိုကောင်းလာဖို့တော့ မမျှော်လင့်ဘူးလို့၊ အန်ကယ်ကတော့လို့။ တဖြည်းဖြည်းကတော့၊ စိုးရိမ်ရတဲ့အခြေအနေရောက်မှာပဲလို့၊ အဲလိုပဲထင်တယ် လို့၊ အရင်တုန်းကလူကောင်းပကတိလိုပြန်ကောင်းလာဖို့ကတော့ မျှော်လင့်ချက်မရှိဘူးထင်တယ်လို့။ ဒါပေမယ့်လို့ကား အန်ကယ်ကဆရာဝန်လည်းမဟုတ်ဘူး၊ ဆေးပညာလည်းဘာမှမတတ်ဘူး။ ဘေးကကြည့်ပြီးတော့ပြောနေရတာလို့၊ အဲဒီတော့ဆရာဝန်ကြီးတွေနဲ့ ဟို မစုနဲ့ လည်းပဲတော်တော်ရင်းရင်းနှီးနှီးဖြစ်နေတာမေးပါလို့ဆိုတော့၊ ဘာပြောတယ်ထင် လဲ။ အန်ကယ်တဲ့၊ ဆရာဝန်တွေမေးပြီးပြီတဲ့။ ဆရာဝန်တွေပြောတာ၊ အန်ကယ့်လိုပဲပြောတယ်တဲ့။ ဘယ်လောက်အထိ တောင် ဟို သေချာသလဲဆိုတာတွက်ကြည့်ပေတော့။ အဲဒါသူလုပ်ပုံကိုင်ပုံတွေကသိပ်ပြီးတော့ စနစ်နဲ့ အကုန်လုံး မလွှတ်အောင်၊ ဟိုအကွက်စေ့နေအောင်လုပ်တယ်၊ ကိုင်တယ်ဆိုတဲ့သဘောမျိုးရှိတယ်ဗျ။ အဲ အဲဒါတဲ့၊ အန်ကယ်တို့ နည်းနည်းတော့ မေမေအတွက်ကိုကြိုတင်ပြီးတော့လည်း တတ်နိုင်သမျှ အတတ်နိုင်ဆုံးတော့လုပ်ရမှာပဲတဲ့။ အဲဒါပေမယ်

လို့ တဘက်ကလည်းပဲ အခုတိုင်းပြည်အခြေအနေကသိပ်ဆိုးသထက်ဆိုးလာတော့၊ အန်ကယ်နဲ့စုနဲ့ (၈၄)တုန်းကပြောခဲ့တဲ့အတိုင်းမျိုးပေါ့၊ ငြိမ်းချမ်းရေးကိုရမှဖြစ်မှာ၊ ငြိမ်းချမ်းရေးမရရင်တိုင်းပြည်တော့တော်တော်ကိုဒုက္ခရောက်ကုန်မယ်။ လူတွေဒုက္ခရောက်ကုန်မှာ။ ဒါကြောင့် ဘယ်လိုလုပ်ရရင်ကောင်းမလဲဆိုတာလည်း နည်းနည်းစဉ်းစားကြပါဦးတဲ့။ ဒါကတော့အားလုံးတိုင်ပင်ပြီးတော့လုပ်မှဖြစ်မယ့်ကိစ္စပဲလို့ထင်တယ်လို့။ ဒါကြောင့် မစု ခုနပြောသလိုပဲ ကျနော်တို့(၈၄)တုန်းက၊ တယောက်နဲ့တယောက်ဖွင့်မပြောဘဲ သဘောတူထားသလိုပဲ၊ တိုင်းပြည်အခြေအနကသိပ်ဆိုးတယ်။ ငြိမ်းချမ်းရေးကိုရမှဖြစ်တော့မယ်။ ငြိမ်းချမ်းရေးရဖို့ဆို အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်မှကိုဖြစ်မယ်။ အဲဒီတော့ ဝိုင်းဝန်းပြီးတော့ အားလုံးဝိုင်းလုပ်မှ။ အမျိုးသားပြန်လည်သင့်မြတ်ရေးရပြီး၊ ငြိမ်းချမ်းရေးရပြီးရင်တိုင်းပြည်ပြန်ပြီးကောင်းလာမှာပဲ။ အဲဒီတော့ ကျနော်တို့ အဲဒါအတွက်ကိုဦးတည်ပြီးတော့၊ အားလုံးကောင်းဖို့အတွက်လုပ်ဖို့တော့လိုမယ်တဲ့။ အဲဒီတော့ အန်ကယ်လည်းစဉ်းစားပါတဲ့။ စုလည်းစဉ်းစားမယ်။ ဘယ်ပုံဘယ်နည်းစရမယ်ဆိုတဲ့ဥစ္စာကို။ အဲဒါ အန်ကယ်စဉ်းစားပါတဲ့။

အမေကြည်ကို ကျနော်တို့ဖူးနှ်မှာခေါ်တယ်လေ။ အဲ ဖူးနှ်မှာခေါ်တာ၊ အိမ်ရောက်ပြီးတော့ဇူလိုင်လဆန်းလောက်မှာ၊ ကျနော်မနက်ရောက်သွားတော့ သူကပြောတယ်ဗျ၊ ကျနော်က အဲဒီနေ့က (၉)နာရီလောက်မှရောက်တယ်ထင်တယ်။ မနက်ကတဲ့၊ ဗိုလ်မှူးလှမြင့်နဲ့စကားပြောရတယ်တဲ့၊ တယ်လီဖုန်းဆက်တယ်တဲ့၊ အဲဒီတော့ဗိုလ်မှူးလှမြင့်ဆိုတာ ဘယ်သူလဲဆိုတော့၊ အမြောက်တပ်ကတဲ့ဆိုတော့၊ သူနဲ့ပြောရတော့၊ စုပြောလိုက်တယ်တဲ့ အဲဒါ ဟို ဦးနေဝင်းနဲ့တွေ့ချင်တယ်ပေါ့၊ စီစဉ်ပေးစမ်းပါဆိုတော့၊ သူအကြောင်းပြန်မယ်လို့ပြောတယ်တဲ့။ ဆိုတော့ ကျနော်ကတော့ပြောလိုက်တယ်ဗျာ၊ ဘာလို့ပြောလဲ၊ ပြောတော့ ဘာဖြစ်လဲတဲ့၊ တွေ့ချင်လို့တွေ့ချင်တယ်ပြောတာပဲ၊ ဘာဖြစ်သလဲတဲ့။ မဟုတ်ဘူးလေလို့၊ သူ ဘာပြန်ပြန်ပြောလည်းစောင့်ကြည့်ပါဦးလို့။ အဲဒါ ကျနော်တို့ကအလုပ်ကအခုမှစဖို့ စိုင်းပြင်းတုန်းရှိသေးတယ်လို့၊ ဘယ်လိုလုပ်စရမယ်ဆိုတာတောင်မှ သေချာတိတိကျကျမဆုံးဖြတ်ကြရသေးဘူးလို့ဆိုတော့၊ သူက ကဲလေတဲ့၊ တွေ့ဖို့မကောင်းဘူးလားတဲ့။ မဟုတ်ဘူး၊ တွေ့ဖို့ကောင်းပါတယ်လို့၊ တွေ့လို့ရရင်တွေ့တာပေါ့လို့။ ဒါပေမယ့်တွေ့မယ်မထင်ပါဘူးလို့၊ စောင့်ကြည့်သေးတာပေါ့လို့ပြောတော့၊ ဒါနဲ့နောက်တော့၊ အဲတပတ်လောက်နေတော့၊ ကျနော်ရောက်သွားတော့၊ အန်ကယ်ရေတဲ့၊ ဒီမနက်တယ်လီဖုန်းဆက်တယ်တဲ့။ ဘယ်သူလဲလို့ဆိုတော့၊ ဗိုလ်မှူးလှမြင့်တဲ့။ ဘာပြောလဲဆိုတော့၊ သူက စုစုက အဲ နိုင်ငံရေးမလုပ်ဘူးဆိုလို့ပြောတယ်တဲ့။ ပြောတော့နော်၊ နောက်ပြီးတော့ဘာပြန်ပြောလိုက်လဲဆိုတော့၊ အော် စုကပြောလိုက်တာပေါ့တဲ့၊ စုနိုင်ငံရေးမလုပ်ဘူးလို့ပြောတဲ့ဥစ္စာဟာ နိုင်ငံခြားမှာနေပြီးတော့နိုင်ငံရေးမလုပ်မှာ၊ အဲဒါကိုပြောတာ၊ နိုင်ငံရေးမလုပ်ဘူးဆိုတာ။ နိုင်ငံခြားမှာနေပြီးတော့တော့ နိုင်ငံရေးမလုပ်ဘူးလို့ပြောလိုက်တာဆိုတော့၊ ကျနော်က ဟာဒုက္ခပါပဲဆိုတော့။ ဘာဖြစ်လို့လဲတဲ့၊ ဟိုဒင်း နိုင်ငံရေးစတော့မယ်ဆိုတဲ့ဥစ္စာသိသွားမှာပေါ့၊ သိသွားလို့ရှိရင် အေးအေးဆေးဆေးလျှောလျှောရှုရှုမှ လုပ်လို့မှဖြစ်ပါ့မလားမသိဘူး။ ကဖျက်ယဖျက်တွေ လျှောက်လုပ်မှာ စိုးရိမ်ရတယ်လို့ဆိုတော့။ မဟုတ်သေးပါဘူးတဲ့၊ ဒါ လုပ်စရာရှိတာလုပ်ရမှာပေါ့၊ အဲလိုပဲပြောတယ်ဗျာ။ ပြောပြီးတော့ပြီးသွားတာပေါ့ဗျာ။ နောက် ကျနော်တို့အဲဒီဇူလိုင်လထဲမှာကြတော့၊ ကိုထွေးမြင့်နဲ့ပြောတာဆိုတာတွေ၊ ကိုထွေးမြင့်လာပြောတာတွေ၊ ဗိုလ်စကြာ်တို့နဲ့လာတာတွေ ဆက်ပြောရင်းနဲ့နည်းနည်းပါးပါးစဖို့ပေါ့လေ။ အတိုင်ပင်ခံကော်မတီတခုဖွဲ့ပြီးတော့ တိုင်းပြည်အခြေအနေသိပ်ဆိုးနေပြီ၊ လူတွေကလည်းဒုက္ခသိပ်ရောက်နေပြီ ငြိမ်းချမ်းရေးအတွက် အတိုင်ပင်ခံကော်မတီတခုဖွဲ့ပြီးတော့ လုပ်ပေးဖို့ဆိုပြီးတော့ နံမည်တွေဘာတွေ၊ ဘယ်သူမှထည့်ပေးဖို့ဘာဖို့ဆိုတာမပြောဘဲနဲ့ဖွဲ့ပေးဖို့ဆိုပြီးတော့၊ ဒီဟာက စရင်ကောင်းမယ်ဆိုပြီးတော့ အကြံပြုကြတယ်တဲ့။ ကောင်းပါတယ်လို့၊ ရပါတယ်လို့။ ကောင်းပါတယ်လို့၊ ရပါတယ်လို့။ ဒါမျိုးကစတာ အကောင်းဆုံးပဲပေါ့လို့၊ တိုက်တွန်းချက်ပေါ့၊ အဲဒါကိုသူကလုပ်ဖို့လုပ်တယ်ဆိုပြီးတော့ပြောတယ်ပေါ့ဗျာ။ ပြောပြီးတော့ ဟိုနောက်ပြီးတော့၊ အင်းဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတော့၊ စရင် အဲ ဘာပြောသလဲဆိုတော့၊ လုံးဝအကြမ်းမဖက်တဲ့ဝါဒ။ အကြမ်းမဖက်ဝါဒ၊ ဂန္ဒီဝါဒဆိုတာကိုတခါတည်းစကိုင်တော့တာပဲ။ အဲဒါမှုပဲဆိုတာ၊ အဲလိုပြောတာ။ နောက်ပြီးတော့ လုံးဝဥပဒေဘောင်အတွင်းကလုပ်မယ်။ အဲမြေအောက်တို့၊ တောခိုတာတို့၊ လက်နက်ကိုင်တာတို့ မလုပ်ဘူး။ ဥပဒေဘောင်အတွင်းမှာဘယ်လိုလုပ်နိုင်မယ်ဆိုတဲ့ဥစ္စာက၊ စဉ်းစားတဲ့အခါကြတော့၊ အဲလိုအတိုင်ပင်ခံကော်မတီဖွဲ့ဖို့တိုက်တွန်းရင် ကောင်းမလားဆိုပြီးတော့ ဦးထွေးမြင့်ကတင်ပြတယ်ပေါ့။ တင်ပြတော့ကောင်းပါတယ်လို့၊ ဒါကောင်းပါတယ်။ အဲဒါကဦးထွေးမြင့်ပြောတဲ့ဥစ္စာက၊ ဟို မဆလ လက်ထက်ကတည်းကပေါ့၊ နိုင်ငံတော်ကောင်စီလိုအပ်ရင် အဲကော်မတီ သို့မဟုတ် ကော်မရှင်ဖွဲ့ဖို့စဉ်းစားနိုင်တယ်ဆိုတဲ့ အချက်တခုပါတယ်ဆိုတာကိုတွေ့ထားတယ်ပေါ့၊ ဆိုပြီးတော့ ဒီဟာကို ဟိုကျနော်တို့အခြေခံပြီးတော့၊ ဒါကိုထောက်ရှုခြင်းအားဖြင့် ကျနော်တို့ဒီလိုအကြံပေးလို့ရတယ်၊ တောင်းဆိုလို့ရတယ်ဆိုပြီးတော့ဟိုစဉ်းစားတယ်တဲ့။ ကောင်းပါတယ်လို့၊ အဲဒီတော့သွားလုပ်ဖို့အချက်အလက်တချို့တော့ ပြောထားပြီးပြီတဲ့၊ ကိုထွေးမြင့်ကိုလည်းပဲအချက်အလက်တွေပေးဖို့၊ ဟိုပြောထားတယ်တဲ့။ စုလည်းပေးလိုက်တယ်တဲ့၊ ပေးထားတယ်တဲ့။ အဲဒါကိုအခြေခံပြီးတော့ရွေးဖို့ပဲတဲ့။ ဦးစောကြာဒိုးကလည်းပဲ၊ အဲ ကောင်းပါတယ် ပြောတယ်တဲ့။ အဲ၊ အဲဒီလိုပြောတယ်ဗျာ။ အဲလိုပြောပြီးတော့ Draft လုပ်ဖို့အတွက်ကို နေ့တိုင်းနေ့တိုင်းဆုံပြီးတော့ပေါ့ဗျာ၊ ဟို နောက်ပိုင်းတော့

ကိုထွေးမြင့်က ဦးစောကြာဒိုးတို့၊ အဲ ဗိုလ်မှူးအောင်တို့၊ ဦးနုတို့ဆီကိုသွားတယ်။ သူကပြောတာက ဦးနုကတော့ နိုင်ငံရေးကိုမလုပ်ဘူးလို့ သူကအဓိဋ္ဌာန်ပြုထားသလိုလိုသဘော၊ ထုတ်ဖော်ပြောထားတဲ့အခါကြတော့၊ သူကတော့ပေါ့ အဲ စိတ်မဝင်စားသလိုပုံစံမျိုးပြောတယ်။ ဒါပေမယ့်အမြဲတမ်းမေးတယ်ပေါ့၊ နေ့တိုင်းလည်း အဲ လာပါဦး၊ ဘာတွေကြားလဲ၊ ညာတွေကြားလဲမေးတယ်။ အဲလိုသူပြန်ပြောတယ်။ အဲဒီမှာ ဒေါ်စုကသတ်မှတ်ထားတဲ့၊ အဲဥပဒေဘောင်အတွင်းဖြစ်ရမယ်၊ မြေအောက်တို့၊ တောခိုတာတို့၊ လက်နက်ကိုင်တာတို့မလုပ်ဘူးဆိုတဲ့ ဥစ္စာကိုပြောပြတော့ အားလုံးကသဘောကျကြတယ်ပေါ့။ အဲ နောက်မစုနဲ့ကျနော်နဲ့ပြောကြဆိုကြတော့၊ ဟို ကိုထွေးမြင့်လည်းသူထောက်ခံပါတယ်လို့ပြောတယ်လေ။ ကျနော်တို့က ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ တွေ၊ အမှုဆောင်တွေ အကုန်လုံးကို ရန်ကုန်မှာရှိသမျှလက်လှမ်းမီသလောက် အကုန်လုံးကိုသူတို့ကိုချဉ်းကပ်ဖို့။ ဒီလူတွေကဝိုင်းလုပ်ကြမယ့်လူတွေပါ။ အမှန်ကသူတို့ပါဖို့တော့ ကျနော်တို့က အဓိက ထားတယ်လေ။ နောက်ဆုံး အဲဒါက ဩဂုတ်ထဲ ရောက်လာပြီးပေါ့ဗျာ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဟို ဗဟို ကော်မတီတို့၊ ဘာတို့ညာတို့ ဝန်ကြီးတွေအစည်းအဝေးကို ၁၈ ရက်နေ့၊ ဩဂုတ်လ ၁၈ ရက်နေ့ကို လုပ်မယ်ဆိုပြီးတော့ သူတို့ကြေညာလိုက်တယ်။ ကြေညာလိုက်တဲ့အခါကြတော့ ဩဂုတ် ၁၂ ရက်နေ့မှာ ၁၂ ရက်နေ့က သောကြာနေ့ကျတယ်ဗျ၊ ၈၈ ဩဂုတ် ၁၂ ရက် သောကြာနေ့၊ သောကြာနေ့အပြီး၊ ဒါကိုတခါတည်းပြီးအောင်လုပ်မှဖြစ်မယ်ဆိုပြီးတော့၊ နောက်ဆုံး ဟို မပြီးပြီးအောင် Draft လုပ် ပြင်။ ပြင်ပြီးတော့ ဟိုကိုထွေးမြင့်က Type ရိုက်ဖို့အစီအစဉ်လုပ်ပေါ့ဗျာ။ Typewriter အဟောင်းကြီးတလုံးကို ကိုထွေးမြင့် ဘယ်ကသွားဆွဲလာသလဲမသိပါဘူး။ အဲဒါနဲ့စတယ်လေ။

ကျနော်တို့လိပ်မူထားတာက၊ နိုင်ငံတော်သမတကြီးဦးစိန်လွင်ပေါ့ဗျာ။ ဦးစိန်လွင်ကသမတကိုဗျ၊ အဲဒီအချိန်က။ နောက်ပြီးတော့ ကော်ပီတွေကိုပါတီဥက္ကဋ္ဌကြီးဟောင်းဦးနေဝင်း။ ရေးရာအဖွဲ့တွေပေါ့ဗျာ။ စာရင်းစစ်အဖွဲ့တို့၊ အဖွဲ့(၅)ဖွဲ့လောက်ရှိတယ်ဗျာရေးရာအဖွဲ့က၊ အဲဒါပါတယ်ဗျာ။ ပထမလိပ်မူထားတာကနိုင်ငံတော်သမတကြီး ဦးစိန်လွင် လိပ်မူထားတာကိုဗျ။ အဲ အဲဒီမှာ ဒါကတကယ့်အဖြစ်အပျက်ပဲ။ (၁၂)ရက်နေ့ညအပြီးပေါ့ဗျာ၊ (၁၃)ရက်၊ (၁၄)ရက် စနေ၊ တနင်္ဂနွေမှာ လိုက်ပြီးတော့လက်မှတ်ထိုးမယ်ပေါ့ဗျာ။ ဦးနုစာကတော့ရပြီပေါ့ဗျာ။ သဘောတူတဲ့စာ၊ လက်မှတ်တော့ သူက စာပေါ်မှာတော့လက်မှတ်တော့မထိုးဘူးပေါ့ဗျာ။ စောကြာဒိုးလက်မှတ်ထိုးရမယ်၊ သမ္မတကြီးဦးဝင်းမောင် လက်မှတ်ထိုးရမယ်ဗျာ။ နောက်ပြီးတော့ဗိုလ်မှူးအောင်လက်မှတ်ထိုးရမယ်ဗျာ၊ အရင်ဝန်ကြီးဟောင်းဦးညိုထွန်း (ရခိုင်တော်လှန်ရေးခေါင်းဆောင်)၊ နောက်ပြီးတော့ဝန်ကြီးလည်းဖြစ်ခဲ့ဖူးတယ်။ နောက်ပြီးတော့ ဦးညိုထွန်းနဲ့အတူ ဗိုလ်စန္ဒာကျော်ဆိုတာ ပါတယ်ဗျာ။ နောက်ပြီးတော့ လူငယ်ခေါင်းဆောင်ဗိုလ်လှထွန်းဆိုတာပါတယ်ဗျာ။ သခင်ခင်အောင်ပါတယ်ဗျာ၊ သခင်သိန်းဖေပါတယ်ဗျာ၊ ဗိုလ်ရန်နိုင်တို့ပေါ့ဗျာလက်မှတ်ထိုးရမယ်။ တခါကျောင်းသားသမဂ္ဂအမှုဆောင်ဟောင်းတွေ၊ ဥက္ကဋ္ဌတွေ လိုက်လက်မှတ်ထိုးရမယ်။ အဲဒါကို (၁၂)ရက်နေ့ညသူကအပြီးရိုက်မယ်ပေါ့ဗျာ။ (၁၃)ရက်၊ (၁၄)ရက်မှာလက်မှတ်ထိုးမယ်။ တနင်္လာ (၁၅)ရက်မှာတခါတည်းတင်လိုက်မယ်ပေါ့၊ နိုင်ငံတော်သမ္မတကြီးဆီ။ (၁၂)ရက်နေ့ညလည်းကျလည်းကြရော သမ္မတကြီးဦးစိန်လွင်နုတ်ထွက်ပါတယ်ဆိုပြီးတော့ ကြေညာတယ်မို့လားဗျ။ အဲ ကြေညာတော့ တခါတည်းမနက်ကြတော့ ကျနော်တို့ပက်လက်လန်တာပဲ၊ ဘာလုပ်ရမှန်းကိုမသိဘူး။ ဟို စာတွေကလည်းရိုက်ပြီးပြီ။ နောက်ဘယ်လိုလုပ်ပြီး၊ ပြန်ပြီးတော့ ဟိုလိပ်မူပြီးတော့၊ ဘယ်လိုတပ်ပြီးတော့၊ ဘယ်လိုလုပ်ပြီးတော့၊ ဘယ်လိုတင်ရမယ်ဆိုတာတောင်မသိတော့ဘူး။ အဲဒါက တိုက်ကရိုက်စာမူတွေကလည်းအကုန်လုံး ရိုက်ပြီးနေပြီ။ ပြန်ပြီးတော့ ကဲဘယ်လိုလုပ်မလဲဆိုတော့၊ နောက်ဆုံးဆုံးဖြတ်ချက်ချလိုက်တာပေါ့ဗျာ။ နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ဦးကျော်ထင်ဆီ ဟိုလိပ်မူပြီးတော့ ပြန်ပြီးတော့ရိုက်ရမယ်ဆိုပြီးတော့၊ အဲဒါနဲ့ကိုထွေးမြင့်ကို ကဲကိုထွေးမြင့်ရေ ဒေါ်စုအိမ်မှာထိုင်ရိုက်နေလို့မဖြစ်ဘူး။ တနေရာမှာ တောက်လျှောက်တခါတည်းရိုက်မှ၊ ဖြစ်နိုင်ရင်တော့ တတ်နိုင်သမျှ အပြီးတော့ရိုက်ပါဆိုပြီးတော့၊ သူ့ကိုတနေရာပို့လိုက်ပြီးတော့ Type ရိုက်တယ်ဗျ။ အဲ ကျနော်တို့ (၂)ယောက်လည်းပဲ ဒေါ်စုနဲ့ကျနော်နဲ့၊ အဲ (၁၃)ရက်နေ့ကဆိုရင် တခါတည်း တနေ့လုံးက လူတွေကတခါတည်း ဟို တော်တော်ကိုစိတ်ညစ်သွားတယ်။ ဘာလုပ်ရမှန်းကိုမသိတော့ဘူး။ အဲဒါနဲ့ထိုင်နေရင်းနဲ့ ကဲဒီလိုလုပ်ဦးမယ်တဲ့၊ စု ဒေါက်တာမောင်မောင်ဆီသွားတွေ့ဖို့စိတ်ကူးတယ်တဲ့။ အဲဒီတော့ တယ်လီဖုန်းဆက်ဦးမယ်ဆိုပြီး ဆက်တယ်။ ဆက်တော့ ဒေါက်တာမောင်မောင်ကနေပြီးတော့ လာခဲ့ပါတဲ့ဆိုတော့၊ ဖြစ်နိုင်ရင်တော့ ဟိုကားလွှတ်ပေးပါပေါ့။ ဒီမှာမေမေလည်းပဲတဘက်ကကြည့်နေရတယ်။ အိမ်မှာလည်းကားလည်းမရှိဘူးပေါ့။ ကားကလိုက်ရှာရဦးမယ်ပေါ့။ လာမယ်ဆိုရင် အဲဒီတော့ ဒါနဲ့သူက အဲလွှတ်လိုက်မယ်ဆိုပြီးလွှတ်လိုက်တယ်ဗျ။ အဲတချက်ခွဲလောက်မှာ၊ ကျနော်သေချာမှတ်မိတယ်။ ကျနော်တနေ့လုံးရှိနေတယ်အဲဒီနေ့က။ တချက်ခွဲလောက်မှာကားရောက်လာတယ်။ ကားမောင်းလာတဲ့သူကလည်း ကျနော်နဲ့သိတယ်။ အရာရှိတယောက်ပဲ၊ ဟိုထင်လည်းထင်ရှားတဲ့ပုဂ္ဂိုလ်တယောက်ပဲ။ အဲဒါနဲ့ဒေါ်စုလိုက်သွားတာပေါ့ဗျာ။ လိုက်သွားပြီးတော့ (၃)နာရီခွဲ၊ (၄)နာရီထိုးခါနီးလောက်မှာပြန်လာတယ်။ တနာရီခွဲလောက်တော့ စကားပြောခဲ့ရတယ်ဆိုတဲ့သဘောရှိတာပေါ့။ ပြန်ရောက်လာပြီး၊ ကျနော်တို့လည်း ဆက်ပြီးတော့ဘာလုပ်ရကောင်းမလဲပေါ့။ အဲဒါနဲ့ ညနေ(၅)နာရီခွဲ၊ (၆)နာရီထိုးခါနီးလောက်ကြတော့၊ မနက်က ဒေါက်တာမောင်မောင်ဆီက လွှတ်လိုက်ပြီးတော့ ဒေါ်စုကို

လာခေါ်သွားတဲ့ဆရာပြန်လာတယ်ဗျ။ ပြန်လာပြီးတော့၊ ဘာပြောလဲဆိုတော့ ဆရာမောင်မောင်ကလွှတ်လိုက်လို့တဲ့၊ ဒါနဲ့ ကျနော်ကတော့နည်းနည်းခွဲပေးလိုက်တယ်၊ သူတို့ပြောစရာရှိရင်ပြောရအောင်ဆိုပြီးတော့၊ ထိုင်ပြောကြပြီးတော့ပြန်သွားတယ်။ သွားတော့၊ အဲဒေါ်စုကတော့ပြုံးပြုံးရယ်ရယ်ပဲ။ တွေ့ခဲ့ပြီလားလို့ဆိုတော့၊ ဟုတ်တယ်အန်ကယ်တဲ့၊ ဒေါက်တာမောင်မောင်ကပြောတယ်တဲ့၊ နောက်ကိုသူ့ကိုအဆက် အသွယ်မလုပ်ပါနဲ့ အပြောခိုင်းလိုက်လို့လာပြောတာပါလို့ ပြောသွားတယ်တဲ့။ အဲကျနော်ကသိလိုက်ပါပြီ၊ ဘာလို့ဆိုတော့ သမ္မတဦးစိန်လွင်နုတ်ထွက်သွားတယ်ဆိုတော့ နောက် သမ္မတရွေးရမယ်မို့လားဗျ။ သူ့ကိုရာထားလိုက်ပြီနဲ့တူပါတယ်။ အဲဒီအချိန်က။

အဲဒါနဲ့ (၁၅)ရက်နေ့၊ ပို့မယ့်နေ့၊ (၁၅)ရက်နေ့မနက်(၈)နာရီခွဲကြမှစာကပြီးတော့ပြီးတယ်။ အဲဒီဟာ ကျနော်တို့(၂)ယောက်တည်း၊ ဒေါ်စုနဲ့ကျနော်နဲ့(၂)ယောက်တည်းခပ်ငူငူငိုင်ငိုင်နဲ့ပဲ။ အဲ ဗိုလ်ချုပ်ကျော်ထင်ရှာတော့လည်း ရှာလို့မတွေ့ဘူး။ တယ်လီဖုန်းနဲ့ပဲရှာရတာကိုဗျ။ နိုင်ငံတော်ကောင်စီရုံးပြေးတော့မရှိဘူး၊ မရှိဘူး၊ မရှိဘူး။ နောက်ကြတော့မှ အဲဒါနေ့လယ်တချက်ခွဲ၊ နှစ်ချက်ကြတော့မှ ကဲ အဲဒီမှာ အန်ကယ်တို့လည်းဘယ်မှာရှိမလဲ ကျနော်တို့ပြောပါ။ အခုကျမတယ်လီဖုန်းဆက်တာအောင်ဆန်းစုကြည်ပါ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးပါ။ သိပ်အရေးကြီးလို့ပါဆိုတော့မှ ဟိုဟာ ပါတီဌာနချုပ်မှာအစည်းအဝေးလုပ်နေတယ်ဆိုတော့၊ ကဲ အဲဒီကတယ်လီဖုန်းနံပါတ်ကလေး တောင်းပြီးတော့ဆက်တော့မှ သူကအဲလိုအဲလိုပဲတဲ့၊ အစည်းအဝေးလုပ်နေကြတယ်တဲ့။ ကျနော်တို့လည်း အခုထက် ထိတောင်ထမင်းမစားရသေးဘူးဆိုတော့၊ ကျမဗိုလ်ချုပ်အောင်ဆန်းသမီးအောင်ဆန်းစုကြည်ပါ၊ သိပ်အရေးကြီးလို့ပါဆိုတော့။ ကျနော်တို့လည်း အထဲမဝင်ရဲဘူး။ မဟုတ်ဘူး၊ ကျမတယ်လီဖုန်းဆက်တယ်လို့အကြောင်းပြုပေးပါဆိုပြီးပြောတော့၊ အဲဒါခဏနေတော့ ဗိုလ်ချုပ်ကျော်ထင်ကထွက်လာတယ်ဗျ။ ထွက်လာပြီးတော့၊ ဦးကျော်ထင်ပါတဲ့ပြောတော့၊ ကျမအောင်ဆန်းစုကြည်ပါတဲ့ ဟိုအန်ကယ်ကြီးကိုတွေ့ချင်လို့လိုက်ရှာနေတာ၊ တမနက်စာလုံးရှာနေတယ်ပေါ့။ အခုမှတွေ့ရတယ်ပေါ့။ အဲဒီတော့ အရေးကြီးတဲ့တွေ့စရာရှိလို့ဆိုတော့၊ ဘယ်လိုမှတွေ့လို့မရနိုင်ဘူးပေါ့။ ဖြစ်တဲ့နည်းနဲ့တွေ့ပါရစေဆိုတော့၊ အကြောင်းပြန်မယ်ဆိုပြီးချသွားတယ်ဗျာ၊ တယ်လီဖုန်းက။ အဲတယ်လီဖုန်းချသွားပြီးတော့၊ နောက်ကျနော်တို့(၂)ယောက်လည်းပဲဘယ်လိုလုပ်မလဲပေါ့။ ဒီနေ့တကယ်လို့မတွေ့ဖြစ်ဘူးဆိုရင် မနက်ဖြန်မနက်တော့ဦးကျော်ထင်အိမ်ရှေ့သွားမယ်ပေါ့၊ စောင့်မယ်ပေါ့။ ဘယ်အချိန်သွားမလဲဆိုတော့ (၄)နာရီ၊ (၅)နာရီသွား စောင့်မှဖြစ်မယ်။ အဖမ်းခံရမယ်။ အဖမ်းခံရရင်လည်း၊ ဖမ်းပေါ့ဘာတတ်နိုင်မလဲ။ အဲဒီတော့အန်ကယ်လိုက်ပို့မလားဆိုတော့၊ အန်ကယ်လည်းလိုက်မယ်။ ဟိုအန်ကယ်သားကိုလည်း ကားမောင်းခိုင်းမယ်ဆိုပြီးတော့၊ (၃)ယောက်သွားကြတာပေါ့ဆိုပြီးတော့၊ အဲလိုပဲတိုင်ပင်ပြီးတော့နေကြတုန်းပဲဗျ။ ညနေတခါ (၄)နာရီထိုးတော့၊ ထိုးတော့ ကဲ ဘယ်လိုလုပ်မလဲ၊ အကြောင်းပြန်မယ်ဆိုပြီးတော့လည်းပဲ။ အဲဒီတော့တခုပဲရှိတယ်ပေါ့ဗျာ၊ ထပ်ပြီးတော့ တယ်လီဖုန်းဆက်ပဦးဆို ဆက်တော့တခါ၊ အဲလိုပဲအခု(၄)နာရီထိုးပြီးပေါ့။ (၄)နာရီထိုးပြီးဆိုတော့ အန်ကယ်ကြီးဆီကအကြောင်းမပြန်လို့ အဲဒါအကြောင်းပြုပေးပါဦးဆိုတော့၊ ထပ်ပြီးတော့ထွက်လာပြီးပြောတယ်ဗျ။ ကျေးဇူးတင်စရာအင်မတန်ကောင်းပါတယ်။ ဦးကျော်ထင်က၊ သူတို့အစည်းအဝေးကတဲ့၊ အရေးကြီးတဲ့အစည်းအဝေးစည်းဝေးနေလို့ပါတဲ့။ အဲဒါ အဲဒါ ကြာင့်မို့လို့တဲ့ ဘယ်လိုနည်းနဲ့မှမတွေ့နိုင်ဘူးတဲ့။ အဲ အဲဒီတော့စာရေးပြီးပြောပါတဲ့။ တယ်လီဖုန်းအုပ်ပြီးတော့ကျနော်ပြော။ ဒီလိုဆိုလို့ရှိရင်လည်းပဲ အဲရေးပြီးသားအဆင်သင့်ရှိပါတယ်ဆိုတာပြောလိုက်ပေါ့လို့ပြောလိုက်တော့၊ လာပို့ပါဆိုတော့၊ ဖြစ်နိုင်လို့ရှိရင်အန်ကယ်ကြီးဆီကပဲလွှတ်ပြီးယူပါလို့တောင်းပန်ပါ၊ မေတ္တာရပ်ခံပါလို့ဆိုတော့၊ မေတ္တာရပ်ခံတော့၊ အဲ ကောင်းပြီလေဆိုပြီးတော့တယ်လီဖုန်းချသွားတာပဲဗျ။ မိနစ်(၂၀)၊ အဲ(၄)နာရီခွဲသာသာလောက်ကြတော့၊ စစ်ကားလေးတစင်း၊ ဂျစ်ကားလေးတစင်း ဝင်လာတယ်ဗျ။ လှမ်းကြည့်လိုက်တော့ဗိုလ်မှူးလို့ထင်ရတာပေါ့လေ။ ဗိုလ်မှူးတယောက်နဲ့နောက်တယောက်ဆင်းလာတယ်။ အဲကျနော်တို့စာလာယူတာပါဆိုတော့မှ၊ အဲဒီတော့မှကျနော်တို့လည်းဟင်းချရတာပဲဗျ။

တိုင်းပြည်အခြေအနေသိပ်ဆိုးနေလို့၊ အတိုင်ပင်ခံကော်မတီတခုဖွဲ့ပေးဖို့၊ အဲ ဒေါ်စုတောင်းဆိုတိုက်တွန်းချက်ကိုကော်မတီက အဲဒီမှာ ဆေးရုံကြီးဝင်းထဲမှာ၊ အနောက်ဘက် သရက်တောကျောင်းဘက်ကအဝင်ဘက်မှာ သိပ်ပြီးတော့မြင်ရတာကိုဗျ။ အမြဲတမ်းနေ့တိုင်းလို သူတို့ရုပ်ရှင်ပညာသည်တွေ၊ စာရေးဆရာတွေ၊ ဒီပြင် ကျောင်းသားတွေ အဲဒီမှာနေ့တိုင်းတရားပွဲလုပ်နေတယ်လေ။ အဲဒီကို အဲဒီမှာရောက်သွားတော့၊ သူတို့သိသွားကြတယ်ဗျ။ ဒေါ်စုစပြီးတော့တိုင်းပြည်အတွက်အလုပ်ဝင်လုပ်ပြီဆိုတာ၊ သူတို့သိသွားကြတယ်ဗျ။ သိသွားကြတော့ နောက်တနေ့ (၁၆)ရက်နေ့မှာ၊ မနက်မှာ၊ ကျနော်(၈)နာရီခွဲလောက်၊ အဲ ဒေါ်စုဆီရောက်သွားတော့၊ အဲ ဒေါ်စုကပြောတယ်၊ အဲ (၈)နာရီခွဲမဟုတ်ဘူး။ (၉)နာရီလောက်မှာကျနော်ရောက်တယ်။ ရောက်တော့၊ ဒေါ်စုကပြောတာက စောစောကလေးတင်ပဲ အခုပဲ တယ်လီဖုန်းချသွားတယ်တဲ့။ ဟို ဘားကောင်စီကဒေါ်မြင့်မြင့်ခင်ကတယ်လီဖုန်းဆက်တာတဲ့။ ဘာပြောလဲဆိုတော့၊ ဒေါ်မြင့်မြင့်ခင်ကသူတို့ဘားကောင်စီကလူတွေ ဒေါ်စုဆီကိုလာချင်တယ်ပေါ့။ ဆိုတော့ဘာပြောလိုက်လဲဆို၊ လာခဲ့ပါလို့ပြောလိုက်တယ်တဲ့။ ဒီလိုပဲကျနော်တို့ ဒီပြင်ကိစ္စတွေ၊ ကျနော်တို့ပြောဆိုနေကြတာပေါ့။ ပြောဆိုနေကြရင်း နဲ့ပဲ၊ ဒီ (၁၀)နာရီထိုးခါနီးလောက်မှာ၊

သူတို့ကတဲ့လူများတော့ကာတဲ့၊ လာရတာခက်တယ်တဲ့။ ဖြစ်နိုင်ရင် ဒေါ်စု လာပါတဲ့ဆိုပြီးတယ်လီဖုန်းဝင်လာတယ်။ အဲဒီတယ်လီဖုန်းကဒေါ်စုကိုင်လိုက်တယ်ဗျ။ ကိုင်လိုက်တော့၊ ကျနော်က ကျနော့်ကိုပြောတယ်၊ အဲလိုအဲလိုပြောတယ် အန်ကယ်တဲ့ ဘာလဲတဲ့။ အဲဒီတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲတဲ့။ ဘယ်လိုလုပ်ရင်ကောင်းမယ်၊ သွားတာပေါ့လို့၊ ဘာဖြစ်လဲလို့။ ဘားလမ်းကိုသွားကြတာပေါ့ဗျာ။ ဘားကောင်စီရှိတဲ့နေရာ။ ဘားကောင်စီရှိတဲ့နေရာသွားပြီးတော့၊ ဟိုဟာ လောက်ကြတော့ပြန်လာတယ်ဗျ။ (၁)ချက်ခွဲလောက် ကြတော့ထင်တယ်၊ (၁)ချက်ပတ်ဝန်းကျင်လောက်မှာပြန်လာတယ်။ အဲပြန်လာပြီးတော့ ဟို သူတို့လည်းပြန်ပို့ပြီး တော့ပြန်ထွက်သွားတာပေါ့ဗျာ။ ပြန်ထွက်သွားတော့မှ၊ အဲဒီတော့မှ ဘာပြော လဲဆိုတော့၊ ဒေါ်စုက အန်ကယ်တဲ့ လာပါဆိုတုန်းကလည်းတဲ့၊ ဟိုတုန်းကပြောတုန်းကတော့ ဟိုဒေါ်မြင့်မြင့်ခင်နဲ့ ဦးကိုယု ပဲတဲ့။ ဟိုကြတော့ စကားပြောတာက ဒေါက်တာမောင်မောင်ကျော်ဆိုတာပြောတယ်တဲ့။ သူကဘယ်လိုလဲတဲ့။ သူက အရင်တုန်းကကျောင်းသားခေါင်းဆောင်ပါလို့။ ဘာဖြစ်လို့လဲဆိုတော့ သူကလည်း တခါတည်းသူကပဲ တခါတည်း ဒိုင်ခံ ပြောပြီးတော့၊ ဒေါ်မြင့်မြင့်ခင်တို့ အဲဒီ သူတို့ဘားကောင်စီကနေပြီးတော့ ကြားဖြတ်အစိုးရဖွဲ့ဖို့စာတင်ထားပြီးပြီပေါ့။ မနေ့ တည်းကထွက်ထားတယ်ပေါ့။ အဲဒါ ဟိုနိုင်ငံတော်ကောင်စီဆီတင်ထားတယ်ပေါ့၊ အစိုးရဆီတင်ထားတယ်ပေါ့။ အဲ အဲဒါကို ထောက်ခံပါလို့ပြောတယ်တဲ့။ ဒေါ်စုကထောက်ခံမယ်လို့ပြောခဲ့လား။ ထောက်ခံမယ်လို့မပြောခဲ့ပါဘူးတဲ့။ မပြောခဲ့ရင် ဘယ်လိုပြောခဲ့လဲဆိုတော့၊ ဒါက သဘောထားခြင်းကသိပ်မကွာပါဘူးလို့၊ ဒါလောက်ပဲပြောလိုက်တယ်တဲ့။ ထောက်ခံမယ် လို့မပြောခဲ့ဘူး။ ပြီးရောပေါ့လို့။ အဲဒါ ဒါပေမယ့်လာလိမ့်မယ်တဲ့ သူတို့ကအဲဒီကိစ္စကိုစာလေးတစောင်ရေးပေးပါလို့ပြော တယ်တဲ့ဆိုပြီးတော့၊ ကျနော်တို့လည်း အဲ သူလည်း ဟိုထမင်းလေးဘာလေးစားပေါ့ဗျာ။ ဝင်စားပြီးတော့ အဲဒါ ဟို ကျနော် တို့ထိုင်ပြီးတော့စကားပြောနေကြတာ။ အဲဒါက(၁၆)ရက်နေ့ပေါ့။ စကားပြောနေချိန် ညနေ(၄)နာရီခွဲလောက်ကြတော့၊ ကိုသိန်းဟန်ဆိုတာရှေ့နေပဲ။ သူကကျူရှင်ဆရာ၊ ရှေ့နေ၊ အဲသူကလာပြီးတော့၊ အဲဒီ ဒေါ်မြင့်မြင့်ခင်တို့ ဘားကောင်စီ ကနေရေးပေးလိုက်တဲ့စာလေးပါလာတယ်ဗျ။ ပါလာတော့၊ အဲဒီစာထဲမှာဖတ်ကြည့်လိုက်တဲ့အခါကြတော့၊ အန်ကယ် ဖတ်ကြည့်ပါဆိုတော့ဖတ်ကြည့်လိုက်တဲ့အခါကြတော့၊ သူတို့တင်ထားတဲ့စာကို ဟိုထောက်ခံတယ်ဖြစ်နေပြန်ရောဗျ။ ဖြစ်နေတော့ နောက်မစုက မထောက်ခံဘူးဆို၊ မထောက်မခံဘူးပေါ့လို့ဆိုတော့မှ၊ အဲဒီကိုသိန်းဟန် ကဘာပြောလဲဆိုတော့၊ ဒေါ်စုပြင်စရာရှိတာပြင်ပြီးတော့ပေးပါတဲ့။ ကျနော်ပြန်ယူသွားပေးပါ့မယ်တဲ့။ သူက ဒါနဲ့ဒေါ်စု ကပြင်ပေးလိုက်တယ်။ ပြင်ပေး လိုက်ပြီးတော့၊ ပြန်ယူသွားမယ်တဲ့၊ ယူသွားပြီး၊ ဟိုမှာတင်ပြပြီးတော့၊ သူ ဖယောင်းစက္ကူနဲ့ရိုက်ပြီးတော့ပြန်ယူလာပေးပါ့ မယ်တဲ့။ လက်မှတ်ထိုးဖို့တဲ့။ အဲနောက်တနေ့ကြတော့မှ အဲရောက်လာတယ်ဗျ။ ဒေါ်စုပြင်ပေးတဲ့အတိုင်းပေါ့ဗျာ။ အပေါ်က ခေါင်းစဉ်ကနိုင်ငံတော်ကောင်စီ၊ ပြည်ထောင်စုဆိုရှယ်လစ်သမတမြန်မာနိုင်ငံ တော်လို့တင်ပြတဲ့ ၁၅-၈-၈၈ နေ့စွဲဖြင့် ဗဟိုတရားရုံးရှေ့နေများကောင်စီဝင်လူကြီးများနှင့်ရှေ့နေများ၏တင်ပြ တောင်းဆိုချက်များတွင်လည်းကောင်း၊ ၁၆-၈-၈၈ နေ့စွဲဖြင့် ရန်ကုန်ရှေ့နေအသင်းတင်ပြတောင်းဆိုချက်များသည်၎င်း၊ တခြားသောအဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလများစွာ တို့၏တင်ပြတောင်းဆိုချက်များတွင်၎င်း တူညီသောဆန္ဒ၊ တူညီသောတောင်းဆိုချက်များမှာ မြန်မာနိုင်ငံက တပါတီ အုပ်ချုပ်မှုစနစ်ကိုဖျက်သိမ်းပြီး၊ ပါတီစုံစနစ်ဖြင့်ပြန်လည်တည်ထောင်ပေးရန်ဆန္ဒပြုထားသည်ကို တွေ့ရှိရပါသည်။ အထက်ပါ အဖွဲ့အစည်းများနှင့်ပြည်သူတို့၏ဆန္ဒပြုတောင်းဆိုချက်များသည် မှန်ကန်တရားမျှတသောတောင်းဆိုချက်၊ ဆန္ဒပြုချက် ဖြစ်ကြောင်း ကျမရိုးသားစွာယုံကြည်ပါသည်။ သို့ပါ၍ ပြည်သူတို့၏ဆန္ဒငြိမ်းချမ်းစွာဖြစ်မြောက် အကောင်အထည်ဖော် ရောက်လာစေရန် စေတနာဖြင့်အမြန်ဆုံးဆောင်ရွက်ပေးပါရန် တောင်းဆိုဆန္ဒပြုတင်ပြအပ်ပါသည်။ အောင်ဆန်းစုကြည်။ ၃၄-၃၆ တက္ကသိုလ်ရိပ်သာလမ်း၊ ဖုန်း ၃၀၃၆၅။ ၁၇ ရက်၊ ၈ လ၊ ၈၈ ဆိုပြီးတော့အောက်ကပါတယ်ဗျ။ မှတ်ချက်က ကျမ ၁၅ ရက်၊ ၈ လ၊ ၈၈ နေ့စွဲတွင်တင်ပြခဲ့သောတင်ပြချက်နှင့် ၁၅ ရက်၊ ၈ လ၊ ၈၈ ရက်စွဲဖြင့်ထုတ်ပြန်သော ဗဟို တရားရုံးရှေ့နေများ ကောင်စီတင်ပြချက်များသည် ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပြောင်းလဲမှုများကိုလိုလားရာတွင် ကွဲလွဲမှုမရှိပါဆိုပြီးတော့ မှတ်ချက်ရေးပြီးတော့ပေးလိုက်တယ်။ ပေးတဲ့ဥစ္စာ လက်မှတ်ထိုးပေးလိုက်တယ်။ နောက်သူတို့ အဲဒါကိုထုတ်တာပေါ့ဗျာ။ ဘားကောင်စီက။

အဲဒါတချက်ပေါ့ဗျာ။ နောက် (၁၈)ရက်နေ့မနက်ကြမှ၊ (၁၈)ရက်နေ့လို့ကျနော်ထင်တယ်။ (၁၉)ရက်နေ့ဖြစ်ချင် လည်းဖြစ်မယ်။ ဆရာပါရဂူရယ်၊ မောင်ကိုယုရယ်၊ တင်ဆွေမိုးရယ်၊ ကိုခေးဆိုတာကဗျာဆရာ စာရေးဆရာလို့ပြောတယ်။ အဲသူတို့ပေါက်လာပြီးတော့ ဘာပြောလဲဆိုတော့ သူတို့စာရေးဆရာတွေ ပန်းချီ၊ ပန်းပု၊ ကာတွန်း၊ သတင်းစာသမားတွေ အားလုံး **Signature Campign** ပေါ့ဗျာ၊ အဲ အဲဒါကြီးကို ဟိုလက်မှတ်တွေအများကြီးနဲ့ လက်မှတ်ထိုးထားတာ၊ ဟိုဟာ ၄-၅-၆၀၀ လောက်ရှိမယ်။ အဲဒါနဲ့ယူလာတယ်ဗျ၊ အဲဒီခေါင်းစဉ်လေးကို ကျနော်ဖတ်ပြမယ်။

နိုင်ငံတော်ကောင်စီ ပြည်ထောင်စုဆိုရှယ်လစ်သမတမြန်မာနိုင်ငံတော် အဲ သို့ပေါ့ဗျာ အပေါ်က။
အောက်မှာ . . . မှ

မြန်မာနိုင်ငံစာပေပညာရှင်များ၊ အနုပညာရှင်များတဲ့။
နေ့စွဲက ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့တဲ့။

အကြောင်းအရာ။ ။ ယနေ့မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသောအခြေအနေများအပေါ် တင်ပြတောင်းဆိုခြင်း။

မြန်မာနိုင်ငံတဝှမ်းလုံးတွင်ဖြစ်ပေါ်နေသည့် ဆန္ဒပြမှုများကိုအခြေခံတဲ့ဖြစ်ပေါ်လာသည့်၊ မလိုလားအပ်သော ဆိုးကျိုးများအပေါ် အောက်ပါအတိုင်းသုံးသပ်တင်ပြပါသည်။

(၂) ယခုကဲ့သို့တင်ပြရခြင်းမှာ၊ မိမိဆန္ဒကိုတရားဥပဒေဘောင်အတွင်းမှတင်ပြစေလိုကြောင်း၊ သံဃာ့မဟာနာယကအဖွဲ့မှ မေတ္တာရပ်ခံချက်နဲ့အညီတင်ပြရခြင်းဖြစ်ပါသည်။ ၁၉၈၈ ခု၊ မတ်လ၊ ဇွန်လ၊ ဩဂုတ်လအတွင်းတွင်ကျောင်းသားထု၊ ပြည်သူလူထုဆန္ဒပြမှုများအပေါ် လိုအပ်သည်ထက်ပိုမိုကြမ်းတမ်းစွာကိုင်တွယ်ဖြေရှင်းခဲ့သည်ဟုယုံကြည်ပါသည်။ ယခုကဲ့သို့ ဆန္ဒပြမှုမျိုး အကြမ်းဖက်ဖြေရှင်းမှုမျိုး၊ ဆက်လက်ပြုလုပ်နေခဲ့လျှင် တိုင်းပြည်တွင်သွေးချောင်းစီးကာ မင်းမဲ့စရိုက်ဝါဒလွှမ်းမိုးလျက် ပြည်သူအားလုံးအတိဒုက္ခရောက်ကြမည်မှာမလွဲမသွေဖြစ်ပါသည်။

(၄) ယခုကဲ့သို့ဖြစ်ပေါ်ရခြင်းမှာလတ်တလောဖြစ်ပေါ်ခြင်းမျိုးမဟုတ်ပါ၊ (၂၆)နှစ်ကာလပတ်လုံး၊ ဖိနှိပ်ချုပ်ချယ်မှုအမျိုးမျိုး၏ ဒဏ်ကိုအလူးအလဲခံရခြင်း၊ နိုင်ငံရေးအကျပ်အတည်း၊ စီးပွားရေးအကျပ်အတည်းတို့၏ဝေဒနာကို ပြင်းထန်စွာခံစားရခြင်း၊ လွတ်လပ်စွာပြောဆိုရေးသားခွင့်ကိုပိတ်ပင်ထားခြင်းတို့မှအုံကြွပေါက်ကွဲလာခြင်းဖြစ်ပါသည်။

ဤသို့အုံကြွပေါက်ကွဲခြင်းကို အကြမ်းဖက်လက်နက်ကိုင်ဖြေရှင်းမည့်အစား၊ တိုင်းပြည်တွင်လေးစားထိုက်သော နာယကဂုဏ်နှင့်ပြည့်စုံသည့် အုပ်ချုပ်မှုအတတ်ပညာရှင်များ၊ ဦးသျှောင်ကွပ်ကဲနိုင်သည့်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးဖြေရှင်းခြင်း၊ အကူအညီတောင်းခံခြင်း၊ အုပ်ချုပ်မှုပုံစံပြောင်းလဲခြင်းသည်သာလျှင် အကောင်းဆုံးသောနည်းလမ်းဖြစ်သည်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံတဝှမ်းလုံးတွင်အမြန်ဆုံးငြိမ်းချမ်းလျက်၊ ကသောင်းကနင်းဖြစ်နေသောအခြေအနေများသည်လည်းကင်းဝေးစေကာ၊ လုပ်ရန်ရှိသောစီးပွားရေးစီမံကိန်းများနှင့်၊ ပြည်သူလူထုတရပ်လုံး၏စိတ်တူကိုယ်တူ ဝိုင်းဝန်းကူညီဆောင်ရွက်မှုဖြင့်အောင်မြင်စေရန်အတွက်၊ တိုင်းပြည်တပြည်လုံးကလိုလားတောင့်တနေသော နိုင်ငံရေးပုံသဏ္ဍာန်ပြောင်းလဲမှုကိုအဓိကထားလျက်၊ မင်းကျင့်တရား(၁၀)ပါးနဲ့အညီဆောင်ရွက်ပါရန် အလေးအနက်တင်ပြတောင်းဆိုပါသည်။

အောက်တွင်လက်မှတ်ရေးထိုးသည့် စာပေပညာရှင်များ၊ အနုပညာရှင်များသည်၊ မြန်မာနိုင်ငံဗဟိုတရားရုံးရှေ့နေများအသင်းတို့မှတင်ပြတောင်းဆိုချက်များအတိုင်း၊ အလေးအနက်ထပ်ဆင့်တောင်းဆိုပါသည်။ မြန်မာနိုင်ငံစာပေနှင့်အနုပညာရှင်များ။ နောက်မှာတော့၊ အောက်မှာလက်မှတ်ထိုးထားတဲ့သူတွေပါတာပေါ့ဗျာ။ အဲဒီ စာရေးဆရာကြီးတွေဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့၊ ဟိုကျန်တဲ့၊ ထင်ရှားတဲ့ ပုဂ္ဂိုလ်အကုန်လုံး။ နောက်ပြီးတော့ စာရေးဆရာတွေ၊ ပန်းချီဆရာတွေတော်တော်များတယ်။ အားလုံးကျနော်မှတ်မိသလောက်တော့၊ (၇၀၀)ကျော်လောက်ရှိမယ်ထင်တယ်ဗျ။

အဲဒီ(၂၀)ရက်နေ့တနေ့လုံး ကျနော်တို့ပြောကြဆိုကြရင်းနဲ့နောက်ကြဘာတွေဝင်လာလဲဆိုတော့၊ ဒီပြင်လူတွေကလည်း၊ တွေ့ချင်ဆုံချင်တယ်ဆိုပြီးလှမ်းပြီးတော့ပြောကြတာပေါ့ဗျာ။ ဒီပြင်အဖွဲ့အစည်းတွေက၊ (၂၁)ရက်နေ့မှာ ဗိုလ်ရဲထွဋ်ကနေတဆင့် သခင်တင်မြ၊ သခင်တင်မြကနေတဆင့် တခါဒေါ်စုကိုပြောတာက၊ ဦးတင်အောင်ဟိန်းနဲ့တွေ့ရင် ကောင်းမယ်ထင်တယ်ဆိုတော့၊ ကျမကတော့ ဘယ်မှာနေမှန်းလဲမသိဘူးဆိုတော့၊ ကျနော်တို့စီစဉ်ပေးမယ်ဆိုပြီးတော့ သူတို့စီစဉ်ပေးတော့၊ (၂၁)ရက်နေ့၊ ညနေ(၃)နာရီကိုချိန်းလိုက်တယ်ဗျ။ ဒေါ်စုပြန်ပြောပြတာကတော့၊ အဲ ဦးတင်အောင်ဟိန်းနဲ့တွေ့တဲ့အခါကြတော့၊ ဦးတင်အောင်ဟိန်းက အဲသူဒေါ်စုတို့လုပ်နေတာကို သူလည်းဟိုဟာပေါ့၊ တိုင်းပြည်အတွက်လုပ်တာမို့လို့ သူလည်းပဲဟိုဟာပြုပါတယ်ပေါ့။ သူသမတဖြစ်သွားတဲ့ဒေါက်တာမောင်မောင်ကိုသူ သွားတွေ့မယ်ပေါ့။ သွားတွေ့ပြီးတော့၊ ဒေါက်တာမောင်မောင်ကိုသူသမတဖြစ်လာပြီးပေါ့။ သမတမှာလုပ်ပိုင်ခွင့်တွေ အများကြီးရှိပါတယ်။ တိုင်းပြည်ကို အဲနောက်ထပ်ပြီးတော့သွေးထွက်သံယိုမဖြစ်အောင် ဟိုစောင့်ရှောက်ပါပေါ့။ ဖြစ်နိုင်သလောက် အတတ်နိုင်ဆုံးကြိုးစားပါဆိုပြီးတော့၊ သူတိုက်တွန်းခဲ့တယ်တဲ့။ အဲတိုက်တွန်းပြီးတော့၊ ဟိုဒေါက်တာမောင်မောင်ကိုလည်းပြောခဲ့တယ်တဲ့။ အဲလိုကျနော်ခင်ဗျားကိုမေတ္တာရပ်ခံတယ်ဆိုတဲ့အကြောင်းကိုလည်းပဲ ခင်ဗျား ကျနော်ကတော့ ဒါမှတ်တမ်းမှာရေးထားမှာပေါ့။ တကယ်လို့ခင်ဗျားဆောင်ရွက်ပေးရင်လည်း ဆောင်ရွက်ပေးတဲ့ဥစ္စာ ခင်ဗျား၊ ခင်ဗျားဆောင်ရွက်ချက်ဆိုတာ ပေါ်လာမှာပေါ့ဗျာ။ တကယ်လို့တခုခုသိပ်ဆိုးဆိုးဝါးဝါးဖြစ်ရင်လည်း ခင်ဗျားကို ကျနော် ဒီလို ဒီလို မေတ္တာရပ်ခံထားတယ်ဆိုတဲ့ဥစ္စာပေါ်လာမှာပေါ့ဗျာလို့၊ ဟိုပြောခဲ့တယ်တဲ့။ အဲဒါပြောခဲ့ပြီးတော့ နောက်တနေ့မနက် အဲ (၈)နာရီခွဲလောက် ဒေါ်စုဆီရောက်သွားတော့၊ ကျနော်ကအိမ်ပြန်ပြန်အိပ်တာကိုဗျ။ ဒေါ်စုဆီရောက်သွားတဲ့အခါကြတော့၊ မနက်ကအစောကြီးတယ်လီဖုန်းဝင်လာတယ်တဲ့။ အဲဒါ (၂၂)ရက်နေ့ပေါ့ဗျာ၊ (၂၂)ရက်နေ့၊ ဦးတင်အောင်ဟိန်းက စိတ်မကောင်းဘူးပေါ့။ ဒေါ်စုကပြောလိုက်တယ်တဲ့၊ ဘာမှစိတ်မကောင်းဖြစ်စရာမလိုဘူး။ ဘာမှမှဖြစ်မှမဖြစ်ဘဲဥစ္စာ။ မဟုတ်ဘူး မော်လမြိုင်မှာ

ရေတပ်နဲ့ဖြစ်လို့ ဟိုလူ(၈)ယောက်သေသွားတယ်ပေါ့။ အဲဒါအတွက်စိတ်မကောင်းပါဘူး။ အားလုံးကတော့ ကျန်တာတွေကတော့ အားလုံးဘာမှသွေးထွက်သံယိုမရှိပါဘူးလို့ပြောတယ်လို့ ပြောတာကို ကျနော့်ပြန်ပြောပြတယ်ဗျ။ နောက်ပိုင်းမှာ ဆေးရုံကြီးဝင်းထဲကနေပြီးတော့ တယ်လီဖုန်းဆက်တယ်ဗျ။ အဲ ဒေါ်စုလာမယ်ဆိုလို့ ဆေးရုံကြီးဝင်းထဲမှာ ဘာဖြစ်နေတယ် ညာဖြစ်နေတယ်ပေါ့ဗျာ။ သူတို့လည်းလာလာပြောနေတယ်။ ပြောနေပြီးတော့ ဒီကလာပါ့မယ်လို့ တခါမှမပြောဖူးသေးဘူးလို့။ အဲဒါ အဲလိုပဲပြောလိုက်တယ်လေ။ အဲဒါနဲ့ ဒါပေမယ့်(၂၃)ရက်နေ့ အဲဆေးရုံကြီးဝင်းကိုသွားတယ်။ သွားတော့လည်းပဲ ဦးချိုလှိုင်ပဲလိုက်ပို့တယ်။ အဲဒီဆေးရုံကြီးဝင်းမှာ(၂၃)ရက်နေ့ အချိန်တော့ကျနော်သေချာမမှတ်မိတော့ဘူး။ အဲဒီမှာ ဒေါ်စုစကားပြောတယ်ဗျ။ အဲဒီကြားထဲမှာ ကျနော်တို့ကဘာလုပ်ရလဲဆိုတော့၊ လူထုအစည်းအဝေးပွဲလုပ်ဖို့အတွက်ကို ကျနော်တို့တိုင်ပင်ကြပြီး။ (၂၁)ရက်နေ့မှာ (၈၈)ဗိုလ်သူရလမ်းပေါ့ဗျာ၊ ဟိုကြည့်မြင်တိုင်၊ အဲဒီဗိုလ်သူရလမ်းမှာပြောတုန်းကလည်း၊ လူထုကိုဟို ဒေါ်စုတခုခုပြောဖို့ကောင်းပြီးပေါ့။ အဲဒီမှာပါတဲ့လူတွေရဲ့စာရင်းကိုကျနော်အခုပြောမယ်။

ဟိုရန်ကုန်ရှေ့နေတွေပေါ့ဗျာ ဦးဘထွန်း၊ သခင်ချစ်၊ မောင်ကိုယု၊ ဦးထွန်းတင်၊ ဒေါ်မြင့်မြင့်ခင်၊ နောက် သခင်တွေထဲက သခင်ခင်အောင်၊ သခင်ထွန်းခင်၊ သခင်ချစ်မောင်၊ နောက်ပြီးတော့စာနယ်ဇင်းနဲ့တတ်သိတွေက မောင်သော်က၊ လေသူရဲတဦး၊ မောင်မိုးသူ၊ မောင်ဝံသ၊ ဦးဝင်းတင်၊ နောက် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတိုးလှိုင်၊ ဦးလှတင်၊ သခင်တင်မြ၊ ကိုရဲလင်း၊ နောက်ပြည်သူ့ရဲဘော်ကဗိုလ်သာထွန်း၊ အဲမနစ်တုန်းကဆုံးသွားတဲ့ဗိုလ်သာထွန်း၊ ဗိုလ်စန္ဒာကျော် လေထီးဗိုလ်လေ၊ နောက်ဗိုလ်ညိုနော်၊ အဲဒီဟာ၊ နောက်အဲဒီ(၂၁)ရက်နေ့ ဟို(၁၂)နာရီလောက်က စတာပေါ့ဗျာ။ ဒါပေမယ့် လူငယ်ထဲကအောင်ကြည်တိုး၊ အဲသူတို့တက်တယ်ဗျ။ ဒီကြားထဲမှာကျနော်တို့လုပ်နေတာတွေရှိတယ်လေ။ မေတ္တာရပ်ခံချက်တို့၊ သဝဏ်လွှာတို့ပို့တာတွေဘာတွေရှိတယ်။ လူထုရှင်းလင်းပွဲလုပ်ဖို့အတွက်ကို ကျနော်တို့၊ ပထမ ကျနော်တို့ သိမ်ဖြူကွင်းကိုစဉ်းစားတယ်။ မိုးတွင်းကြီးလည်းဖြစ်နေတယ်။ ကွင်းကပြန့်ကြီးထဲမှာမို့ လူထုပရိတ်သတ်က၊ အဲပြန့်ကြီးထဲမှာလည်းရှိမယ်၊ အပေါ်မှာလည်းရှိမယ်ဆိုတော့ ဟိုဘယ်လိုလုပ်ပြီးတော့၊ ဘယ်လိုစီစဉ်လို့ရမလဲ။ ဗွက်ကြီးပဲ၊ နောက်ပြီးတော့။ အဲလာကြီးတဲ့ အဲဒီအနောက်မုဒ်ကိုရောက်သွားတာပေါ့ဗျာ။ အနောက် မုဒ်ရောက်သွားတော့လည်းပဲ၊ အနောက်မုတ်မှာဆုံးဖြတ်ပြီးတဲ့နောက်ပိုင်း၊ အဲဒီ ဟိုအန်ကယ်တို့မိတ်ဆွေတယောက် ကိုအစီအစဉ်လုပ်ဖို့လို့၊ အဲဒီစင်တို့ဘာတို့ သွားလုပ်ခိုင်းလိုက်တော့၊ သွားကြည့်တဲ့အခါကြတော့၊ ဟိုစင်ကသိပ်ပြီးတော့ဟိုဟာမပြုဘူးဗျ၊ နည်းနည်း ဟိုငယ်နေပြီးတော့၊ နည်းနည်းလေးဟိုဟာနဲ့သလိုဖြစ်နေတာနဲ့၊ အဲဒါဦးဌေးငွေဆီ အကူအညီစတောင်းရတာပဲ။ အဲဒီအချိန်ကတည်းက၊ ဒေါ်စုရဲ့ အဲဒီရွှေတိဂုံဘုရားမိန့်ခွန်းက(၂)ချက်ထဲပဲအဓိကပဲ။ ညီညွတ်ကြပါ၊ စည်းကမ်းရှိကြပါ။ ခင်ဗျားတို့သတိထားမိရင် ထားမိမယ်။ အဲအခုလည်းပဲ ဒေါ်စုအဲဒါပဲပြောနေရတယ်။ ဟိုတုန်းကပြောခဲ့တာလည်းမှန်တယ်။ အခုပြောနေတာလည်းမှန်တယ်။

ကျနော်ပြောပြဖူးတယ်လေ။ ကျနော့်ကိုမေးတယ်။ မမကြည်အိမ်ကိုပြန်မပြောင်းခင်၊ မေမေကိုအိမ်ပြန်ပြီးတော့ခေါ်ဖို့စိတ်ကူးတယ်ပေါ့။ အဲဒီတော့မေမေ့အခြေအနေကိုအန်ကယ်ပြောပြပါတဲ့။ မေမေ့ ဟိုအခြေအနေအန်ကယ့်သဘောဘယ်လိုရသလဲဆိုတာသူကပြောတယ်။ ကျနော်ကရိုးရိုးလှုပြိန်းပဲ။ အဲဒီတော့အန်ကယ့်အနေနဲ့ကတော့မေမေကအရင်တုန်းကလိုအကောင်းပကတိတော့ပြန်ဖြစ်ဖို့မလွယ်တော့ပါဘူး။ ဘယ်လိုမှမဖြစ်နိုင်ဘူးလို့ထင်တယ်။ အဲဒါပေမယ့် မစုဆရာဝန်တွေမေးပါလို့ဆိုတော့၊ ဘာပြောလဲဆိုတော့မေးပြီးပြီးတဲ့။ ဟာသူကအဲလိုဗျ။ မေးပြီးပြီတဲ့။ ဘာပြောလဲဆိုတော့၊ အန်ကယ်ပြောတဲ့အတိုင်းပဲတဲ့။ အဲဒါကြောင့်မို့လို့တဲ့စုကအဲလိုဆိုရင်တော့မထူးဘူးပေါ့၊ အိမ်မှာပဲမေမေက သူ့ရဲ့ပတ်ဝန်းကျင်လေးနဲ့သူပေါ့။ ဘေးနားမှာပန်းအိုးလေးတွေ၊ ပန်းပွင့်လေးတွေ၊ ပန်းချီလေးတွေနဲ့ အဲ သူ့နဂိုပတ်ဝန်းကျင်အတိုင်းပဲနေရရင်ပိုပြီးတော့။ ဒါပဲတဲ့ အရေးကြီးတယ်လို့အဲဒါက။ အရေးကြီးတယ်။ ဘာအရေးကြီးတာလဲတဲ့ ဒီဆေးရုံမှာရှိနေတဲ့၊ ဟိုအခြေအနေမျိုးဆေးရုံကုတင်တို့၊ ဆေးရုံကဆရာဝန်အနားမှာရှိတာတို့၊ နောက်ပြီးတော့ ခွဲစိတ်စက်တို့၊ အောက်စီဂျင်ဘူးတို့ဘာတို့ဒါတွေကသိပ်အရေးကြီးတယ်လို့။ ဒါကကုတင်ကအစအရေးကြီးတယ်နော်လို့ဆိုတော့၊ ဒါတွေတောင်းကြည့်မှာပေါ့တဲ့။ ရမှာပါတဲ့။ နောက်ကြတော့၊ တရက်နှစ်ရက်နေတော့ပြောတယ်။ ပြောတော့ဘာပြောလဲဆိုတော့၊ ပြောပြီးပြီတဲ့၊ ပိုတောင်ပြောလိုက်သေးတယ်တဲ့။ စုကထပ်ပြီးတော့အပိုဆောင်းပြီးတော့တောင်းလိုက်သေးတယ်။ ဘာလဲဆိုတော့၊ မီးခဏခဏပျက်တယ်ပေါ့။ အိမ်တွေမှာ။ အဲဒီတော့မီးစက်တခုပါလုပ်ပေးပါဆိုတော့၊ သူတို့အစီအစဉ်လုပ်ပေးပါ့မယ်လို့ပြောတယ်တဲ့။ အဲလိုပြောတယ်။ အဲလိုပြောတော့ အိမ်ရောက်တယ်ဆိုပါတော့၊ အိမ်ရောက်တော့၊ ကျနော်ကဆိုတော့၊ အဲအန်ကယ်တဲ့နည်းနည်းပါးပါးလည်းပဲစကားပြောဖို့ အတွက်အချိန်ရတာပေါ့တဲ့။ အမှန်တိုင်းကတော့ ဆရာဝန်တွေကလည်းဧည့်သည်တွေလာတာ၊ မေမေဆီဝင်တာသိပ်ကြိုက်တာမဟုတ်ဘူးတဲ့။ မေမေလည်းအနားရအောင်လို့ဆိုပြီးတော့၊ အခုတော့အေးအေးဆေးဆေးပါပဲတဲ့။ အေးအေးဆေးဆေးပြောရအောင်၊ အဲဒီတော့ ဘယ်လို ဘယ်နည်းနဲ့ စကြမလဲတဲ့။ အဲဒါကိုထွေးမြင့်ကလည်း အဲလိုအဲလိုပြောတယ်ပေါ့။ ဆိုတော့ အဲဒါစမယ်ဆိုလို့ရှိရင် တခုရှိတာက မစု သေချာကျကျနနစဉ်းစားပါ။ ဘာစဉ်းစားရမှာလဲတဲ့။ အဲဒီမေမေ့ကိစ္စကိုပြောကြမယ်နော်လို့၊ အမေကြီးကအသဲအသန်ဖြစ်နေတယ်။ နေ့သေမလား၊ ညသေမလားပေါ့။ အဲဒါကို ဟို နိုင်ငံရေးခေါင်းဆောင်ဖြစ်ချင်တာနဲ့၊ ဝန်ကြီးချုပ်ဖြစ်ချင်တာနဲ့၊ တိုင်းပြည်

ခေါင်းဆောင်ဖြစ်ချင်တာနဲ့လုပ်တယ်လို့ပြောတော့။ ဒါကအန်ကယ်အသိဆုံးပဲ။ တိုင်းပြည်အခြေအနေလည်း အန်ကယ်အသိဆုံးပဲတဲ့။ ဒါမေမေအပေါ်မှာ စုဝတ္တရားမှမပျက်တာ။ ရောက်ရောက်ချင်းနေ့ကစပြီး ဆေးရုံပေါ်တက်ပြီးတော့ အနီးကပ်ပြုစုတာပဲတဲ့။ အခုလည်းဆက်ပြုစုရမှာပဲတဲ့။ နောက်ပြီးတော့ဆရာဝန်က ဟိုမနက်တကြိမ် ညနေတကြိမ်လာမယ်။ စုဆရာဝန်ကြီးတယောက်နဲ့၊ ဆရာဝန် Assistant နဲ့၊ သူနာပြုဆရာမတွေရှိတယ်။ ဟို မနက်၊ ညတယောက်စီရှိတယ်။ နောက်ပြီးတော့ မေမေ့တူမတယောက် အနားမှာရှိတယ်။ စုကိုယ်တိုင်အနားမှာရှိတယ်။ အဲဒါ အန်တီမာလည်းပဲ အကုန်လုံးအစီအစဉ်လုပ်ပေးတာပဲတဲ့။ သူ့တပည့်တပန်းတွေနဲ့၊ အဲလိုပြောတယ်လေ။ ပြောတော့အဲဒါနဲ့ ဒါ ဒီလိုဆိုရင်လည်းထားတော့။ နောက်တခုရှိသေးတယ်။ ဘာလဲ။ ဒီမှာကျောင်းသားတွေဟာကျောင်းမတက်ရဘူး။ သား(၂)ယောက်က အင်္ဂလန်မှာကျောင်းတက်နေကြတယ်။ အဲဒီတော့ဒါလည်းပြောကြဦးမှာပဲ။ အန်ကယ်ရယ်တဲ့၊ စုတို့ဒီမှာနေတော့လည်း အစဉ်မပြေလို့ ဟိုမှာသွားပြီးတော့၊ နိုင်ငံခြားမှာသွားနေရတာပဲတဲ့။ နိုင်ငံခြားမှာသွားနေပြီးတော့၊ နိုင်ငံခြားမှာပဲ အအိမ်ထောင်ကျပြီးတော့သားရတဲ့ကိစ္စပဲတဲ့။ သူတို့ဒီမှာနေရင်ဒီကလူတွေလိုပဲကျောင်းမတတ်ဘဲနေရမှာပေါ့တဲ့။ ပြောချင်တာပြောပါစေတဲ့။ ဒါကတော့ဘယ်တတ်နိုင်မလဲတဲ့။ ဒါတင်မကသေးဘူး။ ဘာလဲတဲ့။ ဆရာမိုက်ကယ်ကနိုင်ငံခြားသား၊ နိုင်ငံခြားသားဆိုတော့၊ နိုင်ငံခြားသားတွေရဲ့ဩဇာမကင်းဘူး၊ ဘာဘူးညာဘူးပြောကြဦးမှာပေါ့ဆိုတော့။ ပြောချင်တာပြောပါစေတဲ့။ ဒါကမိုက်ကယ်နဲ့လည်းပဲနဂိုကတည်းကပြောထားပြီးသား။ တိုင်းပြည်အတွက်လိုအပ်တဲ့အခါဆိုရင်၊ တိုင်းပြည်အတွက်လိုအပ်တဲ့အခါဆို လုပ်ကိုလုပ်မယ်။ ဒါကိုသဘောတူရမယ်လို့ပြောထားပြီးသားတဲ့။ အဲဒါလည်း သူသဘောတူပါတယ်ဆိုပြီးတော့၊ အဲဒီတော့မှစုအိမ်ထောင်ပြုတာတဲ့။ စုတို့ဗမာပြည်မှာမနေနိုင်ဘဲ။ ဗမာပြည်မှာနေရင် ဒီလိုအခြေအနေမျိုး စုဘယ်နည်းနဲ့သွားရမှာလဲတဲ့။ ဒီမှာနေလို့အဆင်မပြေလို့တခြားမှာသွားနေရတာ၊ တခြားမှာသွား ပညာသင်ရတာပဲတဲ့။ ပြောချင်ရာပြောကြပါစေ။ အန်ကယ်ရယ်ကုန်ကုန်ပြောမယ်တဲ့၊ စုနံမည်ကမွေးကတည်းကအောင်ဆန်းစုကြည်လို့မှည့်ထားတယ်တဲ့။ အဲဒါမှည့်ထားတော့၊ အောင်ဆန်းစုကြည်ဆိုတော့၊ ဖေဖေနံမည်ကိုသုံးတယ်တောင် ပြောချင်ပြောဦးမယ်။ ပြောပါစေတဲ့။ ဒါပြောင်းလို့မှရတဲ့ကိစ္စမဟုတ်တာ။ ပြောင်းလဲမပြောင်းနိုင်ဘူးလေတဲ့။ ဒါက ဘာလို့ပြောင်းရမှာလဲတဲ့။ အောင်ဆန်းစုကြည်၊ အောင်ဆန်းစုကြည်ပဲပေါ့တဲ့။ အဲလိုပြောတယ်။ အဲဒီတော့ကိုယ်ဟာကိုယ် လုပ်မှာပဲတဲ့။ ဒါဆုံးဖြတ်ပြီးပြီတဲ့။ ဒီလိုဆိုရင်ဆရာမိုက်ကယ်ကိုပြောရမယ်တဲ့။ မပြောဘဲနဲ့မလုပ်ပါဘူးတဲ့။ စလုပ်ကတည်းကပြောမယ်တဲ့။ အဲဒါပြောရင်မြန်မြန်ပြောလို့။ သူကပြောမယ်တဲ့။ အန်ကယ့်ရှေ့မှာပြောမယ်တဲ့။ နောက်ပြီးတော့ စုဆုံးဖြတ်ပြီးပြီတဲ့။ ကိုယ်ရေးကိုယ်တာကိုလုံးဝထည့်ပြီးမစဉ်းစားဘူး။ အဆုံးစွန်အထိစွန့်ဖို့၊ အစွမ်းကုန်အထိစွန့်ဖို့ဆုံးဖြတ်ပြီးပြီ။ သူက အသက်ပါစွန့်မယ်ဆိုတဲ့အနေမျိုး ဆုံးဖြတ်ပြီးပြီဆိုတဲ့စကားမျိုးပြောတာဗျ။ အဓိပ္ပါယ်ကတော့။ အဲဒါပဲ။ အဲ နောက်တရက်ခြားကျတော့၊ မိုက်ကယ်ကိုကျနော့်ရှေ့မှာပဲပြောတယ်။ ဆရာမိုက်ကယ်ကို။ ဆရာမိုက်ကယ်က အေးအေးလေးပါပဲ။ သူကထုံးစံအတိုင်းပဲ။ ဟိုအင်္ဂလိပ်ဆိုပေမယ့်လို့ဟန်ကြီးပန်ကြီးသိပ်နိုင်တဲ့လူမဟုတ်ဘူး။ ကြည့်ရတာက၊ သူကအစတည်းက ဒါသဘောတူထားတာပဲတဲ့။ လက်မထပ်ခင်ကတည်းကသဘောတူလို့လုပ်ခဲ့ကြတာပဲတဲ့။

ဩဂုတ်လ (၁၅)ရက်နေ့မှာ၊ ကျနော်တို့ နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ကိုကျော်ထင်ဆီစာတင်ပေးတယ်။ အဲဒီညနေ ကျနော်မပြန်ခင်မှာ ကျနော့်ကိုစာတစောင်ပေးထားတယ်။ စာတစောင်ပေးထားတယ်ဆိုတာ သူက တကယ်လို့တဲ့ တခုခုအကြောင်းကြီးငယ်ကိစ္စရှိလာလို့ရှိရင် အန်ကယ်ဒီစာနဲ့ပဲဆက်ပြီးတော့ လုပ်သင့်လုပ်ထိုက်တာကိုလုပ်ပါတဲ့ဆိုပြီးတော့ ပေးထားတယ်။ အဲဒီနေ့ညနေမှာ သူကကျနော့်ဖတ်ခိုင်းပြီးတော့ပြန်သွားတယ်။ နောက်ပြီးတော့ (၂၆)ရက်နေ့ လူထုအစည်းအဝေးပွဲနေ့က ကျနော့်ကိုဒီစာကိုသိမ်းထားတဲ့။ အဲဒါအကြောင်းတခုခုဆိုလို့ရှိရင် အဲဒါနဲ့ဆက်ပြီးတော့ အန်ကယ်စီစဉ်သင့်သလိုသာလုပ်ပါဆိုပြီးတော့ကျနော့်ကိုပေးတယ်။ အဲဒီစာကို ကျနော် အခုဖတ်ပြမယ်နော်။

"နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရခြင်းအကြောင်း" တဲ့။
နောက်တခုလည်းရေးထားတယ်၊
တိုင်းပြည်နဲ့ဖေဖေ့ကျေးဇူးကို၊ ဖခင်ကျေးဇူးကိုဆပ်လို၍ . . .
ဆိုတဲ့ဥစ္စာ။

နိုင်ငံရေးအသိုင်းအဝိုင်းအတွင်းတွင်မွေးလာ၊ ကြီးပြင်းလာသူတဦးအနေနှင့် နိုင်ငံရေးလောကတွင်စိတ်ဝင်စားလာခြင်းသည်အထူးရှင်းပြရန်လိုမည့်အကြောင်းအရာတခုမဟုတ်ပါ။ ကျမသိတတ်စအရွယ်ကပင် မြန်မာပြည်နိုင်ငံရေးလှုပ်ရှားမှုများ၊ အထူးသဖြင့် ကျမဖခင်ဗိုလ်ချုပ်အောင်ဆန်း၏တိုင်းပြည်အတွက်ကြိုးပမ်းမှုများနှင့်၊ နိုင်ငံအတွက်ထားရှိခဲ့သော မျှော်မှန်းချက်များနှင့်ပတ်သက်သော ဆွေးနွေးစကားများကို နေ့စဉ်မပြတ်ဆိုသလိုကြားနေခဲ့ရပါသည်။ ထိုသို့ကြားခဲ့ရခြင်းဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်သူလူထု၏ညီညွတ်မှု၊ အကျင့်စရိတ္တကောင်းမွန်မှုနှင့် စီးပွားရေးခိုင်လုံမှုတို့အပေါ်တွင်တည်ရှိကြောင်းကို သဘောပေါက်ခဲ့ပါသည်။ ၎င်းအပြင်လည်း ဖေဖေသည်တိုင်းသူပြည်သားအချင်းချင်း

သတ်ဖြတ်တိုက်ခိုက်သည့် အာဏာလုနိုင်ငံရေးမျိုးကို လုံးဝမနှစ်သက်၊ မကြိုက်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးကာလ၌ နိုင်ငံရေးလောကတွင်ကျောခိုင်း၍ သတင်းစာဆရာ၊ စာရေးဆရာတယောက်အနေနှင့် အသက်မွေးဝမ်းကျောင်းရှာဖို့ရန် ရည်ရွယ်ခဲ့ကြောင်း၊ နိုင်ငံအရပ်ရပ်သို့သွားရောက်၍ မြန်မာပြည်သူလူထုအတွက်ပညာရစေ၊ အမြင်ကျယ်စေမည့် ဗဟုသုတများရှာဖွေရန်မှန်းဆခဲ့ကြောင်းများကိုသိရှိခဲ့ပါသည်။ ဖေဖေ၏ မဖြစ်မြောက်နိုင်ခဲ့သောရည်ရွယ်ချက်များကို စိတ်ဝယ်ထား၍ ကျမလည်းမြန်မာတိုင်းသူပြည်သားအချင်းချင်းအကြား အာဏာလုပွဲဖြစ်ပွားစေမည့် နိုင်ငံရေးမျိုးတွင်မပါဝင်ဘဲ၊ နိုင်ငံတကာအသိအမှတ်ပြုခြင်းခံရသည့်စာပေလောကအတွင်းမှ မြန်မာကိုကမ္ဘာကသိစေရေး။ မြန်မာပြည်သူလူထုအတွက်အသုံးဝင်နိုင်မည့် စာအုပ်စာတမ်းများပြုစုရေးတို့နှင့် တိုင်းပြည်အကျိုးဆောင်ဖို့ရန် ခန့်မှန်းရည်ရွယ်ထားခဲ့ပါသည်။ ထိုခန့်မှန်းချက်နှင့်အညီ မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုနှင့်ဆက်စပ်သောစာပေ၊ အထွေထွေနှင့် ဖေဖေ့ဘဝ၊ ဖေဖေ့နိုင်ငံရေးလုပ်ဆောင်ချက်များနှင့်သက်ဆိုင်သော စာအုပ်စာတမ်းတို့ကိုလေ့လာ၍ သုံးသပ်ချက်များရေးသားခဲ့ပါသည်။ ထိုကဲ့သို့စာပေလောက၌အေးချမ်းပြည့်ဝစွာနေခွင့်ရခဲ့ပါသော်လည်း၊ မြန်မာနိုင်ငံမှာ ဖေဖေမျှော်မှန်းခဲ့သော ညီညွတ်ခိုင်ခံသည့်ပြည်ထောင်စုကြီး၊ တိုးတက်သာယာသည့်တိုင်းပြည်ကြီးအဖြစ်သို့ မရောက်လာခဲ့ခြင်းကြောင့် စိတ်ကျေနပ်မှုမရနိုင်ခဲ့ပါ။ အမှန်စင်စစ်တွင်ကျမ၏စိတ်ထဲတွင် တိုင်းပြည်နှင့်ဖခင်ကိုခွဲ၍မစဉ်းစားနိုင်ပါ။ မြန်မာနိုင်ငံအတွက် စိတ်မချမ်းမြေ့ဖွယ်ရာအရေးအခင်းများပေါ်ပေါက်နေလျှင် ဖေဖေ့ကိုပင်ထိခိုက်နေသကဲ့သို့ခံစားရပါသည်။ အထူးသဖြင့် ဖေဖေပြုစုပျိုးထောင်ခဲ့သော တပ်မတော်နှင့်ဖေဖေ့အပေါ် အင်မတန်မှမေတ္တာထားသောလူထုအကြားတွင် စိတ်ဝမ်းကွဲစေနိုင်မည့်အခြေအနေမျိုးဖြစ်ထွန်းလာသည်ကိုမြင်ရသောအခါ ပိုမို၍စိုးရိမ်ပူပန်မိပါသည်။ တိုင်းသူပြည်သားအားလုံးတို့သည်၊ မိမိတို့၏စွမ်းအားရှိသရွေ့တိုင်းပြည်အကျိုးထမ်းဆောင်ဖို့ရန် တာဝန်ရှိကြပါသည်။ ထို့ကြောင့် မြန်မာပြည်၌စိတ်မချမ်းမြေ့ဖွယ်ရာအရေးအခင်းများပေါ်ပေါက်နေသည်ကို သုံးသပ်ဆင်ခြင်ရပါတော့သည်။ တိုင်းသူပြည်သားအချင်းချင်း အာဏာလုပွဲကဲ့သို့ဖြစ်မည့်နိုင်ငံရေးမျိုးကို ရှောင်ကြဉ်ချင်လှပါသော်လည်း၊ ကြီးမားလှစွာသောတိုင်းပြည်ကျေးဇူး၊ ဖခင်ကျေးဇူးတို့ကို ဆပ်သည့်အနေနှင့် အများပြည်သူလူထုအတွက် အကျိုးဖြစ်စေမည့် နိုင်ငံရေးစနစ်အမြစ်တွယ်စေဖို့ ကြိုးပမ်းပါတော့မည်ဟု၊ ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါသည်။

**အောင်ဆန်းစုကြည် တဲ့။**

အဲလို ရေးပေးတယ်ဗျာ။ အဲဒါက သူတကယ်လို့အဖမ်းခံရတယ်တို့၊ အချုပ်ခံရတယ်တို့ဆိုလို့ရှိရင် အဲဒါနဲ့ ဆက်ပြီးတော့ အဲဒီကြေညာချက်ထုတ်ပြီးတော့ ဆက်ပြီးတော့လုပ်ကြပါဆိုတဲ့သဘောပါပဲ။

အထက်တွင်ဖော်ပြချက်များမှာ သခင်အုန်းမြင့်ပြန်လည်ပြောပြသည့် ဒေါ်အောင်ဆန်းစုကြည် မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုအတွင်း မည်သို့မည်ပုံရောက်ရှိလာကြောင်း ကိုယ်တွေ့ဖြစ်ရပ်မှန်များဖြစ်ပါသည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ခြင်း။

မြန်မာနိုင်ငံတဝန်းလုံးရှိ ပြည်သူလူထုကြီးသည် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လတွင် သမိုင်းမကြုံဖူးအောင် ထူးထူးခြားခြား စုပေါင်းအုံကြွ၍ ဒီမိုကရေစီရေးကိုတောင်းဆိုခဲ့ကြပေသည်။ အသက်သွေးပေါင်းမြောက်များစွာ စွန့်လွှတ်ရင်းနှီးလျှက် ဒီမိုကရေစီနိုင်ငံသစ်တည်ထောင်နိုင်ရန် ကြိုးပမ်းခဲ့ကြပေသည်။ ဤသို့ မွန်မြတ်လှသည့် ပြည်သူတို့၏ဆန္ဒကိုအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ပြည်သူလူထုအတွင်းမှ လူတန်းစားအလွှာပေါင်းစုံတို့ပါဝင်သည့် တိုင်းရင်းသားလူမျိုးများဖြင့် နိုင်ငံအနှံ့ဖွဲ့စည်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်နေ့တွင်၊ ကြေညာချက်အမှတ်(၂)ဖြင့် **‘ဒီမိုကရေစီပါတီ’** ကိုမှတ်ပုံတင်ခွင့်ပြုကြောင်း စတင်ကြေညာခဲ့သည်။ ထိုနေ့မှာပင် ကြေညာချက်အမှတ်(၃)ဖြင့် **‘အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်’** ကိုမှတ်ပုံတင်ခွင့်ပြုကြောင်းကြေညာခဲ့သည်။ ကော်မရှင်သို့မှတ်ပုံတင်ခဲ့သည့်နိုင်ငံရေးပါတီများအနက် ဒုတိယမြောက်မှတ်ပုံတင်ခဲ့သည့်ပါတီဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်မှစတင်ပြီးမှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က ဌာနချုပ်၏လိပ်စာမှာ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၄၄)ဖြစ်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင်မှတ်ပုံတင်ခဲ့သည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများအနက် ဒုတိယမြောက်မှတ်ပုံတင်သည့် နိုင်ငံရေးပါတီအဖွဲ့အစည်းဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပထမဆုံးထုတ်ပြန်သည့် သတင်းကြေညာချက် အမှတ်(၁) နှင့် အမှတ်(၂)မှာ အောက်ပါအတိုင်းဖြစ်သည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏
## သတင်းကြေငြာချက် (၁)

နေ့စွဲ။ ။ ၁၉၈၈ ခု၊ စက်တင်ဘာလ(၂၇)ရက်။

၁။ ကျောင်းသားပြည်သူ၊ ရဟန်းရှင်သူ၊ ပြည်သူလူထုကြီးတရပ်လုံး အုံကြွပါဝင်ဆင်နွှဲခဲ့ကြသည့် ဒီမိုကရေစီတိုက်ပွဲကြီးကို အောင်ပွဲခံ၊ အောင်လံလွှင့်နိုင်သည်အထိ အရှိန်အဟုန်တိုးမြှင့်ဆင်နွှဲသွားနိုင်ရန်အတွက် ကျောင်းသား၊ ပြည်သူ၊ ရဟန်း၊ ရှင်လူပြည်သူလူထုကြီးအတွင်းမှ အလွှာအသီးသီးပါဝင်စုစည်းသော နိုင်ငံရေးအဖွဲ့အစည်းတရပကို ဖွဲ့စည်းလိုက်ပြီဖြစ်ပါသည်။

၂။ အဖွဲ့အစည်း၏အမည်မှာ **"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်"** ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် **"National League for Democracy"** ဖြစ်ပါသည်။

၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းကို ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ပါသည်။ ဖွဲ့စည်းပုံစည်းမျဉ်းကို ပြည်သူအားလုံးသိရှိရန် ထုတ်ပြန်ကြေငြာသွားမည် ဖြစ်ပါသည်။

၄။ အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဦးအောင်ကြီးကဆောင်ရွက်၍ ဒု-ဥက္ကဋ္ဌအဖြစ် ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဒေါ်အောင်ဆန်းစုကြည်တို့က ဆောင်ရွက်ကြပါသည်။

အလုပ်အမှုဆောင်အဖွဲ့ဝင်များမှာ . . . .

(က) ဦးအောင်ကြီး
(ခ) ဦးတင်ဦး
(ဂ) ဒေါ်အောင်ဆန်းစုကြည်
(ဃ) ဦးအောင်ရွှေ
(င) ဦးကြည်မောင်
(စ) ဦးဝင်းတင်
(ဆ) ဦးချစ်ခိုင်
(ဇ) ဦးကြည်ဟန်
(ဈ) ဒေါ်မြင့်မြင့်ဝင်း
(ည) ဦးလွင်
(ဋ) ဦးဘရွှေ
(ဌ) ဦးအောင်လွင် တို့ဖြစ်ပါသည်။

တိုင်းရင်းသား ကိုယ်စားလှယ်များအနက်မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များအဖြစ် တိုးချဲ့ဖွဲ့စည်းသွားရန် စီစဉ်ထားပါသည်။

၅။ အတွင်းရေးမှူးအဖွဲ့အဖြစ် ဦးကြည်ဟန်၊ ဦးချစ်ခိုင်နှင့် ဦးဝင်းတင်တို့ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းထားပါသည်။

(အောင်ဆန်းစုကြည်)

အထွေထွေအတွင်းရေးမှူး၊
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏
သတင်းကြေငြာချက် အမှတ်(၂)

နေ့စွဲ။ ။ ၁၉၈၈ ခု၊ အောက်တိုဘာလ (၂)ရက်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အဖွဲ့ဝင်(၃၀)ပါဝင်သောနိုင်ငံလုံးဆိုင်ရာဦးစီးအဖွဲ့ကို ဖွဲ့စည်းလိုက်ပါသည်။

၎င်းတို့မှာ . . . .

| | |
|---|---|
| ဦးခင်ညို | ဦးတင်အေး |
| ဦးဇော်ဝင်း | ဗိုလ်ရဲထွဋ် (ရဲဘော်သုံးကျိပ်) |
| ဦးမင်းဒင် | ဦးသန်းထွန်း |
| ဦးကျော်မြင့်လေး | ဦးချိန်ဖိုး |
| ဦးသာယို | ဦးလှမောင် |
| ဦးသိန်းနိုင် | ဦးထွန်းတင် |
| ဦးခင်မောင်မောင် | ဦးသော်က |
| ဦးမောင်မောင် | ဦးကိုယု |
| ဦးနန်းနွယ် | ဦးမိုးသူ |
| ဦးဖိုးအောင် | ဦးချမ်းအေး |
| ဦးသောင်းအုန်း | ဒေါက်တာတင်မျိုးဝင်း |
| ဦးလှမော် | ဒေါက်တာသက်မင်း |
| ဦးစောမြင့် | ဦးဝင်းခက် |
| ဦးရွှေ | ဦးတင်ရွှေ |
| ဦးအေးမောင် | ဦးခင်မောင်ရွှေတို့ ဖြစ်ပါသည်။ |

(အောင်ဆန်းစုကြည်)
အထွေထွေအတွင်းရေးမှူး၊
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဖွဲ့စည်းတည်ထောင်စဉ်ကကျေညာခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(ယာယီ) နှင့် မူဝါဒသဘောထားများ(မူကြမ်း)တို့မှာ အောက်ပါအတိုင်းဖြစ်သည်။

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (ယာယီ)

### နိဒါန်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ခန်းလုံးရှိ ပြည်သူလူထုကြီးတစ်လုံးသည် သမိုင်းတွင်မကြုံဖူးအောင် ထူးထူးကဲကဲအံ့ကြွ၍ ဒီမိုကရေစီရေးကိုတောင်းဆိုခဲ့ကြပေသည်။ အသက်သွေးပေါင်းမြောက်မြားစွာစွန့်လွှတ်ရင်းနှီးလျက် ဒီမိုကရေစီနိုင်ငံသစ်ကို ထူထောင်ရန် ကြိုးပမ်းခဲ့ကြပေသည်။

၂။ ဤသို့ မှန်မြတ်လှသော ပြည်သူတို့၏ဆန္ဒနှင့်ရည်ရွယ်ချက်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်၏ အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ ကျောင်းသားများ၊ တတ်သိပညာရှင်များ၊ အနုပညာရှင်များ၊ တိုင်းရင်းသားလူမျိုးများနှင့် ပြည်သူလူထုတို့၏ကိုယ်စားလှယ်များပါဝင်သော နိုင်ငံရေးအဖွဲ့ပေါင်းချုပ်ကြီးတရပ်အလွန်လိုအပ်နေပေသည်။

၃။ ထို မုချလိုအပ်နေသည့်အချက်ကိုအကြောင်းပြု၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(**National League for Democracy**)ကို ဖော်ပြပါဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတိုင်း ဖွဲ့စည်းထူထောင်လိုက်ပေသည်။

## အခန်း (၁)

၄။ **အမည်** . . . . အဖွဲ့ချုပ်၏အမည်ကို **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(National League for Democracy)**ဟု ခေါ်တွင်စေရမည်။

၅။ **အထိမ်းအမှတ်** . . . . အဖွဲ့ချုပ်၏အထိမ်းအမှတ်သည် အနီရောင်အောက်ခံတွင် ရွှေရောင်ခွပ်ဒေါင်း၏ဝဲဘက်ထိပ်စွန်း၌ ထောင့်ငါးထောင့်ရှိကြယ်ဖြူဖြစ်ရမည်။

၆။ **အလံ** . . . . အဖွဲ့ချုပ်၏အလံသည် အနီရောင်အောက်ခံတွင်ရွှေရောင်ခွပ်ဒေါင်းနှင့် ဝဲဘက်ထိပ်စွန်း၌ထောင့်ငါးထောင့်ရှိကြယ်ဖြူပါရှိရမည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၇။ (က) အများပြည်သူတို့၏ဆန္ဒနှင့်ကိုက်ညီ၍ အခြေခံလူ့အခွင့်အရေးများကိုအာမခံမည့် စစ်မှန်သော ဒီမိုကရေစီအစိုးရ ဖြစ်ပေါ်လာစေရန်။
(ခ) ရည်ရွယ်ချက်(က)ကိုဖြစ်မြောက်စေရန် အဖွဲ့ချုပ်၏ခေါင်းဆောင်မှုဖြင့် ပြည်သူလူထုညီညွတ်မှုအင်အားကိုအခြေခံ၍ စည်းကမ်းစနစ်ကျသော ဒီမိုကရေစီလှုပ်ရှားမှုကြီးဖြစ်ပေါ်စေရန်။
(ဂ) နောင်ခေတ်အဆက်ဆက်၌လည်း မြန်မာနိုင်ငံသည် ပြည်သူလူထုဆန္ဒနှင့်အညီ ဒီမိုကရေစီနိုင်ငံရေးစနစ်ထွန်းကား၍ တည်တံ့ခိုင်မြဲသောပြည်ထောင်စုကြီးအဖြစ် တည်ထွန်းစေရေးအတွက် အုတ်မြစ်ချရန်။
(ဃ) အာဏာရှင်ဆန်၍ ပြည်သူလူထုကိုဖိစီးနှိပ်စက်မည့်နိုင်ငံရေးစနစ်မျိုး ပြန်လည်ထွန်းကားခြင်းမရှိစေရေးအတွက် ကြိုးပမ်းရန်။
(င) ကမ္ဘာတွင် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီထွန်းကားရေးအတွက် နိုင်ငံတကာရှိ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး အင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## အခန်း(၃)

## ဖွဲ့စည်းပုံ

၈။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းသည်။

(က) အဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာညီလာခံကြီး။
(ခ) နိုင်ငံလုံးဆိုင်ရာဦးစီးအဖွဲ့ (အရေအတွက်ကို ညီနှိုင်းသတ်မှတ်ပေးမည်။)
(ဂ) နိုင်ငံလုံးဆိုင်ရာဦးစီးအဖွဲ့က တင်မြှောက်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် . . .

(ကက) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စုစုပေါင်း(၁၅)ဦးမှ (၂၀)ဦး အထိပါဝင်ရမည်။

(ခခ) အတွင်းရေးမှူးများအဖွဲ့တွင် အထွေထွေအတွင်းရေးမှူးနှင့်အတွင်းရေးမှူးများ ပါဝင်ရမည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် ကျောင်းသား၊ အလုပ်သမား၊ တောင်သူလယ်သမား၊ တတ်သိပညာရှင်များ၊ အနုပညာရှင်များစသည့် အဖွဲ့အစည်းများနှင့်ဆက်သွယ်ရန် တာဝန်ယူနိုင်သည့်ပုဂ္ဂိုလ်များ ပါဝင်ရမည်။

<u>မှတ်ချက်</u> ။ ။ တာဝန်ယူသောပုဂ္ဂိုလ်များမှာ မိမိတို့တာဝန်ယူဆက်သွယ်သောအဖွဲ့တခုခုမှ အဖွဲ့ဝင်များဖြစ်ရန်မလို။ အဆိုပါအဖွဲ့အစည်းများနှင့် ပြေလည်စွာညှိနှိုင်းဆောင်ရွက်နိုင်ရေးသာ အဓိကဖြစ်သည်။

(ဂဂ) တိုင်းနှင့်ပြည်နယ်အဖွဲ့များ။

(ဃဃ) မြို့နယ်အဖွဲ့များ။

(ငင) မြို့မ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအဖွဲ့များ၊

<u>မှတ်ချက်</u> ။ ။ မူအားဖြင့် အထက်အောက်အဖွဲ့အစည်းများကို ဒီမိုကရေစီနည်းအရရွေးကောက်တင်မြှောက်ရမည်ဖြစ်သော်လည်း ယခုအခါတွင် အမြန်ဆုံးဖွဲ့စည်းရန်လိုအပ်သဖြင့် ဒီမိုကရေစီနည်းကျကျညှိနှိုင်းမှုဖြင့်ဖွဲ့စည်းသွားမည်။ နိုင်ငံလုံးဆိုင်ရာညီလာခံကျင်းပသည့်အခါတွင် ယုံကြည်ချက်အဆို Vote of Confidence အရ အတည်ပြုချက်ရယူမည်။

(စစ) အဖွဲ့ဝင်များအနက်မှ ဆန္ဒပေးသူများဖြင့်စုဖွဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အမျိုးသားဒီမိုကရေစီ အမျိုးသမီးအဖွဲ့ချုပ်။

(ဆဆ) အဖွဲ့ဝင်များအနက်မှ ဆန္ဒပေးသူများဖြင့်စုဖွဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အမျိုးသားဒီမိုကရေစီ လူငယ်အဖွဲ့ချုပ် (အသက် ၃၀ အထိ ပါဝင်နိုင်သည်။ အသက် ၇ နှစ်မှ ၁၈ နှစ်အထိလူငယ်များကို ထပ်ဆင့်စည်းရုံး၍ တိုးဖြည့်ဖွဲ့စည်းနိုင်သည်။)

## အခန်း(၄)

## အဖွဲ့ဝင်များအဖြစ် လက်ခံခြင်းနှင့် နုတ်ထွက်ခွင့်ပြုခြင်း။

၉။ (က) အဖွဲ့ဝင်များအဖြစ်လက်ခံခြင်းကို အောက်ပါအတိုင်းသတ်မှတ်သည်။

(ကက) ပြည်ထောင်စုမြန်မာနိုင်ငံသားများ။ (အသက် ၁၈ နှစ် ပြည့်သူဖြစ်ရမည်။)

(ခခ) အဖွဲ့အစည်းအလိုက်အဖွဲ့ဝင်များ။

(ဂဂ) တသီးပုဂ္ဂလပုဂ္ဂိုလ်များ။

(ခ) အဖွဲ့ဝင်အဖြစ်မှနုတ်ထွက်ခွင့်ပြုခြင်း။

အဖွဲ့အစည်းအလိုက်အဖွဲ့ဝင်များအားလည်းကောင်း၊ တသီးပုဂ္ဂလအဖွဲ့ဝင်များအားလည်းကောင်း၊ ဆန္ဒအလျောက် နုတ်ထွက်လိုပါကနုတ်ထွက်ခွင့်ပြုရမည်။ နုတ်ထွက်ခွင့်မပြုမီ အကျေအလည်ညှိနှိုင်းဆွေးနွေးရမည်။

## အခန်း (၅)

## စည်းကမ်းချက်များ

၁၀။ အဖွဲ့ဝင်များအတွက် အောက်ပါစည်းကမ်းချက်များကို ပြဋ္ဌာန်းသည်။

(က) အဖွဲ့အစည်းအလိုက် အဖွဲ့ဝင်များသည်လည်းကောင်း၊ တသီးပုဂ္ဂလပုဂ္ဂိုလ်များသည်လည်းကောင်း ဤ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံ၍ စည်းကမ်းနှင့်ဆုံးဖြတ်ချက်များကို လိုက်နာရမည်။

(ခ) အဖွဲ့အစည်းအလိုက် အဖွဲ့ဝင်များသည်လည်းကောင်း၊ တသီးပုဂ္ဂလပုဂ္ဂိုလ်များသည်လည်းကောင်း၊ ဝါဒစွဲ၊ ဆန္ဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ လုံးဝမပါစေရ။ ပုဂ္ဂိုလ်ရေးရာ၊ ဝါဒရေးရာ၊ လူမျိုးရေးရာ တိုက်ခိုက်မှု လုံးဝမရှိစေရ။

(ဂ) ဆုံးဖြတ်ချက်တိုင်းသည် ဒီမိုကရေစီနည်းဖြင့် အများသဘောတူဆုံးဖြတ်ချက်မျိုးသာလျှင် ဖြစ်စေရမည်။

(ဃ) အဖွဲ့ဝင်များသည် အဖွဲ့ချုပ်ကအခါအားလျော်စွာသတ်မှတ်သော ဝင်ကြေးနှင့်အခြားသတ်မှတ်ကြေးများကို ပေးဆောင်ရမည်။
(င) ဒီမိုကရေစီလှုပ်ရှားမှုကိုသော်လည်းကောင်း၊ ပြည်ထောင်စုအကျိုးစီးပွားကိုသော်လည်းကောင်း၊ ထိပါးစေမည့် အပြောအဆိုအပြုအမူများနှင့် အကျင့်စာရိတ္တပျက်ပြားမှုများကို ရှောင်ကြဉ်ရမည်။
(စ) အဖွဲ့ချုပ်၏စည်းကမ်းချက်များကို မလိုက်နာခြင်း၊ ဖောက်ဖျက်ခြင်းများရှိလျှင် အမှုဆောင်အဖွဲ့အဆင့်ဆင့်တွင် စုံစမ်းစစ်ဆေး၍ အပြစ်ပေးနိုင်သည်။ အရေးယူအပြစ်ပေးခံရသူသည် နိုင်ငံလုံးဆိုင်ရာညီလာခံအထိ အဆင့်ဆင့် အယူခံနိုင်ခွင့်ရှိစေရမည်။
(ဆ) အဖွဲ့ဝင်များလိုက်နာရမည့်စည်းမျဉ်းများကို နိုင်ငံလုံးဆိုင်ရာညီလာခံနှင့် အလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ပြဌာန်းရမည်။

## အခန်း (၆)

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ပြင်ဆင်ခြင်း။

၁၁။ အခြေအနေရလိုအပ်လာသည်ရှိသော် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို နိုင်ငံလုံးဆိုင်ရာဦးစီးအဖွဲ့၏ သုံးပုံနှစ်ပုံဆန္ဒမဲဖြင့် ပြင်ဆင်ဖြည့်စွက်နိုင်သည်။ ပြင်ဆင်ဖြည့်စွက်ချက်များကို အနီးကပ်ဆုံးညီလာခံတွင် တင်ပြအတည်ပြုရမည်။

၁၂။ ပထမအကြိမ်ညီလာခံကျင်းပခြင်းမပြုမီကာလအတွင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ပြင်ဆင်ရန်လိုအပ်ပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြင်ဆင်နိုင်ခွင့်ရှိသည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒသဘောထားများ (မူကြမ်း)

## နိဒါန်း

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် တည်ထွန်းခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပါလီမန်ဒီမိုကရေစီစနစ်ဖြစ်သည်။ အနှစ်သာရအားဖြင့် လူတိုင်း၏ လွတ်လပ်စွာယုံကြည်ကိုးကွယ်၊ တွေးခေါ်ရေးသား၊ ဟောပြော၊ စည်းရုံးခွင့်၊ လူတိုင်း၏ သက်မွေးကျောင်းမှုလွတ်လပ်ခွင့်စသော အခြေခံလူ့အခွင့်အရေးများကို အာမခံသည်။ လွှတ်တော်အတွင်း၌ ဥပဒေဘောင်အတွင်းမှ ရွေးကောက်တင်မြှောက်ထားသောအစိုးရအဖွဲ့၏ လုပ်နည်းလုပ်ဟန်များ၊ ဆုံးဖြတ်ဆောင်ရွက်ချက်များစသည်တို့ကို အတိုက်အခံအင်အားစုတို့က ဝေဖန်ခွင့်၊ ပြစ်တင်ခွင့်၊ မဲပေးဆုံးဖြတ်၍ ဖြုတ်ချနိုင်ခွင့်တို့ကို လက်ခံသည်။ ဒီမိုကရေစီစနစ်ထွန်းကားရေးတွင် အလွန်ပင်လိုလားအပ်သော ပန္နက်တခုအဖြစ် အတိုက်အခံအင်အားစုတို့အား ထိုက်တန်စွာနေရာပေးသည်။

၁၉၆၂ ခုနှစ်တွင် အထက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပယ်ဖျက်ခဲ့ပြီးနောက် တပါတီအုပ်ချုပ် ရေးစနစ်သို့ ပြောင်းလဲခဲ့သည်။

၁၉၈၈ ခုနှစ် ပါတီစုံဒီမိုကရေစီစနစ်ကိုပြန်လည်အသက်သွင်းမည်ဟု ဆုံးဖြတ်ကြသည့်အခါတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကကျင့်သုံးသွားမည့် မူဝါဒသဘောထားများမှာ အောက်ပါအတိုင်းဖြစ်သည်။
၁။ ကျွန်ုပ်တို့သည် ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင်ပါရှိသော လူ့အခွင့်အရေးဆိုင်ရာစည်းမျဉ်းနှင့် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းတို့ကို အစွမ်းကုန်လိုက်နာကျင့်သုံးမည်။
၂။ ကျွန်ုပ်တို့သာမက နောင်လာမည့်မျိုးဆက်တို့သည် မည်သည့်အခါမျှ လူ့အခွင့်အရေးများမဆုံးရှုံးစေရ ဟူသောမူဖြင့် ခိုင်မာသောဒီမိုကရေစီအုတ်မြစ်ကို ချထားမည်။
၃။ ခေတ်နောက်တွင်ကျန်ရစ်ခဲ့ပြီဖြစ်သော လက်ရှိစီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍတို့ကို ပြည်ထောင်စုသား အားလုံးတို့၏ စည်းလုံးညီညွတ်သောဆန္ဒတူညီမှုအင်အားပေါ်တွင်အခြေခံပြုကာ ပြန်လည်တည်ဆောက် မည်။

## နိုင်ငံခြားရေးဝါဒ ကဏ္ဍ။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဖဆပလ အစိုးရသည် ကြားနေဝါဒကို ကျင့်သုံးခဲ့သည်။ ထိုစဉ်က အရှေ့အုပ်စုနှင့်အနောက်အုပ်စုတို့အကြား တင်းမာသောစစ်အေးခေတ်အခြေအနေပေါ်ပေါက်နေခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံသည် ဝါဒမတူသောအိမ်နီးချင်းနိုင်ငံနှစ်ခုကြားတွင်တည်ရှိနေရခြင်းဟူသော အခြေအနေတွင် ရပ်တည်နေခဲ့ရသည်။ မြန်မာတို့၏ကြားနေဝါဒသည် အလွန်ပင်သင့်လျော်လျောက်ပတ်သည့်ဝါဒဟု ကမ္ဘာ့နိုင်ငံကြီးများ၏ အသိအမှတ်ပြုခြင်းကို ခံခဲ့ရသည်။

၁၉၆၀ ပြည့်လွန်နှစ်များတွင် မြန်မာနိုင်ငံ၏ကြားနေဝါဒသည် အသွင်ပြောင်းခဲ့သည်။ မိမိခြေထောက်ပေါ်မိမိရပ်တည်မည်ဟုကြွေးကြော်ကာ ပိုမိုတင်းမာသောကြားနေဝါဒကိုကျင့်သုံးခဲ့သည်။ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့၊ အေဒီဘီစသည့် စီးပွားရေးအဖွဲ့အစည်းများနှင့်ပင် ခပ်တင်းတင်းနေခဲ့သည်။ ထို့နောက်ပိုင်းတွင် ဘက်မလိုက်နိုင်ငံများအဖွဲ့အစည်းမှ နုတ်ထွက်ခဲ့သည်အထိ အထီးကျန်ဖြစ်လာခဲ့သည်။

၁၉၇၀ ခုနှစ်ကျော်လွန်လာသည့်အခါတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအစီအစဉ်များသည် နိုင်ငံတကာ၏အကူအညီမရလျှင် မဖြစ်နိုင်တော့သည့်အခြေအနေသို့ ဆိုက်ရောက်လာသည်။ ထိုအခါ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့အစရှိသည်တို့ကို ပြန်၍ဖိတ်ခေါ်ပြီးနောက် နိုင်ငံတကာအထောက်အပံ့နှင့် ချေးငွေများကို လိုလားစွာတောင်းခံခဲ့ပြန်သည်။ ၁၉၇၀ ပြည့်လွန်ဖွံ့ဖြိုးရေးစီမံကိန်းတို့၏ ၇၅ ရာခိုင်နှုန်းသော ငွေပင်ငွေရင်းတို့သည် နိုင်ငံတကာချေးငွေနှင့်ထောက်ပံ့ငွေများဖြစ်လာသည်အထိ အခြေအနေပြောင်းလဲခဲ့သည်။

ယင်းသို့ နိုင်ငံခြားရေးမူဝါဒပြောင်းလဲခဲ့စေကာမူ ထူးခြားသည့်အချက်တစ်ခုရှိခဲ့ပြန်သည်။ ချေးငွေတို့ဖြင့်အကောင်အထည်ဖော်သည့်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံခြားငွေရှင်တို့၏အကြံဉာဏ်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့ကို လုံးဝလက်မခံနိုင်ခြင်းဖြစ်သည်။ ငွေကြေးရှင်များဘက်ကလည်း မြီရှင်မြီစားပုံစံဖြင့်သာဆက်ဆံခဲ့သည်။ နိုင်ငံခြားတိုင်းပြည်များနှင့် နှစ်ဘက်အကျိုးတူစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကင်းမဲ့ခဲ့ သည်။

## နိုင်ငံခြားရေးဝါဒ။

၁။ နိုင်ငံတကာနှင့်ဆက်ဆံရေးတွင် အမှန်တကယ်တက်ကြွလွတ်လပ်သောနိုင်ငံခြားရေးဝါဒကိုကျင့်သုံး၍ နိုင်ငံရေးအရချစ်ကြည်ရင်းနှီးမှုရရှိအောင် ဆောင်ရွက်မည်။ အထီးကျန်ဝါဒကိုစွန့်ပယ်ပြီး ကမ္ဘာ့နိုင်ငံများနှင့်ဆက်ဆံရာ၌ ပေါ်ပေါက်လာသော အရေးကြီးကိစ္စရပ်များတွင် စစ်မှန်သောဒီမိုကရေစီအခြေခံများဘက် ခိုင်မာစွာရပ်တည်မည်။

၂။ နိုင်ငံအချင်းချင်းအကြား အကျိုးတူစီးပွားရေးလုပ်ငန်းများဖော်ထုတ်၍ ပူးပေါင်းဆောင်ရွက်ကြမည်။ အထူးသဖြင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စီမံကိန်းများတွင် ဒေသ၏အကျိုးကို ဦးတည်၍ လက်တွဲဆောင်ရွက်မည်။

၃။ ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့စသည်တို့နှင့် ရင်းနှီးခိုင်မာစွာဆက်ဆံမည်။

## တိုင်းရင်းသားလူမျိုးများကဏ္ဍ။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ပြည်မရှိ မြန်မာလူမျိုးများနှင့် ပြည်နယ်များရှိ တိုင်းရင်းသားလူမျိုးများအားလုံးတို့၏ ညီညွတ်စည်းလုံးမှု၊ ဆန္ဒတူညီမှုတို့အပေါ်တွင် အခြေခံ၍ တည်ထောင်ခဲ့သော နိုင်ငံတစ်ခုဖြစ်သည်။

လွတ်လပ်ရေးရပြီးသည်မှစ၍ နှစ်ပေါင်း(၄၀)ကျော်ခဲ့ပြီဖြစ်သော ကာလတလျောက် ပြည်မနှင့်ပြည်နယ်များ၏ဆက်သွယ်မှုသမိုင်းဖြစ်စဉ်များကို ယထာဘူတကျကျလေ့လာကြည့်လျှင် ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်စဉ်များနှင့် ကြုံတွေ့ခဲ့ရကြောင်း ဝန်ခံရပေမည်။

မြန်မာနိုင်ငံ၏ မြောက်ဘက်အစွန်းမှတောင်ဘက်အစွန်းထိ ရှည်လျားသောနယ်ခြားတလျောက်တွင် တဆယ့်သုံးဖွဲ့ထက်မနည်းသော တိုင်းရင်းသားလူမျိုးပေါင်းစုံလက်နက်ကိုင်အဖွဲ့များသည် တိုင်းပြည်၏အင်အားကို ဆုတ်ယုတ်ခမ်းခြောက်စေသော အကြောင်းတခုဖြစ်နေခဲ့သည်။ နိုင်ငံ၏နှစ်စဉ်ဘတ်ဂျက်အသုံးစာရင်းတွင် ၄၀ ရာခိုင်နှုန်းခန့်သော ငွေအင်အားသည် ကာကွယ်ရေးအသုံးစားရိတ်ဖြစ်နေ၍ တိုင်းပြည်ထူထောင်ရေးတွင် များစွာထိခိုက်နစ်နာခဲ့သည်။

ဤအကြောင်းအချက်များကြောင့် ကျွန်ုပ်တို့သည် တိုင်းရင်းသားလူမျိုးများ၏ပြဿနာကို ဦးစားပေးအလေးထားကာ ဖြေရှင်းကြမည်။ တိုင်းရင်းသားလူမျိုးအားလုံး၏တန်းတူရည်တူအခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ စိတ်ထားစေတနာဖြူစင်ခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ တဦး၏အယူအဆ တဦးလေးစားခြင်း၊ အခြေခံလူ့အခွင့်အရေး လေးစား

ယုံကြည်ခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းစဉ်လာ ဖွံ့ဖြိုးတည်ထွန်းစေလိုသောဆန္ဒအား လိုက်လျောက်ခြင်းတို့ကိုအခြေပြုလျက် အကောင်းဆုံးအဖြေကိုရရှိသည် အထိကြိုးပမ်းမည်။ ဤအချက်များကို အထူး အလေးအနက်ထား၍ ပူးပေါင်းဖြေရှင်းကြလျှင် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးနှင့် ပြည်ထောင်စုသားအချင်းချင်း သဟဇာတဖြစ်ရေးတို့သည် မုချအောင်ပန်းဆင်နိုင်မည့် ရည်မှန်းချက်များဖြစ်သည်ဟုယုံကြည်သည်။ ဤရည်မှန်းချက်များ ထမြောက်အောင် ကြိုးပမ်းလုပ်ဆောင်သွားမည်။

ဖွံ့ဖြိုးတိုးတက်သောပြည်ထောင်စုကြီးအဖြစ် စီးပွားရေးအင်အားခိုင်မာတောင့်တင်းစွာ ရပ်တည်နိုင်ရေးကို လိုလားသည့်အလျောက် ပြည်နယ်အသီးသီးတွင် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်ရေး အတွက်ဦးတည်မည်။ တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးများ ခံစားပြည့်ဝရေးနှင့် ပြည်ထောင်စုကြီးတခုလုံး သာယာဝပြောရေးသို့ သဟဇာတဖြစ်စေမည့်မှုကို လက်ကိုင်ကျင့်သုံး၍ ပြည်နယ်များ၏ကိုယ်ပိုင်ပြဌာန်းခွင့်ကို ဖော်ထုတ်မည်။

## စီးပွားရေးကဏ္ဍ။

စီးပွားရေးမူဝါဒ၏အနှစ်သာရသည် တင်းကြပ်သော ဆိုရှယ်လစ်စီးပွားရေးစနစ်မှ မျက်မှောက်အခြေအနေနှင့် လျော်ညီစွာ လွတ်လပ်သောစီးပွားရေးစနစ်သို့ ပြောင်းလဲရန်ဖြစ်သည်။ ဤပြောင်းလဲမှု၏ရည်မှန်းချက်သည် ပြည်သူတို့၏ စားဝတ်နေမှုအဆင့်အတန်းမြင့်မားလာစေရေး၊ ဝင်ငွေတိုးတက်ရရှိစေရေး၊ အလုပ်အကိုင်များ၊ လုပ်ငန်းကိုင်ငန်းများ ဖွံ့ဖြိုးပွင့်လန်းလာစေရေးတို့ဖြစ်သည်။

ယင်းရည်မှန်းချက်ထမြောက်အောင်မြင်စေရန်အတွက် ဈေးကွက်စီးပွားရေး၊ ပုဂ္ဂလစီးပွားရေးနှင့် သမဝါယမ စီးပွားရေးတို့ကို အဓိကမောင်းနှင်အားအဖြစ် မူဝါဒချမှတ်သည်။

## လုပ်ငန်းစဉ်။

- နိုင်ငံခြားပို့ကုန်လုပ်ငန်းများကို အလျှင်အမြန် ဦးစားပေးထုတ်လုပ်နိုင်ရန် ဆောင်ရွက်မည်။
- ပြည်သူပိုင်သိမ်းဆည်းထားသောလုပ်ငန်းတို့ကို မူလပိုင်ရှင်များထံ ချက်ချင်းပြန်လည်ပေးအပ်မည်။
- တိုင်းပြည်နှင့် အမျိုးသားတို့အကျိုးငှာ လက်ဝယ်ထားရှိအပ်သောလုပ်ငန်းနှင့် ချက်ချင်းစွန့်လွှတ်လိုက်လျှင် ပြည်တွင်းစီးပွားရေးတည်ငြိမ်မှုပျက်ပြားပြီး အလုပ်လက်မဲ့တိုးပွားစေနိုင်သော လုပ်ငန်းအမျိုး အစားများမှအပ ကျန်ရှိသော ပြည်သူပိုင်လုပ်ငန်းများကို ထုခွဲရောင်းချဖျက်သိမ်းပစ်မည်။ ချက်ချင်းထုခွဲရောင်းချခြင်းမပြုလုပ်နိုင် သော ပြည်သူပိုင်စက်ရုံ၊ အလုပ်ရုံများကို ပုံစံပြောင်းကာ အနည်းဆုံးမတည်ငွေဖြင့်လုပ်ဆောင်စေမည်။ ပြည်သူ ပိုင်လုပ်ငန်းတို့၏အရင်းအနှီးဖွဲ့စည်းပုံကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ဖွဲ့စည်းမည်။
- တသီးပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် အားပေးမည်။
- နိုင်ငံခြားရင်းနှီးငွေဖြင့် အစိုးရနှင့်အစိုးရချင်း၊ အစိုးရနှင့်ပုဂ္ဂလိက၊ အစိုးရနှင့်သမဝါယမတို့အချင်းချင်း အပြန် အလှန် ဖက်စပ်လုပ်ငန်းများထူထောင်လုပ်ကိုင်စေမည်။ ယင်းသို့သောလုပ်ငန်းများအောင်မြင်ရေးအတွက် လုပ် သာကိုင်သာရှိမည့်ပတ်ဝန်းကျင်အခြေအနေကို ဖန်တီးပေးမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အဓိကအားဖြင့် ဘဏ်လုပ်ငန်းများ၊ အခွန်အတုတ်စနစ်နှင့်နှုန်းထားများ၊ လုပ်ခလစာနှုန်းထားများ၊ ငွေရင်းမြှုပ်နှံခြင်းဆိုင်ရာ အာမခံချက်များ စသည်တို့ကို အပြည်ပြည်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် ညှိနှိုင်းဆောင်ရွက်မည်။
- တဟုန်ထိုးကျဆင်းနေသောစီးပွားရေးအခြေအနေကို အရှိန်သတ်စေရန် လပေါင်းများစွာရပ်ဆိုင်းနေသော စက်ရုံ အလုပ်ရုံများကို ခွန်အားရှိသ၍ ပြန်လည်လည်ပတ်စေမည်။
- စွမ်းအင်ကုန်ကြမ်းပစ္စည်းများ၊ စက်မှုအပိုပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ စသည်တို့ကို အမြန်ဆုံး ရယူအစားထိုးနိုင်စေရန် အပြည်ပြည်ဆိုင်ရာစီးပွားရေးအဖွဲ့အစည်းများ၊ ဘဏ်များ၏ အကူအညီကိုရရှိအောင် ပြုလုပ်မည်။
- ပေးဆပ်ရန်ရှိသောပြည်ပကြွေးမြီများကို ကာလအကန့်အသတ်ဖြင့်ဆိုင်းငံ့ထားစေရန် ဆောင်ရွက်မည်။

- စီးပွားရေးပြန်လည်ထူထောင်ရာတွင် အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့နှင့် ရင်းနီးစွာပူးပေါင်းဆောင်ရွက်သွားမည်။
- နိုင်ငံခြားမှရယူနိုင်သမျှနည်းပညာအကူအညီတို့အပေါ်တွင်လည်းကောင်း၊ နိုင်ငံ၏သဘာဝအရင်းအမြစ်နှင့် လူ၏စွမ်းရည်အင်အားတို့အပေါ်တွင်လည်းကောင်း၊ အခြေခံသော စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်လုပ်ငန်းများကို အကောင်အထည်ဖော်မည်။
- ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများတွင်ကြုံတွေ့ခဲ့ရသော ပျက်စီးယိုယွင်းမှုအခြေအနေများကို ပြည်တွင်း ကိုယ်ထူကိုယ်ထအင်အား၊ နိုင်ငံတကာအကူအညီအင်အားများဖြင့် ပြန်လည်ထူထောင်မည်။

## လယ်ယာလုပ်ငန်းကဏ္ဍ။

လယ်ယာလုပ်ငန်းကဏ္ဍသည် မြန်မာနိုင်ငံ၏ စီးပွားရေးမဏ္ဍိုင်အဖြစ် အစဉ်တည်ရှိခဲ့ပေသည်။

နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်သူများ၏သာယာဝပြောမှုစသည်တို့သည် ဆန်ထုတ်လုပ်ခြင်း၊ ဆန်ဖြန့်ဖြူးခြင်း၊ ပြည်သူတို့ ဆန်အလွယ်တကူဝယ်ယူစားသုံးနိုင်ခြင်း အခြေအနေတို့နှင့်ဆက်စပ်နေသည်။ ဤအချက်များသည် တည်ဆဲအစိုးရများ၏မူဝါဒများနှင့် တိုက်ရိုက်ဆက်နွယ်နေခဲ့ကြောင်း အထောက်အထားများပြားစွာရှိခဲ့သည်။

လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် အောက်ပါအတိုင်းဆောင်ရွက်ပေးမည်။

- ဆန်စပါးဈေးနှုန်းကို အစိုးရအဖွဲ့တခု၏မူသေသတ်မှတ်ထားသော ဈေးနှုန်းတွက်နည်းဖြင့်မဟုတ်ဘဲ၊ ကမ္ဘာ့ဈေးနှုန်းပေါ်တွင်မူတည်တွက်ချက်သောမူဖြင့် အတတ်နိုင်ဆုံးမြှင့်တင်ပေးမည်။
- လယ်ယာမြေပိုင်ဆိုင်ခွင့်နှင့် လွှဲပြောင်းပိုင်ခွင့်ရှိစေရမည်။
- လယ်ယာမြေပြုပြင်ထိန်းသိမ်းရေးအတွက် ရေတိုရေရှည်ချေးငွေ၊ အမတော်ကြေးငွေများကို ထုတ်ပေးသွားမည်။
- လွတ်လပ်စွာစိုက်ပျိုးကြိတ်ခွဲရောင်းဝယ်ခွင့် ပြုမည်။
- ပို့ကုန်အတွက် အရည်အသွေးမှီသောမျိုးကောင်းမျိုးသန့်စပါးရရှိနိုင်ရေးနှင့် စိုက်ပျိုးနိုင်ရေးကို အားပေးမည်။
- မျိုးကောင်းစပါးများကြိတ်ခွဲမည့် ဆန်စက်များအတွက် စက်နှင့်အပိုပစ္စည်းများကို အလျင်အမြန်ရရှိအောင် ဆောင်ရွက်ပေးမည်။ ဆန်စပါးများသိုလှောင်နိုင်မည့် ခေတ်မီစပါးကျီများ(SILO)တည်ဆောက် မည်။
- စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို အလေးအနက်ထားတည်ထောင်မည်။
- ဒုတိယကမ္ဘာစစ်မဖြစ်မီကာလက ကြေးတိုင်စနစ်ဖြင့် လယ်ယာမြေတို့၏အခြေအနေကို တိကျမှန်ကန်စွာ တိုင်းထွာစစ်ဆေးခဲ့ခြင်း၊ တိုးတက်ဖွံ့ဖြိုးအောင်စီမံခန့်ခွဲခြင်းစသောနည်းလမ်းတို့ကို တဖန်ဆန်းသစ်ကာ အသုံးပြုမည်။

လယ်ယာကဏ္ဍဆိုင်ရာ ပြဿနာများဖြေရှင်းရေး၊ ရပိုင်ခွင့်များတောင်းဆိုရေး၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေး စသည့်ကိစ္စရပ်များတွင် အလွှာစုံမှလယ်သမားများကိုယ်တိုင် ပါဝင်ညှိနှိုင်းဆောင်ရွက်နိုင်ခြင်းကို လိုလားသည့်အလျောက် လယ်သမားသမဂ္ဂများဖွဲ့စည်းရေးကို အားပေးမည်။ လယ်သမားသမဂ္ဂများသည် ပါတီနိုင်ငံရေးကင်းရှင်း၍ လွတ်လပ်သောအဖွဲ့အစည်းများအဖြစ် ရပ်တည်သွားရမည်ဟု ယုံကြည်သည်။

## အလုပ်သမားကဏ္ဍ။

အလုပ်သမားသမဂ္ဂ၊ ဝန်ထမ်းသမဂ္ဂတို့သည် ဒီမိုကရေစီစနစ်တွင် ခွဲခြမ်းဖြုတ်ဖယ်၍မရသော အင်္ဂါရပ်များဖြစ်သည်ဟု ကျွန်ုပ်တို့မှတ်ယူလက်ခံသည်။

ထိုသမဂ္ဂများသည် ပါတီနိုင်ငံရေးကင်းရှင်းသော လွတ်လပ်သည့်အဖွဲ့အစည်းများအဖြစ် ရည်တည်သွားမည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။

သမဂ္ဂများသည် မိမိတို့၏တရားမျှတသောအခွင့်အရေးများကို တရားဥပဒေဘောင်အတွင်းမှ အရေးဆိုပိုင်ခွင့်ရှိစေရမည်။

အလုပ်ရှင်အလုပ်သမားတို့၏ ဝါဏိဇ္ဇပဋိပက္ခဖြေရှင်းရေးသည် မျှတ၍တရားဥပဒေနှင့် ညီညွတ်စေရမည်။

၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အဖွဲ့ချုပ်ကိုယ်စားပြုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း(၄၄၇)ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ(၃၉၂)ဦးအနိုင်ရရှိခဲ့သဖြင့် (၈၇.၇၀)ရာခိုင်နှုန်းအောင်မြင်မှုရခဲ့သည်။ နိုင်လုံမဲပေါင်းရစ်သန်းနီးပါး(၇၉၃၄၆၂၂)ရရှိခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၄၈၅)နေရာရှိသော တနိုင်ငံလုံးအတိုင်းအတာဖြင့် (၈၂)ရာခိုင်နှုန်းရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖွဲ့ချုပ်၏ရွေးကောက်ပွဲဝင်သင်္ကေတမှာ ခမောက်ဖြစ်သည်။

## ရည်ရွယ်ချက်များ။

(က) အများပြည်သူဆန္ဒနှင့်ကိုက်ညီ၍ အခြေခံလူ့အခွင့်အရေးများကို အာမခံသည့် စစ်မှန်သော ဒီမိုကရေစီအစိုးရဖြစ်ပေါ်လာစေရန်။
(ခ) ရည်ရွယ်ချက်(က)ကိုဖြစ်မြောက်စေရန် အဖွဲ့ချုပ်၏ခေါင်းဆောင်မှုဖြင့် ပြည်သူလူထုညီညွတ်မှုအင်အားကို အခြေခံ ၍ စည်းကမ်းစနစ်ကျသော ဒီမိုကရေစီလှုပ်ရှားမှုကြီးဖြစ်စေရန်။
(ဂ) နောင်ခေတ်အဆက်ဆက်၌လည်း မြန်မာနိုင်ငံသည် ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ဒီမိုကရေစီနိုင်ငံရေးစနစ်ထွန်းကားသော တည်တံ့ခိုင်မြဲတိုးတက်သည့် ပြည်ထောင်စုကြီးအဖြစ် တည်ရှိရေးအတွက် အုတ်မြစ်ချရန်။
(ဃ) ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဒီမိုကရေစီထွန်းကားလာရေးအတွက် နိုင်ငံတကာရှိ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအင်အားစုများ နှင့် ပူးပေါင်းဆောင်ရွက်ရန်။

## လုပ်ငန်းစဉ်များ။

(က) ဒီမိုကရေစီအင်အားစုများ တညီတညွတ်တည်းလှုပ်ရှားနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ရန်။
(ခ) ပြည်သူလူထု၏ ဒီမိုကရေစီအခွင့်အရေးများကို ထောက်ခံကာကွယ်ရန်။
(ဂ) အများပြည်သူတို့၏ ဆန္ဒနှင့်ကိုက်ညီသော စစ်မှန်သော ဒီမိုကရေစီအစိုးရ အကောင်အထည်ဖော်နိုင်ရန်အတွက် လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပစေနိုင်မည့် အခြေအနေများ ဖန်တီးပေးရန်။

မူလစတင်ဖွဲ့စည်းစဉ်က ဦးအောင်ကြီး၊ သူရဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့အုပ်စုသုံးခုမှ အချိုးညီစုပေါင်းဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးတင်ဦးတို့၏ အုပ်စုသုံးစုပေါင်း၍ ဖွဲ့စည်းခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား 'အောင်''စု''တင်'ဟုလူသိများသည်။

ဒုတိယကာကွယ်ရေးဦးစီးချုပ်ဟောင်း ဦးအောင်ကြီး၏အုပ်စုတွင် စစ်ဗိုလ်ဟောင်း၊ ဝန်ကြီးဟောင်း၊ ပါမောက္ခဟောင်း၊ ရဲမင်းကြီးဟောင်း၊ လွှတ်တော်အတွင်းဝန်ဟောင်း၊ ကျူရှင်ဆရာ၊ ရှေ့နေများ (၁၄)ဦးပါဝင်သည်။

ကာကွယ်ရေးဦးစီးချုပ်ဟောင်း၊ ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦး၏အုပ်စုတွင် မျိုးချစ်ရဲဘော်ဟောင်းများ (၁၄)ဦးပါဝင်သည်။

ဒေါ်အောင်ဆန်းစုကြည်၏အုပ်စုတွင် တတ်သိပညာရှင်များဖြစ်သည့် ရှေ့နေများ၊ ဆရာဝန်များ၊ စာနယ်ဇင်းသမားများ (၁၄)ဦးပါဝင်သည်။

စတင်ဖွဲ့စည်းစဉ်က အဆိုပါအဖွဲ့အစည်း(၃)ခုမှ ကိုယ်စားလှယ်(၄)ဦးစီပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်(၁၂)ဦးရှိသည်။ ယင်းတို့မှာ . . .

## ဗဟိုအလုပ်အမှုဆောင်အဖွဲ့။

[ အဖွဲ့အစည်း(၃)ခုဖြစ်သည့် "အောင်" "စု" "တင်"မှ ကိုယ်စားလှယ်(၄)ဦးစီပါဝင်ဖွဲ့စည်းထားသည်။ ]

| | |
|---|---|
| (၁) ဦးအောင်ကြီး(ဗိုလ်မှူးချုပ်ဟောင်း ကြည်း ၅၄၅၈၊ တော်လှန်ရေးကောင်စီဝင်ဟောင်း) | ဥက္ကဋ္ဌ |
| (၂) သူရဦးတင်ဦး(ဗိုလ်ချုပ်ကြီးဟောင်း ကြည်း ၃၆၅၁၊ တော်လှန်ရေးကောင်စီဝင်ဟောင်း) | ဒုတိယဥက္ကဋ္ဌ |

(၃) ဒေါ်အောင်ဆန်းစုကြည် အထွေထွေအတွင်းရေးမှူး
(၄) ဦးကြည်ဟန်(ဗိုလ်မှူးကြီးဟောင်း၊ သံအမတ်ကြီးဟောင်း) အတွင်းရေးမှူး(၁)
(၅) ဦးချစ်ခိုင်(ဒုတိယဗိုလ်မှူးကြီးဟောင်း ကြည်း ၃၆၄၉) အတွင်းရေးမှူး(၂)
(၆) ဦးဝင်းတင်(စာရေးဆရာပြည်စိုး၊ ဟံသာဝတီအယ်ဒီတာချုပ်ဟောင်း) အတွင်းရေးမှူး(၃)
(၇) ဒေါ်မြင့်မြင့်ခင်(ဗဟိုတရားရုံးရှေ့နေ၊ နိုင်ငံရီပတ်ဗလစ်) စည်းရုံးရေးဌာနမှူး
(၈) ဦးလွင်(ဗိုလ်မှူးကြီးဟောင်း ကြည်း ၃၆၁၆၊ ဒုတိယဝန်ကြီးချုပ်ဟောင်း) ဘဏ္ဍာရေးဌာနမှူး
(၉) ဦးအောင်လွင်(အကယ်ဒမီရုပ်ရှင်မင်းသား၊ ဒါရိုက်တာစံရွှေမောင်) ပြန်ကြားရေးဌာနမှူး
[၁၉၇၄ ခုနှစ်အတွက် အကယ်ဒမီသရုပ်ဆောင်ထူးချွန်ဆု(ဇာတ်ရံ) "နော်ကူးမ" ဇာတ်ကားဖြင့်ရရှိခဲ့သည်။]
(၁၀) ဦးအောင်ရွှေ(ဗိုလ်မှူးချုပ်ဟောင်း ကြည်း ၃၅၀၅၊ သံအမတ်ကြီးဟောင်း) စည်းရုံးရေးဌာနမှူး
(၁၁) ဦးကြည်မောင်(ဗိုလ်မှူးကြီးဟောင်း ကြည်း ၃၅၁၆၊
တော်လှန်ရေးကောင်စီဝင်ဟောင်း)(၁၉-၈-၂၀၀၄ ကွယ်လွန်သည်။) သုတေသနဌာနမှူး
(၁၂) ဦးဘရွှေ(ဗိုလ်မှူးကြီးဟောင်း ကြည်း ၃၅၄၅၊ သံအမတ်ကြီးဟောင်း) အုပ်ချုပ်ရေးဌာနမှူး
တို့ဖြစ်သည်။

## ဗဟိုဦးစီးအဖွဲ့။

'အောင်' 'စု' 'တင်'မှ တဖွဲ့လျှင် ကိုယ်စားလှယ်(၁၄)ဦးစီပါဝင်သည့် အဖွဲ့ဝင်(၄၂)ဦးပါ ဗဟိုဦးစီးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အဆိုပါဗဟိုဦးစီးအဖွဲ့တွင် ဗဟိုအလုပ်အမှုဆောင်(၁၂)ဦးစလုံးပါဝင်သည်။ ဗဟိုဦးစီးအဖွဲ့၏ မျက်နှာစုံညီ အစည်းအဝေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆုံးအဖြတ်ပေးနိုင်သည့် အစည်းအဝေးအဖြစ် သတ်မှတ်ထားခဲ့သည်။ ဗဟိုဦးစီးအဖွဲ့ဝင်များမှာ . . .

(၁) ဦးအောင်ကြီး [သခင်အောင်ကြီး-ပေါင်းတည်၊ ဗိုလ်မှူးချုပ်ဟောင်း၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း)]
(၂) သူရဦးတင်ဦး (ဗိုလ်ချုပ်ကြီးဟောင်း)
(၃) ဒေါ်အောင်ဆန်းစုကြည်
(၄) ဦးအောင်ရွှေ (အငြိမ်းစားသံအမတ်ကြီး၊ ဗိုလ်မှူးချုပ်ဟောင်း ကြည်း ၃၅၀၅)
(၅) ဦးကြည်မောင် (တော်လှန်ရေးကောင်စီဝင်ဟောင်း)
(၆) ဦးဝင်းတင် (ဟံသာဝတီအယ်ဒီတာချုပ်ဟောင်း၊ စာရေးဆရာပြည်စိုး)
(၇) ဦးချစ်ခိုင် (ဒုတိယဗိုလ်မှူးကြီးဟောင်း၊ ကြည်း ၃၆၄၉)
(၈) ဦးကြည်ဟန် (အငြိမ်းစားသံအမတ်ကြီး)
(၉) ဒေါ်မြင့်မြင့်ခင် (ဗဟိုတရားရုံးရှေ့နေ၊ နိုင်ငံရီပတ်ဗလစ်)
(၁၀) ဦးလွင် (ဒုတိယဝန်ကြီးချုပ်ဟောင်း၊ ဗိုလ်မှူးကြီးဟောင်း)
(၁၁) ဦးဘရွှေ (အငြိမ်းစားသံအမတ်ကြီး၊ ဘောလုံးဘရွှေ)
(၁၂) ဦးအောင်လွင် (ဒါရိုက်တာ စံရွှေမောင်၊ အကယ်ဒမီရုပ်ရှင်မင်းသား)
(၁၃) ဦးခင်ညို
(၁၄) ဦးတင်အေး (ဗဟိုနိုင်ငံရေးတက္ကသိုလ်ကျောင်းအုပ်ကြီးဟောင်း)
(၁၅) ဦးဇော်ဝင်းဦး
(၁၆) ဗိုလ်ရဲထွဋ် (ရဲဘော်သုံးကျိပ်ဝင်)
(၁၇) ဦးမင်းဒင်
(၁၈) ဦးသန်းထွန်း
(၁၉) ဦးကျော်မြင့်လေး (အာရှလူငယ် ဒုတိယဥက္ကဋ္ဌဟောင်း)
(၂၀) ဦးချိန်ပိုး
(၂၁) ဦးသာထို (အငြိမ်းစားပါမောက္ခ စီးပွားရေးတက္ကသိုလ်)
(၂၂) ဦးလှမောင်
(၂၃) ဦးသိန်းနိုင် (ဂျာနယ်ကျော်ဦးသိန်းနိုင်)

(၂၄) ဦးထွန်းတင် (ဗဟိုတရားရုံးရှေ့နေ)
(၂၅) ဦးခင်မောင်မောင် (ရဲမင်းကြီးဟောင်း)
(၂၆) ဦးသော်က (ရေတပ်ဗိုလ်မှူးဟောင်း ဦးဘသော်)
(၂၇) ဦးမောင်မောင်
(၂၈) ဦးကိုယု B.A.,B.L. (စာရေးဆရာနှင့် တရားရုံးချုပ်ရှေ့နေ မောင်ကိုယု) [၇-၁၂-၉၈ ရက်နေ့ ကွယ်လွန်]
(၂၉) ဦးနန်းနွယ်
(၃၀) ဦးမိုးသူ (စာရေးဆရာ၊ ဒါရိုက်တာ မောင်မိုးသူ)
(၃၁) ဦးဘိုးအောင် (ဗဟိုတရားရုံးရှေ့နေ)
(၃၂) ဦးချမ်းအေး (မောင်စုးစမ်း)
(၃၃) ဦးသောင်းဒန် (အငြိမ်းစားဗိုလ်မှူးချုပ်/လေ)
(၃၄) ဒေါက်တာတင်မျိုးဝင်း
(၃၅) ဦးလှမော် (ဗိုလ်မှူးကြီးဟောင်း၊ ကြည်း ၃၅၇၀)
(၃၆) ဒေါက်တာသက်မင်း
(၃၇) ဦးစောမြင့်
(၃၈) ဦးဝင်းခက်
(၃၉) ဦးရွှေ
(၄၀) ဦးတင်ရွှေ (မုံရွာ ဦးတင်ရွှေ)
(၄၁) ဦးအေးမောင် (ဗိုလ်မှူးကြီးဟောင်း၊ ကြည်း ၃၅၁၂)
(၄၂) ဦးခင်မောင်ဆွေ တို့ဖြစ်သည်။

## နိုင်ငံလုံးဆိုင်ရာဦးစီးအဖွဲ့။

[ အဖွဲ့အစည်း(၃)ခုဖြစ်သည့် "အောင်" "စု" "တင်"မှ ကိုယ်စားလှယ်(၁၀)ဦးစီ ပါဝင်ဖွဲ့စည်းထားသည်။ ]

## ဦးအောင်ကြီး၏အုပ်စု

(၁) ဦးခင်ညို(ဗိုလ်မှူးကြီးဟောင်း၊ ကြည်း ၃၅၃၇၊ တော်လှန်ရေးကောင်စီဝင်ဟောင်း)
(၂) ဦးဇော်ဝင်းဦး
(၃) ဦးမင်းဒင်
(၄) ဦးကျော်မြင့်လေး(အာရှလူငယ်ဒုတိယဥက္ကဋ္ဌဟောင်း)
(၅) ဦးသာထို(အငြိမ်းစားပါမောက္ခ၊ စီးပွားရေးတက္ကသိုလ်)
(၆) ဦးသိန်းနိုင်(ဂုဏ်ထူး-ဦးသိန်းနိုင်)
(၇) ဦးခင်မောင်မောင်(ရဲမင်းကြီးဟောင်း)
(၈) ဦးမောင်မောင်
(၉) ဦးနန်းနွယ်
(၁၀) ဦးဘိုးအောင်(ဗဟိုတရားရုံးရှေ့နေ)

### ဒေါ်အောင်ဆန်းစုကြည်၏အုပ်စု

(၁၁) ဦးထွန်းတင်(ဗဟိုတရားရုံးရှေ့နေ)
၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် အဖွဲ့ချုပ်၏သာမန်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။
(၁၂) ဦးသော်က(ဗိုလ်မှူးဘသော်)
၁၉၉၁ ခုနှစ်၊ ဇွန်လတွင် အကျဉ်းထောင်အတွင်း နိုင်ငံရေးအကျဉ်းသားဘဝဖြင့် ကွယ်လွန်သည်။
(၁၃) ဦးကိုယု(စာရေးဆရာနှင့် တရားရုံးချုပ်ရှေ့နေ)

၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် နုတ်ထွက်ခဲ့သည်။

(၁၄) ဦးမိုးသူ(စာရေးဆရာ၊ ဒါရိုက်တာ)

၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် အဖွဲ့ချုပ်၏သာမန်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။

(၁၅) ဦးချမ်းအေး(မောင်စူးစမ်း)

၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့တွင် အဖွဲ့ချုပ်၏သာမန်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။

(၁၆) ဒေါက်တာတင်မျိုးဝင်း

(၁၇) ဒေါက်တာသက်မင်း

(၁၈) ဦးဝင်းခက်

၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့တွင် အဖွဲ့ချုပ်၏သာမန်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။

(၁၉) ဦးတင်ရွှေ(မုံရွာဦးတင်ရွှေ)

၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် အဖွဲ့ချုပ်၏သာမန်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။

(၂၀) ဦးခင်မောင်ဆွေ

၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့တွင် အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။

## သူရဦးတင်ဦး၏အုပ်စု

(၂၁) ဦးသောင်းဒန်(လေ)(ဗိုလ်မှူးချုပ်ဟောင်း)

(၂၂) ဦးလှမော်(ဗိုလ်မှူးကြီးဟောင်း၊ ကြည်း ၃၅၇၀)

(၂၃) ဦးစောမြင့်(ဗိုလ်မှူးကြီးဟောင်း၊ ကြည်း ၃၅၁၈၊ တော်လှန်ရေးကောင်စီဝင်ဟောင်း)

(၂၄) ဦးရွှေ(ဗိုလ်မှူးကြီးဟောင်း၊ ကြည်း ၃၅၇၅၊ တော်လှန်ရေးကောင်စီဝင်ဟောင်း)

(၂၅) ဦးအေးမောင်(ဗိုလ်မှူးကြီးဟောင်း၊ ကြည်း ၃၅၁၂)

(၂၆) ဦးတင်အေး(ဗိုလ်မှူးကြီးဟောင်း၊ ကြည်း ၆၃၉၂)

(၂၇) ဗိုလ်ရဲထွန်း(ရဲဘော်သုံးကျိပ်ဝင်)

(၂၈) ဦးသန်းထွန်း

(၂၉) ဦးချိန်ပိုး

(၃၀) ဦးလှမောင်(ဒုတိယဗိုလ်မှူးကြီးဟောင်း၊ ကြည်း ၅၄၉၆)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖွဲ့စည်းပြီးမကြာမီ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်နေ့ရက်စွဲဖြင့် ဥက္ကဋ္ဌ ဦးအောင်ကြီးမှ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်ထံ အရေးပေါ်သုံးသပ်ချက်တရပ်တင်ပြခဲ့သည်။ အဆိုပါ အရေးပေါ်သုံးသပ်ချက်တွင် . . .

## အရေးပေါ်သုံးသပ်ချက်

(၁) ယခုလက်ရှိအခြေအနေအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ကွန်မြူနစ်နှင့် ကွန်မြူနစ်လိုလားသူ များ အုပ်စုကြီးထွားလာသည်။

(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အောက်ခြေတွင် မြေပေါ်/မြေအောက်(အိုဂျီ/ယူဂျီ)များ ပေါ်ပေါက်လာ သည်။ လှုပ်ရှားမှုရှိနေသည်ကိုတွေ့ရသည်။

(၃) ထို့ကြောင့် (၁) အိုဂျီ/ယူဂျီနှင့်ကွန်မြူနစ်လှုပ်ရှားမှုကိုအကြောင်းပြု၍ ရွေးကောက်ပွဲနီးချိန်တွင် ပါတီကို ဆိုင်ရာက ပယ်ဖျက်ခြင်းခံရနိုင်သည်။ (၂) ငွေရေး၊ ကြေးရေးကိစ္စဖြင့်လည်း ပါတီပယ်ဖျက်ခံရနိုင်သဖြင့် တိုင်းနှင့်ပြည်နယ်များတွင် စာရင်းစစ်ပြီးဖြစ်သင့်သည်။

(၄) ထို့ကြောင့် ‘အောင်’‘စု’‘တင်’မကွဲရန် အထူးဂရုစိုက်သင့်သည်။

(၅) ‘အောင်’‘စု’‘တင်’အဖွဲ့တွင်းမှ ကွန်မြူနစ်များ၊ ကွန်မြူနစ်လိုလားသူများဟုယူဆရသူများ အနားယူ ရန် မေတ္တာရပ်ခံသင့်သည်။

(၆) ခြေကမမြဲ လက်ကမမြဲ၊ လက်ကမမြဲ၊ ခြေကမြဲဖြစ်ရန် အကယ်၍အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားပယ် လျှင် အရန်အဖွဲ့ရှိရန်လိုသည်။

(၇) ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ(ယူအင်န်ဒီပီ) (Union National Democracy Party U.N.D.P.)သည် အရန်အဖွဲ့သာဖြစ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏အလံတော် အောက်တွင်ရှိသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မည်သည့်အကြောင်းကြောင့်မှုမကွဲအောင် အဘက်ဘက်မှကြိုးစားရမည်။ အခြားအဖွဲ့များက အထင်မှားအမြင်မှားဖြစ်အောင် သွေးထိုးခြင်းကို အမြန်ဆုံးရှင်းပြ ရန်လိုသည်။

(၈) ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ(ယူအင်န်ဒီပီ)သည် လွတ်လပ်ရေးကာလ (ဖဆပလ)အဖွဲ့ချုပ် အလံတော်အောက်တွင် ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်၊ တသီးပုဂ္ဂလများ လှုပ်ရှားမှုပုံစံ၊ ယခု မျိုးချစ်ရဲဘော် ဟောင်းများအဖွဲ့လှုပ်ရှားမှုပုံစံအတိုင်း အမျိုးသားတပ်ပေါင်းစုဝင်အဖွဲ့အစည်းတခုအဖြစ် လှုပ်ရှားကြရမည် စသည်ဖြင့်ဖော်ပြထားသည်။

ဦးအောင်ကြီးမှ ကွန်မြူနစ်(သို့မဟုတ်)ကွန်မြူနစ်လိုလားသူများဟုစွပ်စွဲခဲ့သူများတွင် ဒေါ်အောင်ဆန်းစုကြည်၏ အုပ်စုမှ . . .

(၁) ဦးကိုယု (၇–၁၂–၉၈ ရက်နေ့ ကွယ်လွန်)
(၂) ဒေါ်မြင့်မြင့်ခင်
(၃) ရုပ်ရှင်ဒါရိုက်တာ မောင်မိုးသူ(ခ)ဦးစိန်မြင့် [၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ၁၉၉၂ ခုနှစ်၊ မေလ (၇)ရက်နေ့တွင် ၁၁/၉၂ အရ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြန်လွတ်သည်။]
(၄) ဦးဝင်းတင်(ဟံသာဝတီ)
(၅) ဦးတင်ရွှေ(မုံရွာ) (၈–၇–၉၇ ရက်နေ့ ကွယ်လွန်)
(၆) ဦးထွန်းတင်
(၇) ဦးအောင်လွင်
(၈) ဦးချမ်းအေး(မောင်စူးစမ်း) [၁၉၉၁ ခုနှစ်၊ မေလတွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး၊ ၁၁/၉၂ အရ ၁၉၉၂ ခုနှစ်၊ မေလ (၁၅)ရက်နေ့တွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြန်လွတ်သည်။]တို့ပါဝင်သည်။

ကွန်မြူနစ်ဆိုသူများကိစ္စကို ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ် တည်ရှိရာ အမှတ်(၄၄)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်တွင် ဗဟိုဦးစီးမျက်နှာစုံညီအစည်းအဝေးကျင်းပ၍ တင်သွင်းမဲခွဲခဲ့သည်။ ရှုံးသူထွက်ရမည်ဟုကြိုတင်သဘောတူခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်တို့ဖက်မှပြောသည်။ ယင်း ဗဟိုဦးစီးအစည်းအဝေးတွင် ကွန်မြူနစ်ဟုစွပ်စွဲခံရသူများမှ မိမိတို့ကွန်မြူနစ်မဟုတ်ပါဟုငြင်းကြသည်။ အချို့က တချိန်က ဟုတ်ပါသည်၊ ယခုမဟုတ်တော့ပါဟုငြင်းကြသည်။

အဆိုကိုမဲခွဲသောအခါ ဒေါ်အောင်ဆန်းစုကြည်၏အုပ်စုမှ(၁၄)မဲ၊ သူရဦးတင်ဦး၏အုပ်စုမှ(၁၄)မဲနှင့် ဦးအောင်ကြီး ၏အုပ်စုမှ ဦးကြည်မောင်(၁)မဲတို့က ဦးအောင်ကြီး၏အဆိုကိုဆန့်ကျင်မဲပေးကြသည်။ ဦးကြည်မောင်သည် ဦးအောင်ကြီး၏ အုပ်စုထဲတွင်အမာခံပုဂ္ဂိုလ်ဖြစ်သည်။ တပ်မတော်တွင် ဦးအောင်ကြီးဒုတိယကာကွယ်ရေးဦးစီးချုပ်ဖြစ်စဉ်က ဦးကြည်မောင် သည် နေပြည်တော်စစ်ဌာနချုပ်(ယခု ရန်ကုန်တိုင်းစစ်ဌာနချုပ်)၏ တိုင်းမှူးဖြစ်သည်။

ဦးကြည်မောင်မှအပ ဦးအောင်ကြီး၏အုပ်စုတခုလုံး(ဦးအောင်ကြီး၊ ဦးကြည်ဟန်၊ ဦးဘရွှေ၊ ဦးနန်းနွယ်၊ ဦးခင် မောင်မောင်၊ ဦးသာထို၊ ဂုဏ်ထူးဦးသိန်းနိုင်၊ ဦးမင်းဒင်၊ ဦးခင်ညို၊ ဦးကျော်မြင့်လေး၊ ဦးဘိုးအောင်၊ ဦးမောင်မောင်၊ ဦးဇော် ဝင်းဦး)အား အဖွဲ့ချုပ်မှထုတ်ပယ်လိုက်ကြောင်းဖြင့် ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သို့ အဖွဲ့ချုပ်မှတင်ပြခဲ့သည်။ ဥက္ကဋ္ဌ အဖြစ် သူရဦးတင်ဦးအား တင်မြှောက်ခဲ့ သည်။ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့တွင် အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား အောက်ပါအတိုင်း ပြင်ဆင် ဖွဲ့စည်းကြောင်း၊ အဖွဲ့ချုပ်မှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သို့ အကြောင်းကြားခဲ့သည်။

၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့။

(၁) သူရဦးတင်ဦး ဥက္ကဋ္ဌ

[ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့တွင် အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင် ဒုတိယဥက္ကဋ္ဌ အဖြစ် ပြန်လည်ခန့်အပ်သည်။ ]

(၂) ဒေါ်အောင်ဆန်းစုကြည် — အထွေထွေအတွင်းရေးမှူး

[ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးဆုံးဖြတ်ချက်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင် အထွေထွေအတွင်းရေးမှူးအဖြစ် ပြန်လည် တာဝန်ပေးအပ်သည်။ ]

(၃) ဦးဝင်းတင်(ဟံသာဝတီဦးဝင်းတင်) — အတွင်းရေးမှူး

[ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် အဖွဲ့ချုပ်၏သာမန်အဖွဲ့ဝင်အဖြစ်မှထုတ်ပယ်ခဲ့သည်။ ]

(၄) ဦးချစ်ခိုင် — အတွင်းရေးမှူး

[ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် မန္တလေးတိုင်း၊ တောင်သာမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ၁၉၉၁ ခုနှစ်၊ မေလ (၁၅)ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရပြီး၊ ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့တွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြန် လွတ်သည်။ ]

(၅) ဦးကြည်မောင် — သုတေသနမှူး

[ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့တွင် အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှထုတ်ပယ်ခဲ့သည်။ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင် ဒုတိယဥက္ကဋ္ဌ အဖြစ် ပြန်လည်ခန့်အပ်သည်။ ]

(၆) ဦးအောင်ရွှေ — စည်းရုံးရေးမှူး

(၇) ဦးလွင် — ဘဏ္ဍာရေးမှူး

(၈) ဦးအောင်လွင်(ဒါရိုက်တာစံရွှေမောင်) — ပြန်ကြားရေးမှူး

[ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် အဖွဲ့ချုပ်၏သာမန်အဖွဲ့ဝင်အဖြစ်မှထုတ်ပယ်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မေလ (၁)ရက် နေ့တွင် နဝတ အမိန့်အမှတ်(၁၁/၉၂)အရ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြန်လွတ်သည်။ ]

(၉) ဒေါ်မြင့်မြင့်ခင် — လူထုလူတန်းစားဌာနမှူး

[ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် နုတ်ထွက်ခဲ့သည်။ ]

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၀)ရက်နေ့တွင် ဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား နေအိမ်အကျယ်ချုပ်ဖြင့်ထိန်းသိမ်းခံခဲ့ကြရပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

| | |
|---|---|
| ၁။ ဦးကြည်မောင် | ဥက္ကဋ္ဌ (ယာယီ) |
| ၂။ ဦးချစ်ခိုင် | အတွင်းရေးမှူး |
| ၃။ ဦးအောင်ရွှေ | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၄။ ဦးစိုးသိမ်း | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၅။ ဦးလွင် | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၆။ ဒေါ်မြင့်မြင့်ခင် | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၇။ ဦးခင်မောင်ဆွေ | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၈။ ဦးရွှေ | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၉။ ဦးကျော်မင်း | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၁၀။ ဦးချမ်းအေး | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |

၁၉၉၁ ခုနှစ်၊ မတ်လ (၂၆)ရက်နေ့မှစ၍ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ပြောင်းလဲဖွဲ့စည်းခဲ့သည်။

**၁၉၉၁ ခုနှစ်၊ မတ်လ (၂၆)ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့။**

(၁) ဦးအောင်ရွှေ ဥက္ကဋ္ဌ

[ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]

(၂) ဦးလွင် အတွင်းရေးမှူး

[ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]

(၃) ဦးညွန့်ဝေ ဘဏ္ဍာရေးမှူး

[ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် ပဲခူးတိုင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]

(၄) ဦးရွှေ အဖွဲ့ဝင်

[ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ (၇)ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှနှုတ်ထွက်ခဲ့သည်။ အဖွဲ့ချုပ်မှ သာမန်အဖွဲ့ဝင်အဖြစ်မှထုတ်ပယ်ခဲ့သည်။ ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရရာမှ ၁၉၉၂ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့တွင် နဝတ ကြေညာချက်အမှတ် (၁၁/၉၂)ဖြင့် အင်းစိန်ဗဟိုအကျဉ်းထောင်မှပြန်လွှတ်သည်။ ]

(၅) ဦးသန်းထွန်း အဖွဲ့ဝင်

[ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် မွန်လေးတိုင်း၊ တောင်သာမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]

(၆) ဦးလှဖေ အဖွဲ့ဝင်

[ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရွေးကောက် တင်မြှောက်ခံခဲ့ရသည်။ ]

(၇) ဦးမြလေး အဖွဲ့ဝင်

[ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် ပဲခူးတိုင်း၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၁၅)ရက်နေ့တွင် ကွယ်လွန်သည်။ ]

(၈) ဦးစိုးမြင့်(သခင်စိုးမြင့်) အဖွဲ့ဝင်

[ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]

(၉) ဦးလွန်းတင်(ဗိုလ်မှူးကြီးဟောင်း၊ ကြည်း ၃၆၁၈) အဖွဲ့ဝင်

[ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]

(၁၀) ဦးမင်းဝေ အဖွဲ့ဝင်

[ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၁)ရက်နေ့တွင် နှုတ်ထွက်ခဲ့သည်။ ]

၁၉၉၅ ခုနှစ်တွင် ဦးတင်ဦး၊ ဦးကြည်မောင်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ အကျဉ်းကျခံနေခဲ့ရရာမှ ပြန်လည်လွှတ်မြောက်လာခဲ့ပြီးနောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ အောက်တိုဘာလ (၉)ရက်နေ့တွင် အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းခဲ့သည်။

(၁) ဦးအောင်ရွှေ ဥက္ကဋ္ဌ

(၂) ဦးတင်ဦး ဒုတိယဥက္ကဋ္ဌ

[ ၁၅-၃-၉၅ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွှတ်မြောက်သည်။ ]

(၃) ဦးကြည်မောင် ဒုတိယဥက္ကဋ္ဌ

[ ၁၅-၃-၉၅ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှပြန်လည်လွှတ်မြောက်ခဲ့ပြီး၊ ၂-၆-၉၅ ရက်နေ့တွင် ထပ်မံဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၈-၆-၉၅ ရက်နေ့တွင် ပြန်လည်လွှတ်မြောက်ခဲ့သည်။ ]

| | |
|---|---|
| (၄) ဒေါ်အောင်ဆန်းစုကြည် | အထွေထွေအတွင်းရေးမှူး |
| [ ၁၀–၇–၉၅ ရက်နေ့တွင် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်သည်။ ] | |
| (၅) ဦးလွင် | အတွင်းရေးမှူး |
| (၆) ဦးသန်းထွန်း | အဖွဲ့ဝင် |
| (၇) ဦးညွန့်ဝေ | အဖွဲ့ဝင် |
| (၈) ဦးစိုးမြင့် | အဖွဲ့ဝင် |
| (၉) ဦးလွန်းတင် | အဖွဲ့ဝင် |
| (၁၀) ဦးလှဖေ | အဖွဲ့ဝင် |

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း။

၁၉၈၈ ခုနှစ်၊ မြန်မာနိုင်ငံပြည်သူလူထု၏ ဒီမိုကရေစီကြိုးပမ်းလှုပ်ရှားမှုကြီးတွင်ပါဝင်ခဲ့ပြီး၊ ၂၇–၉–၈၈ နေ့တွင် ဖွဲ့စည်းခဲ့သော၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

နိုင်ငံရေးကြိုးပမ်းမှုများကြောင့်၊ ၂၀–၇–၈၉ နေ့မှစ၍ ထိန်းသိမ်းခံခဲ့ရပါသည်။ အထိန်းသိမ်းခံနေရလျှက်နှင့်ပင် မိမိအဖွဲ့ချုပ်၏ဒီမိုကရေစီနည်းလမ်းအရဆုံးဖြတ်ချက်ကို လေးစားသောအားဖြင့်၎င်း၊ တိုင်းသူပြည်သားတို့၏ အမှန်တရားနှင့်ကိုက်ညီသောလိုအပ်ချက်များကို တတ်စွမ်းသရွေ့ကူညီဖြည့်စွက်လိုသောကြောင့်၎င်း၊ ဒီမိုကရေစီကိုလိုလားသော ပြည်သူလူထုကြီး၏ဇွဲသတ္တိကို ဂုဏ်ပြုသောအားဖြင့်၎င်း၊ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ ဗဟန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းစီစစ်ရွေးချယ်ရေးအဖွဲ့၏ဆုံးဖြတ်ချက်ကို လိုက်နာ၍၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူတဦးအဖြစ်၊ အမည်စာရင်းတင်သွင်းလိုက်ပါသည်။

အောင်ဆန်းစုကြည်
၂၂–၁၂–၈၉

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ် (၉၇/ခ) ၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

ကြေညာချက်အမှတ် (၃၁)

**“ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သဘောထားနှင့်အခြေခံမှု ”**

**နိဒါန်း။**

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းကြေညာချက်ကို (၂၅–၉–၈၉)နေ့တွင်၊ တိုင်းပြည်သို့အတိအလင်းထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုသို့ရွေးကောက်ပွဲဝင်ရာ၌၊ အဖွဲ့ချုပ်တခုတည်း၏အကျိုးကိုလည်းကောင်း၊ တသင်းတဖွဲ့၏အကျိုးကိုလည်းကောင်းရှေ့ရှုခြင်းမပြုဘဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲများမှကင်းရှင်းပြီး၊ ပြည်သူတို့၏သဘောထားဆန္ဒနှင့်အညီ၊ နိုင်ငံနှင့်နိုင်ငံသားအားလုံး၏အကျိုးနှင့် ဒီမိုကရေစီရေးတို့ကိုဦးထိပ်ပန်ဆင်လျှက် ဖြည့်ဆည်းဖော်ဆောင်အပ်သည်ဟု အခိုင်အမာခံယူပါသည်။

၃။ သို့ဖြစ်သောကြောင့်၊ ယခုပါဝင်ယှဉ်ပြိုင်မည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍၊ ထားရှိအပ်သောသဘောထားနှင့်အခြေခံမှုများကို အစွဲအလမ်းကင်းရှင်းစွာဖြင့်ချမှတ်အကောင်အထည်ဖော်သွားရန် အထူးလိုအပ်ပေသည်။

**နောက်ခံအခြေအနေ။**

၄။ ယခုကျင်းပအံ့သောအထွေထွေရွေးကောက်ပွဲသည် ၁၉၈၈ ခုနှစ်အတွင်းက ကျောင်းသား/ကျောင်းသူ၊ ရဟန်း၊ ရှင်လူ၊ ပြည်သူအပေါင်း၏ တခဲနက်ဆန္ဒပြဆင်နွှဲခဲ့သည့်ဒီမိုကရေစီလှုပ်ရှားမှုကြီးမှပေါ်ပေါက်လာရသောရလဒ် ဖြစ်ပေသည်။

၅။ ယင်းလှုပ်ရှားမှုကြီးကိုပြန်ပြောင်းဆန်းစစ်မည်ဆိုပါက၊ မည်သည့်ပါတီ၊ မည်သည့်လူတစု၊ လူတဖွဲ့၏ ဦးဆောင်မှုကြောင့်မှမဟုတ်ဘဲ၊ ဒီမိုကရေစီရေးဆိတ်သုဉ်းခဲ့သည့် လူမှုဘဝအနိဋ္ဌာရုံများကိုအကြောင်းခံ၍လည်းကောင်း၊ မခံမရပ်နိုင်ကြသော ဒီမိုကရေစီလိုလားသူများက၊ အမျိုးသားရေးအတွက်နိုးကြားတက်ကြွစွာပါဝင်ဆန္ဒပြခဲ့ခြင်းမှလည်းကောင်း၊ ပေါက်ဖွားလာခဲ့သည်ကိုအထင်အရှားတွေ့ကြရပေသည်။

၆။ ထိုသို့ဆန္ဒပြလှုပ်ရှားခဲ့ကြစဉ်က၊ ပြည်သူတို့သည် စည်းလုံးညီညွတ်စွာစုစည်းလှုပ်ရှားနိုင်ခဲ့ကြပါသည်။ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများလည်းအတိုင်းအတာတခုအထိကင်းရှင်းခဲ့ကြပါသည်။ ထိုစဉ်ကပြည်သူတရပ်လုံး၏တခုတည်းသောလိုလားချက်မှာ၊ ပါတီစုံစနစ်ဖြင့်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးသာဖြစ်ခဲ့ကြပေသည်။

**မျက်မှောက်အခြေအနေ။**

၇။ ယခုမျက်မှောက်အခြေအနေကိုစေ့ငုစွာလေ့လာသုံးသပ်မည်ဆိုပါက၊ ဒီမိုကရေစီနိုင်ငံကိုတည်ဆောက်ရန် တူညီသည့်ရည်ရွယ်ချက်များရှိကြစေကာမူ၊ အသွင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့်ပါတီများဖွဲ့လျက်၊ အမျိုးမျိုးကွဲးကြော်လှုပ်ရှားနေကြသည်ကိုတွေ့မြင်နေကြရပါသည်။

၈။ ယခုကျင်းပအံ့သောအထွေထွေရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံအောင်မြင်စွာတည်ဆောက်နိုင်သည်အထိ၊ ယခင်လှုပ်ရှားမှုကြီးဆင်နွှဲခဲ့စဉ်ကကဲ့သို့ပင်၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ဆန္ဒစွဲများကင်းရှင်းပြီး၊ တခုတည်းသော ဦးတည်ချက်ပန်းတိုင်သို့အရောက်တက်လှမ်းနိုင်သည်အထိ၊ စည်းလုံးညီညွတ်သောအားမာန်ရှိရန် မလွဲမသွေလိုအပ်သည်ဟု သဘောရပါသည်။

၉။ အထူးသဖြင့်၊ ကျောင်းသား/ကျောင်းသူ၊ ရဟန်း၊ ရှင်လူ၊ ပြည်သူတို့၏ စွန့်လွှတ်မှုကြီးမားစွာဖြင့် ဆင်နွှဲပြီးမှရရှိခဲ့သောအသီးအပွင့်များကို မည်သူကမျှ၊ မိမိတို့ကိုယ်ကျိုးအတွက်အမြတ်မထုတ်သင့်ကြပါချေ။ ဤသို့ ယုံကြည်သည့်အတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ယင်းအခွင့်အရေးများမပျောက်ပျက်ရလေအောင် အရှိန်အဟုန်မပျက်ဆက်လက်ဖော်ဆောင်သွားအပ်သည်ဟုစွဲမြဲစွာခံယူပါသည်။

၁၀။ မျက်မှောက်အခြေအနေအရပ်ရပ်ကို မကွယ်မဝှက်၊ မထောက်မညှာဝေဖန်သုံးသပ်မည်ဆိုပါက၊ တူညီသောသဘောထား၊ တူညီသောအမြင်၊ တူညီသောစည်းရုံးရေးစွမ်းအား၊ တူညီသောလုပ်ဆောင်မှုများ အားနည်းလျက်ရှိနေပေသေးသည်။ ဒီမိုကရေစီရေးလှုပ်ရှားမှုကြီးဆင်နွှဲခဲ့ကြစဉ်ကကဲ့သို့ပင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်းသာမက၊ ဒီမိုကရေစီလိုလားသူအင်အားစုအားလုံးနှင့်ပါ ကျစ်လျစ်ခိုင်မာသော၊ စည်းလုံးညီညွတ်သောအားကို ပြန်လည်စုစည်းတည်ဆောက်ရန်အထူးလိုအပ်ပါသည်။

၁၁။ သို့ဆိုလျှင်၊ ဤပဓာနအရေးကိုမည်သို့တည်ဆောက်သွားကြမည်နည်း။ အခြေအနေအရပ်ရပ်ကို အချိန်မီကုစားရန်နှင့် ပြည်သူတို့လိုလားမျှော်မှန်းနေကြသည့် ဒီမိုကရေစီနိုင်ငံအောင်မြင်စွာတည်ဆောက်နိုင်ရန်၊ ရွေးကောက်ပွဲမဟာဗျူဟာကို ပီပီပြင်ပြင်ချမှတ်ရမည်ဖြစ်ပါသည်။

**ရွေးကောက်ပွဲမဟာဗျူဟာ။**

၁၂။ အောက်ပါရွေးကောက်ပွဲမဟာဗျူဟာကို၊ တိကျစွာလိုက်နာကျင့်သုံးဖော်ဆောင်သွားကြရန်ဖြစ်ပါသည်။

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မိမိ၏အကျိုးတခုတည်းကိုသာမကြည့်ဘဲ၊ ကျယ်ပြန့်သော ပြည်သူ တရပ်လုံး၏အကျိုးကိုရှေ့ရှုလျက်၊ ရိုးသားသည့်ဦးဆောင်မှုဖြင့် ဒီမိုကရေစီလိုလားသူအင်အားစု အားလုံးကို အခြေခံရန်။

(ခ) ရွေးကောက်ပွဲအောင်နိုင်ရေးအတွက်၊ နိုင်ငံရေးညီညွတ်မှုသည်သော့ချက်ဖြစ်သည်။ သို့သော်အပြောလွယ် သလောက်လက်တွေ့တွင်အခက်အခဲများစွာရှိသည်။ ထို့ကြောင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏မူဝါဒ လုပ်ငန်း စဉ်များကို လက်ခံယုံကြည်သောအဖွဲ့များအားလုံးနှင့် (အထူးသဖြင့်)တိုင်းရင်းသားလူမျိုးစုအဖွဲ့များနှင့် ဆွေးနွေး ညှိနှိုင်းပြီး၊ စည်းလုံးညီညွတ်မှုကိုတည်ဆောက်၍၊ အကောင်းဆုံးဖြစ်အောင်ပူးပေါင်းလှုပ်ရှားဖော်ဆောင်ရန်။

(ဂ) အလားတူပင် ဒီမိုကရေစီအရေးအတွက်အတွေးအခေါ်အယူအဆတွင်တူညီ၍၊ နိုင်ငံရေးလမ်းစဉ်တို့တွင် တူညီသောအခြားအဖွဲ့အစည်းများနှင့်လည်း၊ အတတ်နိုင်ဆုံးညှိနှိုင်းဆွေးနွေးပြီး၊ အခြေအနေပေးသည်နှင့်အမျှ ပူးပေါင်းလှုပ်ရှားဖော်ဆောင်ရန်။

(ဃ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် သီးခြားရပ်တည်ဆုံးဖြတ်အကောင်အထည်ဖော်ခြင်းထက်၊ အခြား ဒီမိုကရေစီလိုလားသူများနှင့် မိမိတို့၏မူဝါဒများကိုခံယူကြမည့်သူများပါပူးပေါင်းပြီး၊ အထွေထွေရွေးကောက်ပွဲ အောင်နိုင်ရေးကော်မတီများကိုကျယ်ပြန့်စွာဖွဲ့စည်းလျက်၊ စုပေါင်းအကောင်အထည်ဖော်ရန်။

**ရွေးကောက်ပွဲအောင်နိုင်ရေး ကော်မတီအဆင့်ဆင့်ဖွဲ့စည်းရေး။**

၁၃။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အပိုဒ် (၁၂)ပါ၊ မဟာဗျူဟာအရ အောက်ပါရွေးကောက်ပွဲအောင်နိုင်ရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပေးရပါမည် . . .

(က) ရွေးကောက်ပွဲအောင်နိုင်ရေးကော်မတီ (ဗဟို)၊
(ခ) ရွေးကောက်ပွဲအောင်နိုင်ရေးကော်မတီ (ပြည်နယ်/တိုင်း)၊
(ဂ) ရွေးကောက်ပွဲအောင်နိုင်ရေးကော်မတီ (မြို့နယ်)၊
(ဃ) ရွေးကောက်ပွဲအောင်နိုင်ရေးကော်မတီ (ရပ်/ကျေး)၊

၁၄။ ယင်းအဖွဲ့အစည်းအဆင့်ဆင့်တို့သည်၊ အောက်ပါရည်ရွယ်ချက်များကို ရွေးကောက်ပွဲမှတဆင့် ရှေ့ရှုဦးတည် ဆောင်ရွက်သွားကြရပါမည် . . .

(က) ယနေ့ရင်ဆိုင်နေရသည့်နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးအကြပ်အတည်းများကို ဖြေရှင်းပေးနိုင်စွမ်း အင်အားရှိ၍ အင်အားတောင့်တင်းပြီးတည်ငြိမ်သည့်အစိုးရဖြစ်ပေါ်လာရေး။
(ခ) ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ဖော်ထုတ်ရေး။

၁၅။ ယင်းရည်ရွယ်ချက်များအပြင်၊ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၅ ခုနှစ်၊ သြဂုတ်လ (စတုတ္ထ)အကြိမ်မြောက် နိုင်ငံခေါင်းဆောင်များအစည်းအဝေး၌မိန့်ကြားခဲ့သောအောက်ပါမိန့်ခွန်းကို လမ်းညွှန်ချက်အဖြစ် ခံယူကြရပါမည် . . .

"တိုင်းပြည်မှာညီညွတ်ရေးဟာ အခုအခါကလုပ်ငန်းပဲ။ ညီညွတ်ရေးဆိုပေမယ့် တိုင်းပြည်လွတ်လပ်ရေးနှင့် ထူထောင်ရေးကို အထက်ပါအခြေခံအချက်တွေအရဆောင်ရွက်မယ့် ညီညွတ်ရေးမျိုးကိုသာဆိုလိုပါတယ်။ ရာထူး ဝေစားရုံသာဖြစ်တဲ့ညီညွတ်ရေးမျိုး၊ ရွေးကောက်ပွဲချိန်ပြီး၊ ငြိမ်းဆင်တက်ရုံလောက်တက်နိုင်အောင် ညီညွတ်ရေး မျိုးဆိုရင်တော့၊ ဘယ်နည်းနဲ့မှဖြစ်မှာမဟုတ်ဘူး၊ ကျွန်တော်တို့အဖို့ပြောရရင်၊ အရင်ပထမလူကြီးများအစည်း အဝေးမှာပြောခဲ့သလို ကျွန်တော်တို့ဟာတိုင်းပြည်ရဲ့ခေါင်းဆောင်မှုကိုလည်းကောင်း၊ ရာထူးဌာနတ္တရကိစ္စများ မှာလည်းကောင်း၊ ကျွန်တော်တို့မူပိုင်ရေစစ္စတြီလုပ်မထားဘူးဆိုတာ အတိအလင်းသိစေခြင်ပါတယ်။"

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ စီစစ်ရွေးချယ်ရေး။**

၁၆။ အထက်ပါ ပြည်သူလူထု၏ဆန္ဒကိုခံယူသော၊ ညီညွတ်မှုကိုပဓာနထားသော၊ ကျယ်ပြန့်စွာပါဝင်နိုင်သော၊ နိုင်ငံရေးခံယူချက်များဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ လျာထားခြင်းနှင့်စိစစ်ရွေးချယ်ခြင်းတို့ကို ဗဟို အဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ မြို့နယ်အဆင့်စသည်ဖြင့် အဆင့်ဆင့်အဖွဲ့များဖွဲ့စည်းလုပ် ဆောင်သွားမည်ဖြစ်ပါသည်။

၁၇။ ယင်းအဆင့်ဆင့်သောအဖွဲ့ကိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပုဂ္ဂိုလ်များနှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အဖွဲ့ဝင်မဟုတ်သော၊ ပြည်သူတို့၏ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များပါ ပါဝင်စေလျက် ဖွဲ့စည်းဆောင်ရွက် သွားမည်ဖြစ်ပါသည်။

**အခြေခံမူများ။**

၁၈။ အဆင့်ဆင့်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ စိစစ်ရွေးချယ်ရေးအဖွဲ့များသည် အောက်ပါ အခြေခံမူများနှင့်အညီဖော်ဆောင်ရပါမည် . . .

(က) ဦးတည်ချက်

(၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အများဆုံးရရှိရေးအတွက် ဦးတည်ကြိုးစားရန်။
(၂) အစိုးရအဖွဲ့တွင်ဦးဆောင်နိုင်မည့် အရည်အချင်းနှင့်ပြည်စုံသောပုဂ္ဂိုလ်များ ပါဝင်ရန်။
(၃) သက်ဆိုင်ရာဒေသပြည်သူတို့၏ ယုံကြည်လေးစားမှုခံရမည့်ပုဂ္ဂိုလ်များ ပါဝင်ရန်။
(၄) အဖွဲ့ချုပ်၏နိုင်ငံရေးနှင့်စည်းရုံးရေးဦးဆောင်မှုကို လိုက်နာဆောင်ရွက်မည့်ပုဂ္ဂိုလ်များပါဝင်ရန်။
(၅) သက်ဆိုင်ရာပြည်နယ်အတွင်းရှိ ပြည်သူတို့၏ယုံကြည်လေးစားလက်ခံနိုင်သော၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များပါဝင်ရန်။
(၆) အဖွဲ့ဝင်မဟုတ်စေကာမူ၊ နိုင်ငံ၏အကျိုးကိုစွမ်းစွမ်းတမာန်သည်ပိုးဆောင်ရွက်နိုင်မည့်ပုဂ္ဂိုလ်များ ပါဝင်ရန်။

**(ခ) ပါဝင်သင့်သောအမျိုးအစားများ။**

(၁) ဒီမိုကရေစီလှုပ်ရှားမှုတွင်ပါဝင်ဆင်နွှဲခဲ့သည့် လူကြီး၊ လူလတ်၊ လူငယ် ပုဂ္ဂိုလ်များ၊ တတ်သိပညာရှင်များ၊ တောင်သူလယ်သမား၊ အလုပ်သမားများ၊ ကုန်သွယ်စီးပွားပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖနှင့် ရပ်မိရပ်ဖများ၊ နိုင်ငံရေး အစဉ်အလာရှိသူများ၊ မျိုးချစ်ရဲဘော်ဟောင်းအဖွဲ့ဝင်များ။
(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏မူဝါဒဖြစ်သော ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကိုထောက်ခံသော ပုဂ္ဂိုလ်များ။
(၃) ရွေးကောက်ပွဲတွင် မိမိအတွက်စရိတ် အကုန်အကျခံနိုင်မည့် ပုဂ္ဂိုလ်များ။
(၄) အတိုက်အခံကိုယ်စားလှယ်လောင်းများအပေါ် ယှဉ်ပြိုင်အနိုင်ရရန် အလားအလာကောင်းသောပုဂ္ဂိုလ်များ။
(၅) မဲစာရင်းတွင်ပါဝင်သောပုဂ္ဂိုလ်များ။

**(ဂ) မပါဝင်သင့်သောအမျိုးအစားများ။**

(၁) ဒီမိုကရေစီရေးနှင့် အဖွဲ့ချုပ်၏ခေါင်းဆောင်မှုကိုဆန့်ကျင်၍ တိုက်ပွဲကိုစွန့်သွားနိုင်သူများ။
(၂) ဆန့်ကျင်ဘက်အဖွဲ့အစည်းက၊ အခွင့်အရေးနှင့်ငွေကြေးကိုပေးကမ်းခြင်း၊ ခြိမ်းခြောက်ခြင်းဖြင့်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်သွားနိုင်သည့်အလားအလာရှိသူများ။
(၃) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၅)၊ ပုဒ်မ(၁၀)ပါ ပညတ်ချက်များနှင့်ငြိစွန်းသူများ။

**(ဃ) ဦးစားပေးရွေးချယ်ရေး။**

(၁) **ပထမဦးစားပေး၊** ဒီမိုကရေစီတိုက်ပွဲတွင်ပါဝင်ခဲ့၍ ဒေသခံလည်းဖြစ်၊ လူကြိုက်လည်းများသော၊ အရည် အချင်းလည်းရှိသော အခြေခံမူဆန္ဒရှိသူများ။

(၂) ဒုတိယဦးစားပေး။ အဖွဲ့ဝင်မဟုတ်စေကာမူ၊ တိုင်းပြည်အတွက်လိုအပ်မည့်သူများ။
(၃) တတိယဦးစားပေး။ အဖွဲ့ချုပ်မှဆန္ဒရှိ၍၊ ဒေသသို့ပို့လွှတ်အရွေးခံစေလိုသူများ။
(၄) စတုတ္ထဦးစားပေး။ အခြားအဖွဲ့အစည်းများမှ ပါဝင်သင့်သူများ။

မှတ်ချက်။

(၁) ကိုယ်စားလှယ်လောင်းများကိုစိစစ်လျာထားရာတွင်၊ မဲခွဲ၍ဆုံးဖြတ်သည့်စနစ်ကို လုံးဝ(လုံးဝ)မကျင့်သုံးဘဲ၊ အများအားလုံးလက်ခံသဘောတူသောပုဂ္ဂိုလ်များဖြစ်စေရပါမည်။ ညှိနှိုင်းသည့်တိုင်အောင်သဘောတူညီမှုမရရှိပါက၊ မှတ်တမ်းတင်၍ဗဟိုအဖွဲ့သို့အသေးစိတ်တင်ပြရပါမည်။
(၂) အဖွဲ့ကရွေးချယ်လျာထားသူသည် တဖက်အတိုက်အခံများကိုယ်စားလှယ်လောင်း၏ အခြေအနေကိုသိရှိပြီး ယှဉ်ပြိုင်နိုင်သူဖြစ်ရန်လိုအပ်ပါမည်။

နိဂုံး။

၁၉။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်၊ အထက်ဖော်ပြပါသဘောထားအခြေခံမှုများနှင့် ရွေးကောက်ပွဲရည်ရွယ်ချက်တို့ကိုမူတည်လျက် – ၁၉၉၀ပြည့်နှစ် မေလတွင် ပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မိမိတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကျောင်းသား/ကျောင်းသူ၊ ရဟန်းရှင်လူ၊ ပြည်သူအပေါင်းတို့၏ အားပေးမှု၊ ထောက်ခံမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ဖြင့် မုချအောင်နိုင်မည်ဟု စွဲမြဲစွာယုံကြည်ပါကြောင်း။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရက်စွဲ ။ ၁၉၈၉ ခု၊ အောက်တိုဘာလ (၁၂)ရက်။

## အ မျိုး သား ဒီ မို က ရေ စီ အ ဖွဲ့ ချုပ်
## ၏
## ပါ တီ စုံ ဒီ မို က ရေ စီ အ ထွေ ထွေ ရွေး ကောက် ပွဲ ကြေ ညာ စာ တမ်း။

### နိဒါန်း။

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတဝန်းလုံးရှိပြည်သူလူထုကြီးသည်၊ ၁၉၈၈ ခုနှစ်အတွင်းက၊ သမိုင်းတွင်မကြုံဘူးအောင် ထူးထူးကဲကဲအုံကြွ၍ ဒီမိုကရေစီစနစ်ကိုတောင်းဆိုခဲ့ကြပါသည်။ ဤသည်မှာ ခါးသီးစွာခံစားခဲ့ကြရသော လူ့ဘောင်၏အနိဋ္ဌာရုံများမှ လွတ်မြောက်စိမ့်သောငှာ၊ ဒီမိုကရေစီနိုင်ငံကိုထူထောင်ရန်ရှေ့ရှုခဲ့ကြခြင်းဖြစ်ပါသည်။

၂။ ယခုအခါတွင်ပြည်သူလူထုကြီး၏ရှေ့မှောက်၌ မိမိတို့အားလုံး၏၊ လူနေမှုဘဝတခုလုံးကို အခြေအမြစ်ကပင် စတင်ပြောင်းလဲမည့်ဒီမိုကရေစီစနစ်ကိုထူထောင်ရန် အခွင့်အလမ်းကြီးစတင်ပေါ်ထွန်းလာပြီဖြစ်ပါသည်။ ပြည်သူလူထုကြီး၏နိုးကြားတက်ကြွသောစိတ်ဓာတ်၊ ခိုင်မာသောအဓိဋ္ဌာန်၊ မှန်ကန်သောရွေးကောက်တင်မြှောက်မှုတို့ဖြင့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတွင် ဒီမိုကရေစီအင်အားစုတို့၏ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုရွေးကောက်တင်မြှောက်၍ ပြည်သူတို့ဆန္ဒနှင့်အညီ ဒီမိုကရေစီအစိုးရဖွဲ့စည်းစေရန်၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ရေးဆွဲစေရန်၊ တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အောင်မြင်စွာထမ်းဆောင်နိုင်ရန်စသောတာဝန်များကို အပ်နှင်းကြရတော့မည်ဖြစ်ပါသည်။

၃။ ယနေ့မြန်မာနိုင်ငံရှိပြည်သူလူထုကြီးသည် အခြေခံလူ့အခွင့်အရေးများကိုအာမခံနိုင်မည့် ဒီမိုကရေစီအစိုးရ ဖြစ်ပေါ်လာစေရန် အာသာဆန္ဒပြင်းပြလျက်ရှိနေသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အခိုင်အမာ ယုံကြည်ပါသည်။

၄။ နောင်လာလတ့်သောကာလတို့၌ မြန်မာနိုင်ငံတွင်ဒီမိုကရေစီကျင့်စဉ်များထွန်းကားအခြေခိုင်စေပြီး စည်းလုံး ညီညွတ်သော၊ တည်တံ့ခိုင်မြဲသော၊ တိုင်းရင်းသားလူမျိုးများတန်းတူရည်တူအခွင့်အရေးရှိသော ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ရန်အတွက်၊ တိုင်းရင်းသားပြည်သူတရပ်လုံးက ကြီးမားစွာစိတ်အားထက်သန်လျက်ရှိသည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကရှင်းလင်းစွာသဘောပေါက်ပြီးဖြစ်ပါသည်။

၅။ ဤသို့သော ပြည်သူတို့၏အာသာဆန္ဒနှင့်ရည်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အတွက် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ကုန်သွယ်စီးပွားသမားများ၊ ကျောင်းသားများ၊ လူငယ်များ၊ အမျိုးသမီးများ၊ တတ်သိပညာရှင်များ၊ အနုပညာရှင်များ၊ တိုင်းရင်းသားလူမျိုးများနှင့် ပြည်သူတို့ကို ကိုယ်စားပြုလို သူများပါဝင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အထက်ဖော်ပြပါပြည်သူတို့၏ အာသာဆန္ဒနှင့်ရည်မှန်းချက်များကို တော်တည့်ဖြောင့်မတ်၍တာဝန်ကျေပြွန်စွာ ဖြည့်ဆည်းထမ်းဆောင်နိုင်ရန်အတွက် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မိမိတို့ကိုယ်စားလှယ်လောင်းများကို ဝင်ရောက်ယှဉ်ပြိုင်စေကာ၊ ပြည်သူလူထု၏အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ပါသည်။

၆။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အောက်ဖော်ပြပါမူဝါဒသဘောထားများကိုကြေညာရင်း၊ ပြည်သူလူထု၏ ဆန္ဒကိုခံယူ၍ ပြည်သူတို့လိုလားတောင်းတနေသောဒီမိုကရေစီနိုင်ငံကို တည်ထောင်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံရေး။

၇။ ပြည်ထောင်စုမြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်သည့်အားလျော်စွာ ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ် စာတမ်းတွင်ပါရှိသောဒီမိုကရေစီကျင့်စဉ်တို့ကို လိုက်နာကျင့်သုံးမည်။ ကျွန်ုပ်တို့သာမကနောင်လာနောက်သားများတို့ သည်လည်း မည်သည့်အခါမျှ ဒီမိုကရေစီအခွင့်အရေးများမဆုံးရှုံးစေရဟူသောမူဖြင့်ခိုင်မာသော ဒီမိုကရေစီအုတ်မြစ်ကို ချထားမည် . . .

(က) နိုင်ငံတော်အာဏာသည် ပြည်သူလူထုထံမှသက်ဆင်းစေရမည်၊
(ခ) အာဏာရှင်စနစ်နှင့်ပြည်သူလူထုကိုဖိနှိပ်ချုပ်ချယ်သည့်နိုင်ငံရေးစနစ်မျိုး ထွန်းကားခြင်းမရှိစေရ၊
(ဂ) နိုင်ငံအာဏာကို ပါတီစုံအထွေထွေရွေးကောက်ပွဲများဖြင့်ထူထောင်ရာတွင်၊ ဒီမိုကရေစီအခြေခံမူများနှင့် အညီအရွယ်ရောက်သူနိုင်ငံသားတိုင်းဆန္ဒမဲပေးခွင့်နှင့်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်များရှိရမည်၊
(ဃ) နိုင်ငံရေးပါတီများသည်တိုင်းပြည်အတွက်လုပ်ဆောင်ချက်အများအပြားရှိသည့်အနက်၊ အနာဂတ်ကာလ အတွက်ခေါင်းဆောင်များကိုမျိုးစေ့ချရာ၊ သီးပွင့်စေရာ၊ မြေတောင်မြှောက်ပေးရာ ပျိုးခင်းများဖြစ်သည်ဟူ၍လည်း ကောင်း၊ အုပ်ချုပ်ရေးအဖွဲ့နှင့်ဥပဒေပြုအဖွဲ့သို့ အများပြည်သူများကိုယ်စား ပေါင်းကူးတံတားသဖွယ် တာဝန် ထမ်းဆောင်ကြသည်ဟူ၍လည်းကောင်း၊ အာဏာပိုင်တဖွဲ့ဖွဲ့ကဖြစ်စေ၊ ပုဂ္ဂိုလ်တဦးဦးကဖြစ်စေအာဏာကို မတရားကျူးကျူးလွန်လွန်အသုံးချမှုကို ဟန့်တားကန့်သတ်နိုင်သော ကိရိယာများဖြစ်ကြသည်ဟူ၍လည်း ကောင်း ယုံကြည်သည်၊
(င) ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး၏အဓိကအခြေခံဖြစ်သော ရွေးကောက်တင်မြှောက်ပွဲများကို လွတ်လပ်၍ တရားမျှတစွာကျင်းပရေးအတွက်လည်းကောင်း၊ နိုင်ငံတော်အာဏာ၏မူလပိုင်ရှင်များဖြစ်ကြသော ပြည်သူလူထု ကြီး၏ လူမှုဘဝဖွံ့ဖြိုးသာယာရေးအတွက် သူတပါး၏အကျိုးကိုမထိခိုက်စေဘဲ၊ စည်းကမ်းရှိစွာဖြင့်ဒီမိုကရေစီ ကိုအခြေခံ၍တည်ဆောက်ရန်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း၊ နိုင်ငံသားတိုင်းသည် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ တွေးခေါ်ခွင့်၊ ရေးသားဟောပြောခွင့်၊ စည်းရုံးခွင့်နှင့် အသက်မွေးဝမ်းကျောင်း ပြုပိုင်ခွင့်၊ လွတ်လပ်ခွင့်စသောအခြေခံပိုင်ခွင့်များအပြည့်အဝ ခံစားခွင့်ရှိစေရမည်၊

(စ) အခြေခံလူ့အခွင့်အရေးများကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌အတိအလင်းအာမခံမည်။ လူ့အခွင့်အရေးများဆုံးရှုံးထိခိုက်နစ်နာမှုများအတွက် အခြေခံဥပဒေအရဖြစ်စေ၊ သို့တည်းမဟုတ် သီးခြားအထူးဥပဒေ ပြဋ္ဌာန်း၍ဖြစ်စေ၊ တရားရုံးများ၌ တရားစွဲဆိုခွင့်ရရှိရန်ပြဋ္ဌာန်းမည်။

၈။ ပြည်သူ့လွှတ်တော်သည် ဥပဒေနှင့်အညီ၊ ပြည်သူ့ဆန္ဒနှင့်အညီ ဒေါပေါက်တည်ထောင်ခြင်းဖြစ်ရကား၊ ဤပြည်သူ့လွှတ်တော်၌ အချုပ်အခြာအာဏာကျင့်သုံးနိုင်ခွင့်သည်အကြွင်းမဲ့ရှိစေရမည်။

၉။ ပြည်သူ့လွှတ်တော်သည် အကြွင်းမရှိသောအချုပ်အခြာအာဏာကို အောက်ပါမူများအရကျင့်သုံးမည် . . .

(က) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူ၍ အပိုင်း(၃)ပိုင်းကန့်သတ်ထားရှိပြီး၊ တပိုင်းစီသည် ဘာသာရပ်အလိုက်ရပ်တည်၍ တပိုင်းကတပိုင်းအပေါ် စွက်ဖက်ခြင်းများမရှိစေရ၊

(ခ) ဥပဒေများကိုပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းစသည့်လုပ်ငန်းများဆောင်ရွက်ရာ၌ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းစသောလောကပါလတရားတို့နှင့်အညီအညွတ်ဖြစ်စေရမည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရှိလာလျှင် ဤအခြေခံဥပဒေနှင့်အညီဖြစ်စေရမည်။

(ဂ) နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားသည် ပြည်သူလူထုကြီးအားဖိနှိပ်သည့်ကိရိယာမဖြစ်စေဘဲ၊ ပြည်သူလူထုကြီး၏ အကျိုးစီးပွားကိုသယ်ပိုးဖြည့်ဆည်းကာကွယ်ပေးမည့် အရည်အသွေးမှီစီမံခန့်ခွဲမှုယန္တရားဖြစ်စေရမည်၊

(ဃ) နိုင်ငံသားတိုင်းသည် ကိုးကွယ်ရာဘာသာမရွေး၊ ယောကျ်ားမိန်းမမရွေး၊ ရာထူးဌာန္တရမရွေး၊ လူမျိုးဇာတိမခွဲခြားဘဲ၊ နိုင်ငံတော်တရားဥပဒေအရာတွင်အညီအမျှဖြစ်စေရမည်။ မိမိတို့၏အခြေခံလူ့အခွင့်အရေးများဆုံးရှုံးခြင်းမရှိစေရ။ အထူးသဖြင့် . . .

(၁) တရားစီရင်ရေးမဏ္ဍိုင်သည် ဒီမိုကရေစီသဘောတရား၊ အခြေခံလူ့အခွင့်အရေးများနှင့် ကိုက်ညီ၍ ဥပဒေပြုမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နှင့် တူညီသောအဆင့်အတန်းဖြင့်လွတ်လပ် စွာတည်ရှိစေရမည်။

(၂) တရားရုံးချုပ်သည် မိမိလက်အောက်ရှိတရားရုံးများကို လွတ်လပ်ပိုင်နိုင်စွာကွပ်ကဲပိုင်ခွင့်ရှိစေရမည်၊

(၃) တရားစစ်ဆေးခြင်းနှင့်ဆုံးဖြတ်ခြင်းများကို အများပြည်သူတို့ရှေ့မှောက်တွင်ဆောင်ရွက်ရမည်။ စွပ်စွဲခံရသူအား တရားဥပဒေနှင့်အညီခုခံပိုင်ခွင့်အပြည့်အဝပေးမည်၊

(၄) တရားသူကြီးများသည် ဥပဒေနှင့်အညီလွတ်လပ်စွာတရားစီရင်ခွင့်ရှိစေရမည်။ ပြင်ပစွက်ဖက်မှုများမရှိစေရ။

၁၀။ နိုင်ငံတကာဆက်ဆံရေးတွင် လွတ်လပ်သောနိုင်ငံခြားရေးဝါဒကိုကျင့်သုံးမည်။ အထူးအားဖြင့် အောက်ပါတို့ကိုဖော်ဆောင်သွားမည် . . .

(က) မည်သည့်နိုင်ငံနှင့်မဆို တနိုင်ငံ၏နယ်မြေတည်တံ့မှုနှင့်အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုတနိုင်ငံက လေးစားရန်၊ တနိုင်ငံနှင့်တနိုင်ငံကျူးကျော်တိုက်ခိုက်မှုမပြုလုပ်ရန်၊ တနိုင်ငံနှင့်တနိုင်ငံပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ တနိုင်ငံနှင့်တနိုင်ငံတန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းမှုရှိရန်နှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန်ဟူသော၊ ၁၉၅၅ ခုနှစ်၊ ဗန်ဒေါင်း(အင်ဒိုနီးရှားနိုင်ငံ)မူကြီးငါးချက်နှင့်အညီ ချစ်ကြည်ရင်းနှီးစွာပေါင်းသင်းဆက်ဆံမည်။ အိမ်နီးချင်းနိုင်ငံများနှင့် အပြန်အလှန်နားလည်မှုရရှိ၍ အပြန်အလှန်အကျိုးဖြစ်ထွန်းအောင်ကြိုးစားပြီး၊ အိမ်နီးချင်းကောင်းပီပီ ချစ်ကြည်ရင်းနှီးစွာပေါင်းသင်းဆက်ဆံမည်၊

(ခ) အထီးကျန်မှုဝါဒကိုမကျင့်သုံးဘဲ၊ ကမ္ဘာ့ရေးရာများတွင်မိမိတို့တိုင်းပြည်အနေနှင့် မှန်ကန်သည်ဟုယူဆသောဘက်မှ နီးကြားတက်ကြွစွာရပ်တည်ဆောင်ရွက်မည်၊

(ဂ) တူညီသောရည်ရွယ်ချက်ဖြင့်၊ လှုပ်ရှားဆောင်ရွက်လျက်ရှိသောအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားမည်။ အထူးသဖြင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စီမံကိန်းများတွင် ဒေသ၏အကျိုးနှင့် မိမိနိုင်ငံတော်၏အကျိုးကိုဦးတည်၍ လက်တွဲဆောင်ရွက်မည်၊

(ဃ) ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့စသည့်တို့နှင့် ရင်းနှီးခိုင်မာစွာဆက်ဆံမည်။

**နိုင်ငံတော်ကာကွယ်ရေး။**

၁၁။ (က) တပ်မတော်သည် ပြည်သူတို့မှပေါက်ဖွားလာပြီး၊ နိုင်ငံတော်နှင့်ပြည်သူတို့အတွက် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလေးစားလိုက်နာသော၊ ပြည်သူလူထုဘက်မှရပ်တည်သော၊ ပြည်သူတို့အားထားရသော၊ ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသော၊ ပြည်သူတို့ချစ်ခင်သော တပ်မတော်ဖြစ်စေရမည်၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ပထဝီအခြေအနေနှင့်ကိုက်ညီသည့် မဟာဗျူဟာအရကျင့်သုံးသောခေတ်မီတပ်မတော်အဖြစ် တည်ဆောက်မည်၊

(ဂ) ကျဆုံးသွားသောစစ်မှုထမ်းနှင့်ယင်းမိသားစုများ၊ စစ်မှုထမ်းဟောင်းများနှင့် ယင်းမိသားစုများ၏အကျိုးစီးပွားတို့အတွက် သင့်လျော်သောအစီအစဉ်များဆောင်ရွက်ပေးမည်။

## စီးပွားရေး။

၁၂။ ပြည်သူ့လွှတ်တော်ကရွေးချယ်လိုက်သောအစိုးရအဖွဲ့သစ်အနေဖြင့်၊ တာဝန်ယူရသည့်ပါတီသည် မည်သည့်ဘဏ္ဍာရေးအခြေအနေမျိုးနှင့်စတင်ရင်ဆိုင်ရမည်ကိုမခန့်မှန်းနိုင်ပေ။ သို့ဖြစ်ရာရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုထက် လောလောဆယ်၊ ရေတိုစီးပွားရေးပြန်လည်ထူထောင်မှုနှင့်တည်ငြိမ်မှုတို့ကို ပိုမိုအာရုံစိုက်ဆောင်ရွက်ရလိမ့်မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကယူဆထားပါသည်။ ထို့ကြောင့် ယင်းယူဆချက်အရ . . .

(က) ကုန်ဈေးနှုန်း၊ ငွေကြေးနှင့်အလုပ်အကိုင်များ တည်ငြိမ်မှုတို့ကိုဦးစားပေးဆောင်ရွက်မည်။ ပြည်တွင်းငွေကြေးကို ပြည်သူအများကယုံကြည်စိတ်ချအောင်ဆောင်ရွက်မည်၊

(ခ) သင့်တင့်လျောက်ပတ်သောဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒတို့ကိုချမှတ်၍ အစိုးရ၏ဘတ်ဂျက်ကိုပိုင်နိုင်စွာကွပ်ကဲဆောင်ရွက်သွားမည်၊

(ဂ) မြန်မာငွေနှင့်နိုင်ငံခြားငွေများလဲလှယ်ရေးနှုန်းတို့ကိုပြန်လည်သုံးသပ်၍ လိုအပ်သလိုပြင်ဆင်သွားမည်၊

(ဃ) အားဖြည့်လောင်စာများ၊ ပို့ဆောင်ရေးယာဉ်များ၊ ကုန်ဈေးနှုန်းကျဆင်းရေးတွင်အထောက်အကူပြုမည့်ပစ္စည်းများကို ဦးစားပေးသွင်းကုန်များအဖြစ်တင်သွင်းမည်၊

(င) နိုင်ငံခြားပို့ကုန်အမျိုးအစားမျိုးစုံအောင် ကြိုးပမ်းအားပေးမည်၊

(စ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ ဆတိုးတိုးပွားလာရန်အလို့ငှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ပေးမည်၊

(ဆ) နိုင်ငံခြားကြွေးမြီးလျှော့ပေါ့ရေးနှင့် အကူအညီများထပ်မံရရှိရေးကို ကြိုးပမ်းမည်၊

(ဇ) စီးပွားရေးလုပ်ငန်းတို့ကိုချုပ်ချယ်ထားသောဥပဒေများ၊ အမိန့်များ၊ စည်းမျဉ်းများနှင့်အခြားကန့်သတ်ကွပ်ကဲမှုတို့ကို ပြန်လည်သုံးသပ်၍ ပြင်ဆင်တန်ပြင်၊ ဖျက်သိမ်းတန်ဖျက်ဆောင်ရွက်မည်၊

(ဈ) ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအတွက်အကျိုးရှိအောင် လက်ရှိအခွန်စနစ်အရပ်ရပ်တို့ကိုပြန်လည်သုံးသပ်၍ ပြင်ဆင်မည်၊

(ည) စီးပွားရေးအစိတ်အပိုင်းအသီးသီးသည် ဈေးကွက်စီးပွားရေးကိုတင်းပြည့်ကျပ်ပြည့်အခြေခံကြရမည်။ အထူးသဖြင့် ပုဂ္ဂလိကပိုင်စီးပွားရေးကိုအလျင်အမြန်ဖွံ့ဖြိုးတိုးတက်အောင် အားပေးမည်၊

(ဋ) ကမ္ဘာလှည့်ခရီးလုပ်ငန်းကိုပိုမိုတိုးတက်အားပေးသွားပြီး အဆင်ပြေချောမွေ့ပြေပြစ်အောင် ဆောင်ရွက်မည်။

## စက်မှုလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း။

၁၃။ (က) အထက်ပါကဏ္ဍအသီးသီး၌ ပြည်သူပိုင်အဖြစ်သိမ်းပိုက်ထားသောစီးပွားရေးလုပ်ငန်းများကို မူလပုဂ္ဂလိကစီးပွားရေးလုပ်ငန်းပိုင်ရှင်များလက်သို့ ပြန်လည်လွှဲပြောင်းပေးရေးနှင့် ပုဂ္ဂလိကမလုပ်ကိုင်နိုင်သည့်စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က ပြည်ပစီးပွားရေးအသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ငွေကြေးအရင်းအနှီးများကိုရယူပြီး လုပ်ကိုင်ဆောင်ရွက်သွားမည်၊

(ခ) စီးပွားရေးလုပ်ငန်းတို့ကို ပြည်သူပိုင်သိမ်းယူမည်မဟုတ်။ ငွေကြေးကို တရားဝင်ငွေအဖြစ်ရပ်စဲခြင်းများ ပြုလုပ်မည်မဟုတ်ပါ။

(ဂ) သတ္တုနှင့်ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်မှုနှင့်ရောင်းချမှုများကို ဥပဒေပြဋ္ဌာန်း၍ ဖက်စပ်နှင့်ပုဂ္ဂလိကလုပ်ပိုင်ခွင့်များ ဆောင်ရွက်ခွင့်ပေးမည်၊

(ဃ) တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလို့ငှာ လက်ဝယ်ထားရှိအပ်သောလုပ်ငန်းများကို ချက်ချင်းစွန့်လွှတ်လိုက်ရသဖြင့် ပြည်တွင်းစီးပွားရေးပျက်ပြားပြီး အလုပ်လက်မဲ့တိုးပွားစေမည့်လုပ်ငန်းအမျိုးအစားမှအပ၊ ကျန်ရှိသောပြည်သူပိုင်လုပ်ငန်းများကို ထုခွဲရောင်းချဖျက်သိမ်းပစ်မည်။ ချက်ချင်းထုခွဲရောင်းချ ခြင်းမပြုနိုင်သောပြည်သူပိုင်စက်ရုံ၊ အလုပ်ရုံများအတွက် ပြည်သူပိုင်လုပ်ငန်းတို့၏အရင်းအနှီးနှင့်လုပ်ငန်းဖွဲ့စည်းပုံကို ခေတ်အခြေအနေနှင့်လျော်ညီစွာပြင်ဆင်လုပ်ဆောင်သွားမည်။ မလိုအပ်သောအပိုကုန်ကျမှုများကို တင်းကျပ်စွာတားဆီးဆောင်ရွက်မည်၊

(င) ပေးဆပ်ရန်ရှိသောပြည်ပကြွေးမြီများကို ကာလအကန့်အသတ်ဖြင့်ဆိုင်းငံ့ထားပေးရန်ဆောင်ရွက်ရင်း၊ နိုင်ငံပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာငွေကြေးအကူအညီသစ်များကို ထပ်မံရရှိအောင်ဆောင်ရွက်သွားမည်။

(စ) ဈေးကွက်စီးပွားရေးဝါဒအရ၊ မိမိနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအကျိုးပြုစေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုခွင့်ပြုမည်။

(ဆ) နိုင်ငံတော်ကတရားဝင်ထုတ်သောငွေကြေးများကို နိုင်ငံတော်ကလုံးဝတာဝန်ယူခြင်းဖြင့်ပြည်သူများကယုံကြည်စိတ်ချမှုအပြည့်အဝရှိစေရမည်။

(ဇ) တိုင်းပြည်သစ်တည်ဆောက်ရေးပိုင်းတွင် – မျိုးဆက်သစ်များ၏ပညာရေးပိုင်းတွင်လည်းကောင်း၊ စီးပွားကုန်သွယ်ရေးအပိုင်းတွင်လည်းကောင်း၊ စိုက်ပျိုးရေးအားပြုသောအခြားလုပ်ငန်းကြီးများတွင်လည်းကောင်း၊ လူထုဆက်သွယ်ရေးကဏ္ဍတွင်လည်းကောင်း ခေတ်မီတိုးတက်သောနည်းပညာ၊ အတတ်ပညာများကျယ်ပြန့်စွာသုံးစွဲလာစေရန်ကြိုးပမ်းမည်။

## ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ။

၁၄။ (က) ကုန်ဈေးနှုန်းများကျဆင်းမှုကိုရှေ့ရှု၍၊ ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့စေရန်၊ ပို့ဆောင်ရေးကဏ္ဍကိုအတတ်နိုင်ဆုံးပြုပြင်တိုးချဲ့သွားမည်။

(ခ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်မှုနောက်ကျနေသောဒေသများဖွံ့ဖြိုးအောင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကိုပြုပြင်တိုးချဲ့သွားမည်။

(ဂ) ဆက်သွယ်ရေးလုပ်ငန်းများလျင်မြန်ပြီးချောမွေ့စေရန် လိုအပ်သလိုနှင့်အခြေအနေပေးသလို ပြုပြင်တိုးချဲ့သွားမည်။

(ဃ) လေကြောင်းလုပ်ငန်းကို နိုင်ငံခြားကုမ္ပဏီတို့နှင့်ဖက်စပ်ထူထောင်သွားမည်။

## လယ်ယာကဏ္ဍ။

၁၅။ လယ်ယာလုပ်ငန်းနှင့် တောင်သူလယ်သမားတို့၏လယ်ယာစီးပွားရေးဖွံ့ဖြိုးမှုတိုးတက်လာစေရန် အောက်ပါမြေယာမူဝါဒနှင့်အညီဆောင်ရွက်သွားမည် . . .

(က) လယ်လုပ်သူ တောင်သူလယ်သမားတိုင်းသည်၊ မြေယာပိုင်ဆိုင်ခွင့် လွှဲပြောင်းပိုင်ခွင့်ရှိစေရမည်။ မြေရှင်ကြီးစနစ်ပြန်လည်သက်ဝင်မလာစေရန် ဥပဒေဖြင့်တားမြစ်မည်။

(ခ) လယ်ယာထွက်သီးနှံဈေးနှုန်းသည် ဈေးကွက်စီးပွားရေးကိုအခြေခံသော ထုတ်လုပ်မှုစရိတ်နှင့် တောင်သူလယ်သမားတို့၏လူနေမှုစရိတ်တို့ကိုကာမိသောဈေးနှုန်းသည် အနိမ့်ဆုံးဈေးနှုန်းအဖြစ် တပိုင်းတွင်အာမခံ၍၊ အခြားတပိုင်းတွင် နိုင်ငံတကာဈေးကွက်ပေါက်ဈေး၊ ပြည်တွင်းပေါက်ဈေးတို့နှင့်လည်း ညှိနှိုင်းမည်။

(ဂ) လွတ်လပ်စွာစိုက်ပျိုးခြင်း၊ လွတ်လပ်စွာသိုလှောင်ခြင်း၊ လွတ်လပ်စွာကြိတ်ခွဲခြင်း၊ လွတ်လပ်စွာသယ်ယူပို့ဆောင်ခြင်း၊ လွတ်လပ်စွာရောင်းချခြင်းတို့ကိုခွင့်ပြုမည်။

(ဃ) ဘဏ္ဍာရေးအခြေအနေကိုထောက်ဆကာ၊ လယ်ယာမြေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတို့အတွက် ကာလတို၊ ကာလရှည်ချေးငွေ၊ အမတော်ကြေးငွေများကိုထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးဘဏ်စနစ်ကို တို့ချဲ့ ဆောင်ရွက်မည်။

(င) ဘဏ္ဍာရေးအခြေအနေကိုထောက်ဆကာ၊ မြေလွတ်မြေရိုင်းများတိုးချဲ့ရေးလုပ်ငန်းများကို အထူးအားရုံစိုက်ဆောင်ရွက်မည်။

(စ) ဘဏ္ဍာရေးအခြေအနေကိုထောက်ဆကာ၊ မျိုးကောင်းမျိုးသန့်အထွက်တိုးမျိုးစပါးများအလွယ်တကူ ရရှိရေးနှင့်စိုက်ပျိုးနိုင်ရေးကိုအားပေးကူညီမည်။
(ဆ) ဘဏ္ဍာရေးအခြေအနေကိုထောက်ဆကာ၊ ဓါတ်မြေဩဇာအလုံအလောက်ရရှိရေးအတွက် ဖြစ်နိုင်သမျှဆောင်ရွက်ပေးမည်။
(ဇ) ဘဏ္ဍာရေးအခြေအနေကိုထောက်ဆကာ၊ စက်မှုလယ်ယာလုပ်ငန်းနှင့်ပတ်သက်သော ခေတ်မီစိုက်ပျိုးရေးနည်းပညာဆိုင်ရာစက်ပစ္စည်းကိရိယာများထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်မည်။
(ဈ) လယ်ယာစိုက်ပျိုးရေးတွင် ဆန်စပါးနှင့်စက်မှုကုန်ကြမ်းထုတ်လုပ်မှုကိုသာ ကန့်သတ်မထားဘဲ၊ နိုင်ငံခြားငွေပိုမိုရရှိမည့် အခြားသီးနှံများပြောင်းလဲစိုက်ပျိုးရေးကိုလည်းအားပေးသွားမည်။
(ည) ပုဂ္ဂလိကစက်မှုလယ်ယာနှင့် နှစ်ရှည်ပင်များစိုက်ပျိုးမှုအတွက် မြေလွတ်မြေရိုင်းများတိုးချဲ့ဖော်ထုတ်၍ ဂရန်ကိုခွင့်ပြုမည်။
(ဋ) ခေတ်မီစိုက်ပျိုးရေးနည်းပညာသည်များတိုးတက်ပြန့်ပွားရေးကိုရှေးရှု၍ နိုင်ငံတကာအဆင့်မီစေရန်၊ ပညာရှားမှီးနိုင်ရေးအတွက် အလေးထားဆောင်ရွက်မည်။
(ဌ) လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေ၊ သီးစားချထားရေးဥပဒေ၊ တောင်သူလယ်သမားများအခွင့်အရေးကာကွယ်မှုဥပဒေတို့ကို ပြန်လည်သုံးသပ်မည်။

## သစ်တောကဏ္ဍ။

၁၆။ မြန်မာနိုင်ငံသစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက်အောက်ပါမူဝါဒများနှင့်အညီဆောင်ရွက်သွားမည် . . .
(က) သစ်တောလုပ်ငန်းကို သစ်တောမပြုန်းတီးစေရန်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားရန် နိုင်ငံတော်ကသာစီမံခန့်ခွဲသွားမည်။
(ခ) သစ်နှင့်သစ်တောထွက်ပစ္စည်းများကို ပြည်သူများအိမ်သုံးအဖြစ်သုံးစွဲနိုင်ခွင့်ကိုစနစ်တကျစီမံဆောင်ရွက်ပေးမည်။
(ဂ) ကျွန်းသစ်ထုတ်လုပ်ရေး၊ အခြေခံသစ်မာများထုတ်လုပ်ရေး၊ နိုင်ငံခြားရောင်းချရေးလုပ်ငန်းများကိုပညာရှင်များနှင့်ပြန်လည်ညှိနှိုင်းသုံးသပ်ပြီး စနစ်တကျစီမံဆောင်ရွက်ပေးမည်။
(ဃ) သစ်တောများပြုန်းတီးမှုမရှိစေရန် မြေဆီမြေလွှာထိန်းသိမ်းရေး၊ ပြန်လည်ပျိုးထောင်ရေး၊ သစ်တောကြိုးဝိုင်းများစနစ်တကျဖြစ်ရေးတို့ကို ရေရှည်စီမံချက်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။
(င) ပြည်တွင်းသုံးသစ်မာနှင့်သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းအထောက်အကူပြုသစ်များ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးတို့ကိုပြန်လည်သုံးသပ်ပြီး တိုးချဲ့ဆောင်ရွက်သွားမည်။
(စ) သစ်လုပ်ငန်းနှင့်ပတ်သက်သော စက်ကိရိယာနှင့်အပိုပစ္စည်းများ၊ တိုးတက်သောသိပ္ပံဆိုင်ရာ၊ နည်းပညာဆိုင်ရာအထောက်အကူပြုများရရှိမှုတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးရှိအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်သွားမည်။
(ဆ) သစ်တောနှင့်သစ်တောထွက်ပစ္စည်းများအပေါ်တွင်မှီခိုနေသော စီးပွားရေးလုပ်ငန်းရှင်များ၊ အလုပ်သမားများ၊ ပြည်သူအများ၏တနိုင်တပိုင်သုံးစွဲခွင့်များနှင့်ပတ်သက်၍ သင့်တင့်မျှတသောစည်းကမ်းနည်းလမ်းများချမှတ်၍ ခံစားပိုင်ခွင့်ပြုမည်။
(ဇ) ပုဂ္ဂလိကပိုင်ဆိုင်ရာသစ်စက်များ၊ ထုတ်လုပ်သူများ၊ သစ်တောထွက်ပစ္စည်းများမှကုန်ချောထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခွင့်၊ ဖြန့်ဖြူးခွင့်၊ ပြည်တွင်း/ပြည်ပသို့ရောင်းချခွင့်ကိုလည်း ဥပဒေနှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်ပေးမည်။

## သားငါးကဏ္ဍ။

၁၇။ သားငါးလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးစေရန်အတွက် ပြည်တွင်းသားငါးမပြုန်းတီးရေး၊ ကမ်းနီးကမ်းဝေး ငါးများမပြုန်းတီးရေး၊ ပြည်သူလူထု၏အာဟာရဓါတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရေလုပ်ငန်းလုပ်သားများ၏ အသက်မွေးဝမ်းကျောင်းပညာများဖွံ့ဖြိုးရေးတို့ကိုအလေးပေး၍ အောက်ပါတို့ကိုဆောင်ရွက်မည် . . .

(က) ပြည်တွင်းသားငါးမွေးမြူရေး၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ခွင့်ကို ပုဂ္ဂလိကအား ဦးစားပေးစနစ်ဖြင့် ဆောင်ရွက်ခွင့်ပေးမည်။
(ခ) ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများကို ပုဂ္ဂလိကဦးစားပေးစနစ်ဖြင့်လုပ်ကိုင်နိုင်ရန် အားပေးဆောင်ရွက်၍၊ ၎င်းတို့မလုပ်ကိုင်နိုင်သည့်လုပ်ငန်းများကို နိုင်ငံတော်သမဝါယမနှင့်ဖက်စပ်စနစ်များဖြင့် ဆောင်ရွက် သွားမည်။
(ဂ)ထုတ်လုပ်မှု၊ စည်သွတ်မှု၊ ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်မှုလုပ်ငန်းများအတွက်လည်းကောင်း၊ ပြည်ပ တင်ပို့ရောင်းချမှုအတွက်လိုအပ်သော စက်ကိရိယာကျွမ်းကျင်မှု၊ ထုပ်ပိုးထုတ်လုပ်မှုအရင်းအနှီးများနှင့် နည်း ပညာအကူအညီများရရှိနိုင်ရေးအတွက်လည်းကောင်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေး မည်။
(ဃ) သားငါးများစည်းသွတ်လုပ်ငန်း၊ နိုင်ငံခြားသို့အဆင့်အတန်းမီပို့နိုင်ရန်နည်းပညာများရရှိရေးနှင့် ခေတ်မီ ကမ်းရိုးတန်းငါးဖမ်းသင်္ဘောများသုံးစွဲနိုင်ရေးတို့ကို အားပေးမည်။

ပညာရေး။

၁၈။ (က) အခြေခံပညာရေးတွင် မူလတန်းအဆင့်အထိ၊ မသင်မနေရပညာရေးစနစ်နှင့် အခမဲ့ပညာရေးစနစ် တို့ကို နိုင်ငံတော်၏ဘဏ္ဍာငွေကြေးအခြေအနေအရ၊ အဆင့်ဆင့်အကောင်အထည်ဖော်သွားမည်။
(ခ)အသက်မွေးဝမ်းကျောင်းပညာနှင့်အဆင့်မြင့်နည်းပညာဆိုင်ရာဘာသာရပ်တို့ကိုခွဲခြားသင်ကြားစေမည်။
(ဂ) တိုင်းပြည်၏ကဏ္ဍအသီးသီးကို အဖက်ဖက်ကခေတ်မီစေရန်နှင့် တက္ကသိုလ်များ၏အဆင့်မြင့်မားတိုးတက် ရေးကိုရှေ့ရှု၍ ပြည်ပသို့ပညာသင်များပိုမိုစေလွှတ်မည်။ ပြည်ပနိုင်ငံများနှင့်ဆရာများ၊ ပညာသင်များ ပိုမိုဖလှယ် မည်။ ပြည်ပမှကျွမ်းကျင်သူများကို ပိုမိုဖိတ်ခေါ်လေ့ကျင့်စေမည်၊
(ဃ) နိုင်ငံတော်ကချမှတ်သောပညာရေးမူဝါဒ စီမံကိန်းတို့နှင့်အညီ အခြေခံပညာရေးမှ တက္ကသိုလ်ပညာရေး အထိ ဆရာ၊ မိဘ၊ ကျောင်းသားကိုယ်စားလှယ်များ၏ညှိနှိုင်းဆောင်ရွက်မှုစနစ်ကို ကျောင်းများတွင်ကျင့်သုံး သွားမည်။

ကျန်းမာရေး။

၁၉။ (က) အဓိကအားဖြင့်ပြည်သူလူထုကျန်းမာရေးအတွက် အနာရောဂါကြိုတင်ကာကွယ်ရေးကိစ္စများကို လိုအပ်သလိုစီမံချက်ချမှတ်၍ဆောင်ရွက်သွားမည်။
(ခ) အစိုးရဆေးရုံများတွင် အနာရောဂါကုသရေးအတွက်လိုအပ်သောဆေးဝါးများကို လုံလောက်အောင်ရရှိနိုင် စေရန် အထူးအလေးထားစီစဉ်ဆောင်ရွက်မည်။
(ဂ) အစိုးရဆေးရုံများတွင် အဖက်ဖက်၌ယိုယွင်းချို့တဲ့နေသောအခြေအနေများကိုဖြေရှင်း၍၊ ဆေးရုံ၏အင်္ဂါရပ် များနှင့်ညီညွတ်သောအခြေအနေသို့ရောက်ရှိအောင် ဆောင်ရွက်မည်။
(ဃ) ပုဂ္ဂလိကဆေးကုခန်းများကိုလည်း ဥပဒေနှင့်အညီဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုမည်။
(င) ပုဂ္ဂလိကကျန်းမာရေးအာမခံလုပ်ငန်းကို အားပေးမည်။
(စ) အားကစားနှင့်ကာယပညာကိုနိုင်ငံတော်ကအားပေး၍ အပြည်ပြည်ဆိုင်ရာအားကစားပြိုင်ပွဲများတွင် အဆင့် အတန်းမြင့်မားစွာပါဝင်နိုင်ရန်အတွက် လိုအပ်သောလေ့ကျင့်မှုများပြုလုပ်ပေးမည်။
(ဆ) ဆေးကုသနည်း၊ ဆေးပညာများနှင့်စပ်လျဉ်း၍ တိုးတက်သောခေတ်မီနည်းပညာအထောက်အကူများရရှိ ရေးတို့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်နိုင်ငံခြားတိုင်းပြည်အသီးသီးရှိဆေးပါရဂူများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်သွားမည်။

လူမှုရေး။

၂၀။ (က) မိဘမဲ့ကလေးများ၊ အရွယ်မရောက်သေးသောလေလွင့်နေသူကလေးများနှင့် အစွန့်ပယ်ခံကလေးများ ကို နိုင်ငံတော်ကအထူးအာရုံစိုက်စောင့်ရှောက်၍ပညာသင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ဖန်တီးပေးခြင်းများ ဆောင်ရွက်မည်။

(ခ) အိုမင်းမစွမ်းရှိသူများအားစောင့်ရှောက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကစေတနာရှင်များက ပံ့ပိုးကူညီရန် ဆောင်ရွက်မည်။
(ဂ) အမျိုးသမီးများစောင့်ရှောက်ရေးကိစ္စများကို အစိုးရကလိုအပ်သလိုပံ့ပိုးကူညီမည်။
(ဃ) လူမှုဖူလုံရေးလုပ်ငန်းများကို အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်း၍ ဆောင်ရွက်သွားမည်။

ယဉ်ကျေးမှု။

၂၁။ (က) အမျိုးသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ မတိမ်ကောစေရန်နှင့်ဖွံ့ဖြိုးတိုးတက်စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည်။
(ခ) နိုင်ငံအချင်းချင်း ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များကို ပူးပေါင်းဆောင်ရွက်သွားမည်။

တိုင်းရင်းသားလူမျိုးများ။

၂၂။ တိုင်းရင်းသားလူမျိုးအသီးသီးသည် မိမိတို့ရပိုင်ခွင့်များနှင့်တာဝန်ယူမှုတို့တွင် တန်းတူရည်တူရှိစေရမည်။ ထို့ပြင် . . .
(က) တိုင်းရင်းသားလူမျိုးများအားလုံးလက်တွဲမဖြုတ်စတမ်းသွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေးကို ဦးတည်ရှေ့ရှုမည်။
(ခ) ပြည်ထောင်စုဘွား၊ တိုင်းရင်းသားလူမျိုးအားလုံး၏အခွင့်အရေးတန်းတူရည်တူမှုကိုလက်ခံလျက် မည်သည့်လူမျိုးကိုမျှအထူးအခွင့်အရေးမပေးရေးနှင့် လူမျိုးနွယ်၊ လူမျိုးစုအားလုံး၏ ခံစားထိုက်၊ ခံစားအပ်သော မည်သည့်အခွင့်အရေးကိုမျှချုပ်ချယ်ကန့်သတ်မှုမပြုရေးကို ဦးတည်ရှေ့ရှုမည်။
(ဂ) တိုင်းရင်းသားလူမျိုးအားလုံးသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးကဏ္ဍ စသောနယ်အသီးသီး၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီဦးတည်ရှေ့ရှုမည်။
(ဃ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်မပေါ်ပေါက်မီကြားကာလအစီအစဉ်ဖြင့် ပြည်သူ့လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ရှိပြီးပြည်နယ်များအတွက် အာဏာပိုင်အဖွဲ့များဖွဲ့စည်းပေးမည်။
(င) နယ်ပယ်အသီးသီး၌ တိုင်းရင်းသားလူမျိုးအချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ ကူညီယိုင်းပင်းမှု၊ ဝိုင်းဝန်းပံ့ပိုးမှုဖြင့် ပြည်ထောင်စုကြီးတခုလုံးနှင့် ပြည်ထောင်စုကြီး၏ပြည်နယ်ဒေသအစိတ်အပိုင်းအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ရှေ့ရှုမည်။
(စ) ဒီမိုကရေစီစနစ်အောင်မြင်စွာတည်ဆောက်နိုင်ချိန်တွင် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တိုင်းရင်းသားလူမျိုးအားလုံးသွေးစည်းညီညွတ်ရေးတည်းဟူသော၊ ဒီမိုကရေစီလူ့ဘောင်၏အခြေခံအုတ်မြစ်ကြီးများကို အခိုင်အမာချနိုင်စေရန်အလို့ငှာ၊ ပင်လုံညီလာခံကဲ့သို့သော ပြည်ထောင်စုကြီး၏ အနာဂတ်ခရီးလမ်းညွှန်များကိုချမှတ်နိုင်မည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသားညီညွှတ်ရေးညီလာခံတရပ်ကို ခေါ်ယူကျင်းပမည်။
(ဆ) တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းရှောက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်စေခွင့်ရှိစေရမည်။
(ဇ) တိုင်းရင်းသားလူမျိုးများသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားလူမျိုးများအားလုံးစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီထွန်းကားရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စအစရှိသည်များကို ပြည်ထောင်စုတခုလုံးအတိုင်းအတာဖြင့် ပါဝင်ဆောင်ရွက်စေရမည်။

လက်နက်ကိုင်တိုက်ခိုက်မှုများကိုရပ်စဲရေး။

၂၃။ ပြည်ထောင်စုမြန်မာနိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေး၊ ဒီမိုကရေစီထွန်းကားရေး၊ အခြေခံလူ့အခွင့်အရေးများ တန်းတူရည်တူရရှိခံစားရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခွင့်အရေးများတန်းတူညီမျှရရှိခံစားရေး၊ တိုင်းပြည်၏ယိုယွင်းနေသောအခြေအနေများ ပြန်လည်ထူထောင်ရာ

တွင် တိုင်းရင်းသားလူမျိုးများအားလုံးတက်ညီလက်ညီပါဝင်ဆောင်ရွက်နိုင်ရေးစသော အခြေခံမှုများကို လက်ကိုင်ထား၍၊ ပြည်ထောင်စုအတွင်း နှစ်ပေါင်း(၄၀)ကျော်တိုင်အောင် မပြီးဆုံး သေးသောလက်နက်ကိုင်တိုက်ခိုက်မှုများကို နိုင်ငံရေးနည်းလမ်းများဖြင့်ဖြေရှင်းအဆုံးသတ်စေမည်။

**စည်းရုံးဖွဲ့စည်းမှု။**

၂၄။ တောင်သူလယ်သမားများ၏ လယ်ယာကုန်ထုတ်လုပ်မှုနှင့်လူနေမှုဘဝမြှင့်တင်ရေးအတွက်လည်းကောင်း၊ အလုပ်သမားများ၏ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် လူနေမှုဘဝမြှင့်တင်ရေးအတွက်လည်းကောင်း၊ ကျောင်းသားလူငယ်များ၏ပညာရေးနှင့် ကာယ၊ ဉာဏ၊ ယဉ်ကျေးမှုတို့ပျိုးထောင်ဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ ယင်းတို့၏ စည်းရုံးဖွဲ့စည်းမှုများကို အောက်ပါအတိုင်းအားပေးသွားမည် . . .

(က) တောင်သူလယ်သမားများ ။ တောင်သူလယ်သမားသမဂ္ဂဖွဲ့စည်းရေးကိုအားပေးမည်။ တောင်သူလယ်သမားသမဂ္ဂများသည် အဖွဲ့အစည်းအနေဖြင့်ပါတီနိုင်ငံရေးမှကင်းရှင်း၍ တလုံးတစည်းတည်းသော အဖွဲ့အစည်းဖြစ်ရန်လိုသည်။ ပုဂ္ဂိုလ်တဦးချင်းအားဖြင့် မိမိကြိုက်နှစ်သက်ရာနိုင်ငံရေးပါတီတွင် ပါဝင်ခွင့်ရှိသည်။

(ခ) အလုပ်သမားများ၊ ဝန်ထမ်းများ ။ အလုပ်သမားများ၊ ဝန်ထမ်းများ၏သမဂ္ဂများဖွဲ့စည်း၍၊ ပါတီနိုင်ငံရေးနှင့်ကင်းရှင်းကာ အပြည်ပြည်ဆိုင်ရာအလုပ်သမားအစည်းအရုံးကြီး၏ ညီလာခံပြဋ္ဌာန်းချက်နှင့်အညီဖွဲ့စည်းကာ တလုံးတစည်းတည်းသောအဖွဲ့ဖြစ်ရန်လိုသည်။ သမဂ္ဂများသည် မိမိတို့၏တရားမျှတသော အခွင့်အရေးများကို တရားဥပဒေဘောင်အတွင်းမှအရေးဆိုပိုင်ခွင့်ရှိစေရမည်။ ထို့ပြင် . . .

(၁) အလုပ်ခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေးတို့တွင် ခန့်အပ်မည့်တာဝန်နှင့်ထိုက်တန်သော ပညာအရည်အချင်းနှင့်ပြည့်ဝသူတို့ကိုသာအရည်အချင်းစစ်ဆေးမှုအရ၊ အစဉ်အလိုက်တရားမျှတစွာဖြစ်စေရမည်။ အာဏာအရှိန်သုံး၍ ကြားဖြတ်ခန့်ထားသည့် အခွင့်အထူးခံအလေ့အထများကို တင်းကျပ်စွာတားမြစ်မည်။

(၂) အတတ်ပညာရှင်များ၊ အသိပညာရှင်များကို နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ နိုင်ငံတော်အဖွဲ့အစည်းများတွင်ခန့်ထားမည်။ စည်းကမ်းသတ်မှတ်ချက်ဖြင့်ပြည်ပနိုင်ငံများသို့လည်း သွားရောက်အလုပ် လုပ်ခွင့်ပြုမည်၊

(၃) အကြောင်းအမျိုးမျိုးကြောင့် အနစ်နာခံနေရသောဝန်ထမ်းများအတွက် ပြန်လည်စဉ်းစားမည်။

(၄) အလုပ်ရှင်အလုပ်သမားတို့၏ဝါဒဖြစ်ပဋိပက္ခဖြေရှင်းရေးသည်မျှတ၍တရားဥပဒေနှင့်အညီဖြစ်စေရမည်။

(ဂ) ကုန်သွယ်စီးပွားရေးသမားများ ။ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များ၊ ကုန်လမ်းရေလမ်းပို့ဆောင်ရေးလုပ်ငန်းရှင်များမှအစ၊ အိမ်တွင်းမှုလုပ်ငန်းရှင်များ၊ ကုန်သည်၊ ပွဲစား၊ ဈေးဆိုင်ရှင်များ၊ ခေါင်းရွက်ဗျတ်ထိုးဈေးသည်များနှင့် အနေးယာဉ်သမားများပါမကျန်ပါဝင်သော ကုန်သွယ် စီးပွားရေးသမားများကို စနစ်တကျစည်းရုံးဖွဲ့စည်း၍ တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ မိမိတို့ဘဝမြှင့်တင်မှုတို့အတွက် ပုဂ္ဂလိကကဏ္ဍမှတက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ရန်အားပေးမည်။ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ နည်းပညာများ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းများရှာဖွေကာအားပေးမည်။

(ဃ) လူငယ်ကျောင်းသားများ။

(၁) လူငယ်များ အထူးသဖြင့်ကျောင်းသားများသည် မည်သည့်နိုင်ငံတွင်မဆို တိုင်းပြည်၏အနာဂတ်အရေးတွင်အဖိုးအတန်ဆုံး၊ အင်အားတရပ်ဖြစ်သည်။ ဒီမိုကရေစီအရေးကိုအခြေခံသော မိမိတို့နိုင်ငံသစ်အတွက် လူငယ်များအား ခေတ်မီပညာရပ်များ၊ သင်ကြားပျိုးထောင်ပေးမည်။

(၂) အမျိုးသားနိုင်ငံရေးကိုဦးတည်သည့် တလုံးတစည်းတည်းသောကျောင်းသားသမဂ္ဂကို ဖွဲ့စည်းခွင့်ပြုမည်။

(၃) တလုံးတစည်းတည်းသော ကျောင်းသားသမဂ္ဂများသည်၊ အမျိုးသားညီညွတ်မှု၏အထိမ်းအမှတ်ဖြစ်သည်။

(င)အမျိုးသမီးများ။

(၁) အမျိုးသမီးများသည် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ရာထူးဌာနန္တရတို့တွင် တာဝန်အရလည်းကောင်း၊ အခွင့်အရေးအရလည်းကောင်း၊ ယောကျ်ားများနှင့်တန်းတူအခွင့်အရေးရှိစေရမည်။

(၂) ကိုယ်ဝန်ဆောင်ကာလနှင့် မီးဖွားပြီးသတ်မှတ်ထားသောကာလအတွင်း အမျိုးသမီးများသည် ကျန်းမာရေးအရ၊ နိုင်ငံတော်၏အစောင့်အရှောက်ခံယူရရှိစေရမည်။ အလုပ်လုပ်ကိုင်နေသောအမျိုးသမီးများအတွက် ဥပဒေနှင့်အညီ မီးဖွားချိန်အနားယူခွင့်ခံစားစေရမည်။

**နိဂုံး။**

၂၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကိုကျွန်ုပ်တို့ထူထောင်ရာ၌၊ ကမ္ဘာ့မိသားစုအလယ်တွင် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တနိုင်ငံနှင့်တနိုင်ငံတန်းတူရည်တူရှိမှု၊ ဂုဏ်သိက္ခာရှိမှု၊ ပြည်သူလူထုကြီး၏ စား၊ ဝတ်၊ နေရေး ပြေလည်မှု၊ စိုးရိမ်ထိတ်လန့်ခြင်း၊ ဗျာပါဒဘေးမှကင်းလွတ်ငြိမ်းချမ်းမှုအစရှိသည့် လူ့ဘောင်ဘဝတိုးတက်မြင့်မားရေးတို့အတွက် ပြည်သူလူထုကြီး၏သဘောထားဆန္ဒနှင့်အညီ အောင်မြင်သည်အထိချီတက်သွားရန်သန္နိဋ္ဌာန်ပြုပါသည်။

၂၆။ ဤသို့ချီတက်ရာ၌ ပြည်သူလူထုကြီး၏တခဲနက်ထောက်ခံမှု၊ အားပေးမှု၊ ဝေဖန်မှု၊ အကြံပေးမှုနှင့် အပြန်အလှန်ညှိနှိုင်းဖော်ဆောင်မှုတို့သည် ရည်မှန်းချက်ပန်းတိုင်သို့အရောက်ချီတက်ရာ၌ အဓိကအခန်းမှပါဝင်သည်ဟု အလေးအနက်ခံယူပါကြောင်း။

**" ဒီမိုကရေစီရေး မုချအောင်ရမည် "**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ရက်စွဲ – ၁၉၈၉ ခု၊ နိုဝင်ဘာလ (၆) ရက်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီး( NLD )၏ စည်းရုံးရေးကိုယ်စားလှယ်များသတိပြုရန် ကြေညာချက် ( ၁ )

(၁) လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများကျင်းပပေးမည်ဟု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှကတိပြုထားပြီးဖြစ်သည်။

(၂) ထိုကတိပြုထားသည့်အတိုင်း ယခုအခါပါတီအသီးသီးသည် စည်းရုံးလှုပ်ရှားမှုများကိုစတင်ဆောင်ရွက်နေပြီဖြစ်သည်။

(၃) ထိုသို့စည်းရုံးလှုပ်ရှားရာ၌ ပေးထားသောမူဘောင်အတွင်းမှသာဖြစ်ရမည်ဖြစ်သဖြင့် အောက်ပါအချက်များကို အထူးသတိပြုရှောင်ရှားရမည်ဖြစ်သည်။

(က) အကြမ်းဖက်ဆူပူလှုပ်ရှားမှု၊ စိတ်နှလုံးလှုည့်လည်ဆန္ဒပြမှုများကိုဖြစ်စေမည့်အပြုအမူ၊ အပြောအဆိုများ။
(ခ) အကြမ်းဖက်ဆူပူလှုပ်ရှားမှု၊ လူထုအုံကြွမှုကိုဖြစ်စေမည့်သွေးထိုးလှုံ့ဆော်မှုများ။
(ဂ) အစိုးရနှင့်တပ်မတော်၏ဂုဏ်သိက္ခာကိုထိပါးစေမည့်အပြုအမူ၊ အပြောအဆိုများ။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပြိုကွဲစေမည့်အပြုအမူ၊ အပြောအဆိုများ။
(င) ငြိမ်းချမ်းသောနည်းဖြင့်ဒီမိုကရေစီရရှိရေးဟူသော <u>အဖွဲ့ချုပ်၏မူဘောင်မှ</u> ကျော်လွန်သောလုပ်ဆောင်ချက် များ။

စည်းရုံးရေးကိုယ်စားလှယ်များသည် မိမိတို့မြို့နယ်အသီးသီးရှိ(ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး)အဖွဲ့များနှင့်ဦးစွာဆက်သွယ်ရန်။

(တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့)၏ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်းတင်ပြပြီးမှစတင်လှုပ်ရှားရန် သတိပေးအပ်ပါသည်။

(ဒေါက်တာသက်မင်း)
အဖွဲ့ချုပ်အဖွဲ့ဝင်အမှတ် – ၀၀၀၀၀၄၂
ရှောဝတီတိုင်း စည်းရုံးရေးတာဝန်ခံ၊
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီး
ရန်ကုန်မြို့။

၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇)ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပခဲ့သည်။ နိုင်ငံရေးပါတီပေါင်း(၂၃၅)ပါတီမှတ်ပုံတင်ခဲ့ကြသော်လည်း၊ (၉၃)ပါတီသာရွေးကောက်ပွဲ၌ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ၎င်းတို့အနက်(၂၇)ပါတီမှကိုယ်စားလှယ်များရွေးကောက်တင်မြှောက်ခြင်းခံခဲ့ကြရသည်။

၁၉၉၁ ခုနှစ်၊ မတ်လ (၂၆)ရက်နေ့မှစ၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို၊ အောက်ပါအတိုင်းပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

| | |
|---|---|
| ၁။ ဦးအောင်ရွှေ | ဥက္ကဋ္ဌ |
| ၂။ ဦးလွင် | အတွင်းရေးမှူး |
| ၃။ ဦးညွန့်ဝေ | ဘဏ္ဍာရေးမှူး |
| ၄။ ဦးရွှေ | အဖွဲ့ဝင် |
| ၅။ ဦးသန်းထွန်း | အဖွဲ့ဝင် |
| ၆။ ဦးလှဖေ | အဖွဲ့ဝင် |
| ၇။ ဦးမြလေး | အဖွဲ့ဝင် |
| ၈။ ဦးစိုးမြင့် | အဖွဲ့ဝင် |
| ၉။ ဦးလွန်းတင် | အဖွဲ့ဝင် |
| ၁၀။ ဦးမင်းဝေ | အဖွဲ့ဝင် |

၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက်နေ့တွင်ကျင်းပပြုလုပ်သည့်၊ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးဆုံးဖြတ်ချက်အရ၊ ဒေါ်အောင်ဆန်းစုကြည်အားအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှထုတ်ပယ်ခဲ့သည်။

အဖွဲ့ချုပ်ခေါင်းဆောင်များ နေအိမ်အကျယ်ချုပ်မှပြန်လည်လွတ်မြောက်လာပြီးနောက်၊ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား၊ အောက်ပါအတိုင်းပြန်လည်ဖွဲ့စည်းခဲ့သည်။

| | |
|---|---|
| (၁) ဦးအောင်ရွှေ | ဥက္ကဋ္ဌ |
| (၂) ဦးတင်ဦး | ဒု- ဥက္ကဋ္ဌ |
| (၃) ဦးကြည်မောင် | ဒု - ဥက္ကဋ္ဌ |
| (၄) ဒေါ်အောင်ဆန်းစုကြည် | အထွေထွေအတွင်းရေးမှူး |
| (၅) ဦးလွင် | အတွင်းရေးမှူး |
| (၆) ဦးသန်းထွန်း | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| (၇) ဦးညွန့်ဝေ | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| (၈) ဦးစိုးမြင့် | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| (၉) ဦးလွန်းတင် | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| (၁၀) ဦးလှဖေ | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |

### အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားညီလာခံ။

နဝတက ကြေညာချက်အမှတ်(၁၁/၉၂)ထုတ်ပြန်ပြီး၊ အမျိုးသားညီလာခံခေါ်ယူရေးနှင့်ပတ်သက်၍၊ တရားဝင်တည်ရှိနေသောနိုင်ငံရေးပါတီများမှ ရွေးချယ်ခံထားရသည့်ကိုယ်စားလှယ်ခေါင်းဆောင်များ၊ တသီးပုဂ္ဂလရွေးချယ်ခံထားရသောကိုယ်စားလှယ်များနှင့်(၂)လအတွင်းတွေ့ဆုံညှိနှိုင်းမည်ဖြစ်ကြောင်း၊ ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက်အခြေခံမူများချမှတ်နိုင်ရန်၊ အမျိုးသားညီလာခံကို(၆)လအတွင်းခေါ်ယူပေးမည် ဖြစ်ကြောင်းဖော်ပြခဲ့သည်။

၁၉၉၂ ခုနှစ်၊ မေလ(၂၈)ရက်နေ့တွင် အမျိုးသားညီလာခံကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲကျင်းပရန်ခေါ်ယူသည့်အမိန့်အမှတ်(၉/၉၂)ကိုထုတ်ပြန်ကြေညာခဲ့သည်။ ထို့နောက် အမျိုးသားညီလာခံကျင်းပရေးပထမအကြိမ်ညှိနှိုင်း

ဆွေးနွေးပွဲကို ၁၉၉၂ ခုနှစ်၊ ဇွန်လ(၂၃)ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲကို ဇွန်လ (၃၀)ရက်နေ့တွင်လည်းကောင်း၊ တတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင်လ(၁၁)ရက်နေ့တွင်လည်းကောင်းကျင်းပခဲ့သည်။

အမျိုးသားညီလာခံကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲများမှ အမျိုးသားညီလာခံသို့ဖိတ်ကြားသင့်သည့်ကိုယ်စားလှယ်အမျိုးအစားကိုအောက်ပါအတိုင်းသတ်မှတ်ခဲ့ကြသည်။

၁။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ။

၂။ ရွေးကောက်ပွဲတွင်အရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ။

၃။ တိုင်းရင်းသားကိုယ်စားလှယ်များ။

၄။ တောင်သူလယ်သမားကိုယ်စားလှယ်များ။

၅။ အလုပ်သမားကိုယ်စားလှယ်များ။

၆။ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ။

၇။ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ။

၈။ အခြားဖိတ်ကြားသင့်သည့်ကိုယ်စားလှယ်များ ဟူ၍ဖြစ်သည်။

နဝတ မှ အမျိုးသားညီလာခံကျင်းပရာတွင်အခြေခံရမည့် ဦးတည်ချက်(၆)ရပ်ကိုအောက်ပါအတိုင်းချမှတ်ပေးခဲ့သည်။

၁။ ပြည်ထောင်စု မပြိုကွဲရေး။

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

၃။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

၄။ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး။

၅။ နိုင်ငံတော်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားရေး။

၆။ အနာဂတ်မြန်မာနိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ထမ်းဆောင်ရေး တို့ဖြစ်ကြသည်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် အမျိုးသားညီလာခံကိုစတင်ကျင်းပခဲ့သည်။

၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမျိုးသားညီလာခံအပေါ်ထားရှိသည့်သဘောထားကိုထုတ်ပြန်ကြေညာခဲ့သည်။

### " အမျိုးသားညီလာခံအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထား "

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ရည်မှန်းချက်များ။

၁။ စစ်မှန်သောပါတီစုံဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရန်၊ ဒီမိုကရေစီမူများအပေါ်အခြေခံသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေလိုအပ်ပေသည်။ အခြေခံဥပဒေဟူသည် နိုင်ငံတော်အား မည်သည့်ပုံစံဖြင့်ဖွဲ့စည်းမည်၊ ပြည်သူ့ကိုယ်စားပြုပြည်သူ့ကိုယ်စားလှယ်များအား မည်ကဲ့သို့ရွေးကောက်တင်မြှောက်ပြီး ကဏ္ဍအလိုက် တာဝန်များမည်ကဲ့သို့ခွဲဝေအပ်နှင်းမည်၊ မည်သည့်စနစ်၊ မည်သည့်မူဝါဒများကို ခံယူကျင့်သုံးမည်၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးစီးပွားကို မည်သို့ဖော်ဆောင်ဖြည့်ဆည်းပေးမည်၊ ပြည်သူတို့၏ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များကို မည်သို့အာမခံမည်၊ ပြည်သူတို့၏တာဝန်များ မည်သို့သတ်မှတ်မည်၊ အစိုးရ၏လုပ်ပိုင်ခွင့်များကို မည်သို့ကန့်သတ်မည် ဟူသောအချက်များကို ပြည်သူနှင့်အစိုးရအကြားချုပ်ဆိုသည့် ပဋိညာဉ်စာတမ်းဖြစ်ပေသည်။ ဤသည်ကို ပြည်သူတို့အနေဖြင့် လိုလိုလားလား၊ နှစ်ခြိုက်ဘဝင်ကျရန်၊ အများစုကြီးထောက်ခံရန်၊ လွန်စွာအရေးကြီးပေသည်။ သို့မှလည်း ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီအခြေခံများပီပြင်ခိုင်ခန့်ရန် အရေးကြီးသည်။

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် စတင်တည်ထောင်စဉ်ကတည်းကပင် အောက်ပါအချက်များကို ကြီးစွာသတိထားခဲ့သည်။ "အများပြည်သူတို့၏ဆန္ဒနှင့်ကိုက်ညီ၍ အခြေခံလူ့အခွင့်အရေးများကိုအာမခံသည့်၊ စစ်မှန်သည့်ဒီမိုကရေစီအစိုးရဖြစ်ပေါ်လာစေရန်"လည်းကောင်း "နောင်ခတ်အဆက်ဆက်၌လည်း မြန်မာနိုင်ငံသည် ပြည်သူလူထုဆန္ဒနှင့်အညီ

ဒီမိုကရေစီနိုင်ငံရေးစနစ်ထွန်းကား၍ တည်တံ့ခိုင်မြဲသောပြည်ထောင်စုကြီးအဖြစ် တည်ထွန်းစေရေးအတွက်အုတ်မြစ်ချရန်" လည်းကောင်း ရည်ရွယ်ချက်များချမှတ်ဖွဲ့စည်းခဲ့သည်။

၃။ တိုင်းရင်းသားလူမျိုးများအရေးနှင့်စပ်လျဉ်း၍လည်း "ဖွံ့ဖြိုးတိုးတက်သောပြည်ထောင်စုကြီးအဖြစ် စီးပွားရေးအင်အား ခိုင်မာတောင့်တင်းစွာရပ်တည်နိုင်ရေးကို လိုလားသည့်အလျောက် ပြည်နယ်အသီးသီးတွင် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများ ကို လွတ်လပ်စွာဆောင်ရွက်နိုင်ရေးအတွက်ဦးတည်မည်။ တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးများ ခံစားပြည့်ဝ ရေးနှင့် ပြည်ထောင်စုကြီးတခုလုံးသာယာဝပြောရေးကို သဟဇာတဖြစ်စေမည့်မူများကို လက်ကိုင်ကျင့်သုံး၍ ပြည်နယ် များ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖော်ထုတ်မည်" ဟူသော မူဝါဒသဘောထား များကိုချမှတ်ခဲ့ပေသည်။

၄။ ၁၉၉၀ ပြည်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် ဆုံးဖြတ်လိုက်ကြောင်း ကြေညာခဲ့စဉ်ကလည်း "ဒီမိုကရေစီစနစ်ထူထောင်ရန်နည်းလမ်းမှာ ဒီမိုကရေစီကိုယုံကြည်ကြ သော၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးမည်ဟုခံယူကြသော အခြားနိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် အထွေထွေ ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်အရွေးခံပြီး ဒီမိုကရေစီစနစ်၏အနှစ်သာရဖြစ်သော လူထုဆန္ဒကိုခံယူမည်ဖြစ်သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူလူထု၏ဆန္ဒကို ချွင်းချက်မရှိ ယုံယုံကြည်ကြည်လက်ခံရယူမည်ဖြစ်သည်။ အချုပ်အခြာ အာဏာသည် ပြည်သူများ၌တည်သည်ဟူသောဒီမိုကရေစီအခြေခံမူအရ ပြည်သူလူထု၏ဆန္ဒသည်သာလျှင် အဆုံးအဖြတ် ဖြစ်ရပါမည်။" ဟု အတိအလင်းကြေညာခဲ့ပေသည်။

၅။ တဖန် ရွေးကောက်ပွဲကြေညာစာတမ်းကိုထုတ်ပြန်ရာ၌လည်း အဓိကအားဖြင့် "နိုင်ငံတော်အာဏာသည် ပြည်သူ လူထုထံမှ သက်ဆင်းစေရမည်" ဟုလည်းကောင်း "နိုင်ငံတော်အာဏာ၏မူလပိုင်ရှင်များဖြစ်ကြသော ပြည်သူလူထုကြီး၏ လူမှုဘဝဖွံ့ဖြိုးသာယာရေးအတွက် သူတပါး၏အကျိုးကိုမထိခိုက်စေဘဲ စည်းကမ်းရှိစွာဖြင့် ဒီမိုကရေစီကိုအခြေခံ၍ တည် ဆောက်ရန်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း၊ နိုင်ငံသားတိုင်းသည် လွတ်လပ်စွာယုံကြည် ကိုးကွယ်ခွင့်၊ တွေးခေါ်ခွင့်၊ ရေးသားဟောပြောခွင့်၊ စည်းရုံးခွင့်နှင့် အသက်မွေးဝမ်းကြောင်းပြုပိုင်ခွင့်၊ လွတ်လပ်ခွင့်စသော အခြေခံပိုင်ခွင့်များ အပြည့်အဝခံစားခွင့်ရှိစေရမည်" ဟုလည်းကောင်း " အခြေခံလူ့အခွင့်အရေးများကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၌ အတိအလင်းအာမခံမည်၊ လူ့အခွင့်အရေးများဆုံးရှုံးထိခိုက်နစ်နာမှုများအတွက် အခြေခံဥပဒေအရဖြစ်စေ၊ သို့တည်းမဟုတ် သီးခြားအထူးဥပဒေပြဋ္ဌာန်း၍ဖြစ်စေ၊ တရားရုံးများ၌တရားစွဲဆိုခွင့်ရရှိရန် ပြဋ္ဌာန်းမည်" ဟုလည်းကောင်း "ပြည်သူ့လွှတ်တော်သည် ဥပဒေနှင့်အညီ၊ ပြည်သူ့ဆန္ဒနှင့်အညီ ပေါ်ပေါက်တည်ထောင်ခြင်းဖြစ်ရကား၊ ဤ ပြည်သူ့ လွှတ်တော်၌ အချုပ်အခြာအာဏာ ကျင့်သုံးနိုင်ခွင့်သည် အကြွင်းမဲ့ရှိစေရမည်" ဟုလည်းကောင်း "ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံး၏ အခွင့်အရေးတန်းတူမှုကိုလက်ခံလျက် မည်သည့်လူမျိုးကိုမျှ အထူးအခွင့်အရေးမပေးရေး နှင့် လူမျိုးနွယ်၊ လူမျိုးစုအားလုံး၏ ခံစားထိုက်၊ ခံစားအပ်သော မည်သည့်အခွင့်ရေးကိုမျှ ချုပ်ချယ်ကန့်သတ်မှုမပြုရေးကို ဦးတည်ရှေ့ရှုမည်" ဟုလည်းကောင်း "ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တိုင်းရင်းသားလူမျိုးအားလုံး သွေးစည်းညီညွတ်ရေးတည်းဟူသော ဒီမိုကရေစီလူ့ဘောင် အခြေခံအုတ်မြစ်ကြီးများကို အခိုင်အမာချနိုင်ရန်အလို့ငှာ ပင်လုံညီလာခံကဲ့သို့သော ပြည်ထောင်စုကြီး၏ အနာဂတ်ခရီးလမ်းညွှန်များကိုချမှတ်နိုင်မည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ အမျိုးသားညီညွတ်နိုင်းမှုညီလာခံတရပ်ကို ခေါ်ယူကျင်းပမည်" ဟုလည်းကောင်း မဆွကပင် ပြည်သူ တို့အား ကတိကဝတ်ပြုခဲ့ပေသည်။

၆။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထက်ပါရည်မှန်းချက်များ၊ မိသားစုဝင်တိုင်းရင်းသားလူမျိုးများအပေါ် ထားရှိသော မူဝါဒသဘောထားများ၊ ရွေးကောက်ပွဲဝင်ခြင်း၏ဦးတည်ချက်များနှင့် တိုင်းရင်းသားပြည်သူတို့အား ကတိကဝတ်ပြုခဲ့သည် များသည် ပါတီစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲနှင့် ပုဂ္ဂိုလ်စွဲများကင်းရှင်းသော၊ မည်သည့်ပယောဂမျှမဖက်သော နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွားသက်သက်ကိုသာ ရှေးရှုခြင်းဖြစ်ပေသည်။ တနည်းအားဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ အပြုသဘောရှေးရှုချက်နှင့် သန့်စင်သောစေတနာမှန် ဖြစ်ပေသည်။ အထူးသဖြင့် သမိုင်း၏ အပြုသဘော ရှေးရှုချက်နှင့် သန့်စင်သောစေတနာမှန်ဖြစ်ပေသည်။ အထူးသဖြင့် သမိုင်း၏တောင်းဆိုချက်အရ နိုင်ငံတော်နှင့်နိုင်ငံသား များအတွက် မှန်မြတ်သော အမျိုးသားရေးတာဝန်ကို မမှိတ်မသုန်ကျကျ ပြည့်ဆည်းဖော်ဆောင်ရန် တာဝန်ယူလိုက်ခြင်း ဖြစ်ပေသည်။ အထက်ပါ ဒီမိုကရေစီသဘောထားများကို တိုင်းရင်းသားပြည်သူအများစုကြီးက လိုလားလက်ခံခဲ့ကြသည်။ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား တခဲနက်ထောက်ခံဆန္ဒမဲပေး၍ တာဝန်များအပ်နှင်းခဲ့ကြပေသည်။

အာဏာပိုင်အဖွဲ့အစည်းများ၏ပြောကြားချက်များ။

၇။ ဤသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရိုးသားဖြူစင်စွာ ရေးရှုဖော်ဆောင်သွားရန် အစီအစဉ်များချမှတ်ခဲ့သည့်နည်းတူ နိုင်ငံတော်အာဏာကိုရယူခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည်လည်း စစ်မှန်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကိုပင် ဖွဲ့စည်းရန်ဦးတည်သည်ဟု အောက်ပါအတိုင်း ပြောကြားခဲ့ပေသည်။

(က) "နိုင်ငံတော်အချုပ်အခြာအာဏာကို မလွှဲမရှောင်သာ၍ တာဝန်ယူဆောင်ရွက်ခဲ့သည့်တိုင် နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူများလက်ဝယ်သို့ ဒီမိုကရေစီနည်းလမ်းနှင့်အညီ မြန်နိုင်သမျှမြန်မြန် ပြည်လည်အပ်နှင်းချင်သည်"ဟု နေ့စဉ်ထုတ်သတင်းစာများတွင် "တပ်မတော်၏မှန်မြတ်သောဆန္ဒ"အဖြစ် ဖော်ပြအသိပေးပေသည်။

(ခ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၂၇-၇-၉၀ ရက်နေ့တွင် ကြေညာချက်အမှတ်(၁/၉၀)ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ(၃)တွင် လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဟူ၍ ပြဋ္ဌာန်းပါရှိသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်"ဟုလည်းကောင်း၊ "ယနေ့အခြေအနေတွင် ပြည်သူများကရွေးကောက်တင်မြှောက်လိုက်သောကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန်တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်"ဟုလည်းကောင်း ဖော်ပြခဲ့ပေသည်။

(ဂ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)က ၁၈-၁၀-၉၁ ရက်နေ့တွင် ကျွန်းချောင်းစတ်မြေ သြဇာစက်ရုံ၌ "အာဏာလွှဲပြောင်းရေးလုပ်ငန်းစဉ်အစီအစဉ်ကို နဝတ၏ ကြေညာချက်(၁/၉၀)တွင် အတိအလင်း ဖော်ပြထားကြောင်း ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ပေါ်ပေါက်ရန် ရှေးဦးစွာ အမျိုးသားညီလာခံတရပ် ခေါ်ယူရမည်ဖြစ်ကြောင်း ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတရင်ကို တိုင်ပင်ရေးဆွဲကြ၍ ပြည်သူ့ကိုတင်ပြအတည်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံခေါ်ယူရေးမှာ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ်များ၏ တာဝန်ဖြစ်သည်။ နဝတ ကလိုအပ်သည်များကို ပံ့ပိုးမှာဖြစ်ကြောင်း" ထပ်မံအတည်ပြုပြောကြားခဲ့ပေသေးသည်။

၈။ "တပ်မတော်၏မှန်မြတ်သောဆန္ဒ"နှင့် အာဏာပိုင်များ၏ပြောကြားချက်များအရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် စစ်မှန်သောပါတီစုံဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးကိုပင် အခိုင်အမာရေးရှုသည်ဟု ယုံကြည်ရပေသည်။ အမျိုးသားညီလာခံခေါ်ယူရေးနှင့် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းအစီအစဉ်သည် နိုင်ငံရေးသဘောရ နိုင်ငံရေးပါတီများနှင့် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်ပြည်သူ့ကိုယ်စားလှယ်များ၏ တာဝန်သာဖြစ်ကြောင်းကိုလည်း ပီပြင်စွာ ဖော်ညွှန်းခဲ့ပေသည်။

၉။ အခြေခံဥပဒေရေးဆွဲရေးအစီစဉ်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်(၁/၉၀)မှ မြစ်ဖျားခံခဲ့ဖြစ်ဖြစ်ပေသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံရေးပါတီများအား ယင်း၏ကြေညာချက်ကို လိုက်နာမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးစေခဲ့သည်။ ယင်းကြေညာချက်သည် ယခုတိုင်တည်ဆဲဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်သူအားလုံးသည် ယင်းကြေညာချက်ကို လေးစားလိုက်နာ အကောင်အထည်ဖော်သွားကြရန် ကြီးစွာ တာဝန်ရှိပေသည်။

၁၀။ ဤသို့ဖြင့် အမျိုးသားညီလာခံကျင်းပရေးအတွက် အမျိုးသားညီလာခံကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲကို (၂၃-၆-၉၂) ရက်နေ့မှ (၁၀-၇-၉၂)ရက်နေ့များအတွင်း ကျင်းပခဲ့သည်ကို ဆွေးနွေးပွဲ၌ဦးဆောင်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ က "မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများနေထိုင်လျက်ရှိသောကြောင့် ၄င်းတို့ရဲ့ဆန္ဒသဘောထားများကို ညှိနှိုင်းရယူပြီး ခိုင်မာတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်ကြောင်း၊ ယနေ့အခြေအနေမှာ ပြည်သူများကရွေးကောက်တင်မြှောက်လိုက်တဲ့ကိုယ်စားလှယ်များဟာ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲကြရန် တာဝန်ရှိတဲ့ပုဂ္ဂိုလ်များဖြစ်ကြောင်း"ဟုလည်းကောင်း "အမျိုးသားညီလာခံကျင်းပတဲ့အခါ ညီလာခံကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များအပေါ် ဘယ်ပုံဘယ်နည်းနဲ့ဆုံးဖြတ်ရယူမယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး ပြောကြားရမယ်ဆိုရင် ဒီမိုကရေစီနည်းလမ်းနဲ့အညီပဲဖြစ်လိမ့်မယ်လို့ ပြောလိုပါတယ်"ဟုလည်း ကောင်း ပြောကြားခဲ့ပေသည်။

**အမျိုးသားညီလာခံအတွင်း ဖြစ်ပေါ်နေသည့် ပကတိအခြေအနေများ။**

၁၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်(၁/၉၀)မှတပါး အခြားနည်းလမ်းမရှိ။ မလိုက်နာလျှင်မဖြစ်၊ လိုက်နာရမည်ဖြစ်ကြောင်းကို နိုင်ငံတဝှမ်းလုံးသာမက ကမ္ဘာကိုပင်ကြေညာခဲ့ပေသည်။ သို့သော် အမျိုးသားညီလာခံကျင်းပရာတွင် ယင်းကြေညာချက်(၁/၉၀)ပါအတိုင်း လက်တွေ့အကောင်အထည်ပေါ်မလာပေ။ ကြေညာချက်(၁/၉၀)တွင်ဖော်ပြခဲ့ခြင်းမရှိသော၊ ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသည် ကြေညာချက်(၁/၉၀)တွင် အတိအလင်းဖော်ပြထားသော အနိုင်ရပါတီများ၏အခန်းကဏ္ဍကို ဖုံးအုပ်ခဲ့တော့သည်။

၁၂။ အမျိုးသားညီလာခံကို (၉-၁-၉၃)ရက်နေ့မှစ၍ကျင်းပခဲ့သည်မှာ ယခုတိုင်မပြီးဆုံးသေးပါချေ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားပြု ညီလာခံကိုယ်စားလှယ်များသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်(၁/၉၀)ကို လေးစားစွာလိုက်နာပြီး ညီလာခံသို့ စုံညီစွာတက်ရောက်ခဲ့ကြပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ထိုသို့တက်ရောက်ဆွေးနွေးရန် အထက်တွင်ဖော်ပြထားရှိသည့် မူဝါဒ၊ သဘောထားများအပေါ် ခိုင်မြဲစွာရပ်တည်ခဲ့သည်။ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်အခြေခံမူများသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ အဆင့်ဆင့်သော အဖွဲ့ချုပ်၏ သဘောထားဆန္ဒများကို ရယူခဲ့သည်။ ယင်းကို ဗဟိုဦးစီးအဖွဲ့၏အတည်ပြုချက်ဖြင့်ပြင်ဆင်ပြီးမှပင် ညီလာခံကိုယ်စားလှယ်များအားလုံး အကြေအလည်ညှိနှိုင်းဆွေးနွေးပြီးမှ စာတမ်းများကိုပြုစုခဲ့ပေသည်။

၁၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူတို့အား ကတိကဝတ်ပြုခဲ့သည့် မူဝါဒသဘောထားများကို အစဉ်လေးစားသည်။ နိုင်ငံရေးသိက္ခာကိုစောင့်ထိန်းသည်။ ထို့ကြောင့်သွေဖီဖြင်းလုံးဝမပြုခဲ့ချေ။ အထူးသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏တင်ပြချက်များသည် ဒီမိုကရေစီမူဘောင်များအတွင်းမှဖြစ်ပြီး နိုင်ငံတော်နှင့်နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွားကို ဦးထိပ်ထားသည်။ ဓမ္မဓိဋ္ဌာန်ကျကျ အပြုသဘောဖြင့် ကြံပြုတင်ပြခြင်းများသာဖြစ်သည်။ လူ့နိယာမသဘောတရားအတိုင်း ကွဲလွဲချက်များ၊ လုပ်ငန်းကော်မတီကလမ်းကြောင်းပေးမှုများနှင့် ခြားနားချက်များရှိကောင်းရှိသည်။ ဤသည်မှာ ဆန့်ကျင်သည့်သဘောလုံးဝမဟုတ်ပေ။ ဒီမိုကရေစီမူများကို အလေးအနက်ထားခြင်းသာဖြစ်ပေသည်။

၁၄။ အမျိုးသားညီလာခံတွင်ဖြစ်ပေါ်ခဲ့သည့် ပကတိအခြေအနေများကို စေ့စုံစွာသုံးသပ်မည်ဆိုပါက မူလ ရည်ရွယ်ချက်များမှ တစတစကွဲလွဲလာခဲ့သည်ကို အထင်အရှားတွေ့ရှိရပေသည်။ အမျိုးသားညီလာခံ အောင်မြင်ရေးအတွက် မဖြစ်သင့်မဖြစ်ထိုက်သောကိစ္စတရပ်ဖြစ်သည်။ ပုံစံများမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

(က) ညီလာခံ၏ဦးတည်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို အမျိုးသားညီလာခံကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲတွင်လည်းကောင်း၊ ညီလာခံတွင်လည်းကောင်း၊ ကိုယ်စားလှယ်များနှင့်ညှိနှိုင်းပြီးမှ ပြုစုခြင်းမရှိပေ။

(ခ) ညီလာခံကိုယ်စားလှယ်အချိုးအစားကို ကြည့်ပြန်သောအခါ ပြည်သူကရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များသည် ညီလာခံကိုယ်စားလှယ်အားလုံး၏ (၁၅ ဒသမ ၂၄)ရာခိုင်နှုန်းသာ ပါရှိသောကြောင့် အမျိုးသားညီလာခံတွင် အမြဲထာဝစဉ် "အနည်းစု"သာဖြစ်နေသည်။

(ဂ) စာတမ်းများကိုပြုစုတင်ပြရာ၌ လွတ်လပ်မှုမရှိဘဲ အာဏာပိုင်များက စိစစ်ပြီးပြင်ဆင်ပေးစေလိုသည်များကို ပြင်ဆင်ပေးရသည်။

(ဃ) ညီလာခံအတွင်းဆွေးနွေးရာ၌ အချင်းချင်းအပြန်အလှန်ဖလှယ်ခွင့် တင်ပြချက်များအပေါ်စိစစ်သုံးသပ်လျက် အသင့်မြတ်ဆုံးကို ညှိနှိုင်းရွေးချယ်ပိုင်ခွင့်မရှိချေ။

(င) ကိုယ်စားလှယ်များ၏ စိစစ်တင်ပြချက်အများအပြားကို ဥပေက္ခာပြုခဲ့သည်။

(စ) ဆွေးနွေးချမှတ်ရာ၌ အခြေခံမူများသာမက အသေးစိတ်များပါ ပါဝင်နေသည်။

(ဆ) အလုပ်ညှိကျသဘာပတိအဖွဲ့မှ စာတမ်းများကိုခြုံငုံသုံးသပ်ပြီး ထောက်ခံတင်ပြပေးရသည်။

(ဇ) ဘာသာရပ်တခုအပေါ် အပြည့်စုံဆွေးနွေးခြင်းမပြုရသေးသည်များကိုပါ တပါတည်း ဆုံးဖြတ်ချက်ချမှတ်သည်များကို တွေ့ရှိရသည်။

(ဈ) ညီလာခံကျင်းပရာ၌ ၁၉၄၇ ခုနှစ် အခြေခံဥပဒေများရေးဆွဲစဉ်ကကဲ့သို့ အချိန်ဇယားသတ်မှတ်ချက်မရှိပေ။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အကြံပြုချက်များ။**

၁၅။ တဂါယ်စင်စစ် စစ်မှန်သောပါတီစုံဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်မည်ဆိုပါက ဒီမိုကရေစီမူများပေါ်အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရပေမည်။ အခြေခံမူများသည် နိုင်ငံတော်ဖွဲ့စည်းရေးနှင့် နိုင်ငံရေးရာများ အကောင်အထည်ဖော်ရေးအတွက် အခြေခံရမည့်မူများသာဖြစ်ရပေမည်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူတို့၏အခွင့်အရေးများကို ကာကွယ်သောအားဖြင့် ဥပဒေအရ "တရားရုံးတော်တွင် တင်ပြတရားစွဲဆိုနိုင်ခွင့် ရှိရမည့်အခြေခံမူ(၃၅)ချက်ကိုလည်းကောင်း၊ တရားစွဲပိုင်ခွင့်မရှိသော ရည်မှန်းချက်(၉)ချက်ကိုလည်းကောင်း တင်ပြခဲ့ပေသည်။" ဤသဘောတရားကို လက်မခံခဲ့ပေ။

၁၆။ အမျိုးသားညီလာခံအတွင်း၌ သဘောထားကွဲလွဲမှုများရှိနေကြောင်း၊ စစ်မှန်သောဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏အင်္ဂါရပ်များနှင့်မကိုက်ညီသော အခြေခံမူများပါရှိနေကြောင်းများကိုတွေ့ရှိရပေသည်။ စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်တွင် ပြည်သူကရွေးကောက်တင်မြှောက်အာဏာအပ်နှင်းလိုက်သည့်ကိုယ်စားလှယ်များနှင့်သာ အာဏာပိုင်အဖွဲ့များကိုဖွဲ့စည်းကြရသည်မှာ နိယာမတရားဖြစ်ပေသည်။ ဤသည်တို့ကို ပြေလည်အောင်၊ အများလက်ခံနိုင်အောင် စီစဉ်ရမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အကြွင်းမဲ့ယုံကြည်ပေသည်။ တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ အဖြေပေါ်လာပေမည်။ မြန်မာနှင့် ကမ္ဘာ့အလယ်တွင် တင့်တယ်လျှောက်ပတ်ပြီး ဂုဏ်သိက္ခာရှိစွာ ဖြစ်ပေါ်လာရေးကို မမိုတ်မသုန် ရည်မှန်းရပေမည်။

၁၇။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသားညီလာခံကိုကြိုဆိုသည်။ လိုလိုလားလားတက်ရောက်ခဲ့သည်။ ဒီမိုကရေစီအခြေခံများနှင့်အညီရေးဆွဲထားသော လုပ်ထုံးလုပ်နည်းများထုတ်ပြန်ပြီး ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ညီလာခံကိုကျင်းပအကောင်အထည်ဖော်သွားလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သို့သော် ဤသို့ဖြစ်မလာခဲ့ပေ။ ဤသည်ကို ပြည်သူတို့ကိုယ်တိုင် ရွေးကောက်တာဝန်အပ်နှင်းခြင်းခံရသော ပြည်သူကိုတာဝန်ခံရသော အဖွဲ့အစည်းတရပ်အနေဖြင့် တာဝန်သိသိ ဝမ်းနည်းစွာ ထောက်ပြလိုက်ရခြင်းဖြစ်ပေသည်။

၁၈။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်နှင့်နိုင်ငံသားများအရေး တနည်းအားဖြင့် အမျိုးသားရေးကို အစဉ်ဦးထိပ်ထားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစဉ်တစိုက်ခံယူခဲ့သည့် မူများမှာ . . .

(က) ပွင့်လင်းရိုးသားမှုနှင့် အပြန်အလှန်လေးစားလိုက်နာရေး၊
(ခ) တစ်မျိုးသားလုံးပြန်လည်သင့်မြတ်ရေး (ဝါ) တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး၊
(ဂ) ငြိမ်းချမ်းချောမွေ့သောနည်းကို အသုံးပြုရေး၊
(ဃ) အာဃာတ ကင်းစင်သော အထွေထွေ သဟဇာတဖြစ်မှုကို ရှေးရှုရေး၊
(င) အပြန်အလှန်လေးစားရေး၊
(စ) အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနှင့်
(ဆ) အပြန်အလှန် နားလည်မှုရှိရေးပင်ဖြစ်သည်။

ထို့ကြောင့် အာဏာပိုင်အဖွဲ့အစည်းများအပါအဝင် ပါတီအဖွဲ့အစည်းများနှင့်ပြည်သူများ လိုလားတောင့်တနေကြသော စစ်မှန်သည့်ပါတီစုံဒီမိုကရေစီနိုင်ငံတော် အောင်မြင်စွာတည်ဆောက်နိုင်ရေးအတွက် အပြန်အလှန် ယုံကြည်လေးစားစွာဖြင့် စေတနာမှန်ထားပြီး အောင်မြင်စွာအကောင်အထည်ပေါ်လာစေရန် သက်ဆိုင်သူများအားလုံး လက်တွဲဖော်ဆောင်သွားကြရန် ဖိတ်ခေါ်လိုက်ပေသည်။

၁၉။ အမျိုးသားညီလာခံကို ယခုအတိုင်း ဆက်လက်ကျင်းပသွားမည်ဆိုပါက . . .

(က) အမျိုးသားပြန်လည်သင့်မြတ်ရေး၊
(ခ) စစ်မှန်သော ပါတီစုံဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပေါ်လာနိုင်ရေး၊
(ဂ) အများပြည်သူတို့ ယုံကြည်လက်ခံနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်ပေါ်ထွန်းရေး၊ များကို အထောက်အကူပြုနိုင်လိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အထက်ပါရည်မှန်းချက်များ ဖြစ်မြောက်ရေးအတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာအဖြေရှာနိုင်မည်ဟု ခိုင်မာစွာယုံကြည်ပေသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့
၁၃၅၇၊ နတ်တော်လဆန်း (၁)ရက်။
၁၉၉၅၊ နိုဝင်ဘာလ (၂၂)ရက်။

ရည်ညွှန်းချက်များ။

(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (ယာယီ) နှင့် မူဝါဒသဘောထားများ (မူကြမ်း)၊ ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ။ (စာမျက်နှာ-၂)
(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (ယာယီ) နှင့် မူဝါဒသဘောထားများ (မူကြမ်း)၊ ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ။ (စာမျက်နှာ-၂)
(၃) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (ယာယီ) နှင့် မူဝါဒသဘောထားများ (မူကြမ်း)၊ ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ။ (စာမျက်နှာ-၁၂)
(၄) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကြေညာချက်အမှတ်(၃၀) -(၂၅-၉-၈၉)၊ (စာမျက်နှာ-၂)
(၅) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း (၆-၁၁-၈၉) (စာမျက်နှာ-၂)
(၆) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း (၆-၁၁-၈၉) (စာမျက်နှာ-၃)
(၇) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း (၆-၁၁-၈၉) (စာမျက်နှာ-၃)
(၈) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း (၆-၁၁-၈၉) (စာမျက်နှာ-၄)
(၉) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း (၆-၁၁-၈၉) (စာမျက်နှာ-၁၆)
(၁၀) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီစုံအထွေထွေရွေးကောက်ပွဲကြေညာစာတမ်း (၆-၁၁-၈၉)(စာမျက်နှာ-၁၆)
(၁၁)နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ်(၁/၉၀)၊ ၂၇-၇-၉၀၊ (အပိုဒ်-၁၂)
(၁၂) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ်(၁/၉၀)၊ ၂၇-၇-၉၀၊ (အပိုဒ်-၂၀)
(၁၃)အမျိုးသားညီလာခံကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲစာအုပ် ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ၊ (စာမျက်နှာ-၂၁)
(၁၄) အမျိုးသားညီလာခံကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲစာအုပ် ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ၊ (စာမျက်နှာ-၁၂၄) (စာမျက်နှာ-၁၂၅)
(၁၅)အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာမှတ်တမ်းများ၊ အတွဲ(၂) ၇-၆-၉၃ မှ ၁၆-၉-၉၃၊ (စာမျက်နှာ-၁၃၅ မှ ၁၄၂နှင့် ၄၄၈ မှ ၄၅၅)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ယာယီစာကူးစက် အမှတ် - ၃၉၃ ဖြင့် ကူးယူသည်။

တွေ့ဆုံဆွေးနွေးရေးနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြိုးပမ်းချက်များ။

တွေ့ဆုံဆွေးနွေးရေးနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကြိုးပမ်းဆောင်ရွက်ချက်များအနက်မှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးသန်းထွန်းနှင့် ဦးလှဖေတို့အား ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၁၇)ရက်နေ့က ဖိတ်ကြားခေါ်ယူရှင်းလင်းပြခြင်းနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ထုနှင့် တိုင်းပြည်အား အောက်ပါအတိုင်းအစီရင်ခံချက်ထုတ်ပြန်ခဲ့သည်။

၁၉၉၇ ခုနှစ် ဇူလိုင်လ(၁၇)ရက်နေ့ နံနက်(၉း၀၀)နာရီအချိန်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်ကဖိတ်ခေါ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့်ဦးလှဖေတို့သည် အင်းလျားလမ်းရှိ အစိုးရဧည့်ဂေဟာတခုတွင် တွေ့ဆုံခဲ့ကြသည်။ သို့တွေ့ဆုံရန် တပ်မတော်ထောက်လှမ်းရေးအဖွဲ့မှအရာရှိတဦး ဦးအောင်ရွှေနေအိမ်သို့ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၁၆)ရက်နေ့ ည(၉း၃၀)ခန့်တွင် လူကိုယ်တိုင်လာရောက်အကြောင်းကြားပါသည်။ ဦးသန်းထွန်းနှင့်ဦးလှဖေတို့လည်း ပါဝင်မည်ဖြစ်ကြောင်းပြောပါသည်။ ယင်းတွေ့ဆုံပွဲ၌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမြသင်း၊ တရား

သူကြီးချုပ် ဦးအောင်တိုး ၊ ရှေ့နေချုပ် ဦးသာထွန်း၊ ဗိုလ်မှူးချုပ်ကျော်ဝင်းနှင့် ဗိုလ်မှူးကြီးသန်းထွန်းတို့တက်ရောက်ကြပါသည်။ တွေ့ဆုံခြင်းမှာ အတွင်းရေးမှူး(၁)မှ ရှင်းလင်းပြောပြခြင်းဖြစ်ပါသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒု-ဗိုလ်ချုပ်ကြီးခင်ညွန့်က ပျူငှာစွာဆီးကြိုနှုတ်ဆက်ပြီး ပြောကြားရာတွင် "ကျွန်တော်တို့ကလည်း ဗိုလ်ချုပ်တို့ကိုတွေ့ချင်နေပါသည်။ ဗိုလ်ချုပ်တို့ကလည်းတွေ့ချင်နေမှာပါပဲ"ဟု ပြောပါသည်။ ဦးအောင်ရွှေကလည်း "ဗိုလ်ချုပ်တို့နှင့်တွေ့ချင်နေတာကြာလှပါပြီ။ ဗိုလ်ချုပ်ခင်ညွန့်က တိုင်းပြည်အခြေအနေမှာ ၎င်းသတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သော အနောက်နိုင်ငံကြီးများ၏ပယောဂဖြင့်အဖျက်အမှောင့်လုပ်ငန်းများကို အကျဉ်းချုပ်၍ရှင်းလင်းပြောကြားပြီး တားဆီးနိုင်၍သာပြည်သူလူထုသက်သာကြရပါသည်။

လူဦးရေများပြားဆုံးသော နိုင်ငံကြီးနှစ်နိုင်ငံကြားတည်ရှိနေသော မြန်မာနိုင်ငံအနေနှင့် အထူးသတိကြီးစွာထား၍ နေကြရပါသည်။ အနောက်အုပ်စုနိုင်ငံများက ၎င်းတို့ဩဇာလွှမ်းမိုးလိုမှုကြောင့် အဖျက်အမှောင့်လုပ်ငန်းများလုပ်နေကြောင်း ထင်ရှားပါသည်။ ကျွန်တော်တို့သည် ယခင်အစိုးရများမလုပ်နိုင်သော ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများနှင့် အထူးကြိုးစား၍ နားလည်မှုရအောင်လုပ်ပြီး ငြိမ်းချမ်းရေးရယူထားခြင်းဖြစ်ပါသည်။ ကေအင်န်ယူ အဖွဲ့နှင့်လည်း (၄)ကြိမ်မျှတွေ့ဆုံပြီးမှ ငြိမ်းချမ်းရေးပျက်ခဲ့ရပါသည်။ ဒါလည်းအနောက်အုပ်စု၏ပယောဂဖြစ်ပါသည်။ ယင်းကဲ့သို့ ငြိမ်းချမ်းရေးယူထားသော လူမျိုးစုလက်နက်ကိုင်အဖွဲ့များမှာလည်း လက်နက်စွန့်လွှတ်ခြင်းမဟုတ်သေးပါ။ အချိန်ကျလျှင်အပြီးအပိုင် လက်နက်များစွန့်လွှတ်ကြရန် ညှိနှိုင်းဆွေးနွေးထားပြီးဖြစ်ပါသည်။ တိုင်းပြည်တွင်ထပ်မံ၍အုံကြွပေါက်ကွဲမှုကြီးမဖြစ်စေလိုသောကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်န်အဲလ်ဒီတို့က အုံကြွမှုကြီးဖြစ်စေရန်နှင့် နိုင်ငံတော်အစိုးရ၏လုပ်ငန်းရပ်များကို ပိတ်ပင်တားဆီးမှုများမလုပ်စေလိုပါကြောင်း၊ အစိုးရနှင့်ထိပ်တိုက်မဖြစ်စေလိုပါကြောင်း ပြောကြားပါသည်။ ဆက်လက်ပြောကြားသည်မှာ နဝတ အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရရှိအောင်နှင့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်အောင် လုပ်နေကြပါသည်။ သို့သော် ချက်ခြင်းမပေါ်လာနိုင်ပါ ဥက္ကဋ္ဌ ဦးအောင်ရွှေက အင်န်အဲလ်ဒီအနေဖြင့် ဗိုလ်ချုပ်ပြောသလို အစိုးရနှင့်ထိပ်တိုက်ဖြစ်အောင်လုပ်နေခြင်းမဟုတ်ပါ။ တိုင်းပြည်အခြေအနေအရပ်ရပ်ကိုတင်ပြနေခြင်းဖြစ်ပြီး ယင်းကိစ္စများကို နဝတ နှင့်တွေ့ဆုံဆွေးနွေးပြီး အဖြေရှာရန်ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် မဖြစ်မနေတွေ့ဆုံစေချင်ပါကြောင်းပြောပါသည်။ ဦးအောင်ရွှေက ဆက်လက်ပြောကြားသည်မှာ ဒီမိုကရေစီဆိုတာ ညွှန်ပြနေရုံဖြင့်မရနိုင်ပါ။ လုပ်ရင်းကိုင်ရင်းနှင့်ပေါ်ပေါက်လာမှာဖြစ်ကြောင်း၊ နဝတ နှင့် အင်အဲလ်ဒီတို့၏ ရည်မှန်းချက်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီတို့ဖြစ်သည်ကြောင့် တူနေကြောင်း၊ သို့သော် အာဏာပိုင်များနှင့် နိုင်ငံရေးပါတီများ၏ လုပ်ပုံလုပ်နည်းများ တူညီနိုင်သလောက်သာတူညီနိုင်ပါသည်ဟု ပြောကြားပါသည်။ ဗိုလ်ချုပ်ခင်ညွန့်မှ ကျွန်တော်တို့က ဗိုလ်ချုပ်အောင်ရွှေကိုသာအသိအမှတ်ပြုထားပါသည်။ ဒေါ်အောင်ဆန်းစုကြည်နိုင်ငံခြားမှအထောက်အပံ့ယူကြောင်း အထောက်အထားတွေ့ရှိပါသည်။ ဦးအောင်ရွှေမှ အင်န်အဲလ်ဒီအနေနှင့် စည်းမျဉ်းစည်းကမ်း၊ မူဝါဒများအရ နိုင်ငံခြားငွေမယူပါ။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ၎င်းယူသည်ဆိုသည်ကို လုံးဝမဟုတ်မှန်ကြောင်း ငြင်းဆိုထားပြီးဖြစ်ပါသည်။

ဗိုလ်ချုပ်ခင်ညွန့်မှ ကျွန်တော်တို့တထစ်ချ စွပ်စွဲနေခြင်းမဟုတ်ပါ။ ဒါသူသာသိပါသည်။ ဦးညွန့်ဝေ၏သားကလည်း အဖျက်လုပ်ငန်းများတွင်ပါဝင်ပြီး ဒေါက်တာစိန်ဝင်းတို့၏လမ်းညွှန်ချက်ဖြင့်လုပ်နေကြောင်း သိရပါသည်။ ဦးညွန့်ဝေကို မည်သို့မျှအာဃာတမထားပါ။ အခြားမိသားစုကိုလည်းမစွပ်စွဲပါ။

ဦးအောင်ရွှေက ဒေါ်အောင်ဆန်းစုကြည် သူ့ရဲ့ဖခင်နိုင်ငံ့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘကြီးဖြစ်သူတို့ အကြမ်းဖက်လုပ်ကြံမှုကြောင့် အသက်ဆုံးရှုံးခဲ့ကြရသဖြင့် အကြမ်းဖက်လုပ်ငန်းဟူသည်ကို လုံးဝလက်မခံကြောင်း၊ လုံးဝမရှိအောင် လုပ်သင့်ကြောင်းပြောပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်သာတွေ့ဆုံဆွေးနွေးပါ။ အဆင်ပြေမည်ဖြစ်ကြောင်း ကျွန်တော်အာမခံသည်ဟု ပြောကြားပါသည်။

ဦးသန်းထွန်းက တိုင်းပြည်ကြီးလွတ်လပ်ရေးရကတည်းက နိုင်ငံရေး လက်ဝဲ၊ လက်ယာ အစွန်းရောက်သမားများက စစ်ပြီးခေတ် အရှေ့အုပ်စု၊ အနောက်အုပ်စုများကိုအားကိုးပြီး လုပ်ကိုင်/ပုန်ကန်သောင်းကျန်းခဲ့ကြ၍ မြန်မာနိုင်ငံသည် ဘယ်တော့မှအုပ်စုကြီးနှစ်ခု၏ခါးစာခံမဖြစ်ပါဟုဆိုပြီး ကြားနေနိုင်ငံများအဖြစ် ဖော်ဆောင်ခဲ့ပါသည်။ ယခုလည်းကျွန်တော်တို့ကဘယ်နိုင်ငံကြီးတွေရဲ့ဩဇာခံမှမဟုတ်ပါ။ လုပ်လည်းမလုပ်ပါ။ ဒေါ်အောင်ဆန်းစုကြည်နှင့် အင်န်အဲလ်ဒီတို့၏ပြောဆိုလှုပ်ရှားနေမှုများသည် အထွေထွေရွေးကောက်ပွဲတွင်အပြတ်အသတ်အနိုင်ရရှိခဲ့သော အဲင်န်အဲလ်ဒီအဖွဲ့၏ရွေးကောက်ပွဲရလာဒ်ကိုအသိအမှတ်မပြုသည့်အပြင် ဒီနိုင်ချုတ်ခုယ်မှုများကို ဆိုးဆိုးဝါးဝါးခံစားနေရသောကြောင့်သက်ဆိုင်ရာအာဏာပိုင်အဖွဲ့နှင့် အင်န်အဲလ်ဒီတို့တွေ့ဆုံရေးအတွက်သာဖြစ်ပါသည်။ ပစ္စုပ္ပန်တည့်တည့်ကြည့်လုပ်ဆောင်ကြရမည်ဖြစ်၍ ဒေါ်အောင်ဆန်းစုကြည်ကလည်း အင်န်အဲလ်ဒီအထွေထွေအတွင်းရေးမှူးဖြစ်ပြီး အင်န်အဲလ်ဒီအဖွဲ့ကလည်း

သူကြီးချုပ် ဦးအောင်တိုး ၊ ရှေ့နေချုပ် ဦးသာထွန်း၊ ဗိုလ်မှူးချုပ်ကျော်ဝင်းနှင့် ဗိုလ်မှူးကြီးသန်းထွန်းတို့တက်ရောက်ကြပါသည်။ တွေ့ဆုံခြင်းမှာ အတွင်းရေးမှူး(၁)မှ ရှင်းလင်းပြောပြခြင်းဖြစ်ပါသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒု–ဗိုလ်ချုပ်ကြီးခင်ညွန့်က ပျူငှာစွာဆီးကြိုနုတ်ဆက်ပြီး ပြောကြားရာတွင် "ကျွန်တော်တို့ကလည်း ဗိုလ်ချုပ်တို့ကိုတွေ့ချင်နေပါသည်။ ဗိုလ်ချုပ်တို့ကလည်းတွေ့ချင်နေမှာပါပဲ"ဟု ပြောပါသည်။ ဦးအောင်ရွှေကလည်း "ဗိုလ်ချုပ်တို့နှင့်တွေ့ချင်နေတာကြာလှပါပြီ။ ဗိုလ်ချုပ်ခင်ညွန့်က တိုင်းပြည်အခြေအနေမှာ ၎င်းသတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သော အနောက်နိုင်ငံကြီးများ၏ပယောဂဖြင့်အဖျက်အမှောင့်လုပ်ငန်းများကို အကျဉ်းချုပ်၍ရှင်းလင်းပြောကြားပြီး တားဆီးနိုင်၍သာပြည်သူလူထုသက်သာကြရပါသည်။

လူဦးရေများပြားဆုံးသော နိုင်ငံကြီးနှစ်နိုင်ငံကြားတည်ရှိနေသော မြန်မာနိုင်ငံအနေနှင့် အထူးသတိကြီးစွာထား၍ နေကြရပါသည်။ အနောက်အုပ်စုနိုင်ငံများက ၎င်းတို့ဩဇာလွှမ်းမိုးလိုမှုကြောင့် အဖျက်အမှောင့်လုပ်ငန်းများလုပ်နေကြောင်း ထင်ရှားပါသည်။ ကျွန်တော်တို့သည် ယခင်အစိုးရများမလုပ်နိုင်သော ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများနှင့် အထူးကြိုးစား၍ နားလည်မှုရအောင်လုပ်ပြီး ငြိမ်းချမ်းရေးရယူထားခြင်းဖြစ်ပါသည်။ ကေအင်န်ယူ အဖွဲ့နှင့်လည်း (၄)ကြိမ်မျှတွေ့ဆုံပြီးမှ ငြိမ်းချမ်းရေးပျက်ခဲ့ရပါသည်။ ဒါလည်းအနောက်အုပ်စု၏ပယောဂဖြစ်ပါသည်။ ယင်းကဲ့သို့ ငြိမ်းချမ်းရေးယူထားသော လူမျိုးစုလက်နက်ကိုင်အဖွဲ့များမှာလည်း လက်နက်စွန့်လွှတ်ခြင်းမဟုတ်သေးပါ။ အချိန်ကျလျှင်အပြီးအပိုင် လက်နက်များစွန့်လွှတ်ကြရန် ညှိနှိုင်းဆွေးနွေးထားပြီးဖြစ်ပါသည်။ တိုင်းပြည်တွင်ထပ်မံ၍အုံကြွပေါက်ကွဲမှုကြီးမဖြစ်စေလိုသောကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်န်အဲလ်ဒီတို့က အုံကြွမှုကြီးဖြစ်စေရန်နှင့် နိုင်ငံတော်အစိုးရ၏လုပ်ငန်းရပ်များကို ပိတ်ပင်တားဆီးမှုများမလုပ်စေလိုပါကြောင်း၊ အစိုးရနှင့်ထိပ်တိုက်မဖြစ်စေလိုပါကြောင်း ပြောကြားပါသည်။ ဆက်လက်ပြောကြားသည်မှာ နဝတ အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရရှိအောင်နှင့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်အောင် လုပ်နေကြပါသည်။ သို့သော် ချက်ခြင်းမပေါ်လာနိုင်ပါ ဉက္ကဋ္ဌ ဦးအောင်ရွှေက အင်န်အဲလ်ဒီအနေဖြင့် ဗိုလ်ချုပ်ပြောသလို အစိုးရနှင့်ထိပ်တိုက်ဖြစ်အောင်လုပ်နေခြင်းမဟုတ်ပါ။ တိုင်းပြည်အခြေအနေအရပ်ရပ်ကိုတင်ပြနေခြင်းဖြစ်ပြီး ယင်းကိစ္စများကို နဝတ နှင့်တွေ့ဆုံဆွေးနွေးပြီး အဖြေရှာရန်ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် မဖြစ်မနေတွေ့ဆုံစေချင်ပါကြောင်းပြောပါသည်။ ဦးအောင်ရွှေက ဆက်လက်ပြောကြားသည်မှာ ဒီမိုကရေစီဆိုတာ ညွှန်ပြနေရုံဖြင့်မရနိုင်ပါ။ လုပ်ရင်းကိုင်ရင်းနှင့်ပေါ်ပေါက်လာမှာဖြစ်ကြောင်း၊ နဝတ နှင့် အင်အဲလ်ဒီတို့၏ ရည်မှန်းချက်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီတို့ဖြစ်သည်ကြောင့် တူနေကြောင်း၊ သို့သော် အာဏာပိုင်များနှင့် နိုင်ငံရေးပါတီများ၏ လုပ်ပုံလုပ်နည်းများ တူညီနိုင်သလောက်သာတူညီနိုင်ပါသည်ဟု ပြောကြားပါသည်။ ဗိုလ်ချုပ်ခင်ညွန့်မှ ကျွန်တော်တို့က ဗိုလ်ချုပ်အောင်ရွှေကိုသာအသိအမှတ်ပြုထားပါသည်။ ဒေါ်အောင်ဆန်းစုကြည်နိုင်ငံခြားမှအထောက်အပံ့ယူကြောင်း အထောက်အထားတွေ့ရှိပါသည်။ ဦးအောင်ရွှေမှ အင်န်အဲလ်ဒီအနေနှင့် စည်းမျဉ်းစည်းကမ်း၊ မူဝါဒများအရ နိုင်ငံခြားငွေမယူပါ။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ၎င်းယူသည်ဆိုသည်ကို လုံးဝမဟုတ်မှန်ကြောင်း ငြင်းဆိုထားပြီးဖြစ်ပါသည်။

ဗိုလ်ချုပ်ခင်ညွန့်မှ ကျွန်တော်တို့တထစ်ချ စွပ်စွဲနေခြင်းမဟုတ်ပါ။ ဒါသူသာသိပါသည်။ ဦးညွန့်ဝေ၏သားကလည်း အဖျက်လုပ်ငန်းများတွင်ပါဝင်ပြီး ဒေါက်တာစိန်ဝင်းတို့၏လမ်းညွှန်ချက်ဖြင့်လုပ်နေကြောင်း သိရပါသည်။ ဦးညွန့်ဝေကို မည်သို့မျှအာဃာတမထားပါ။ အခြားမိသားစုကိုလည်းမစွပ်စွဲပါ။

ဦးအောင်ရွှေက ဒေါ်အောင်ဆန်းစုကြည် သူ့ရဲ့ဖခင်နိုင်ငံ့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘကြီးဖြစ်သူတို့ အကြမ်းဖက်လုပ်ကြံမှုကြောင့် အသက်ဆုံးရှုံးခဲ့ကြရသဖြင့် အကြမ်းဖက်လုပ်ငန်းဟူသည်ကို လုံးဝလက်မခံကြောင်း၊ လုံးဝမရှိအောင် လုပ်သင့်ကြောင်းပြောပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်သာတွေ့ဆုံဆွေးနွေးပါ။ အဆင်ပြေမည်ဖြစ်ကြောင်း ကျွန်တော်အာမခံသည်ဟု ပြောကြားပါသည်။

ဦးသန်းထွန်းက တိုင်းပြည်ကြီးလွတ်လပ်ရေးရကတည်းက နိုင်ငံရေး လက်ဝဲ၊ လက်ယာ အစွန်းရောက်သမားများက စစ်ပြီးခေတ် အရှေ့အုပ်စု၊ အနောက်အုပ်စုများကိုအားကိုးပြီး လုပ်ကိုင်/ပုန်ကန်သောင်းကျန်းခဲ့ကြ၍ မြန်မာနိုင်ငံသည် ဘယ်တော့မှအုပ်စုကြီးနှစ်ခု၏ဓါးစာခံမဖြစ်ပါဟုဆိုပြီး ကြားနေနိုင်ငံများအဖြစ် ဖော်ဆောင်ခဲ့ပါသည်။ ယခုလည်းကျွန်တော်တို့ကဘယ်နိုင်ငံကြီးတွေရဲ့ဩဇာခံမှုမဟုတ်ပါ။ လုပ်လည်းမလုပ်ပါ။ ဒေါ်အောင်ဆန်းစုကြည်နှင့် အင်န်အဲလ်ဒီတို့၏ပြောဆိုလှုပ်ရှားနေမှုများသည် အထွေထွေရွေးကောက်ပွဲတွင်အပြတ်အသတ်အနိုင်ရရှိခဲ့သော အဲင်န်အဲလ်ဒီအဖွဲ့၏ရွေးကောက်ပွဲရလာဒ်ကိုအသိအမှတ်မပြုသည့်အပြင် ဖိနှိပ်ချုပ်ချယ်မှုများကို ဆိုးဆိုးဝါးဝါးခံစားနေရသောကြောင့်သက်ဆိုင်ရာအာဏာပိုင်အဖွဲ့နှင့် အင်န်အဲလ်ဒီတို့တွေ့ဆုံရေးအတွက်သာဖြစ်ပါသည်။ ပစ္စုပ္ပန်တည့်တည့်ကြည့်လုပ်ဆောင်ကြရမည်ဖြစ်၍ ဒေါ်အောင်ဆန်းစုကြည်ကလည်း အင်န်အဲလ်ဒီအထွေထွေအတွင်းရေးမှူးဖြစ်ပြီး အင်န်အဲလ်ဒီအဖွဲ့ကလည်း

ပြည်သူလူထုကြီး တခဲနက်ထောက်ခံထားသောကြောင့် အရေးအကြီးဆုံးက နဝတ နှင့် အင်ဒဲလ်ဒီတို့ တွေ့ဆုံဆွေးနွေးရေးသာဖြစ်ပါသည်။ ဗိုလ်ချုပ်ခင်ညွန့်တို့ကလည်း သဘောထားပြင်သင့်ပါသည်။

ဦးလှဖေက ယခုလို လူကြီးများကတွေ့ဆုံပြောဆိုနေသော်လည်း အောက်ခြေများမှာ အလွန်ဖိနှိပ်ချုပ်ချယ်ခြင်းခံနေရပါသည်။ ဆိုင်းဘုတ်တွေဖြုတ်ချခြင်း၊ လူတွေထိန်းသိမ်းထားခြင်းများရှိပါသည်။ အောက်ကလည်း အဆင်ပြေအောင်လုပ်စေချင်ပါသည်။

ဦးအောင်ရွှေမှပြောကြားသည်မှာ လူတွေတဦးနှင့်တဦးရန်သူတွေဖြစ်သွားမှာကို အထူးစိုးရိမ်ပါသည်ဟု ထပ်မံဖြည့်စွက်ပါသည်။

ဗိုလ်ချုပ်ခင်ညွန့်က ဒါတွေအဆင်ပြေအောင်လုပ်ပေးမည်ဟုပြောပြီး အင်အဲလ်ဒီကလည်းပြုပြင်ပါဟုပြောပါသည်။

ဦးအောင်ရွှေက ဒေါ်အောင်ဆန်းစုကြည်နှင့်သာတွေ့ဆုံပါ၊ အဆင်ပြေမည်ဖြစ်ပါသည်။ ကျွန်တော်တာဝန်ခံပါသည်ဟုပြောပါသည်။

ဗိုလ်ချုပ်ခင်ညွန့်က ယခုတော့ မျှော်ပြိုင်သွားနေကြတာ၊ နှစ်ဖက်ပြင်ကြရင်တော့ ဆုံကြရမှာဖြစ်ပါတယ်။ ယခုကျွန်တော်တို့ခင်းကျင်းပြသထားသည့် သက်သေခံအထောက်အထားများကိုကြည့်ပါဟုပြောပြီး တဘက်ခန်းသို့ခေါ်ယူပြသပါသည်။ ဦးအောင်ရွှေက တွေ့ဆုံရန်လမ်းမရှည်လှပါဟုပြောကြားပါသည်။

ကျွန်တော်တို့သည် ဗိုလ်ချုပ်ခင်ညွန့် ရှင်းလင်းပြထားမှုများကိုကြည့်ရှုပြောဆိုကြပြီး နံနက်(၁၀:၄၀)နာရီအချိန်တွင် နှုတ်ဆက်ပြီး ပြန်လာခဲ့ကြပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အောက်ပါမူများအရသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၁) နဝတအတွင်းရေးမှူး(၁)နှင့် အင်န်အဲလ်ဒီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များတွေ့ဆုံခြင်းမှာ ရှင်းပြခြင်းသာဖြစ်ပြီး တွေ့ဆုံဆွေးနွေးခြင်းဟု မဆိုနိုင်ပါ။
(မှတ်ချက်။ အပိုဒ်ခွဲ(၁)သည် မူမဟုတ်ပါ၊ သဘောထားသာဖြစ်ပါသည်။ ကျန်အပိုဒ်ခွဲ (၂) (၃) (၄)တို့မှာ မူများဖြစ်ပါသည်။)
(၂) အင်န်အဲလ်ဒီအနေဖြင့် တွေ့ဆုံဆွေးနွေး၍ နိုင်ငံရေးပြဿနာများကိုအဖြေရှာရန်အမြဲတမ်း ကြိုဆိုနေမည်ဖြစ်ပါသည်။
(၃) အင်န်အဲလ်ဒီအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်/တိုင်း၊ မြို့နယ်အသီးသီးတို့က ၎င်းတို့၏ကိုယ်စား အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် နှစ်ဦးတို့အား အဖွဲ့ချုပ်၏လုပ်ကိုင်ဆောင်ရွက်ရန်ကိစ္စများကိုဆောင်ရွက်နိုင်ရန် ဆန္ဒသဘောထားပေးထားပြီးဖြစ်သည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်သာဖြစ်ပါသည်။
(၄) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားရည်မှန်းချက်များမှာ . . .

(က) တိုင်းရင်းသားအားလုံး ရင်ကြားစေ့ရေး၊
(ခ) တဦးနှင့်တဦး၊ တဖွဲ့နှင့်တဖွဲ့ ပြန်လည်သင့်မြတ်ရေး၊
(ဂ) ဒီမိုကရေစီရေး၊

တို့ဖြစ်ပါသည်။ ဟူ၍ဖြစ်သည်။

တဖန် အဆိုပါကိစ္စနှင့်ပတ်သက်၍ ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀/၉၇)ဖြင့် အောက်ပါအတိုင်း ထပ်မံရှင်းလင်းခဲ့သည်။

### အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

### (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ထုတ်ပြန်သည့်

### ကြေညာချက် အမှတ် (၁၀/၉၇)

၁။ မြန်မာနိုင်ငံတဝန်းလုံးရှိ ပြည်သူလူထုကြီးသည် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လတွင် သမိုင်းမကြုံဖူးအောင် ထူးထူးခြားခြား စုပေါင်းအုံကြွ၍ ဒီမိုကရေစီရေးကိုတောင်းဆိုခဲ့ကြပေသည်။ အသက်သွေးပေါင်းမြောက်များစွာ စွန့်လွှတ်ရင်းနှီးလျှက် ဒီမိုကရေစီနိုင်ငံသစ်တည်ထောင်နိုင်ရန် ကြိုးပမ်းခဲ့ကြပေသည်။ ဤသို့ မှန်မြတ်လှသည့် ပြည်သူတို့၏ဆန္ဒကိုအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ပြည်သူလူထုအတွင်းမှ လူတန်းစားအလွှာပေါင်းစုံတို့ပါဝင်သည့် တိုင်းရင်းသား

လူမျိုးများဖြင့် နိုင်ငံအနှံ့ဖွဲ့စည်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယနေ့ (၂၇-၉-၉၇)နေ့တွင် (၉)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပေသည်။

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျင့်သုံးသွားမည့် မူဝါဒသဘောထားအချို့ကို အောက်ပါအတိုင်း ကြေညာခဲ့သည်။

- ကျွန်ုပ်တို့သည် ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင်ပါရှိသော လူ့အခွင့်အရေးဆိုင်ရာစည်းမျဉ်းနှင့် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းတို့ကို အစွမ်းကုန်လိုက်နာကျင့်သုံးမည်။
- ကျွန်ုပ်တို့သာမက နောင်လာမည့်မျိုးဆက်တို့သည် မည်သည့်အခါမျှ လူ့အခွင့်အရေးများမဆုံးရှုံးစေရဟူသောမူဖြင့် ခိုင်မာသောဒီမိုကရေစီအုတ်မြစ်ကို ချထားမည်။
- ခေတ်နောက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သော လက်ရှိစီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့ကို ပြည်ထောင်စုသားအားလုံးတို့၏ စည်းလုံးညီညွတ်သော ဆန္ဒတူညီမှုအင်အားပေါ်တွင် အခြေခံပြုကာ ပြန်လည်တည်ဆောက်မည်။

၃။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင် နိုင်ငံတော်အာဏာကိုသိမ်းယူ၍ ဖွဲ့စည်းတည်ထောင်ခဲ့သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ကြေညာချက်အမှတ် (၁/၈၈)ဖြင့် ကြေညာခဲ့သည့် တာဝန်(၄)ရပ်အနက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးသည် တခုအပါအဝင်ဖြစ်ပေသည်။ ဤသည်မှာ ပါတီစုံဒီမိုကရေစီစနစ်တည်ဆောက်ရန်အတွက် ရွေးကောက်ပွဲကျင်းပပေးမည်ဟု ကနဦးကပင် ကတိကဝတ်ပြုခဲ့ခြင်းဖြစ်ပေသည်။

၄။ သို့ဖြင့် ရွေးကောက်ပွဲဥပဒေကို ပြဋ္ဌာန်းသည့်အခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရွေးကောက်ပွဲ၌ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။ ယင်းသို့ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းနှင့်ပါတ်သက်၍ အဖွဲ့ချုပ်က အောက်ပါအတိုင်းသဘောထားထုတ်ပြန်ခဲ့ပါသည်။

ကျင်းပပေးမည့်ရွေးကောက်ပွဲသည် ဒီမိုကရေစီအရေးတော်ပုံတွင် ပြည်သူလူထုအတွက် အသက်စွန့်လွှတ်သွားခဲ့သူများ၊ အမျိုးမျိုးအနစ်နာခံခဲ့သူများ၏ တိုက်ပွဲမှပေါ်ထွက်လာသည့် ရလဒ်တခုဖြစ်သည်ဟု မှတ်ယူလျှက် အဖွဲ့ချုပ်သည် ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။

၅။ ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇)ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မဲဆန္ဒနယ်(၄၈၅)နေရာအနက် (၃၉၂)နေရာတွင် အနိုင်ရရှိခဲ့သဖြင့် ရာခိုင်နှုန်း(၈၂)ခန့် အပြတ်အသတ်၊ လုံးလုံးလျားလျား၊ အနိုင်ရခဲ့ခြင်းဖြစ်ပေသည်။

၆။ ပြည်သူတို့က မိမိတို့၏ဆန္ဒကို ရွေးကောက်ပွဲနေ့မတိုင်မီအထိ သိသိသာသာမပြခဲ့ပဲ ရွေးကောက်ပွဲနေ့ကြမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် တခဲနက်အားပေးထောက်ခံလိုက်ခြင်းအားဖြင့် မိမိတို့၏ဆန္ဒအား ထုတ်ဖော်ပြသလိုက်သည်ကို မြန်မာပြည်တွင်သာမက ကမ္ဘာ့နိုင်ငံကြီးများတွင်ပါ အံ့အားသင့်ခဲ့ကြရပေသည်။

၇။ ယခုကဲ့သို့ မဲဆန္ဒရှင်မိဘပြည်သူများ တခဲနက်ထောက်ခံဆန္ဒပြုလိုက်ခြင်းမှာ ပြည်သူတို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ်တွင်ထားရှိသော မေတ္တာစေတနာ၊ သဒ္ဓါတရားတို့ ကြီးမားပုံကို ဖော်ပြယုံသာမက ပြည်သူတို့က အာသီသပြင်းပြစွာ လိုလားတောင့်တလျှက်ရှိသည့် အခြေခံလွတ်လပ်မှုနှင့်ဒီမိုကရေစီအခွင့်အရေးများ အောင်မြင်စွာပြန်လည်ရရှိနိုင်ရန် အမှန်တကယ်ကြိုးပမ်းပေးနိုင်မည့်အဖွဲ့အစည်းအဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် အပြည့်အဝအားထားယုံကြည်မှုကို ထုတ်ဖော်ရာလည်းရောက်ပါသည်။

၈။ ရွေးကောက်ပွဲပြီးစီးသည်နှင့် ရန်ကုန်မြို့တွင်အခြေစိုက်သည့် ကမ္ဘာ့နိုင်ငံအများအပြားမှ သံတမန်တို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း၊ အဖွဲ့ချုပ်၏အောင်မြင်မှုကို ချီးကျူးထောပနာပြုခဲ့ကြပေသည်။ ဤသည်မှာ ကမ္ဘာ့အသိုင်းအဝန်းက စစ်မှန်သည့်ဒီမိုကရေစီစနစ် ပေါ်ပေါက်ရေးသည် မြန်မာပြည်သူတို့၏သဘောထားဆန္ဒမှန်ဖြစ်ကြောင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပေါ် ပြည်သူတရပ်လုံးက ခိုင်ခိုင်မာမာထောက်ခံလျှက်ရှိကြောင်းကို အသိအမှတ်ပြုရာရောက်ပေသည်။

၉။ ထိုစဉ်က မဲဆန္ဒရှင်ပြည်သူလူထုသည်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ဒီမိုကရေစီပါတီအဖွဲ့အစည်းများသည်လည်းကောင်း၊ ကမ္ဘာ့အသိုင်းအဝန်းသည်လည်းကောင်း၊ လွတ်လပ်၍တရားမျှတစွာကျင်းပပြီးခဲ့သည့် ရွေးကောက်ပွဲ၏ရလဒ်များကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပေးထားသည့်ကတိများအတိုင်း ကြည်ဖြူစွာအကောင်အထည်ဖေါ်ပေးမည်ဟု ရိုးသားစွာယုံကြည်ခဲ့ကြပါသည်။

၁၀။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ နည်းဥပဒေများဖြင့် တရားဝင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်သည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၂)(က)တွင် "လွှတ်တော်ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်" ပုဒ်မ (၂)(ခ)တွင် "လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ လွှတ်တော်သို့ရွေးကောက်တင်မြှောက်ခြင်းခံရသူကိုဆိုသည်" ပုဒ်မ (၃)တွင် "လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်"တို့ ပါဝင်သည်ဖြစ်ရာ ရွေးကောက်ပွဲရလဒ်ကိုအကောင်အထည်ဖော်ရေးဟူသည် . . .

ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးနိုင်ရန်အတွက် ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ပြည်သူ့ဆန္ဒဖြင့်ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့တော်ကိုယ်စားလှယ်များဖြင့် အချုပ်အခြာအာဏာ(၃)ရပ်ကို ကျင့်သုံးပိုင်ခွင့်ရှိသော ပြည်သူ့လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းရေးပင်ဖြစ်ပေသည်။

၁၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ကိုယ်တိုင်အကြိမ်ကြိမ်ပေးထားသည့် ကတိများအတိုင်း ရွေးကောက်ပွဲရလဒ်ကိုအကောင်အထည်ဖော်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်ညှိနှိုင်းဆောင်ရွက်ရမည့်အစား ရွေးကောက်ပွဲရလဒ်ကိုပျက်ပြယ်စေရန် အကားအဆီးအမျိုးမျိုးကို အကြောင်းအမျိုးမျိုးပြကာ ဖန်တီးလုပ်ဆောင်လာခဲ့ပေသည်။

၁၂။ ပြည်သူ့လွှတ်တော်ခေါ်ယူရေးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား နိုင်ငံ့တာဝန်များလွှဲအပ်ရေးကို ကြေညာချက် (၁/၉၀)ဖြင့် အခြေခံဥပဒေရေးဆွဲရန်လိုအပ်သည်ဟုအကြောင်းပြ၍ ပိတ်ဆို့ခဲ့သည်။ တဖန် အခြေခံဥပဒေရေးဆွဲရေးတာဝန်ကို မိမိစိတ်ကြိုက်ဖန်တီးထားသည့်အမျိုးသားညီလာခံသို့ လွှဲပြောင်းလျှက် ပိတ်ဆို့တားဆီးမှုကိုထပ်မံတိုးချဲ့ခဲ့ပြန်သည်။ ဤနည်းဖြင့် ပြည်သူ့လွှတ်တော်ခေါ်ယူရေးကို ဝေးသည်ထက်ဝေးအောင် ပြုလုပ်ခဲ့ပေသည်။ တချိန်တည်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို အကြောင်းအမျိုးမျိုးဖြင့် ပယ်ဖျက်ခြင်း၊ နုတ်ထွက်စေခြင်းတို့ကို လုပ်ဆောင်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ်တွင်လည်း အမျိုးမျိုးအဖုံဖုံအပြစ်ရှာ၍ ဖိနှိပ်ချုပ်ချယ်ခဲ့ပေသည်။

၁၃။ ဤသို့ဖြင့် မြန်မာ့နိုင်ငံရေးတွင် ကြီးမားလှသည့်အကြပ်အတည်းကို ပေါ်ပေါက်စေခဲ့ပေသည်။ နိုင်ငံရေးအကြပ်အတည်းကိုအခြေခံ၍ စီးပွားရေးနှင့်လူမှုရေးအကြပ်အတည်းများလည်း ဒီရေအလားတိုးပွားလာခဲ့ပေသည်။

၁၄။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် တပြိုင်တည်းလိုလိုပေါ်ပေါက်ခဲ့ပေသည်။ အဖွဲ့ချုပ်အပေါ် အမျိုးမျိုးအဖုံဖုံကန့်သတ်ချုပ်ချယ်မှုများကိုလည်းကောင်း၊ ယနေ့အထိ တနိုင်ငံလုံးနှင့်သက်ဆိုင်သည့်ပြဿနာများကို ဖြေရှင်းရန်လည်းကောင်း၊ တွေ့ဆုံဆွေးနွေးအဖြေရှာရန် အဖွဲ့ချုပ်က အမြဲတစေတိုက်တွန်းတင်ပြခဲ့ပေသည်။ တင်ပြခဲ့တိုင်းတွင်လည်း အကြောင်းအမျိုးမျိုးပြ၍သော်လည်းကောင်း၊ မပြဘဲသော်လည်းကောင်း အာဏာပိုင်တို့သည် လစ်လျူရှုလျှက်သာနေခဲ့ပေသည်။

၁၅။ ယင်းသဘောထားလုပ်ဆောင်ချက်၏ အဖြေကား ပြဿနာများကြီးထွားများပြားလာခဲ့ခြင်းပင်ဖြစ်ပေသည်၊ ယနေ့အခါတွင် ပြည်တွင်းနိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး၊ အကြပ်ရိုက်မှု၏ဒဏ်ကို မသိရှိ၊ မခံစားရသည့် လူထုအစိတ်အပိုင်းဟူ၍ မရှိတော့ချေ။ ရင်ဆိုင်ကြုံတွေ့နေရသည့် အကြပ်အတည်း၏ပမာဏကြီးမားမှုနှင့် လျော့သည်မရှိဘဲ၊ တိုး၍သာခံစားနေရမှုတို့ကြောင့် ပြည်သူတရပ်လုံး သောကမီးဖြင့်လောင်မြိုက်နေကြရပေသည်။

၁၆။ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၁၇)ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်(၂)ဦးဖြစ်သော ဦးသန်းထွန်းနှင့်ဦးလှဖေတို့အား ခေါ်ယူတွေ့ဆုံ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အဖွဲ့ချုပ်အပေါ်စွပ်စွဲချက်များနှင့်ပတ်သက်၍ ထပ်မံရှင်းလင်းခဲ့သည်။ အဖွဲ့ချုပ် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်တို့ကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားရပ်တည်ချက်ကို ပြန်လည်ရှင်းပြခဲ့သည်။ ယင်းတွေ့ဆုံမှုအပေါ် နှစ်ဖက်စလုံးက တွေ့ဆုံဆွေးနွေးမှုဟုသဘောမထားဘဲ တွေ့ဆုံရှင်းလင်းမှုဟုသာ မှတ်ယူခဲ့ကြပေသည်။

၁၇။ ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)နှင့်တွေ့ဆုံရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုးမြင့်နှင့် ဦးလွန်းတင်တို့အားဆက်သွယ်၍ နောက်တနေ့နံနက်တွင် လာရောက်ရန်ပြောကြားခဲ့သည်။ ယင်းကိစ္စမှာ အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့ချုပ်အဖွဲ့အစည်းအဆင့်ဆင့်တို့က အပ်နှင်းထားသောဆန္ဒသဘောထားအရ ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်တို့နှစ်ဦး ပါဝင်ဆောင်ရွက်ရမည်ဖြစ်သဖြင့် ဒေါ်အောင်ဆန်းစုကြည်မပါဝင်ဘဲ ဦးအောင်ရွှေတဦးတည်းသာ သွားရောက်ရန်မဖြစ်နိုင်ကြောင်း အဖွဲ့ချုပ်ကဆုံးဖြတ်ခဲ့ပေသည်။ ယင်းဆုံးဖြတ်ချက်ကို သက်ဆိုင်ရာအာဏာပိုင်များထံ အချိန်မီဆက်သွယ်အကြောင်းကြားရန် ကြိုးစားခဲ့သော်လည်း တုံ့ပြန်မှုမပြုခဲ့ချေ။

၁၈။ သို့ဖြစ်၍ ၁၆-၉-၉၇ ရက်နေ့ နံနက်တွင် လာရောက်ခေါ်သောအခါ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ ဦးစိုးမြင့်နှင့် ဦးလွန်းတင်တို့၏ရှေ့မှောက်၌ ဥက္ကဋ္ဌ ဦးအောင်ရွှေက အဖွဲ့ချုပ်၏ဆုံးဖြတ်ချက်အရ အထွေထွေအတွင်းရေးမှူးမပါဘဲ ဖိတ်ကြားသည်ကို မလိုက်နိုင်ကြောင်းနှင့် အဖွဲ့ချုပ်၏ တွေ့ဆုံဆွေးနွေးရေးကိုအစဉ်လမ်းဖွင့်ထားသည့်မူအရ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုးမြင့်နှင့်ဦးလွန်းတင်တို့အား သွားရောက်တွေ့ဆုံရန် ခွင့်ပြုခဲ့ပါသည်။ သို့သော် အာဏာပိုင်များက သဘောမတူခဲ့ပေ။

၁၉။ ဤအဖြစ်အပျက်ကို အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ ပြည်သူလူထုနှင့်နိုင်ငံတကာမှ မှန်မှန်ကန်ကန် သိရှိသုံးသပ်နိုင်ရန် အဖွဲ့ချုပ်က ကြေညာချက်ထုတ်ပြန်ရန် ဆုံးဖြတ်ခဲ့ပေသည်။ သို့ရာတွင် အခြေအနေကို တတ်နိုင်သမျှပြေလည်စေလိုသောစေတနာဖြင့် ကြေညာချက်မထုတ်မီ အာဏာပိုင်တို့နှင့် ညှိနှိုင်းရန်ကြိုးစားဆက်သွယ်ခဲ့သော်လည်း၊ အထမမြောက်ခဲ့ပေ။ အာဏာပိုင်တို့က ထိုနေ့ (၁၆-၉-၉၇)တွင်ပင် **(Meeting call off)**ခေါင်းစဉ်ဖြင့် တဖက်သတ် သတင်းထုတ်ပြန်ခဲ့သည့်အတွက် အဖွဲ့ချုပ်ကလည်း (၁၇-၉-၉၇)နေ့တွင် ကြေညာချက်အမှတ် (၉/၉၇)ကို ထုတ်ပြန်ရှင်းလင်းခဲ့ပေသည်။ (၁၈-၉-၉၇)နေ့တွင် အာဏာပိုင်တို့သည် ထပ်မံ၍ အဖွဲ့ချုပ်အတွင်း အထင်အမြင်လွဲမှားစေရန်ရည်သန်သည့် ကြေညာချက်တစောင်ကို ထုတ်ဝေခဲ့ပြန်ပါသည်။

၂၀။ အာဏာပိုင်တို့၏ ယင်းလုပ်ဆောင်ချက်များကို သုံးသပ်ကြည့်ပါက အောက်ပါအချက်များကိုမြင်တွေ့နိုင်ပေသည်။

(၁) တွေ့ဆုံဆွေးနွေးရာတွင် အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည် မပါဝင်စေရန် တားဆီးပိတ်ဆို့ခြင်း၊
(၂) အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်များနှင့် ကျန်အဖွဲ့ဝင်များအတွင်း ညီညွတ်ရေးကိုပျက်ပြားအောင် ကြံရွယ်လုပ်ဆောင်ခြင်း၊
(၃) အာဏာပိုင်များတွေ့ဆုံလိုသည့်အချိန်တွင် တွေ့ဆုံလိုသည့်အရေးအတွက်ကို အမည်တပ်ခေါ်တွေ့ခြင်းဖြင့် အဖွဲ့ချုပ်အပေါ် တန်းတူရည်တူသဘောမထားဘဲ ဆွေးနွေးပွဲမစမီကပင် အပေါ်စီးရယူလိုခြင်း၊
(၄) တဖက်တွင် အာဏာပိုင်များက အဖွဲ့ချုပ်အား အချိန်မရွေးဆက်သွယ်လိုသည့်အချိန်တွင် ဆက်သွယ်နိုင်သည်ဟုသဘောထားသော်လည်း အဖွဲ့ချုပ်က အရေးကြီးသည့်ကိစ္စများဆက်သွယ်ပြောကြားရန် ကြိုးစားသည့်အခါ လစ်လျူရှုနေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ် ကင်းမဲ့နေကြောင်း ပြသခြင်း၊
(၅) တွေ့ဆုံမှုတခုတွင် တဖက်အဖွဲ့အစည်းမှ မည်သူပါဝင်ရမည်ဟုသတ်မှတ်ခြင်းသည် ယင်းအဖွဲ့အစည်း၏လုပ်ပိုင်ခွင့်ကို ထိပါးခြင်းဖြစ်ပြီး မည်သူမပါဝင်ရ၊ အသိအမှတ်မပြုဟု ဆိုခြင်းသည် ပုဂ္ဂိုလ်ရေးအာဃာတကို ရှေ့တန်းတင်မှုဖြစ်ခြင်း၊
(၆) တွေ့ဆုံလိုမှုမှာလည်း အဓိပ္ပာယ်ရှိသည့် နိုင်ငံရေးအရဆွေးနွေးမှု မဟုတ်ခြင်း၊

(၇) အာဏာပိုင်များ၏လုပ်ဆောင်ချက်သည် မိမိတို့အစီအမံအတိုင်း၊ အဖွဲ့ချုပ်က တသွေမတိမ်းနာခံလျှင်နာခံ၊ မနာခံလျှင် အဖွဲ့ချုပ်သည် တွေ့ဆုံဆွေးနွေးမှုကိုပျက်ပြားအောင်လုပ်သည်ဟု ချက်ခြင်းစွပ်စွဲနိုင်ရန် ကြိုတင်အကွက်ချစီမံခြင်း၊
တို့ကို တွေ့မြင်ရမည်ဖြစ်ပေသည်။

၂၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားနှင့်ဆောင်ရွက်ချက်များကိုသုံးသပ်ပါက အောက်ပါအတိုင်း တွေ့မြင်နိုင်သည်။

(၁) တွေ့ဆုံဆွေးနွေးမှုများတွင် ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့်အတူ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်အား ပါဝင်ခွင့်ရှိစေရမည်ဟု ဆိုရာတွင် . . .

(က) ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်တည်ထောင်သူတဦးဖြစ်ခြင်း၊
(ခ) အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်များနှင့်အဖွဲ့ချုပ်အဆင့်ဆင့်တို့က ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့်အတူ လုပ်ပိုင်ခွင့်ပေးအပ်ခံထားရခြင်း၊
(ဂ) ဒေါ်အောင်ဆန်းစုကြည်ပါဝင်ရေးကို ကမ္ဘာ့ကုလသမဂ္ဂမှအစ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်အသီးသီးတို့က သဘောထားပေးခဲ့ကြခြင်း၊
(ဃ) ပြည်သူတရပ်လုံး၏ အမှန်တကယ်အားထားယုံကြည်မှုကိုခံရခြင်း၊
(င) ဥက္ကဋ္ဌ ဦးအောင်ရွှေက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)အား (၁၇-၇-၉၇) ရက်နေ့က အာမခံခဲ့သည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်သည် စစ်မှန်သည့်တွေ့ဆုံဆွေးနွေးမှုကို အဆင်ပြေအောင်မြင်ရန်ဆောင်ရွက်နိုင်သူဖြစ်ခြင်းတို့ကြောင့် ဖြစ်ပေသည်။

(၂) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ (၂၂-၃-၈၉)ရက်၊ ရက်စွဲပါ ကြေညာချက် (၂၄၅)တွင် **"ယခုမှတ်ပုံတင်ထားသော နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် ဤကော်မရှင်ကကြီးကြပ်ဖွဲ့စည်းပေးသော အဖွဲ့အစည်းမဟုတ်ဘဲ၊ မိမိတို့ဆန္ဒအလျောက် ပါတီဖွဲ့စည်းပုံများ၊ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များအားရေးဆွဲပြီး နာယကနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်"**(ယနေ့တိုင်တည်လျက်ရှိသည်)ဟု ဖော်ပြခဲ့ချက်အရ ဒေါ်အောင်ဆန်းစုကြည်၊ ဦးကြည်မောင်၊ ဦးတင်ဦးတို့အပါအဝင် ဗဟိုအလုပ်အမှုဆောင်(၁၀)ဦးစလုံးမှာ အဖွဲ့ချုပ်၏ တရားဝင်ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြခြင်း။

(၃) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အခြားအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန်ကိစ္စတွင် အဖွဲ့ချုပ်အားကိုယ်စားပြုသူများကိုရွေးချယ်ခြင်းသည် အဖွဲ့ချုပ်၏လုပ်ပိုင်ခွင့်သာဖြစ်ခြင်း၊

(၄) အဖွဲ့ချုပ်သည် မိမိအဖွဲ့အတွင်း လိုက်နာရမည့်စည်းကမ်းချက်များအတိုင်း မတိမ်းမစောင်းဆောင်ရွက်ခဲ့သော်လည်း တွေ့ဆုံဆွေးနွေးမှုကိုအစဉ်လမ်းဖွင့်ထားသည့်မူအရ၊ အခြေအနေကို ပြေလည်စေရန် အားထုတ်လုပ်ဆောင်ခဲ့ခြင်းတို့ကို တွေ့မြင်ရမည်ဖြစ်ပေသည်။

၂၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းပြည်၏ပြဿနာများအားဖြေရှင်းရာတွင် တွေ့ဆုံဆွေးနွေးမှုကို အစဉ်လမ်းဖွင့်ကြိုဆိုပေသည်။ သို့သော် ယင်းသို့တွေ့ဆုံဆွေးနွေးခြင်းသည် စစ်မှန်ပြီးအဓိပ္ပာယ်ရှိသော ဆွေးနွေးမှုဖြစ်စေရမည်ဟု သဘောထားသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယုံကြည်လက်ခံသော စစ်မှန်သည့်တွေ့ဆုံဆွေးနွေးရေးသည် . . .
(က) တမျိုးသားလုံး၏ အကျိုးစီးပွားကို အခြေခံရမည်၊
(ခ) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အာမခံရမည်၊
(ဂ) အာဃာတကင်းရှင်းသော တရားမျှတစွာဖြေရှင်းမှုကို လက်ခံရမည်၊ ဟု သတ်မှတ်ထားပေသည်။

၂၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြီးခဲ့သည့် (၉)နှစ်တာကာလအတွင်း အခက်အခဲ၊ အကြပ်အတည်းမျိုးစုံကို ပြည်သူလူထုနှင့်အတူ လက်တွဲမဖြုတ်၊ ကြံ့ကြံ့ခံရင်ဆိုင်ရာတွင် အဖွဲ့ချုပ်၏ ပြည်သူအတွက်အနစ်နာခံနိုင်မှုမှာ

အကန့်အသတ်မရှိကြောင်း ပြသခဲ့ပြီးဖြစ်ပေသည်။ သို့ရာတွင် ပြည်သူလူထုခံစားနေရသည့် ဒုက္ခဆင်းရဲကိုမူ တရက်၊ တမနက်မျှ ဆက်လက်မရှည်ကြာစေလိုပေ။

၂၄။ သို့ဖြစ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် "မိမိအဖွဲ့အစည်းကိုသာမြဲစေ၊ သာစေ၊ တဖက်အဖွဲ့အစည်းကို နာစေ၊ ကွဲစေ"စသည့် ဗျူဟာများအပေါ် လုံးဝစိတ်ပါဝင်စားမှုမရှိသည့်အလျောက် စစ်မှန်၍အဓိပ္ပါယ်ရှိသည့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုဖြင့်သာ မြန်မာနိုင်ငံ၏ အထူးကြီးမားစွာရင်ဆိုင်နေရသည့်ပြဿနာများကို အမြန်ဆုံးဖြေရှင်းသွားရန် ဆက်လက်သံန္နိဋ္ဌာန်ချထားလျက်ရှိပေကြောင်း ကြေညာအပ်ပေသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့<br>
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်<br>
ရန်ကုန်မြို့

၁၃၅၉ ခု၊ တော်သလင်းလပြည့်ကျော် (၁၀)ရက်။<br>
၁၉၉၇ ခု၊ စက်တင်ဘာလ (၂၇)ရက်။

၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ (၂၇)/(၂၈)ရက်နေ့များတွင်ကျင်းပခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ထူထောင်သည့် (၉)နှစ်မြောက်နှစ်ပတ်လည်နေ့အစည်းအဝေးကြီးမှ ချမှတ်သောဆုံးဖြတ်ချက်များမှာ . . .

**အစီရင်ခံစာများ။**

(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေး၊ စီးပွားရေး၊ ဗဟိုလူငယ်လုပ်ငန်းအဖွဲ့နှင့် ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့တို့၏ အစီရင်ခံစာများကို ဖြည့်စွက်ချက်၊ ပြင်ဆင်ချက်များဖြင့် ထောက်ခံကြောင်းဆုံးဖြတ်သည်။

**ဖြည့်စွက်ချက်များ။**

(က) ဗဟိုလူငယ်လုပ်ငန်းအဖွဲ့၏အစီရင်ခံစာတွင် ကလေးသူငယ်များကို အလုပ်အကိုင်နှင့်ပတ်သက်၍ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားပြီးသည့် (UN Convention on the Rights of Child) တွင်ပါရှိသည့် အချက်များအရ ဆောင်ရွက်ရန်။

(ခ) အမျိုးသမီးလုပ်ငန်းအဖွဲ့၏အစီရင်ခံစာတွင် အမျိုးသမီးကြီး၊ အမျိုးသမီးငယ်များကို တိုင်းတပါးတွင်သွားရောက်၍ လိင်ဖြင့် မကောင်းသောအသက်မွေးဝမ်းကျောင်းလုပ်နေခြင်းသည် မြန်မာ့ယဉ်ကျေးမှု၊ လူမှုရေးတို့နှင့် ဆန့်ကျင်နေသဖြင့် သက်ဆိုင်ရာအာဏာပိုင်များကတားဆီးပေးရန် တာဝန်ရှိသည်။

**မိန့်ခွန်းများ။**

(၂) သဘာပတိ၊ ဥက္ကဋ္ဌ နှင့် အထွေထွေအတွင်းရေးမှူးတို့ပြောကြားသော မိန့်ခွန်းများကို မှတ်တမ်းတင်ရန် ဆုံးဖြတ်သည်။

(၃) အထွေထွေအတွင်းရေးမှူး၏မိန့်ခွန်းတွင် ဖော်ပြပါရှိသော **Czech** နိုင်ငံသမတကြီး ဒေါက်တာဘားကလက်ဟာဗယ်လ်**(Dr.VaclavHavel)**အား အမျိုးသားဒီမိုရေစီအဖွဲ့ချုပ်မှချီးမြှင့်သည့်၊ ပထမဦးဆုံး ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီဆုပေးအပ်ခြင်းကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့်မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

(၄) အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပြီး အာဃာတကင်းရမည်၊ ပုဂ္ဂိုလ်စွဲကင်းရမည်၊ ပူးတွဲဆောင်ရွက်လိုသောစိတ်ဓာတ်ရှိရမည်ဟူသော အချက်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏စည်းရုံးရေးလမ်းညွှန်အဖြစ် သတ်မှတ်ကြောင်း ဆုံးဖြတ်သည်။

ရွေးကောက်ပွဲနှင့် ပြည်သူ့လွှတ်တော်။

(၅) ၁၉၉၀ ပြည့်နှစ်၊ မေလ(၂၇)ရက်နေ့က ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီအဖွဲ့အစည်းအသီးသီးမှ ရွေးကောက်တင်မြှောက်ခံကြရသည့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ - ၂ (စ)နှင့် နိုင်ငံတော်ပြန်တမ်းတွင်ထည့်သွင်းကြေညာပြီးသည်တို့အရ တရားဝင်အတည်ဖြစ်နေကြောင်း ဆုံးဖြတ်သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏သက်တမ်းကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းခြင်းမရှိပါ။ ပြည်သူ့လွှတ်တော်တရပ်၏သက်တမ်းကို ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပြီးမှသာလျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ဆုံးဖြတ်ချက်အရ သတ်မှတ်ပါသည်။

(၆) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ - ၂ (က)အရ ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲသည် ပြည်သူ့လွှတ်တော်အတွက်သာဖြစ်သည်၊ တိုင်းပြုပြည်ပြုလွှတ်တော်အတွက်မဟုတ်ကြောင်း ဆုံးဖြတ်သည်။

(၇) ပြည်သူ့လွှတ်တော်ဥပဒေ ပုဒ်မ (၃)တွင် လွှတ်တော်ကို မဲဆန္ဒနယ်မြေများမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားချက်အရ ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရန် တာဝန်ရှိသည့်အဖွဲ့အစည်းက ပြည်သူ့လွှတ်တော်ကိုခေါ်ယူပေးရန် ဆုံးဖြတ်သည်။

(၈) လွှတ်တော်ကိုယ်စားလှယ်များအား အာဏာပိုင်တို့က နည်းအမျိုးမျိုးဖြင့်အကျပ်ကိုင်၍ လွှတ်တော်ကိုယ်စားလှယ်များအဖြစ်မှ အတင်းအဓမ္မအကျပ်ကိုင်၍ နုတ်ထွက်စေခြင်းကို ကန့်ကွက်သည်။

(၉) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီးစီးခဲ့သည်မှာ ယနေ့ဆိုလျှင်(၇)နှစ်ကျော်ပြီဖြစ်ပါသော်လည်း ရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ရွေးကောက်ပွဲအပြီးသတ်အစီရင်ခံစာကိုတင်သွင်းရန်အချိန် ကြန့်ကြာနေသဖြင့် အမြန်ဆုံးတင်သွင်းပေးရန်တောင်းဆိုကြောင်း ဆုံးဖြတ်သည်။

(၁၀) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း၊ အဖွဲ့ချုပ်၏ ပြည်နယ်၊ တိုင်း၊ မြို့နယ်စည်းရုံးရေးအဖွဲ့များအားလုံးကလည်းကောင်း၊ အဖွဲ့ချုပ်၏လုပ်ငန်းဌာနများကလည်းကောင်း၊ အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့အား မိမိတို့၏လွတ်လပ်သောဆန္ဒဖြင့် လက်မှတ်ရေးထိုး၍ လုပ်ပိုင်ခွင့်များအပ်နှင်းခြင်းကို ထပ်မံ၍ လေးနက်စွာအတည်ပြုကြောင်း ဆုံးဖြတ်သည်။

(၁၁) တိုင်းပြည်အတွင်းဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအစရှိသည့်ပြဿနာများကိုဖြေရှင်းရန် တခုတည်းသောနည်းလမ်းမှာ ပြည်သူလူထုကလိုလားတောင့်တနေသည့် စစ်မှန်ပြီးအဓိပ္ပာယ်ရှိသော တွေ့ဆုံဆွေးနွေးရေးသာဖြစ်ရမည်ဟု ဆုံးဖြတ်သည်။

(၁၂) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရည်ရွယ်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအစရှိသည့်ကိစ္စရပ်များအတွက် ပင်လုံညီလာခံကဲ့သို့သောညီလာခံတရပ်ခေါ်ယူရန် ဆုံးဖြတ်သည်။

ပါတီတွင်းကိစ္စများ။

(၁၃) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ (၂၂-၃-၈၉)ရက်နေ့ထုတ်ကြေညာချက်(၂၄၅)အရ ပါတီတွင်းကိစ္စများကိုသက်ဆိုင်ရာပါတီကသာ တရားဝင်လုပ်ပိုင်ခွင့်ရှိသဖြင့် ဦးတင်ဦးနှင့်ဦးကြည်မောင်တို့အား ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း၊

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်အဖွဲ့တွင်တာဝန်ပေးအပ်ခြင်းမှာ တရားဝင်အတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

(၁၄) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လုပ်ငန်းအရပ်ရပ်များကို ပိုမိုတွင်ကျယ်ထိရောက်စွာဆောင်ရွက်နိုင်ရန် ဗဟိုဦးစီးအဖွဲ့ဝင်ဦးရေအား တိုးချဲ့တာဝန်ပေးအပ်ရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

(၁၅) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တရားဝင်ရပ်တည်နေသောနိုင်ငံရေးပါတီအဖွဲ့အစည်းဖြစ်၍ လွပ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်၊ လွတ်လပ်စွာစည်းဝေးခွင့်နှင့် လွတ်လပ်စွာပုံနှိပ်ရိုက်ဝေဖြန့်ချိခွင့်များကို ရရှိရန်တောင်းဆိုကြောင်း ဆုံးဖြတ်သည်။

ဖိနှိပ်ချုပ်ချယ်မှုများ။

(၁၆) နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုကြောင်း ဆုံးဖြတ်သည်။

(၁၇) အာဏာပိုင်တို့က နည်းအမျိုးမျိုးဖြင့် ဖိနှိပ်ချုပ်ချယ်ကန့်သတ်ပိတ်ပင်တားဆီးမှုများကို ရပ်ဆိုင်းပေးရန်နှင့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများနှင့် ဆန့်ကျင်နေသောဥပဒေများကို ပယ်ဖျက်ပေးရန် တောင်းဆိုကြောင်း ဆုံးဖြတ်သည်။

လူမှုရေး။

(၁၈) မသင်မနေရပြဌာန်းထားသော အခြေခံပညာမူလတန်းအခမဲ့ပညာသင်ကြားရေးစနစ်ကို ထိရောက်စွာ အကောင်အထည်ဖော်ရန် တိုက်တွန်းကြောင်း ဆုံးဖြတ်သည်။

(၁၉) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးအတွက် ဆေးရုံများနှင့်ကျေးလက်ကျန်းမာရေးဆေးပေးခန်းများတွင် ဆေးကုသရန်လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးရန် နှိုးဆော်ကြောင်း ဆုံးဖြတ်သည်။

အထွေထွေ။

(၂၀) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ (၁၇-၉-၉၇)ရက်နေ့တွင်ထုတ်ပြန်ခဲ့သော ကြေညာချက်(၉/၉၇)ကို အပြည့်အဝထောက်ခံကြောင်း ဆုံးဖြတ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ခေါ်ယူပေးရန် တောင်းဆိုခြင်း။

၁၉၉၈ ခုနှစ်၊ မေလ (၂၇)ရက်နေ့ ရွေးကောက်ပွဲ(၈)နှစ်မြောက် နှစ်ပတ်လည်နေ့တွင်၊ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလာဒ်အားပြည်သူလူထု၏ ဆန္ဒနှင့်အညီအကောင်အထည်ဖော်ပေးရန်နှင့်၊ ပထမခြေလှမ်းအဖြစ် ပြည်သူ့လွှတ်တော်ခေါ်ပေးရန် အင်န်အယ်လ်ဒီမှတောင်းဆိုခဲ့သည်။

၁၉၉၈ ခုနှစ်၊ ဇွန်လ (၂၃)ရက်နေ့တွင် ရက်ပေါင်း(၆၀)အတွင်း (ဩဂုတ်လ ၂၁ ရက်မတိုင်မီ)၊ လွှတ်တော်ခေါ်ပေးရန်တောင်းဆိုသည့်စာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံပေးပို့ခဲ့သည်။

ထို့နောက် ပဲခူးတိုင်းသို့သွားရောက်ရန်အတွက် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မှထွက်ခွာခဲ့ရာ၊ တိုက်ကြီးမြို့နယ်၊ ရွှေပြည်သာတွင်တားမြစ်ခြင်းခံခဲ့ရသည်။ ထို့ပြင် ဧရာဝတီတိုင်းသို့သွားရောက်ရန် ထွက်ခွာခဲ့ရာတွင်လည်း၊ ထန်းတပင်မြို့နယ်၊ အညာစုတွင် (၂)ကြိမ်တိုင်တားဆီးခြင်းခံခဲ့ရသည်။

၁၉၉၈ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့တွင် အဖွဲ့ချုပ်မှကြေညာချက်ထုတ်ပြန်၍ နအဖမှလွှတ်တော်ခေါ်ပေးမည်မဟုတ်သည့်အတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များပါဝင်သည့်ပြည်သူ့လွှတ်တော်တရပ်ကို မကြာမီရက်အတွင်းခေါ်ယူဖွဲ့စည်းမည်ဖြစ်ကြောင်းကြေညာခဲ့သည်။

နိုင်ငံတော်အာဏာကို ၁၉၈၈ ခုနှစ်တွင် သိမ်းယူခဲ့သောအာဏာပိုင်တို့သည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်မရှိပါဘဲလျက်၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်နည်းဥပဒေတို့ကိုပြဋ္ဌာန်းခဲ့ပါသည်။ ထို့နောက် အာဏာပိုင်တို့သည်ယင်းဥပဒေများနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေမရှိပါဘဲလျက်ကျင်းပပေးခဲ့ခြင်းဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ (၂)တွင် . . .

- " လွှတ်တော်ဆိုသည်မှာပြည်သူ့လွှတ်တော်ကိုဆိုသည်။" ဟုပြဋ္ဌာန်းထားပါသည်။ ယင်းပြဋ္ဌာန်းချက်အရ ခေါ်ယူဖွဲ့စည်းပေးရမည့်လွှတ်တော်သည် တိုင်းပြည်ပြုလွှတ်တော်မဟုတ်ဘဲ၊ ပြည်သူ့လွှတ်တော်သာဖြစ်ရပါမည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ (၃)တွင် . . .

- "လွှတ်တော်ကိုမဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းရမည်။"ဟူ၍အတိအကျရှင်းလင်းပြတ်သားစွာပြဋ္ဌာန်းထားပါသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီလွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို အာဏာပိုင်တို့ကဆောင်ရွက်ပေးမည်ဟု အတိအလင်းကြေညာခဲ့ပါသည်။

ထို့အပြင် သတင်းထောက်များက ပထမအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေး ခေါ်ယူမည့်ရက်သတ်မှတ်ထားမှု ရှိ/မရှိ နှင့်ပတ်သက်၍မေးမြန်းချက်ကို အာဏာပိုင်တို့ကဖြေကြားရာတွင်၊ <u>ရွေးကောက်ပွဲပြီးလျှင်၊ အရွေးခံရမည့်လွှတ်တော်ကိုယ်စားလှယ်များညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း</u> ကိုလည်းတိုင်းပြည်သို့ ပြောကြားခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းရေးအတွက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ရှိရမည်ဟု ပြောဆိုခဲ့ခြင်းမရှိပါ။ တဖန် "<u>လွှတ်တော်ခေါ်ယူမည့်အချိန် အတိအကျမပြောနိုင်ပါကြောင်း သို့သော်အချိန်ဆွဲထားလိုသည့်သဘောထားမရှိပါကြောင်း</u>"ကိုလည်း ရှင်းလင်းစွာထပ်မံပြောကြားခဲ့ပါသည်။

ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၅–၃–၉၆ ရက်နေ့တွင်၊ အာဏာပိုင်တို့ထံသို့ "ပထမအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေးခေါ်ယူကျင်းပမည့်ရက်သတ်မှတ်ရန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များညှိနှိုင်းဆောင်ရွက်ရေးအတွက်စီစဉ်ပေးရန်ကိစ္စ"ကို၊ တာဝန်သိစွာဖြင့်အကြောင်းကြားခဲ့သည်။ သို့သော် အာဏာပိုင်တို့က တစုံတရာအကြောင်းပြန်ကြားခဲ့ခြင်းမရှိပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၃–၆–၉၈ ရက်နေ့တွင် ဥပဒေအရလည်းကောင်း၊ အာဏာပိုင်တို့၏ကတိကဝတ်အရလည်းကောင်း၊ ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရန်၊ ဥပဒေအရတာဝန်ရှိသောအာဏာပိုင်များ ထံသို့ "၁၉၉၈ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့မတိုင်မီ လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးပါရန်" တိုက်တွန်းတောင်းဆိုခဲ့ပါသည်။

ပြည်သူ့လွှတ်တော်၏အဓိကတာဝန်မှာတိုင်းပြည်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို ပြည်သူတို့ကိုယ်စားစီမံခန့်ခွဲဆောင်ရွက်နိုင်သည့် နိုင်ငံတော်၏အမြင့်ဆုံးသောအဖွဲ့အစည်းဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်၏ယနေ့အခြေအနေတွင်၊ ပြည်သူများကရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည်၊ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲကြရန် ဥပဒေအရတာဝန်ရှိသည့်ပုဂ္ဂိုလ်များဖြစ်သည်။

ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရန်ပျက်ကွက်ခြင်းသည် ပြည်သူလူထု၏ဆန္ဒကိုမျက်ကွယ်ပြုရာသို့ရောက်သည်သာမက အာဏာပိုင်တို့အနေဖြင့်၊ နိုင်ငံတော်နှင့်နိုင်ငံသားများအားပေးထားသောကတိကဝတ်များကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။

သို့ပါ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တိုင်းရင်းသားလူမျိုးများ၏ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အခြားနိုင်ငံရေးပါတီများမှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တသီးပုဂ္ဂလပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးတွင်၊ ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍၊ မဲဆန္ဒရှင်များနှင့် ပြည်သူလူထု၏ဆန္ဒအရတာဝန်ကျရောက်လာပြီဖြစ်ပါသည်။

ထို့ကြောင့်အမျိုးသားဒီမိုကရေစီဖွဲ့ချုပ်သည် တိုင်းရင်းသားလူမျိုးပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော ပြည်သူ့လွှတ်တော်တရပ်ကို မကြာမီရက်အတွင်းခေါ်ယူဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

## အာဏာပိုင်များ၏ ဖိနှိပ်ချုပ်ချယ် ကန့်သတ်ခံရမှုများ။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏အစိုးရအဖွဲ့တွင် တာဝန်များကိုထမ်းဆောင်နေရသည့် ဝန်ကြီးတဦးဖြစ်သူ ဦးဝင်းစိန်သည် လူမှုရေးအဖွဲ့တဖွဲ့သာဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတွင် တာဝန်ထမ်းဆောင်နေရသူလည်းဖြစ်ပြီး၊ ယင်းပုဂ္ဂိုလ်သည် ၁-၁၁-၉၆ ရက်နေ့နှင့် ၃-၁၁-၉၆ ရက်နေ့များတွင် ထိုလူမှုရေးအဖွဲ့အတွက်စည်းရုံးရေးကွင်းဆင်းရာ၌ ပြောကြားခဲ့သည့်စကားများမှာ၊ အလွန်တရာမှသေးသိမ်ယုတ်ညံ့လှပါသည်။ ထိုပြောကြားခဲ့သည့်စကားများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သက်ဆိုင်ရာအဖွဲ့ခွဲများက ဗဟိုဌာနချုပ်သို့ပေးပို့ထားသည့် အစီရင်ခံစာများအတိုင်းပြန်လည်ရေးသားပြီး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ လည်းဖြစ်ပြီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ နာယကကြီး လည်းဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ၂၀-၁၂-၉၆ ရက်စွဲပါစာအမှတ် ၁၇၉/စည်း(ငြိမ်)/၉၆ ဖြင့်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေမှအကြောင်း ကြားခဲ့သည်။

ဖြစ်စဉ်မှာ ၁-၁၁-၉၆ ရက်နေ့(၁၄:၀၀)နာရီအချိန်ခန့်တွင်၊ အင်းတော်မြို့မှ(၁)မိုင်ခန့်ဝေးသော၊ လယ်ပြင်ကျေးရွာမူလတန်းကျောင်းဝန်းအတွင်းပြုလုပ်သော ရွာလုံးကျွတ်ကြံ့/ဖွံ့အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားတွင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဦးဝင်းစိန်မှ တက်ရောက်လာကြသောကျေးရွာလူထုအားစကားပြောကြားရာ၌၊ ဒေါ်အောင်ဆန်းစုကြည်အား သဘောထားပြင်းထန်သောပုဂ္ဂိုလ်ရေးထိုးနှက်တိုက်ခိုက်မှုများကို၊ တက်ရောက်ကြသူများအနေနှင့်ကိုယ့်နားကိုယ်မယုံနိုင်လောက်အောင်၊ အံ့အားသင့်လောက်အောင်ကိုယ်တိုင်ကြုံတွေ့ကြားသိခဲ့ရပါသည်။ ဝန်ကြီးဦးဝင်းစိန်ပြောစကားများထဲမှပြင်းထန်လွန်းသောအချက်ကိုထုတ်နုတ်ပြရလျှင်၊ ပြည်တွင်းနိုင်ငံရေးမတည်းမငြိမ်ဖြစ်အောင် လုပ်နေသူဒေါ်စုကြည်ကိုသုတ်သင်ရှင်းလင်းပစ်ရမည်ဖြစ်ကြောင်း၊ သုတ်သင်ရှင်းလင်းပစ်ရမည်ကိုနားလည်ကြသလား၊ သုတ်သင်ရှင်းလင်းပစ်ရမယ်ဆိုတာ သတ်ပစ်ရမယ်လို့ဆိုလိုတာဖြစ်ကြောင်း၊ (တဆက်တည်း) အောင်ဆန်းစုကြည်ကိုသတ်ရဲသလား(ဤစကားကိုပရိသတ်အား ၅-၆ ခါလောက်ဒေါသတကြီးဆက်မေး၊ ဘယ်သူမှမဖြေကြ)၊ ဒေါ်စုကြည်ကိုသတ်ပစ်ရမယ်လို့ပြောကြောင်း၊ လောက်စပီကာဖြင့်ပြောကြားသောအထက် ပါစကားများကို ကိုယ်တိုင်တက်ရောက်ကြသူများအပြင်၊ ဒေသခံကျေးရွာလူထုနှင့်ရွာဘုန်းကြီးကျောင်းမှရဟန်းသံဃာများပင်ကြားသိရပါသည်။

ရွာလုံးကျွတ်အသင်းဝင်အဆိုပြုလွှာပေးအပ်သည်ဆိုသည်မှာလည်း၊ အမှန်တကယ်မှာကျေးရွာမှ အိမ်ထောင်စုစာရင်းများကို မြို့နယ်ကြံ့/ဖွံ့အမှုဆောင်အဖွဲ့မှကြိုတင်ကူယူသွားပြီး၊ ၎င်းတို့ကိုယ်တိုင်လျှောက်လွှာများကို ရေးဖြည့်၍အထုတ်ထုပ်ကာ၊ ဝန်ကြီးအားပေးအပ်လိုက်ခြင်းသာဖြစ်ပြီး၊ ကျေးရွာမှလူများကိုယ်တိုင် အဖွဲ့ဝင်လျှောက်လွှာတင်သည့်ကိစ္စကို လုံးဝ(လုံးဝ)မသိရှိကြပါ။ ဖြောင်လိမ်ညာမှုတရပ်သာဖြစ်ကြောင်း၊ ဒေသခံလူအားလုံးကသိရှိကြပါသည်။

ကြံ့/ဖွံ့အတွင်းရေးမှူးဝန်ကြီးဦးဝင်းစိန်သည် ကသာမြို့သို့ ၂-၁၁-၉၆ ရက်နေ့ ညနေပိုင်းတွင်ရောက်ရှိလာပါသည်။ ၎င်းညမှာပင် ကသာခရိုင်ကြံ့/ဖွံ့အဆောက်အဦးတွင်၊ ကသာခရိုင်ကြံ့/ဖွံ့အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာဝန်ထမ်းအကြီးအကဲများအားခေါ်ယူတွေ့ဆုံ၍ "ဩဝါဒခံယူပွဲ"ကျင်းပပြုလုပ်ခဲ့သည်။ ၃-၁၁-၉၆ ရက်နေ့ နံနက်ပိုင်းတွင် ကသာမြို့နယ်သိမ်အင်းကျေးရွာ "ရွာလုံးကျွတ်ကြံ့/ဖွံ့အဆိုပြုလွှာပေးအပ်ပွဲ"ပြုလုပ်ကျင်းပပါသည်။ ထိုအဆိုပြုလွှာပေးအပ်ပွဲဖြစ်မြောက်စေရေးအတွက် ကသာမြို့နယ်မှကျေးလက် (၆)ရွာခန့်ကို (ရဝတ)အဖွဲ့ဝင်များအား အထူးတာဝန်ပေးအပ်ကာ၊ မလာမနေရစနစ်ဖြင့်အစမ္မခေါ်ယူ၍တက်ရောက် စေသည်ဟုသိရှိရပါသည်။

ကျေးလက်မှတောင်သူလယ်သမားကြီးများ၊ ကျေးရွာရပ်မိရပ်ဖများနှင့်သက်ကြီးရွယ်အိုများပါမကျန် တက်ရောက်ကြရပါသည်။ ထိုသိမ်အင်းကျေးရွာတွင်ဟောပြောသောဝန်ကြီး၏စကားများမှာ၊ ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရေးအကြောင်းအရာများကိုမမှန်မကန်ဖော်ပြပြောဆိုသည့်အပြင်၊ "အောင်ဆန်းစုကြည်ကိုသတ်ရဲလား"ဟု (၃)ကြိမ်(၃)ခါမေးမြန်းတိုင်တည်အော်ဟစ်ပေးသည်ဟုသိရပါသည်။ လူထုအများစုမှာမည်သို့ပြန်လည်မတုန့်ပြန်ကြဘဲ ငြိမ်လျက်ရှိကြပြီး၊ ရှေ့ပိုင်းတွင်နေရာယူထားကြသည့်လူနည်းစုကသာ သတ်ရဲတယ်ဟုတုန့်ပြန်အော်ဟစ်ကြသည်ဟုသိရှိရပါသည်။

ဝန်ကြီးဦးဝင်းစိန်သည် ထိုနေ့နံနက်(၁၁)နာရီတွင်ကသာမြို့နယ်အင်းရွာသို့စုံဆင်းပြီး၊ အင်းရွာသို့ရောက်ရှိလျှင်ရောက်ရှိခြင်း၊ "ရွာလုံးကျွတ်ကြံ့/ဖွံ့အဆိုပြုလွှာပေးအပ်ပွဲ"သို့တက်ရောက်မိန့်ခွန်းပြောကြားပါသည်။ မတက်မနေရ၊ မလာမနေရအစမ္မစနစ်ဖြင့်ခေါ်ယူခြင်းခံထားရသော ကျေးရွာများမှတောင်သူလယ်သမားများ၊ ရပ်မိရပ်ဖများ၊ သက်ကြီးရွယ်အိုများ၊ (သုံးထောင်)ခန့်တက်ရောက်ကြရကြောင်းသိရှိရပါသည်။ အဆိုပါလူထုအစည်းအဝေး၌ ဝန်ကြီး၏ဟောပြောချက်များမှာ ဒေါ်အောင်ဆန်းစုကြည်၏ကိုယ်ရေးရာဇဝင်ကိုမဟုတ်မမှန်သော၊ သိမ်ဖျင်းသောစကားရပ်များဖြင့် လူထုကိုအယုံသွင်းဟောပြောပါသည်။ ဦးဝင်းစိန်မှ ဒေါ်အောင်ဆန်းစုကြည်အကြောင်းများကိုပြောဆိုရာတွင်၊ ဒေါ်အောင်ဆန်းစုကြည်သည် မိခင်ဒေါ်ခင်ကြည်နှင့်အတူအိန္ဒိယပြည်၌နေထိုင်စဉ် ကုလားတယောက်နှင့်သမီးရည်စားဖြစ်ခဲ့ကြောင်း၊ မိခင်ကြီးမြန်မာပြည်သို့ပြန်လာသည့်အခါသူမလိုက်ပါလာခြင်းမရှိကြောင်း၊ အင်္ဂလန်"ဘူး"ကြီးတယောက်က သနား၍မွေးစားခဲ့ကြောင်း၊ ကျောင်းထားပေးပြီးတက္ကသိုလ်ရောက်ခဲ့ကြောင်း၊ ထိုနောက် ကုလသမဂ္ဂတွင်စာရေးသာသာအဆင့်နှင့် အလုပ်လုပ်ခဲ့ရကြောင်း၊ ၎င်းအချိန်မှာလက်ရှိခင်ပွန်းဖြစ်သူမိုက်ကယ်အဲရစ်နှင့်အိမ်ထောင်ကျကြောင်း၊ မိုက်ကယ်အဲရစ်မှာ အာမေး

နီးရမ်းတယောက်နှင့်ကုလားမ အားယောက်မှမွေးသောသားဖြစ်၍ အင်္ဂလန်သွေးသားမစစ်သောကုလားကပြားဖြစ်ကြောင်း၊ ၎င်းနှင့်ကလေးနှစ်ယောက်ရခဲ့ကြောင်း၊ ဆင်းရဲမွဲတေ၍ကလေးများကိုကျောင်းပင်မထားနိုင်ခဲ့ကြောင်းကို အင်္ဂလန်နိုင်ငံရှိ မြန်မာသံအမတ်ကြီးမှ(၂)ကြိမ်ခေါ်ယူအသိပေးမှ မြန်မာပြည်သို့ပြန်လာကြောင်း၊ မြန်မာနိုင်ငံသားအဖြစ်ခံယူသူမဟုတ်ဘဲ၊ နိုင်ငံခြားသူအဖြစ်ခံယူထားကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ပြဿနာဖြစ်ပွားခဲ့ဘူးရာ ဦးနေဝင်းကိုယ်တိုင်သွားရောက်ဖြေရှင်းပေးခဲ့ကြောင်း၊ သူမမြန်မာပြည်ပြန်လာစဉ်တိုင်းပြည်ချောက်ထဲကျလုနီးချိန်ဖြစ်နေကြောင်း၊ န-ဝ-တ မှ အချိန်မီကယ်တင်ပြီးတိုင်းပြည်အေးချမ်းအောင် ဆောင်ရွက်ပြီးကာမှသူမခေါင်းဆောင်ဝင်လုပ်ချင်ကြောင်း၊ "စဉ်းစားကြည့်ကြစမ်းပါ" သွေးမစစ်တဲ့နိုင်ငံခြားသားကို ယူထားတဲ့မိန်းမတယောက်ဟာ တိုင်းပြည်တိုးတက်အောင် ဘယ်လိုလုပ်နိုင်မှာလည်းဟုမေးမြန်းပြီး၊ သူမဆင်းရဲမွဲတေနေချိန်မှာ နိုင်ငံခြားတိုင်းပြည်များကနိုဘယ်ဆုအပါအဝင်အခြားဆုများလည်းပေးခဲ့ကြောင်း၊ ယခုအချိန်တွင် သူမသည်သန်းကြွယ်သူဌေးမကြီးဖြစ်နေပြီဖြစ်ကြောင်း၊ ၎င်းငွေတွေနဲ့အင်္ဂလန်မှာသုံးထပ်တိုက်တွေဆောက်၊ သားတွေကို အကောင်းဆုံးသောကျောင်းတွေမှာကျောင်းထားပေးနေပြီဖြစ်ကြောင်းပြောဆို၍ "ဒါကြောင့် သူမကိုတိုင်းပြည်မှဖယ်ရှားပြစ်ရမယ်၊ သုတ်သင်ပစ်ရမယ်"ဟု (၃)ကြိမ်တိုင်အော်ဟစ်ကြွေးကြော်ပါသည်။ သုတ်သင်တယ်ဆိုတာသတ်ပစ်ရမယ်ဟုဆိုလိုကြောင်းထပ်မံအဓိပ္ပါယ်ဖွင့်ဆိုပြောဆိုပါသည်။ သတ်ရဲကြသလားဟု သုံးကြိမ်အော်ဟစ်မေးမြန်းပါသည်။ လူထုကမည်သို့မျှပြန်လည်တုန့်ပြန်မှုမရှိကြောင်းတွေ့ရှိရပါသည်။ အဆိုပါဟောပြောချက်များနှင့်စကားအသုံးအနှုန်းများအတိုင်းပင် ကသာခရိုင်၊ အင်းတော်မြို့နယ်လယ်ပြင်ကျေးရွာတွင်ကျင်းပပြုလုပ်သည့်၊ လူထုအစည်းအဝေးတွင် လှူ(ငါးထောင်)ခန့်ရှေ့တွင်ဟောပြောသွားခဲ့ကြောင်း ကြားသိခဲ့ရပါသည်။ ဝန်ကြီးဦးဝင်းစိန်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ်၌လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်ပတ်သက်၍လည်းကောင်း၊ အစဉ်သဖြင့် မမှန်မကန်ပြောဆိုမှုများကိုပြုလုပ်လျက်ရှိနေသည်ကိုတွေ့ရှိနေရပါသည်။ ယမန်နှစ် ကသာခရိုင်(၂၄)နာရီမီးလင်းရေးအခမ်းအနား ကျင်းပစဉ်ကလည်း၊ မိန့်ခွန်းပြောဆိုရာတွင် "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်လူလူချင်း၊ ဒုတ်ဒုတ်ချင်း၊ ဒါးဒါးချင်း ရိုက်သင့်ရင်ရိုက်ရမှာဖြစ်ကြောင်း၊" ထည့်သွင်းပြောဆိုသွားခဲ့ခြင်းများလည်းရှိခဲ့ပါသည်။

ကြီးလေးသောတာဝန်များကိုပေးအပ်ခြင်းခံထားရသူ ဝန်ကြီးတဦးအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီ အထွေထွေအတွင်းရေးမှူးအား လုပ်ကြံသတ်ဖြတ်ရန်လှုံ့ဆော်ချက်များ၊ ပုဂ္ဂိုလ်ရေးထိပါးပုတ်ခတ်ချက်များ စသည်တို့မှာ၊ သတင်းစာမီဒီယာများတွင်မကတော့ဘဲ နယ်လှည့်ပြောဆိုတိုက်ခိုက်လာနေသည့်အတွက် အထွေထွေအတွင်းရေးမှူးနှင့် ပါတီခေါင်းဆောင်ကြီးများအနေဖြင့်လုံခြုံရေးသတိပိုမိုထားရှိကြစေလိုပါသည်။

ဦးဝင်းစိန်ကပြောကြားသည့်စကားရပ်မှာ အလွန်တရာမှသိက္ခာမဲ့ပြင်းထန်လှပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်အား အသက်ဆုံးရှုံးစေရန်ပင်လှုံ့ဆော်ထားသည်ကို လေ့လာရရှိပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် ရောဝတီတိုင်းစည်းရုံးရေးအဖွဲ့၏ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တို့သည်၊ ယနေ့ ၂၀-၇-၉၈ နံနက် (၀၉း၁၀)နာရီခန့်တွင်၊ ရောဝတီတိုင်း၊ ပန်းတနော် မြို့သို့ မော်တော်ယာဉ်ဖြင့်ခရီးထွက်ခွာသွားကြပါသည်။

ခရီးထွက်ခြင်းကိစ္စမှာ၊ ဂုဏ်သရေသိက္ခာရှိပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို၊ လူ့ဘဝတွင်အနိမ့်ကျဆုံးသောအသက်မွေးဝမ်းကြောင်းနှင့်အသက်ရှင်နေကြသည့်သူများနှင့်သာသက်ဆိုင်သည့် ခြေချုပ်နှင့်ခံဝန်အက်ဥပဒေဖြင့်အရေးယူထားပြီး၊ လူ့သိက္ခာကိုတမင်သက်သက်ချိုးနှိမ်နှိမ့်ချခြင်းအား၊ အဖွဲ့ချုပ်ကလက်မခံနိုင်ပါသဖြင့်၊ ပန်းတနော်ရှိပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာတင်မင်းထွဋ်ထံသို့သွားရောက်ပြီးအားပေးရန်ဖြစ်ပါသည်။ ၎င်းသည် ဖော်ပြပါဥပဒေဖြင့်အရေးယူခြင်းခံရနေရပါသည်။

ရန်ကုန်-ပုသိမ်လမ်း ကြေးနန်းတိုင်အမှတ်(၁၀၆)အနီး၊ ပဒန်ရွာအနီးတွင်၊ အာဏာပိုင်အဖွဲ့ဝင်လုံထိန်းရဲများက၊ မော်တော်ယာဉ်ကိုတားဆီးသည်ဟုသတင်းရရှိပါသည်။ ခရီးဆက်လက်မသွားနိုင်ရန် ပထမ၊ အသင့်ပြုလုပ် ထားသည့်ဆူးသံကြိုးတန်းများဖြင့်ဝိုင်းကာထားပြီး၊ ဒုတိယ၊ ဤသည်များအစား၊ ထန်းတုံးဟုယူဆရသောတုံးများဖြင့်ယာဉ်၏ရှေ့နောက်တို့တွင်ချထားသည်ဟုကြားသိရပါသည်။ ၎င်းပြင် ယာဉ်ကိုလုံထိန်းရဲများကဝိုင်းထားသည်ဟုကြားသိရပါသည်။

သို့သော် (၁၁း၄၀)နာရီခန့်တွင်၊ အထွေထွေအတွင်းရေးမှူးတို့မော်တော်ယာဉ်မှာ ညောင်တုန်းမြို့ဘက်သို့ ဆက်လက်ထွက်ခွာသွားပါသည်။

ပထမတားဆီးခံရသည့်နေရာမှ(၄)မိုင်ခန့်ကွာဝေးသည့် အညာစုနှင့်ပန်တိုင်ရွာအနီးတွင်၊ ဒုတိယအကြိမ်ထပ်မံတားဆီးထားပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဖြစ်သည့် ရောဝတီတိုင်းစည်းရုံးရေးအဖွဲ့တို့၏မော်တော်ယာဉ်သည် ညောင်တုန်းမြို့အရှေ့ဘက် (၁၅)မိုင်၊ (၂၄)ကီလိုမီတာခန့်ကွာဝေးသည့် အညာစုနှင့်ပန်တိုင်ရွာများအနီးသို့ ၂၀-၇-၉၈ ရက်နေ့ နံနက်(၁၁:၅၅)နာရီခန့်တွင်ရောက်ရှိကြသည်။ သို့သော် အာဏာပိုင်အဖွဲ့အစည်းတို့က ပြည်သူအများသွားရာလမ်းကိုပိတ်ဆို့လိုက်သည်ကြောင့်၊ ခရီးဆက်လက်ထွက်ခွာခြင်းမပြုနိုင်ကြပါ။ မော်တော်ယာဉ်၏ကားဘီးများကိုလည်း အထူးပြုလုပ်ထားသည့်တဆင့်ဘရိတ်များဖြင့် ညှပ်ထားလိုက်ပါသည်။ ၎င်းပြင် လုံထိန်းရဲအဖွဲ့ဝင်များကမော်တော်ယာဉ်ကိုဝိုင်းရံထားခဲ့သည်။

နေ့လည်(၁၄:၁၀)နာရီခန့်တွင်၊ ဒေါက်တာတင်မင်းထွဋ်အား အာဏာပိုင်များက အထွေထွေအတွင်းရေးမှူးရှိရာသို့ခေါ်ဆောင်လာကြသည်။ ဒေါက်တာတင်မင်းထွဋ်က၎င်းအားဖမ်းဆီးထားသည်ဟုပြောပြသည်။ အထွေထွေအတွင်းရေးမှူးက ၎င်းအားရန်ကုန်သို့ခေါ်ဆောင်သွားမည်ဟုအာဏာပိုင်အရာရှိအားပြောပြရာ၊ သဘောတူညီမှုရရှိသည်ကြောင့်၊ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည်ရန်ကုန်သို့ပြန်လာခဲ့ကြပေသည်။

တဖက်နှင့်တဖက်ဆွေးနွေး၍သဘောတူညီမှုရရှိသည်မှာ ထင်ရှားသည့်သာဓကတရပ်ဖြစ်ပေသည်။ ကမ္ဘာ့နိုင်ငံတိုင်းလိုလို၌ပင်၊ ပြဿနာများကိုတဦးနှင့်တဦးတွေ့ဆုံဆွေးနွေးကြ၍ဖြေရှင်းနေသည်ချည်းလည်းဖြစ်ပေသည်။

အများပြည်သူတို့အသုံးပြု၍သွားလာရာလမ်းကို အသုံးမပြုရန်၊ သွားလာခွင့်မပြုခြင်း၊ တားမြစ်ခြင်းများသည် . . .

(က) အများပြည်သူတို့အား အနှောင့်အယှက်ဖြစ်စေသည်။

(ခ ) ကုန်စည်များပို့ဆောင်ဖြန့်ဝေခြင်းကို ထိခိုက်နေသည်။

(ဂ) အာဏာပိုင်တို့က ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ(၃၃၉)နှင့်(၃၄၀)တို့ကိုကျူးလွန်နေပေသည်။ အဘယ်ကြောင့်ဆိုသော် အေးချမ်းသာယာစွာစိတ်စေတနာသန့်သန့်ဖြင့်ခရီးသွားခြင်းကို၊ တားဆီးပိတ်ပင်ဝိုင်းရံထားသည်တို့ကြောင့်ဖြစ်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အထက်ပါကိစ္စများအတွက်၊ အာဏာပိုင်များကိုကန့်ကွက်မည်ဖြစ်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှာ၊ လူ့ဂုဏ်သိက္ခာကိုအလွန့်အလွန်နှိမ့်ချသည့်ခြေချုပ်နှင့်ဝန်ခံအက်ဥပဒေအရ၊ အရေးယူထားခြင်းခံနေကြရပါသည်။ သို့ကြောင့် ၎င်းတို့ သို့မဟုတ် ၎င်းတို့၏မိသားစုများအား အားပေးစကားပြောကြားရန်၊ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာအရလည်းကောင်း၊ အဖွဲ့ချုပ်ခေါင်းဆောင်များအပေါ်တာဝန်ရှိသည်အရလည်းကောင်း၊ အထွေထွေအတွင်းရေးမှူးနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တဦးဖြစ်သူ ရောဝတီတိုင်းစည်းရုံးရေးအဖွဲ့ဥက္ကဋ္ဌတို့သည်၊ ယနေ့နံနက်(၀၉:၀၅)နာရီခန့်တွင်၊ ရောဝတီတိုင်း၊ ပုသိမ်မြို့နယ်သို့မော်တော်ယာဉ်ဖြင့်ခရီးထွက်ခွာသွားကြပါသည်။

အထွေထွေအတွင်းရေးမှူးတို့အဖွဲ့အား(၁၀:၁၅)နာရီခန့်တွင် ညောင်တုန်းမြို့၏အရှေ့ဘက်(၁၅)မိုင်၊ (၂၄)ကီလိုမီတာခန့်ကွာဝေးသည့်အညာစုရွာအနီးတံတားတွင်၊ သံဆူးကြိုးများနှင့်သံဆိတ်များချထား၍(၁၂:၀၀)နာရီခန့်အထိ တားဆီးပိတ်ဆို့ထားခြင်းခံနေရသည်ဟုကြားသိရပါသည်။ နောက်ထပ်ကြားသိရပါလျှင်ထပ်မံကြေညာပါမည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးလှဖေတို့သည် ၂၄-၇-၉၈ ရက်နေ့နံနက်(၁၀:၁၅)နာရီခန့်မှစ၍၊ ယနေ့ ၂၇-၇-၉၈ ရက်နေ့ နေ့လည်(၁၂:၃၀)နာရီအချိန်အထိ၊ ညောင်တုန်းမြို့အနီး အညာစုရွာအနီးတွင်၊ သက်ဆိုင်ရာအာဏာပိုင်များ၏ မတရားသဖြင့်ပိတ်ပင်ခြင်းကို (၇၄)နာရီခန့်ကြာသည့်တိုင်အောင်ခံနေကြရဆဲဖြစ်သောကြောင့်၊ ၎င်းတို့၏ကျန်းမာရေးအခြေအနေမှာ အထူးစိုးရိမ်ဘွယ်ရာဖြစ်လာပါသည်။

အကယ်၍သာ ဒေါ်အောင်ဆန်းစုကြည်၏ကျန်းမာရေးကိုထိခိုက်လာပါက၊ ၎င်း၏နေအိမ်(နေအိမ်)တွင်သာ၊ ၎င်း၏ဆရာဝန်များဖြင့်ဆေးကုသမှုကိုခံယူမည်ဖြစ်ပါသည်။ အခြားမည်သူ၏အစီအစဉ်ဖြင့် အခြားနေရာတခုခုတွင်ဆေးကုသခွင့်ကိုလုံးဝခံယူမည်မဟုတ်ကြောင်းကြေညာအပ်ပါသည်။ ဤသည်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်တို့၏ဆန္ဒဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တဦးတို့သည် တာဝန်နှင့်ဝတ္တရားရှိသည့်အားလျော်စွာ ပုသိမ်မြို့သို့အေးချမ်းသာယာစွာဖြင့်အများပြည်သူအသုံးပြုသည့်လမ်းခရီးအတိုင်းခရီးထွက်ခဲ့ကြပါသည်။ ညောင်တုန်းမြို့၏အရှေ့ဘက်(၁၅)မိုင်ခန့်အကွာ ပန်တိုင်နှင့်အညာစုရွာအနီးတွင် အာဏာပိုင်တို့၏မတရားပိတ်ပင်တားဆီးခြင်းကို ၂၄-၇-၉၈ ရက်နေ့မှစ၍ ယနေ့ ၂၈-၇-၉၈ ရက်နေ့ထိ၊ (၅)ရက်တိုင်တိုင် ခံနေကြရပါသည်။

လူတဦးတယောက်၏သွားလာပိုင်ခွင့်ရှိသောအရပ်သို့မသွားမလာရအောင် အာဏာပိုင်များကတားဆီးပိတ်ပင်ခြင်းသည်မတရားတားဆီးကန့်ကွက်ခြင်းဖြစ်ပါသည်။ ထို့အပြင်လူတဦးတယောက်အား ပိုင်းခြားသတ်မှတ်ထားသော

နေရာမှ အခြားနေရာသို့မသွားမလာရအောင် အာဏာပိုင်များကမတရားတားဆီးကန့်ကွက်ခြင်းသည် မတရားချုပ်နှောင်ခြင်းဖြစ်ပါသည်။ တဖန် မြန်မာနိုင်ငံကလက်မှတ်ရေးထိုးထားပြီးသည့် ကမ္ဘာ့ကုလသမဂ္ဂ၏လူ့အခွင့်အရေးကြေညာစာတမ်းပါ အပိုဒ် ၁၃ (၁)ကို ချိုးဖောက်ခြင်းဖြစ်ပါသည်။

ဤအထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့တို့သည် နေပူမိုးရွာ၊ နေ့၊ ညမရှောင် မော်တော်ယာဉ်အတွင်း၌သာ နေထိုင်ကြရပါသည်။ ယခု(၅)ရက်တိုင်တိုင်ရောက်လာပြီဖြစ်သောကြောင့် သောက်ရေနှင့်အစားအသောက် လုံလောက်မှုမရှိသည့်အခြေအနေသို့ရောက်နေပြီဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးအခြေအနေထိခိုက်လာဖွယ်အချိန်ဖြစ်နေပါသည်။ ထိုသို့ထိခိုက်လာပါက အာဏာပိုင်များ၏တာဝန်သာဖြစ်သည်။ အာဏာပိုင်အဖွဲ့အစည်းက အထွေထွေအတွင်းရေးမှူး၏ ကျန်းမာရေးအခြေအနေ "ကောင်းပါတယ်"ဟုပြောဆိုသော်လည်း ခိုင်လုံသောသက်သေခံအထောက်အထားမရှိသဖြင့် စဉ်းစားရန်အကြောင်းရှိပါသည်။

ကျန်းမာရေးအခြေအနေကြောင့်ဆေးကုသမှုလိုအပ်ပါလျှင် အထွေထွေအတွင်းရေးမှူး၏နေအိမ်(နေအိမ်)၌ပင်၊ ၎င်း၏ဆရာဝန်များဖြင့်ဆေးကုသမှုခံယူရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ကာယကံရှင်ဒေါ်အောင်ဆန်းစုကြည်တို့က ဆန္ဒရှိကြပါသည်။ ထိုသို့ကြေညာထားပါလျက် အခြားသူတဦးဦး၊ အဖွဲ့အစည်းတခုခုက အခြားတနေရာရာတွင် ဆေးကုသခြင်းကိုခံယူရန်ခေါ်ဆောင်သွားမည်ဆိုပါက အကြောင်းတစုံတရာဖြစ်ပေါ်လာပါလျှင် ခေါ်ဆောင်သွားသူများနှင့် ခေါ်ဆောင်သွားရန်အမိန့်ပေးသူများ၏တာဝန်သာလုံးဝဖြစ်ပါလိမ့်မည်။ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တဦးက ၂၇-၇-၉၈ ရက်နေ့တနေ့လုံးတိုက်တွန်းတောင်းဆိုပြီးမှ ယနေ့နံနက်(၁၀:၀၀)နာရီခန့်တွင် အထွေထွေအတွင်းရေးမှူး၏ ကိုယ်ပိုင်ဆရာဝန်ကို အထွေထွေအတွင်းရေးမှူးထံသို့သွားရောက်ကြည့်ရှုခွင့်ပြုခဲ့ပါသည်။

သို့ကြောင့် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့အား ကျန်းမာရေးအခြေအနေဆိုးဝါးခြင်းမရှိမီ အေးချမ်းသာယာစွာဖြင့် အများပြည်သူတို့အသုံးပြုခွင့်ရှိသည့်ခရီးလမ်းအတိုင်း ၎င်းတို့သွားလိုသည့်ခရီးစဉ်ကိုသွားခွင့်ပြုပါရန် တောင်းဆိုတိုက်တွန်းပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏အစဉ်တစိုက်မူဝါဒမှာ တိုင်းပြည်တွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်အကြပ်အတည်းများကို၊ အဖွဲ့ချုပ်နှင့်သက်ဆိုင်ရာအာဏာပိုင်များ၊ တိုင်းရင်းသားလူမျိုးစုများ ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်သည်။ ယင်းအကြပ်အတည်းများကို လက်နက်နည်းဖြင့်ဖြေရှင်း၍ရမည်မဟုတ်ကြောင်း၊ နိုင်ငံရေးနည်းဖြင့်သာ အေးချမ်းစွာဖြေရှင်းနိုင်မည်ဖြစ်ကြောင်းတို့ကို၊ အဖွဲ့ချုပ်ကလေးနက်စွာခံယူထားပြီးဖြစ်သည်။

အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တဦးတို့ ပုသိမ်မြို့သို့ အေးချမ်းသာယာစွာ သွားရောက်ကြသည့်ခရီးစဉ်ကိုလည်း၊ အဖွဲ့ချုပ်၏အထက်ပါမူဝါဒအရ၊ ညှိနှိုင်းပြီးအပေးအယူလုပ်၍၊ နှစ်ဦးနှစ်ဘက်သဘောတူညီမှုများဖြင့်ဖြေရှင်းပါလျှင် ချောမွေ့အဆင်ပြေမည်ဖြစ်သည်။ သာဓကများမှာ အောက်ပါတို့ဖြစ် ပါသည်။

(က) ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ မင်းလှမြို့သို့ ၇-၇-၉၈ ရက်နေ့တွင်သွားခဲ့သည့်ခရီးစဉ်၊

( ခ) ရောဝတီတိုင်း၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့သို့ ၂၀-၇-၉၈ ရက်နေ့တွင်သွားခဲ့သည့်ခရီးစဉ်၊

ထိုစဉ်အခါများကနှစ်ဦးနှစ်ဘက်ညှိနှိုင်းခြင်းဖြင့် မျက်နှာမပျက်ဘဲ၊ သိက္ခာမပျက်ဘဲ၊ ဂုဏ်သိက္ခာရှိစွာဖြင့် အဆင်ပြေမှုများ ရရှိခဲ့ကြပါသည်။

အထွေထွေအတွင်းရေးမှူး၏ပုသိမ်ခရီးစဉ်တွင်လည်း၊ အထွေထွေအတွင်းရေးမှူးနှင့်အာဏာပိုင်တို့ညှိနှိုင်းခြင်းဖြင့်၊ အဆင်ပြေမှုရရှိနိုင်မည်ဟု အထက်ပါသာဓကများအရ အဖွဲ့ချုပ်ကတထစ်ချယုံကြည်ပါသည်။ သို့သော် အာဏာပိုင်တို့ဘက်မှညှိနှိုင်းကြမည့်ပုဂ္ဂိုလ်များသည်၊ မင်းလှမြို့ခရီးစဉ်နှင့်ပန်းတနော်မြို့ခရီးစဉ်များကဲ့သို့ ချက်ချင်းအဖြေပေးနိုင်မည့်အဆင့်ရှိရပါမည်။

အထွေထွေအတွင်းရေးမှူးသည် အဖွဲ့ချုပ်၏အထက်ပါမူဝါဒကိုအစဉ်အမြဲလက်ခံထားပါသည်။ သို့ကြောင့် ညှိနှိုင်းရန် ထာဝစဉ်အဆင်သင့်ရှိပါသည်။ ယင်းမူဝါဒအတိုင်း၊ းညှိနှိုင်းခြင်းကိုလက်ခံရန်အမြဲအဆင်သင့်ရှိပါသည်။ အထွေထွေအတွင်းရေးမှူးကညှိနှိုင်းခြင်းကိုအမြဲတစေလက်ခံသည့်အားလျော်စွာ၊ "ညှိနှိုင်းခြင်းကိုငြင်းဆန်သည်"ဟူသော သတင်းစကားမှာ အခြေအမြစ်မရှိသဖြင့် လုံးဝ၊ လုံးဝဥဿုံ မဟုတ်မမှန်ပါ။

အထက်အပိုဒ်တွင်ရေးသားထားသည့်အတိုင်း၊ ချက်ချင်းအဖြေပေးနိုင်မည့်အဆင့်ရှိသည့် အာဏာပိုင်တို့၏ တာဝန်ရှိပုဂ္ဂိုလ်များသည် အထွေထွေအတွင်းရေးမှူး၏ပုသိမ်မြို့ခရီးစဉ်တွင် မင်းလှမြို့ခရီးစဉ်နှင့် ပန်းတနော်မြို့ခရီးစဉ်များကဲ့သို့လိုက်ပါသွားကြကြောင်း အဖွဲ့ချုပ်ကသတင်းရရှိထားပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူလူထုကရင်းတို့၏ဆန္ဒအရသာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်၊ တခဲနက်ထောက်ခံပြီးဆန္ဒမဲပေးခြင်းဖြင့်ရွေးကောက်တင်မြှောက် ခဲ့ကြခြင်းဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ တိုင်းပြည်တွင် ပြည်သူထုထုအကျိုးအတွက်ဆောင်ရွက်ပေးကြရမည့်တာဝန်ရှိမည့်ဂုဏ်သရေရှိပုဂ္ဂိုလ်များဖြစ်ကြပါသည်။ တိုင်းပြည်၏ကံကြမ္မာကိုအဆုံးအဖြတ်ပေးကြရမည့် ပုဂ္ဂိုလ်များလည်းဖြစ်ကြပါသည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ၊ ပြည်သူ့လွှတ်တော်ကိုခေါ်ယူဖွဲ့စည်းပေးရန် အာဏာပိုင်တို့တွင်တာဝန်ရှိသောကြောင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က၊ အာဏာပိုင်တို့ထံသို့၊ တရားဝင်အကြောင်းကြားစာပေးပို့ခဲ့ပြီးနောက်ပိုင်းတွင်၊ အဖွဲ့ချုပ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို အာဏာပိုင်တို့က ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများခြေချုပ်နှင့်ခံဝန်အက်ဥပဒေ ဖြင့်အရေးယူခြင်းဖြစ်ပါသည်။ ယင်းဥပဒေသည် လူ့ဘဝတွင်မကောင်းဆုံးသောသက်မွေးဝမ်းကြောင်းဖြင့် ပြစ်မှုကျူးလွန်လေ့ရှိသူများကိုသာ အရေးယူရန်ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ အာဏာပိုင်တို့ကယခုကဲ့သို့လုပ်ဆောင်ခြင်းသည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ဂုဏ်သိက္ခာကို တမင်သက်သက်ချိုးနှိမ်နှိမ့်ချလိုက်ခြင်းဖြစ်ပါသည်။

သို့ကြောင့် အဖွဲ့ချုပ်ခေါင်းဆောင်များသည် တာဝန်နှင့်ဝတ္တရားအရလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာအရလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်၎င်းတို့၏မိသားစုများထံသို့ အားပေးစကားပြောကြားရန် အေးချမ်းတည်ငြိမ်စွာဖြင့်အများပြည်သူအသုံးပြုသည့်လမ်းခရီးအတိုင်းသွားရောက် ကြခြင်းဖြစ်ပါသည်။

ဤသည်ကို သက်ဆိုင်ရာအာဏာပိုင်တို့သည် တမင်သက်သက်အကြောင်းအမျိုးမျိုးပြ၍ ဖိနှိပ်ချုပ်ခြယ်မှုအမျိုးမျိုးကိုအသုံးပြုပြီး၊ လူတဦးတယောက်၏သွားလာပိုင်ခွင့်ရှိသောအရပ်သို့ မသွားမလာရအောင် အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား မတရားတားဆီးကန့်ကွက်ခြင်းဖြစ်ပါသည်။ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့အား ပိုင်းခြားသတ်မှတ်ထားသောနေရာမှ အခြားတနေရာသို့မသွားမလာရအောင် မတရားတားဆီးကန့်ကွက်ခြင်းဖြင့် မတရားချုပ်နှောင်ထားခြင်းဖြစ်ပါသည်။ အာဏာပိုင်တို့သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ တာဝန်ရှိသည့်ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ အကြောင်းတစုံတရာပြန်ကြားခြင်းမရှိသေးဘဲ၊ ရောဝတီတိုင်း၊ ပုသိမ်မြို့သို့ခရီးထွက်ခွာသွားသည့် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့အား ဥပဒေကိုဆန့်ကျင်လျှက်မတရားတားဆီးကန့်ကွက်ခြင်း၊ မတရားချုပ်နှောင်ထားခြင်းတို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချလိုက်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်၊ ဗဟိုအလုပ်အမှုဆောင်တဦးနှင့်အဖွဲ့ကို၊ အာဏာပိုင်များက ယမန်နေ့(၂၉-၇-၉၈)ရက်နေ့ ည(၂၁း၅၀)နာရီခန့်တွင်၊ တားဆီးပိတ်ပင်ထားသည့် အညာစုနှင့်ပန်တိုင်ရွာအနီးနေရာမှ၊ လုံခြုံရေးတပ်ဖွဲ့အင်အားကိုသုံး၍ အကြမ်းဖက်သောနည်းဖြင့်အနိုင်အထက်ပြုချုပ်နှောင်ပြီး၊ မော်တော်ယာဉ်အတွင်းသို့သွတ်သွင်းလျှက်၊ အထွေထွေအတွင်းရေးမှူး၏သဘောထားဆန္ဒလုံးဝမပါဘဲ၊ အထွေထွေအတွင်းရေးမှူး၏နေအိမ်သို့ အတင်းအဓမ္မပြန်ပို့ခဲ့ကြပါသည်။ အထွေထွေအတွင်းရေးမှူး၏ မော်တော်ယာဉ်ကိုလည်း၊ အာဏာပိုင်တို့က အထွေထွေအတွင်းရေးမှူး၏ခွင့်ပြုချက်မရှိဘဲ၊ ၎င်းတို့ဘာသာမောင်းနှင် ခဲ့ကြပါသည်။

ကျန်ဗဟိုအလုပ်အမှုဆောင်တဦးနှင့်အဖွဲ့ချုပ်အဖွဲ့ဝင်(၂)ဦးတို့ကိုလည်း အာဏာပိုင်တို့၏မော်တော်ယာဉ်များအတွင်းသို့ အထွေထွေအတွင်းရေးမှူးနည်းတူအကြမ်းဖက်သောနည်းဖြင့် အနိုင်အထက်ပြုချုပ်နှောင်၍၊ အာဏာပိုင်တို့က သွတ်သွင်းကြပြီး၊ အတင်းအဓမ္မခေါ်ဆောင်လာခဲ့ကြပါသည်။ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ကို၊ အနိုင်အထက်ပြု၍ ခေါ်ဆောင်လာခဲ့ကြသည့် မော်တော်ယာဉ်များအသီးသီးထဲတွင်လည်း၊ အာဏာပိုင်တို့၏တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုံခြုံရေးအဖွဲ့ဝင်များသာရှိကြပါသည်။

အာဏာပိုင်တို့က ဤသို့ရိုင်းပြစွာဆက်ဆံဆောင်ရွက်ခြင်းများသည်၊ ရာဇဝတ်မကင်းသောအနိုင် အထက်ပြုခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်းတို့ဖြစ်ပါသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လေးလေးနက်နက် ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဖြစ်မှန်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

အထွေထွေအတွင်းရေးမှူး၏မော်တော်ယာဉ်ကို ၂၄-၇-၉၈ ရက်နေ့က၊ ရန်ကုန်-ပုသိမ် လမ်းမကြီးပေါ်ရှိ အညာစုနှင့်ပန်တိုင်ရွာအနီးတွင်တားဆီးထားပြီး၊ ၎င်းရွာအနီးရှိချောင်းကူးသစ်တံတားပေါ်သို့ရွှေ့ထားခြင်းခံရသည်။ ည (၁၉း၁၀)နာရီခန့်တွင်၊ ယင်းတံတားလေး၏ ရှေ့နှင့်နောက်တို့၌ သံစူးကြိုးတန်းများချထားသည်။ ဆန်အိတ်များရွှေ့နေသည်ကို၊ သဲအိတ်များရွှေ့၍ချထားသည်ဟုထင်မှတ်ခဲ့သည်။ မော်တော်ကားဘီးများကို ပထမတွင်တဆင့်ခံဘရိတ်များဖြင့်တပ်ထားပြီး၊ ၂၅-၇-၉၈ ရက်နေ့နံနက် (၀၈း၃၃) နာရီခန့်တွင်ပြန်ဖြုတ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗဟိုအလုပ်အမှုဆောင် တဦးတို့သည်၊ အေးချမ်းတည်ငြိမ်စွာဖြင့်၊ ပုသိမ်မြို့သို့ ၂၄-၇-၈၈ ရက်နေ့နံနက် (၀၉း၀၅)နာရီခန့်တွင် မော်တော်ယာဉ်ဖြင့်ခရီးထွက်ခဲ့ကြပါသည်။

ဤသို့ခရီးထွက်ခဲ့ရခြင်း၏ရည်ရွယ်ချက်မှာ၊ လူ့ဘဝတွင် အလွန်တရာအဆင့်အတန်းနိမ့်လှပြီး မကောင်းဆုံးသော အသက်မွေးဝမ်းကြောင်းဖြင့်ပြစ်မှုကျူးလွန်လေ့ရှိသူများအတွက်သာ ရည်ရွယ်၍ပြဋ္ဌာန်းထားသောဥပဒေဖြင့်၊ အဖွဲ့ချုပ်မှ ဂုဏ်သရေသိက္ခာရှိလှသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား၊ လူ့သိက္ခာကို တမင်သက်သက် ချိုးနှိမ်နှိမ့်ချစွာ ဖမ်းဆီးအရေးယူထားသောကြောင့် ထိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်၎င်းတို့၏မိသားစုများကို အားပေးစကား ပြောကြားရန်အတွက်ဖြစ်ပါသည်။ ဤသည်မှာ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရလည်းကောင်း၊ အဖွဲ့ချုပ် ခေါင်းဆောင်များ၏ တာဝန်နှင့်ဝတ္တရားများအရလည်းကောင်း၊ ခရီးသွားကြရခြင်းဖြစ်ပါသည်။

အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့က၊ ဆူပူလိုသောဆန္ဒလုံးဝမရှိဘဲ အေးချမ်းတည်ငြိမ်စွာဖြင့် ခရီးထွက်ကြရာ တွင်၊ တွေ့ကြုံခဲ့ရသောဖြစ်စဉ်များမှ အဓိကအချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။ ၎င်းဖြစ်စဉ်များမှာ သက်ဆိုင်ရာ အာဃာတရှင်များကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရသောပြောကြားချက်များဖြစ်ပါသည်။ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့အား ၂၄-၇-၈၈ ရက်နေ့နံနက် (၁၀း၁၅)နာရီခန့်တွင်၊ ညောင်တုန်းမြို့၏အရှေ့ဘက် (၁၅)မိုင်၊ (၂၄)ကီလိုမီတာခန့်ကွာဝေး သည့်အညာစုရွာအနီး၌ အာဏာပိုင်တို့ကသံဆူးကြိုးတန်းများ၊ လုံခြုံရေးအဖွဲ့ဝင်များဖြင့် တားဆီးပိတ်ဆို့ထားကြသည်။ လုံခြုံရေးအဖွဲ့ဝင်များဖြင့် မော်တော်ယာဉ်ကိုဝိုင်းရံထားကြသည်။ မော်တော်ယာဉ်ကိုအနီးရှိ ချောင်းကူးသစ်သားတံတား ကလေးပေါ်သို့နံနက်(၁၀း၄၂)နာရီခန့်တွင်မ၍လည်းကောင်း၊ တွန်း၍လည်းကောင်း၊ ရွှေ့ထားကြသည်။ အထွေထွေအတွင်း ရေးမှူး၏ကားဘီး (၄)ဘီးလုံးအား၊ တဆင့်ခံဘရိတ်များဖြင့် အာဏာပိုင်တို့က ချုပ်ထားလိုက်သည်။ တံတားထိပ် လမ်းပေါ်တွင် ၄က/၈၅၁၈ ဒိုင်နာကားတစီးဖြင့်ပိတ်ဆို့ထား သည်။ နံနက် (၁၁း၃၀) ခန့်တွင် ပ/၃၆၁၄ တီအီး – ၁၁ ကားကြီးဖြင့်၊ ထပ်၍ပိတ်ဆို့ထားပြီး၊ ဒိုင်နာကားကိုဖယ်လိုက်သည်။ ညနေ (၁၆း၀၅)နာရီခန့်တွင် ရဲမှူးချုပ်အောင်နွယ်နှင့် ဒု-ရဲမှူး(၁)ဦးတို့ရောက်လာပြီး ကားတံခါးကိုခေါက်သည်။ ကားတံခါးကိုအတင်းဆွဲဖွင့်သည်။ အလွန်ရိုင်းပြသည့်ပုံစံဖြင့် ပြုမူဆက်ဆံသည်။ ပဲခူးတိုင်း မင်းလှမြို့နှင့် ဧရာဝတီတိုင်းပန်းတနော်မြို့ခရီးစဉ်များကဲ့သို့ ချက်ခြင်းအဖြေထုတ်ပေး နိုင်မည့်အဆင့်ရှိသူမဟုတ်သည့် အပြင်ဆက်ဆံရေးရိုင်းပြမှုကြောင့် အထွေထွေအတွင်းရေးမှူးက ဖွင့်မပေးခဲ့ခြင်းဖြစ်သည်။

ယင်းတံတားလေး၏နောက်တွင် သံဆူးကြိုးခွေများဖြင့် ည(၁၉း၁၀)နာရီခန့်၌ ထပ်ဆင့်ကာရံ ထားလိုက်သည်။ တံတားထိပ်တွင် ယူနီဖောင်းဝတ်လုံခြုံရေးအဖွဲ့ဝင်များအင်အားဖြင့်ပတ်ဆို့ထားသည်။ ယင်းသံဆူးကြိုးခွေများကို ၂၆-၇-၈၈ ရက်နေ့တွင် အာဏာပိုင်တို့က သံတမန်များ၊ စစ်သံမှူးများနှင့် သတင်းထောက်များအားခေါ်ယူပြသခါနီးမှ ကြိုတင်ဖယ် ရှားထားကြသည်။ လုံခြုံရေးအဖွဲ့ဝင်များသည်လည်း ယူနီဖောင်းဝတ်မှ အရပ်ဝတ်သို့ပြောင်းလဲထားကြသည်။ ၂၅-၇-၈၈ ရက်နေ့နံနက် (၀၈-၃၃)နာရီခန့်တွင် ၂၄-၇-၈၈ ရက်နေ့ကတပ်ဆင်ထားခဲ့သော တဆင့်ခံဘရိတ်များကိုဖြုတ်သွားကြ သည်။ နံနက် (၁၀း၅၂)နာရီခန့်တွင် မော်တော်ယာဉ်ရှေ့တွင် လမ်းရှင်းသောကြောင့် ပုသိမ်ဘက်သို့ မော်တော်ယာဉ် ကိုမောင်းထွက်စဉ် လမ်းလယ်၌ လုံခြုံရေးအဖွဲ့ဝင်များကထပ်မံတားဆီးကြပြန်သည်။ နံနက် (၁၀း၅၄)နာရီခန့်တွင် လုံခြုံရေး အဖွဲ့ဝင်များက လမ်းပေါ်မှမော်တော်ယာဉ်ကို ချောင်းကူးတံတားလေးပေါ်သို့ ပြန်၍တွန်းရွှေ့ထားကြသည်။ လုံခြုံရေးအဖွဲ့ ဝင်တဦးက ရေသန့်ဘူးတဘူးကို ဒုအထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့အားဝယ်ပေးသည်။ ထိုလုံခြုံရေးအဖွဲ့ဝင်အား နောက်နေ့ များတွင်မော်တော်ယာဉ်အနီး၌တာဝန်ချထားခြင်းမရှိ သည်ကိုတွေ့ရသည်၊ ၂၆-၇-၈၈ ရက်နေ့နံနက် (၀၆း၅၂)နာရီခန့်တွင် မော်တော်ယာဉ်ကိုပုသိမ်ဘက်သို့မောင်းထွက်စဉ် လုံခြုံရေးအဖွဲ့ဝင်များက သံဆူးကြိုးခွေများဖြင့် ဆွဲ၍ပိတ်ပြီးတားဆီးကြပြန်သည်။ နံနက် (၀၇း၀၄)နာရီခန့်တွင် လုံခြုံရေးအဖွဲ့ဝင်များကမော်တော်ယာဉ်ကို တံတားပေါ်သို့ တွန်း၍ ရွှေ့ထားကြပြန်သည်။ နံနက် (၀၈း၀၀)နာရီခန့်တွင်သောက်ရေသန့်ဘူးသွားဝယ်ရာ အာဏာပိုင်တို့က "အထက် အမိန့်အရ"ဟုဆိုပြီး ဝယ်ခွင့်မပြုကြပါ။ နံနက် (၀၈း၅၀)နာရီခန့်တွင် တပ်မတော်ထောက်လှမ်းရေးမှ ဗိုလ်မှူးရန်နိုင်ဟု ဆိုသူက " အန်တီဘယ်သွားမလို့လဲ"ဟုလာမေးရာ၊ အထွေထွေအတွင်းရေးမှူးက "ခြေချုပ်နှင့်ခံဝန်အက်ဥပဒေဖြင့် ဖမ်းဆီးခြင်း၊ ခံဝန်လက်မှတ်ရေးထိုးပေးရခြင်းခံနေကြရတဲ့ ဧရာဝတီတိုင်းမှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဆီသွား မှာ"ဟုပြန်ပြောခဲ့ပါသည်။ ၎င်းပြင် အထွေထွေအတွင်းရေးမှူးက "လုံခြုံရေးမပါလို့ဆက်သွားခွင့်မပြုဘူးလို့ သံတမန်တွေကို ပြောတဲ့ကိစ္စ၊ လိမ်တာ"ဟုလည်းပြောခဲ့ပါသည်။

နေ့လည် (၁၂း၀၇)နာရီခန့်တွင် တာဝန်ချထားသောယူနီဖောင်းဝတ်လုံခြုံရေးအဖွဲ့ဝင်များကို အရပ်ဝတ်ဖြင့် ပြောင်းလဲပြီး၊ တားဆီးပိတ်ဆို့မှုအားလုံးကိုလည်းရှင်းလင်းထားပါသည်။ အရပ်ဝတ်ဖြင့်လုံခြုံရေးအဖွဲ့ဝင်(၂)ဦးက အထွေထွေအတွင်းရေးမှူး၏ကားထွက်နိုင်မည့်လမ်း တဲကလေးဝ၌ ပိတ်၍ထိုင်စောင့်နေသည်။ နေ့လည်(၁၂း၃၀)နာရီ ခန့်တွင် သောက်ရေသန့်ဝယ်ခွင့်ပြုရန် ဒုတိယအကြိမ်အာဏာပိုင်တို့အားပြောရာ ထပ်မံတားဆီးပြီး သွားခွင့်မပြုပါ။

ယင်းအချိန်မှစ၍သောက်ရေမရှိသဖြင့် နေ့လည်(၁၃:၃၀)နာရီခန့်တွင် မိုးရွာသည့်အခါထီးဖြင့် ရေခံပြီးသောက်ရပါသည်။ ၂၆-၇-၉၈ ရက်နေ့တွင် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့၌ အစားအစာနှင့်သောက်ရေများကုန်ပြီးဖြစ်၍ အဖွဲ့ချုပ်အဖွဲ့ဝင်များကပေးပို့ခြင်းကိုလည်း အာဏာပိုင်တို့ကလက်မခံ သည့်အပြင် ၎င်းတို့ကိုယ်တိုင်လည်း အစားအသောက်များကိုမပေးကြပါ။ ၂၇-၇-၉၈ ရက်နေ့နံနက် (၀၈:၅၅)နာရီခန့်တွင် ဗိုလ်မှူးရန်နိုင်ဟုဆိုသူထပ်မံရောက်လာပြီး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှဖေအား “ အန်ကယ်ဒေါ်သက်ကြီးပြီ၊ ဒီလိုဆက်သွားလို့ ဘာမျှအကြောင်းမထူးပါဘူး၊ နိုင်ငံရေးအတွေ့အကြုံ၊ ဖြတ်သန်းခဲ့တဲ့နိုင်ငံရေးသက်တမ်းလည်း ရှိပါပြီ၊ နောက်ဆက်လုပ်စရာနိုင်ငံရေးတွေအများကြီးပါ၊ ကျွန်တော်အခုလိုလာပြောတာဟာ အကျိုးရှိစေချင်လို့ပါ ”ဟုပြောရာအထွေထွေအတွင်းရေးမှူးက“ သွေးခွဲစကားလာမပြောနဲ့ ”ဟု ပြန်ပြောခဲ့ပါသည်။ နေ့လည်(၁၄း၂၅) နာရီခန့်တွင်၊ ဗိုလ်မှူးရန်နိုင်ဟုဆိုသူထပ်မံရောက်လာပြီး “ အမတို့၊ အန်ကယ် တို့ရန်ကုန်ပြန်တာ အကောင်းဆုံး ဖြစ်မယ် ”ဟုပြောခဲ့ပါသည်။ အထွေထွေအတွင်းရေးမှူးက “ အများသွားလာလို့ရတဲ့လမ်းခရီးကို၊ တဦးတယောက် ကျမှ မသွားမလာရဘူးဆိုတာ အဓိပ္ပါယ်မရှိဘူး ”ဟုပြန်ပြောခဲ့ပါသည်။ ထိုအခါ ဗိုလ်မှူးရန်နိုင်ဆိုသူက “ အဲဒါကဒေသဆိုင်ရာ အာဏာပိုင်တွေက လုံခြုံရေးကိစ္စကြောင့်လုပ်တာပါ ”ဟုပြောရာ၊ အထွေထွေအတွင်းရေးမှူးက လုံခြုံရေးတွေပါတာပဲ၊ လာမလိမ်နဲ့ ”ဟုပြန်ပြောခဲ့ပါသည်။ ဗိုလ်မှူးရန်နိုင်ဆိုသူက “ အမရတဲ့သတင်းမှားနေပါတယ်၊ ရောဝတီတိုင်းမှာအဖမ်းအဆီးလုံးဝမရှိပါဘူး”ဟုပြောသဖြင့်၊ အထွေထွေ အတွင်းရေးမှူးက “ ဒီမှာရောဝတီတိုင်းကလူကြီးပါတယ်၊ မေးကြည့်”ဟုပြောသဖြင့် ရောဝတီ တိုင်းစည်းရုံးရေးဥက္ကဋ္ဌက ခြေချုပ်နှင့်ခံဝန်အက်ဥပဒေအရအဖမ်းအဆီးခံနေကြရသော ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အချို့၏ အမည်များကိုပြောပြလိုက်ပါသည်။ ထိုအခါ ဗိုလ်မှူးရန်နိုင်ဟုဆိုသူက “အဲဒါတော့ကျွန်တော့မပြောနဲ့၊ ဒေသဆိုင်ရာတွေကလုံခြုံရေးအရလုပ်တဲ့ကိစ္စတွေပါပဲ” ဟုပြောရာ၊ အထွေထွေအတွင်းရေးမှူးက “ မတရားလုပ်တာ နိုင်ငံတော်ကစိုးမိုးရမှာပေါ့၊ တရားဥပဒေဟာတန်းတူရည်တူဖြစ်ရမှာပေါ့၊ တရားဥပဒေဆိုတာတခုတည်းပဲရှိရမှာပဲ၊ ဒေသဆိုင်ရာအာဏာပိုင်တွေကလုပ်တာကို၊ ဗဟိုကအရေးယူဆောင်ရွက်ပေးနိုင်ခြင်းမရှိဘူးလား၊ ဗဟိုကဒေသဆိုင်ရာကိုလွှမ်းမိုးရမှာပေါ့ ”ဟုပြန်ပြောခဲ့ပါသည်။ ၂၈-၇-၉၈ ရက်နေ့ နံနက်(၁၁:၀၀)နာရီခန့်တွင် အထွေထွေအတွင်းရေးမှူး၏ဆရာဝန်ဖြစ်သူ ဒေါက်တာတင်မျိုးဝင်းဆေးလာကုပေးသည်။ သောက်ရေပြတ်နေ၍ လိုအပ်နေသဖြင့် ဆရာဝန်၏ တောင်းဆိုချက်အရပထမအကြိမ်တွင် သောက်ရေသန့်(၃)ဘူးဝယ်ခွင့်ရပါသည်။ ဒုတိယအကြိမ် ရေသန့်ဘူး(၅)ဘူးထပ်ပေးရန်အတွက် ဒေါက်တာတင်မျိုးဝင်းကပြန်ခါနီးတွင်အာဏာပိုင်တို့အား ပိုက်ဆံ ၅၀၀/-ကျပ်ပေးခဲ့ပါသည်။ အထွေထွေအတွင်းရေးမှူးဆေးကုသမှုခံယူမည်ကို ဗိုလ်မှူးရန်နိုင်ဆိုသူက၊ ကင်မရာသမားတွေခေါ်လာသဖြင့်၊ အထွေထွေအတွင်းရေးမှူးက“ ဗိုလ်မှူးရန်နိုင် ဆိုသူနှင့်ကင်မရာသမားတွေပါရင်၊ ဆေးကုသခွင့်မခံဘူး” ဟုပြောမှ၊ ၎င်းတို့လိုက်မလာဘဲ လမ်းထိပ်တဲလေး၌မတ်တပ်ရပ်လျှက်နေခဲ့ကြပါသည်။ ယင်းနေရာမှနေ၍၎င်းတို့က၊ အထွေထွေ အတွင်းရေးမှူးတို့ဆေးကုသမှုခံယူခြင်းကို ဓါတ်ပုံများ၊ ဗီဒီယိုများရိုက်ကြပါသည်။ နေ့လည်(၁၃:၀၀)နာရီခန့်တွင် အာဏာပိုင်တို့က “ အချိန်စေ့ပြီ ”ဟုပြောသဖြင့်ဒေါက်တာတင်မျိုးဝင်း ပြန်သွားရပါသည်။ နံနက်(၁၁:၀၀)နာရီခန့်ကတည်းက၊ ဒေါက်တာတင်မျိုးဝင်း ပိုက်ဆံပေးသွားသောသောက်ရေသန့်(၅)ဘူးကို ညနေ(၁၆း၀၅)နာရီခန့်တွင် အာဏာပိုင်တို့ထံမှရရှိကြသည်။

၂၉-၇-၉၈ ရက်နေ့နေ့လည် (၁၂:၀၀)နာရီခန့်တွင်၊ အာဏာပိုင်တို့၏ကားဖြင့် ဒေါက်တင်မျိုးဝင်း ဆေးကုပေးရန်ရောက်လာသည်။ အထွေထွေအတွင်းရေးမှူးအတွက်လိုအပ်နေသောစားသောက်စရာများနှင့် အဝတ်အထည်များကို ရဲတပ်ရင်း(၉)စစ်ဆေးရေးဂိတ်မှ အာဏာပိုင်တို့ကသိမ်းဆည်း ထားလိုက်သည်။ အာဏာပိုင်တို့ကခွင့်ပြုသည့်ဆေးပစ္စည်းအချို့သာယူဆောင်ခွင့်ရသည်။ အထွေထွေအတွင်းရေးမှူးအတွက်အဟာရဖြစ်စေသော ဗီတာမင်အစရှိသည့်ဆေးပစ္စည်းများကိုယူဆောင်ခွင့်မပြုကြပါ။ ဒေါက်တာတင်မျိုးဝင်းနှင့်အတူလိုက်ပါလာသော အမျိုးသမီးဆရာဝန် ဒေါက်တာပြုံးအိမို၏ ကိုယ်ခန္ဓာကိုလည်းစစ်ဆေးရှာဖွေပြီး ဆေးသွားကုခွင့်မပေးပါ။ သိမ်းဆည်းထားသောပစ္စည်းများကိုလည်း အထွေထွေအတွင်းရေးမှူးထံမှဒေါက်တာတင်မျိုးဝင်းပြန်လာ သည့်အခါကျမှသာလျှင် အာဏာပိုင်တို့ကပြန်ပေးပါသည်။

ည (၁၇:၃၀)နာရီခန့်တွင် အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်တဦးတို့ သွားရောက်တွေ့ဆုံကြသည်။ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့အတွက်ပါသွားသောသောက်ရေသန့်နှင့်အစား အသောက်များကို၊ ရဲတပ်ရင်း(၉)စစ်ဆေးရေးဂိတ်မှ ကြိုတင်သိမ်းဆည်းထားလိုက်သည်။ သိမ်းဆည်းထားသော ယင်းပစ္စည်းများကို အထွေထွေအတွင်းရေးမှူးတို့ထံမှ ဥက္ကဋ္ဌ တို့ ပြန်လာကြသည့်အခါမှသာလျှင် အာဏာပိုင်တို့ကပြန်ပေးကြသည်။

ထိုသို့သွားရောက်ကြရခြင်းအကြောင်းမှာ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏အကြံပြုချက်တခုကို၊ ဗိုလ်မှူးသူရမှတဆင့်ဗဟိုအလုပ်အမှုဆောင်တဦးကရရှိသည်။ ဤအကြံပြုချက်ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံး ညှိနှိုင်းဆွေးနွေးရန်လိုအပ်လာသည်။ ထို့ကြောင့် အဖွဲ့ချုပ်တွင်ရှိနေကြသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံးအနေဖြင့် တားဆီးခြင်းခံနေရသည့်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးလှဖေတို့

ထံသို့ သွားရန်လိုအပ်ကြောင်းပြန်ပြောခဲ့သည်။ ဗိုလ်မှူးသူရကအားလုံး သွားရန်မသင့်ပါသဖြင့်၊ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်တဦးတို့ ပေါင်း(၃)ဦးကိုသွားခွင့်ပြုခဲ့ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အကြံပြုချက်ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ညှိနှိုင်းဆွေးနွေးကြသည်။ ထိုသို့ဆွေးနွေးကြပြီး အခြားအကြံပြုချက်တခု ကိုနိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့်ဆွေးနွေးရန်သဘောတူညီခဲ့ကြပါသည်။ ယင်းသဘောတူညီ ချက်ကို အဖွဲ့ချုပ်ဥက္ကဋ္ဌက တာဝန်ယူ၍ဆက်လက်ဆောင်ရွက်ရန် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံး သဘောတူ ညီခဲ့ကြသည်။

ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တဦးတို့သည် (၁၉း၄၀)နာရီခန့်တွင်တားဆီးခြင်းခံနေရသော အထွေထွေအတွင်းရေးမှူးတို့ထံမှ ပြန်လည်ထွက်ခွာလာကြရာ (၂၁း၀၀)နာရီ ခန့်တွင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလွင်၏အိမ်သို့ပြန်ရောက်ကြသည်။ ဗဟိုအလုပ်အမှုဆောင်များ၏ သဘောတူညီချက်ကိုဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိမီ အာဏာပိုင်တို့က အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့အား၊ အတင်းအဓမ္မဝင်ရောက်ချုပ်နှောင်၍ အနိုင်ထက်ပြု အကြမ်းဖက်ပြီး လက်ရောက်မှုများကျူးလွန်ကာ အတင်းအကြပ်ခေါ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ အထွေထွေအတွင်းရေးမှူး ကလူလွှတ်ပြီးခေါ်ခိုင်း၍ ဥက္ကဋ္ဌ အပါအဝင် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်(၄)ဦးတို့ အထွေထွေအတွင်းရေးမှူးအား သွားရောက်တွေ့ဆုံကြခြင်းသာဖြစ်ပါသည်။ အာဏာပိုင်တို့က အထွေထွေအတွင်းရေးမှူးအား ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ် အမှုဆောင်တို့ထံ အပ်နှံခြင်းမဟုတ်ပါ။

ခေါ်ဆောင်လာပုံမှာ/ည(၂၁း၁၀)နာရီခန့်တွင် အထွေထွေအတွင်းရေးမှူး၏ခြံ၌ ယခင်ကတာဝန်ကျအရာရှိ ဖြစ်သူဗိုလ်မှူးသူရတို့အဖွဲ့ အင်အား(၅၀)ခန့်ဖြင့်လာရောက်ကြသည်။ ကားလမ်းပေါ်တွင်ကြိုတင်စီမံထားသောကား တန်းရှည်ကြီးရှိနေသည်။

အဖွဲ့ချုပ်အဖွဲ့ဝင်များဖြစ်ကြသော ကိုထွန်းမြင့်၊ ကိုညွန့်ရွှေနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှဖေတို့ကို အစီအစဉ်အလိုက်အတင်းအဓမ္မဝင်ဆွဲပြီး အနိုင်အထက်ပြုချုပ်နှောင်ကြကာ အသင့်စီစဉ်ထားသည့်မော်တော်ယာဉ်များ အတွင်းသို့အာဏာပိုင်တို့ကသွတ်သွင်းကြသည်။

တချိန်တည်းတွင် အစာနှင့်သောက်ရေပြတ်သဖြင့်အားအင်ချိနဲ့စွာ ကားထဲတွင်လဲလျောင်းနေသော အထွေထွေ အတွင်းရေးမှူးအား၊ ဗိုလ်မှူးသူရနှင့်အဖွဲ့က၊ မော်တော်ယာဉ်အတွင်းသို့ဝင်ရောက်ကြကာ အကြမ်းဖက်သောနည်းဖြင့် အနိုင်အထက်ပြုချုပ်နှောင်၍ လက်ရောက်မှုများကျူးလွန်ပြီး အထွေထွေအတွင်းရေးမှူး၏သဘောဆန္ဒ လုံးဝမပါဘဲ အထွေထွေအတွင်းရေးမှူး၏နေအိမ်သို့ အားလုံးကိုအတင်းအဓမ္မပြန်ပို့ခဲ့ကြသည်။ အထွေထွေအတွင်းရေးမှူး၏ မော်တော် ယာဉ်ကိုလည်း၊ အထွေထွေအတွင်းရေးမှူး၏ခွင့်ပြုချက်မရှိဘဲ သက်ဆိုင်ရာအာဏာပိုင်တို့က ၎င်းတို့ဘာသာ အတင်း အဓမ္မမောင်းနှင်ခဲ့ကြသည်။

၃၀-၇-၉၈ ရက်နေ့ညနေ (၁၆း၀၀)နာရီခန့်တွင်၊ ဗိုလ်မှူးသူရက ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်း အား " ဒေါ်အောင်ဆန်းစုကြည်အား (၁၅/၂၀)မိနစ်ခန့်မေတ္တာရပ်ခံပြောဆိုသော်လည်း ဒေါ်အောင်ဆန်းစုကြည်က (၅)မိနစ်သာစကားပြောပါ၊ မနက်ကျရင် ဦးသန်းထွန်းထံသွားမေးပါဟုပြောခဲ့ပါကြောင်း၊ ဒါ့ကြောင့် (၅)မိနစ် ရေတွက်နေသံ ကြားရသောကြောင့် မတတ်နိုင်တော့၍ ဒေါ်အောင်ဆန်းစုကြည်အားပွေ့ထူပြီး အခြားစစ်သူနာပြုရဲမေ(၂)ယောက်နှင့် ညှပ်ထိုင်လိုက်ကြောင်း၊ ဒီကားကိုလည်းရဲဘော်တွေမောင်းပြီးတော့ ဒေါ်အောင်ဆန်းစုကြည် အိမ်ကိုပြန်ပို့လိုက်ကြောင်း "ဟုပြောကြားခဲ့ပါသည်။

၉-၁၁-၉၆ ရက်နေ့တွင်လည်း အထွေထွေအတွင်းရေးမှူး၏ကားတန်းအား လူရမ်းကားတို့က လုံခြုံရေးအဖွဲ့ဝင် များရှေ့တွင်ပင် အထွေထွေအတွင်းရေးမှူး၏အသက်အန္တရာယ်ကိုထိခိုက်စေနိုင်သည်အထိလည်းကောင်း၊ ၂၅-၆-၉၈ ရက် နေ့တွင်လည်းစာဖတ်ဝိုင်းသို့လာရောက်ကြသည့် အဖွဲ့ချုပ်အဖွဲ့ဝင်လူငယ်များအား အာဏာပိုင်တို့က တားဆီးရိုက်နှက် ခြင်းကိစ္စတွင် အထွေထွေအတွင်းရေးမှူး၏အသက်အန္တရာယ်ကို ထိခိုက်စေနိုင်သည်အထိလည်းကောင်း၊ ယခင်က (၂)ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်၍ ယခုတကြိမ်နှင့်ဆိုပါလျှင်အာဏာပိုင်တို့က အထွေထွေအတွင်းရေးမှူး၏ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်သည်အထိအကြမ်းဖက်နေခြင်းမှာ စုစုပေါင်း(၃)ကြိမ်ရှိပြီဖြစ်ခြင်း၊

ယခုကဲ့သို့ အကြမ်းဖက်ပြီးနှိမ်နင်းရန်ကြိုတင်ကြံရွယ်၍စီမံဆောင်ရွက်ထားခြင်း၊ အမျိုးသမီးများ ဘေးအန္တရာယ်မှ ကာကွယ်ရေးဟုကြွေးကြော်နေသော်လည်း၊ လက်တွေ့တွင်မူ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်၊ ဒီမိုကရေစီခေါင်းဆောင်၊ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်ကိုပင်၊ အသက်အန္တရာယ်ထိခိုက်စေနိုင်သည်အထိ တရားလက် လွှတ်ရန်ပြုနေခြင်းတို့ကို တိတိကျကျပေါ်လွင်ထင်ရှားစွာသိရှိနားလည်နိုင်ကြမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား၊ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၁၀)ရက်နေ့က၊ ၎င်း၏ နေအိမ်၌ အကျယ်ချုပ်ချထားခြင်းမှ လွှတ်ပေးခဲ့စဉ်က၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့၏ သဘောတူညီချက်အရ၊ အထွေထွေအတွင်းရေးမှူး၏ ခြံထဲတွင်တာဝန်ယူရန် လုံခြုံရေးတပ်ဖွဲ့တခုအား ထားခဲ့ပါသည်။

ယခုအခါတွင် အထွေထွေအတွင်းရေးမှူးက၊ ယင်းတပ်ဖွဲ့အား ၎င်း၏ခြံတွင်ဆက်လက်ထားရှိရန် မလိုလားသောကြောင့် ခြံမှ ထွက်ခွာကြရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ၃၁-၇-၉၈ ရက်စွဲပါစာဖြင့် တရားဝင်အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

ထို့အပြင် ယနေ့ ၆-၈-၉၈ ရက်နေ့နံနက် (၁၁း၀၀)နာရီခန့်တွင် အထွေထွေအတွင်းရေးမှူးက၊ ဗဟိုအလုပ်အမှုဆောင်များရှေ့မှောက်၌၊ ခြံတွင်း၌ တာဝန်ယူနေသော ဗိုလ်ကြီးဇော်ထူးအောင်အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်တို့အား၊ ခြံထဲတွင် ဆက်လက်နေရန် မလိုလားတော့သောကြောင့်၊ ခြံထဲမှထွက်ခွာကြရန် (၂၀)မိနစ်အချိန်ပေး၍ ထွက်ခွာစေပါသည်။

အကယ်၍ သတ်မှတ်ပေးသည့်အချိန်အတွင်း ၎င်းတို့ထွက်ခွာခြင်းမပြုကြပါလျှင်၊ ခြံရှင်၏ ခွင့်ပြုချက်မရှိဘဲ ဆက်လက်နေထိုင်ကြခြင်းဖြစ်သောကြောင့်၊ ပိုက်နက်ကျူးလွန်ခြင်း၊ မတရားကန့်သတ်ချုပ်ချယ်ထားခြင်း ဖြစ်သည်ဟု အထွေထွေအတွင်းရေးမှူးက ပြောကြားခဲ့ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တဦးဖြစ်ပြီး၊ ရာဝတီတိုင်းစည်းရုံးရေးအဖွဲ့ဥက္ကဋ္ဌဖြစ်သူ ဦးလှဖေတို့သည် (၁၂-၈-၉၈)ရက်နေ့က၊ ပုသိမ်မြို့ သို့၊ အများပြည်သူတို့အသုံးပြုသည့်လမ်းအတိုင်း၊ မော်တော်ယာဉ်ဖြင့်ခရီးထွက်ခွာသွားခဲ့ကြသည်။

အဖွဲ့ချုပ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်အခြားအဖွဲ့ဝင်များကို (၂၇-၅-၉၈)ရက်နေ့နောက်ပိုင်း၌၊ ဥပဒေအမျိုးမျိုးဖြင့်အာဏာပိုင်များက၊ မတရားအရေးယူဖမ်းဆီးချုပ်နှောင်ထားခဲ့ပါသည်။ သို့မတရားအရေးယူထားသည့် ပုဂ္ဂိုလ်များအား၊ အထွေထွေအတွင်းရေးမှူးနှင့် ရာဝတီတိုင်းစည်းရုံးရေးအဖွဲ့ ဥက္ကဋ္ဌတို့ကတာဝန်ရှိသည်အရလည်းကောင်း၊ မြန်မာ့ယာဉ်ကျေးမှုထုံးတမ်းစဉ်လာအရလည်းကောင်း သွားရောက်အားပေးရန်၊ အေးချမ်းစွာဖြင့် ခရီးထွက်သွားခဲ့ခြင်းဖြစ်းပေသည်။

ကောင်းမွန်သောရည်ရွယ်ချက်ဖြင့် အေးချမ်းလွတ်လပ်စွာ ခရီးသွားကြသည့်အဖွဲ့အား၊ အာဏာပိုင်များက၊ ရန်ကုန်ညောင်တုန်းကားလမ်း၊ အညာစု (ပန်တိုင်)ရွာအနီး၌ မတရားတားဆီးခဲ့ပြန်ပါသည်။

သို့တားဆီးခဲ့သည်မှာ ယနေ့တွင် (၆) ရက်မြောက်လာပြီဖြစ်ပါသည်။ ထို့ကြောင့် အစားအသောက်လုံလောက်မှုမရှိနိုင်သည့်အခြေအနေရောက်လာပြီဖြစ်သည်။ ယခင်အကြိမ် ပုသိမ်ခရီးစဉ်တွင် အစားအစာနှင့်သောက်ရေများကို အာဏာပိုင်များက မပေးဘဲဖြတ်တောက်ခဲ့ပါသည်၊

ထို့ကြောင့် အစားအသောက်ပြတ်လပ်ပါလျှင်၊ ကျန်းမာရေးအခြေအနေကို ထိခိုက်လာနိုင်စရာအကြောင်းရှိပါသည်။ သို့ပါသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ထံသို့ ယနေ့စာဖြင့်ရေး၍ အထွေထွေအတွင်းရေးမှူး၏ မိသားစုဆရာဝန်အဖွဲ့အား သွားရောက်ခွင့်ပြုရန် အကြောင်းကြားထားသည့်အပြင်၊ (၁၁း၂၀) နာရီခန့်ကလည်း တပ်မတော်၊ ထောက်လှမ်းရေးအရာရှိတဦးထံသို့ ဤကိစ္စကို တယ်လီဖုန်းဖြင့် အကြောင်းကြားထားပြီးဖြစ်ကြောင်း သိသာရန်ကြေညာအပ်ပါသည်။ အကြောင်းကြားထားသည့်အရာရှိ (၁၃း၀၀) နာရီခန့်တွင် ရောက်ရှိလာသဖြင့်လည်း၊ ထပ်မံ၍ နှုတ်ဖြင့်အကြောင်းကြားလိုက်ပါသည်။ ၎င်းပြင် ခေါ်ယူထိန်းသိမ်းခြင်းခံထားရသော ဦးသိန်းဦးတို့အဖွဲ့နှင့် ဒေါ်နော်အုံးလှတို့အဖွဲ့ကိုလည်း လွှတ်ပေးပါရန် ပြောကြားလိုက်ပါသည်။

အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် ကျန်းမာရေးအခြေအနေကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် အကြောင်းအကျိုးကွင်းဆက်တို့မှာ၊ တားဆီးထားသည့်အာဏာပိုင်အဖွဲ့များနှင့် ၎င်းတို့အားအမိန့်ပေးသည့် အာဏာပိုင်များ၏ တာဝန်သာဖြစ်မည်ဖြစ်ပါသည်။

အထက်ပါအခြေအနေများအားလုံးကို၊ သက်ဆိုင်ရာအာဏာပိုင်တို့ထံသို့ ၂၀-၈-၉၈ ရက်နေ့ (၁၈း၃၀)နာရီခန့်တွင်၊ အထွေထွေအတွင်းရေးမှူး၏ မိသားစုဆရာဝန်က တရားဝင်စာဖြင့် တင်ပြခဲ့ပြီးဖြစ်သည်။

သို့သော်လည်း အာဏာပိုင်တို့သည် ၂၂-၈-၉၈ ရက်နေ့တွင်၊ အထွေထွေအတွင်းရေးမှူး၏ မိသားစုဆရာဝန်အဖွဲ့အား ကျန်းမာရေးသွားရောက်စစ်ဆေးခွင့်မပြုခဲ့ပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည်၊ လွတ်လပ်သောပြည်သူပြည်သားများအနေဖြင့်၊ အများပြည်သူတို့အသုံးပြုသည့်လမ်းအတိုင်း ခရီးသွားရာတွင်၊ အာဏာပိုင်များ က လမ်းခုလပ်၌မတရားတားဆီးထားသည်မှာ၊ ၁၂–၈–၉၈ ရက်နေ့မှစတင်ရေတွက်မည်ဆိုလျှင်၊ (၁၃)ရက်ကြာမြင့် ပြီဖြစ်ပါသည်။ ၂၂/၂၃–၈–၉၈ ရက်နေ့များတွင်၊ ဆရာဝန်သွားရောက်ရန် အာဏာပိုင်များနှင့်ညှိနှိုင်းရာ၊ လုံးဝအောင်မြင်မှု မရရှိခဲ့ပါ။ (၂၃–၈–၉၈)ရက်နေ့ဆိုလျှင်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်တိုင် ဆရာဝန်နှင့်အတူလိုက်သွားရန်၊ အာဏာပိုင်များနှင့် ညှိနှိုင်းရာ၊ ယခုအချိန်အထိလုံးဝပြန်ကြားမှုမရှိသောကြောင့်၊ ဆရာဝန်သွားရောက်နိုင်ရေးအတွက်၊ အောင်မြင်ခြင်းမရှိပါ။ အထွေထွေအတွင်းရေးမှူး၏ စိုးရိမ်ဖွယ်ရာကျန်းမာရေးအခြေအနေကြောင့် အဖွဲ့ချုပ်အဖွဲ့ဝင်အားလုံးနှင့် အဖွဲ့ချုပ်၏ မိတ်ဆွေများအားလုံးတို့က၊ အထွေထွေအတွင်းရေးမှူးပြန်လာရန် ဆန္ဒပြင်းပြစွာရှိနေကြသဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးသည် ဒီမိုကရေစီအင်အားစုများနှင့်အတူ၊ ဒီမိုကရေစီရေးဆက်လက်ဆောင်ရွက်ရန် အတွက် ၂၄–၈–၉၈ ရက်နေ့ (၁၅း၁၀) နာရီခန့်တွင် ပြန်လည်ရောက်ရှိလာပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များကို ၆–၉–၉၈ ရက်နေ့မှစ၍ ပြည်နယ်/တိုင်း အသီးသီးတို့တွင် အာဏာပိုင်များက စတင်ဖမ်းဆီးလျှက်ရှိပါသည်။ အာဏာပိုင်များက တရားဥပဒေမဲ့၊ ၄င်း၏ "တရားဥပဒေစိုးမိုးရေး"ဟူသောကြွေးကြော်သံကိုဖေါက်ဖျက်ကျူးလွန်၍ဖမ်းဆီးနေခြင်းဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၇/၂၈–၅–၉၈ ရက်နေ့များတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီးခဲ့သည့် (၈)နှစ်မြောက်နေ့အခမ်းအနားကျင်းပခဲ့ပါသည်။ ထိုအခမ်းအနားကျင်းပပြီးစီးသည့် နောက်ပိုင်း၌ အာဏာပိုင်အဖွဲ့အစည်းများက အဖွဲ့ချုပ်၏ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့်အဖွဲ့ချုပ်ဝင် အချို့တို့အား၊ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေဖြင့်အရေးယူသည်။ ဤဥပဒေဖြင့်အရေးယူခြင်းသည် တမင်သက်သက် လူ့သိက္ခာကို ချိုးဖျက်လိုက်ခြင်းဖြစ်ပါသည်။

ဖမ်းဆီးချုပ်နှောင်ထားခြင်းခံထားရသည့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်/တိုင်း၊ မြို့နယ် နှင့် ရပ်/ကျေး စည်းရုံးရေးအဖွဲ့ဝင်များသည် မည်သည့်ပြစ်မှုကိုမျှကျူးလွန်ကြသူများလုံးဝမဟုတ်ပါသဖြင့် မတရားဖမ်းဆီးခြင်းများကိုရပ်စဲပြီး၊ ချွင်းချက်မရှိလွှတ်ပေးပါရန် လေးနက်စွာတိုက်တွန်းလိုက်သည်။

သို့ဖမ်းဆီးခြင်းများနှင့်ပတ်သက်၍ အာဏာပိုင်များက " ဆွေးနွေးရန် "ဟု သံကောင်းဟစ်၍၊ ကမ္ဘာ့နိုင်ငံများနှင့် မိမိပြည်တွင်းသို့ကြွေးကြော်နေသည်။

ဤသည်မှာလုံးဝ(လုံးဝ)မဟုတ်မမှန်ပါ။ အောက်ပါသာဓကများဖြင့်ထင်ရှားနေသည်။ ဖမ်းဆီးချုပ်နှောင်ထား သည့် အဖွဲ့ဝင်များအား၊ မေးခွန်းအမြောက်အများကိုမေးမြန်း၍စစ်ဆေးခြင်းများပြုလုပ်နေပြီး ခြေကြားနေကြရသည်။ အချို့သော မေးခွန်းများမှာ –

(၁) အင်န်အယ်လ်ဒီဗဟို၏လက်ရှိအခြေအနေနှင့် လျှောက်လှမ်းနေသည့်နိုင်ငံရေးလမ်းကြောင်းအပေါ်သဘောထား၊
(၂) အင်န်အယ်လ်ဒီအနေနှင့် လွှတ်တော်ခေါ်ယူသည့်အပေါ် သဘောထား၊
(၃) လွှတ်တော်ခေါ်ယူမပေးပါက ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေးအခြေအနေများအပေါ်အမြင်၊
(၄) လွှတ်တော်ခေါ်ယူပေးပါက၊ ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေး၊ စီးပွါးရေး၊ ပညာရေး၊ လူမှုရေးအခြေအနေများအပေါ် အမြင်၊
(၅) ဒေါ်အောင်ဆန်းစုကြည်၊ ဦးအောင်ရွှေ၊ ဦးတင်ဦးနှင့်အခြားဗဟိုအလုပ်အမှုဆောင်များအပေါ်သဘောထားခြင်း၊
(၆) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအပေါ်သဘောထား၊
(၇) ထိန်းသိမ်းခံထားရမှုနှင့်ပတ်သက်၍ အာဏာပိုင်တို့အပေါ်သဘောထား၊
အစရှိသည်တို့ဖြစ်သည်။

၁၉၈၈ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံတဝန်းလုံးရှိ လူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံ၊ အရွယ်ပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့ပါဝင်သော ပြည်သူလူထုကြီးတရပ်လုံးသည် မကြုံစဘူးထူးကဲလှစွာစုစည်းညီညွတ်စွာဖြင့် အုံကြွခဲ့ ကြပြီး ဒီမိုကရေစီရရှိရေးတောင်းဆိုတိုက်ပွဲဝင်မှုကြီးတရပ်ပေါ်ပေါက်ခဲ့သည်။ အသက်၊ သွေး၊ ချွေးပေါင်းမြောက်များစွာသွန်းလောင်းရင်းနှီးပြီး၊ ဒီမိုကရေစီစံနစ်ကိုကျင့်သုံးသောမြန်မာနိုင်ငံတော်သစ်ကြီးပေါ်ထွန်းရန် ကြိုးပမ်းခဲ့ကြသည်။ ပြည်သူလူထုကြီးတရပ်လုံး၏ ကျယ်ပြန့်ကြီးမားလှစွာသောဆန္ဒမွန်များကို အကောင်အထည်ဖေါ်ဆောင်နိုင်ရန် သမိုင်း၏ တောင်းဆိုချက်ကိုဖြည့်ဆည်းသောအားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီးကို ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့တွင်ဖွဲ့စည်းထူထောင်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြည်သူလူထုအလွှာပေါင်းစုံ၊ အတန်းအစားပေါင်းစုံပါဝင်သည့် တိုင်းရင်းသားလူမျိုးစုများအပြင်၊ စစ်ရေး၊ နိုင်ငံရေး၊ အစဉ်အလာကြီးမား၍ အတွေ့အကြုံများပြားခဲ့ကြပြီး၊ ပြည်သူအများ ကလေးစားကြသောပုဂ္ဂိုလ်ကြီးများ၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနယ်ပယ်များတွင် ကျွမ်းကျင်လိမ္မာမှုပြည့်ဝကြသည့် အတတ်ပညာရှင်၊ အသိပညာရှင်များနှင့် တပ်မတော်ဖခင်ကြီး၊ အမျိုးသားခေါင်းဆောင်ကြီး၊ ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းဆုကြည်နှင့်ပူးပေါင်းကာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ၊ ၁၉၈၈ ခုနှစ်၊ စက်တင်လာလ (၂၇)ရက်နေ့တွင်တရားဝင်မှတ်ပုံတင်ဖွဲ့စည်းခဲ့သည်။ ယနေ့တိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ပြည်သူတရပ်လုံး၏ထောက်ခံယုံကြည်ကိုးစားမှုကိုရယူလျက်ရှိသော နိုင်ငံရေးပါတီတရပ်အဖြစ်တရားဝင်လှုပ်ရှားလျက်ရှိသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် စတင်ဖွဲ့စည်းစဉ်ကပင်ကျင့်သုံးသွားမည့်မူဝါဒအချို့ကို အောက်ပါအတိုင်း ကြေညာခဲ့သည်။

- ကျွန်ုပ်တို့သည် ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင်ပါရှိသောလူ့အခွင့်အရေးဆိုင်ရာစည်းမျဉ်းနှင့် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းတို့ကို အစွမ်းကုန်လိုက်နာကျင့်သုံးမည်။
- ကျွန်ုပ်တို့သာမက နောင်လာမည့်မျိုးဆက်တို့သည် မည်သည့်အခါမျှလူ့အခွင့်အရေးများမဆုံးရှုံးစေရဟူသော မူပြင့်ခိုင်မာသောဒီမိုကရေစီအုတ်မြစ်ကိုချထားမည်။
- ခေတ်နောက်တွင်ကျန်ရစ်ခဲ့ပြီးဖြစ်သော လက်ရှိစီးပွါးရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍတို့ကို ပြည်ထောင်စုသားအားလုံးတို့ စည်းလုံးညီညွတ်သောဆန္ဒတူညီမှုအင်အားပေါ်တွင်အခြေခံပြုကာ ပြန်လည်တည်ဆောက်မည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံတော်အာဏာကိုသိမ်းယူစဉ်ကပင် ကြေငြာချက်အမှတ်(၁/၈၈)ဖြင့် ပါတီစုံဒီမိုကရေစီစနစ်သည်ဆောက်ရန်ကတိကဝတ်ပြုထားပြီးဖြစ်သည်နှင့်အညီ ၃၁-၅-၈၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအမှတ်(၁၄/၈၉)ကိုထုတ်ပြန်ကြေညာခဲ့သည်။

ရွေးကောက်ပွဲဥပဒေပြဋ္ဌာန်းပြီးသည့်အခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။
ထိုသို့ပါဝင်ယှဉ်ပြိုင်ရခြင်းနှင့်ပါတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အောက်ပါအတိုင်းသဘောထားတရပ်ထုတ်ပြန်ခဲ့သည်။

" . . . . ကျင်းပပေးမည့်ရွေးကောက်ပွဲသည် ဒီမိုကရေစီအရေးတော်ပုံတွင် ပြည်သူလူထုအတွက် အသက်စွန့်လွှတ်သွားခဲ့သူများ၊ အမျိုးမျိုးအနစ်နာခံခဲ့သူများ၏တိုက်ပွဲမှထွက်လာသည့်ရလဒ်တခုဖြစ်သည်ဟုမှတ်ယူလျှက်အဖွဲ့ချုပ်သည် ရွေးကောက်ပွဲဝင်ရန်ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။ . . . . "

၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇)ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မဲဆန္ဒနယ်(၄၈၅)နေရာအနက် (၃၉၂)နေရာတွင်အနိုင်ရရှိခဲ့သဖြင့် ရာခိုင် နှုန်း(၈၂)ခန့် အပြတ်အသတ် လုံးလုံးလျားလျားရရှိခဲ့သည်။ ဤသို့အနိုင်ရရှိသဖြင့် မြန်မာနိုင်ငံသူနိုင်ငံသားတို့၏ ပြင်းပြသောဒီမိုကရေစီစိတ်ဓါတ်ကို ကမ္ဘာ့နိုင်ငံအသီးသီးကအသိအမှတ်ပြုခဲ့ရသည်။

ထိုသို့ မဲဆန္ဒရှင်ပြည်သူလူထုကြီးတရပ်လုံးကတခဲနက်ထောက်ခံလိုက်ခြင်းသည် ပြည်သူတို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ်ထားရှိသော မေတ္တာ၊ စေတနာ၊ သဒ္ဒါတရားကြီးမားပုံကိုဖော်ပြရုံသာမက ပြည်သူတို့၏ဆန္ဒပြင်းပြစွာလိုလားတောင့်တလျက်ရှိသည့် အခြေခံလွတ်လပ်မှုနှင့်ဒီမိုကရေစီအခွင့်အရေးများ ပြန်လည်ရရှိနိုင်ရန်အမှန်တကယ်ကြိုးပမ်းဆောင်ရွက်ပေးနိုင်မည်ဟု အပြည့်အဝယုံကြည်အားထားမှုကိုဖော်ထုတ်ရာလည်းရောက်သည်။

ရွေးကောက်ပွဲကြီးပြီးစီးသည်နှင့်တပြိုင်နက် ရန်ကုန်မြို့တွင်အခြေစိုက်သည့်ကမ္ဘာ့နိုင်ငံပေါင်းစုံတို့မှသံတမန်တို့သည် အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း၊ အဖွဲ့ချုပ်၏အောင်မြင်မှုများကိုဂုဏ်ပြုထောပနာပြုခဲ့ကြသည်။ ဤသည်မှာကမ္ဘာ့အသိုင်းအဝိုင်းက စစ်မှန်သည့်

ဒီမိုကရေစီပေါ်ပေါက်ရေးသည် မြန်မာပြည်သူတို့၏ဆန္ဒမှန်ဖြစ်ကြောင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ပြည်သူတရပ်လုံးက ခိုင်မာစွာထောက်ခံလျက်ရှိကြောင်း ပြသရာရောက်သည်။

ရွေးကောက်ပွဲကျင်းပပြီးစီးသည့်နောက်တွင် ပြည်သူလူထုကြီးတစ်ရပ်လုံးနှင့်အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် အခြားသောဒီမိုကရေစီအင်အားစုများနှင့်ကမ္ဘာ့အသိုင်းအဝိုင်းတို့ကပါ လွတ်လပ်၍တရားမျှတစွာကျင်းပပြီးစီးခဲ့သည့်ရွေးကောက်ပွဲရလဒ်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပေးထားသည့်ကတိကဝတ်များအတိုင်း အကောင်အထည်ဖေါ်ပေးလိမ့်မည်ဟုရိုးသားစွာယုံကြည်ခဲ့ကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ကိုယ်တိုင်အကြိမ်ကြိမ်ပေးထားသောကတိများအတိုင်း ရွေးကောက်ပွဲရလဒ်များကိုအကောင်အထည်ဖေါ်ရန် ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်းဆောင်ရွက်ရမည့်အစား မဆီလျော်သောအတားအဆီးအမျိုးမျိုးဖြင့် ရွေးကောက်ပွဲရလဒ်များကိုပျက်ပြယ်စေရန်လုပ်ဆောင်ခဲ့သည်။

ပြည်သူ့လွှတ်တော်ခေါ်ယူရေးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား နိုင်ငံ့တာဝန်လွှဲအပ်ရေးကို ကြေညာချက်(၁/၉၀)ဖြင့် အခြေခံဥပဒေရေးဆွဲရန်လိုအပ်သည်ဟုအကြောင်းပြ၍ပိတ်ဆို့ခဲ့သည်။ တဖန် အခြေခံဥပဒေရေးဆွဲရေးတာဝန်ကို ၄င်းတို့စိတ်ကြိုက်ဖန်တီးထားသည့်အမျိုးသားညီလာခံသို့လွှဲပြောင်းလျက် ပိတ်ဆို့တားဆီးမှုကို ထပ်မံတိုးချဲ့ခဲ့ပြန်သည်။ ပြည်သူ့လွှတ်တော်ခေါ်ယူရေးကို ဝေးသည်ထက်ဝေးအောင်လုပ်ဆောင်ခဲ့ပြန်သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုလည်း အကြောင်းအမျိုးမျိုးပြ၍ပယ်ဖျက်ခြင်း၊ အတင်းအကြပ်နုတ်ထွက်စေခြင်းတို့ကို လုပ်ဆောင်ကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နည်းလမ်းပေါင်းစုံဖြင့်အပြစ်ရှာပြီးဖိနှိပ်ချုပ်ချယ်လာခဲ့သည်။

ဤသို့သောမလျော်ကန်သည့်လုပ်ရပ်များကြောင့် မြန်မာ့နိုင်ငံရေးတွင် ကြီးမားလှစွာသောအကြပ်အတည်းများကိုဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံရေးအကြပ်အတည်းကြောင့် စီးပွားရေးနှင့်လူမှုရေးအကြပ်အတည်းများကို ထပ်ဆင့်တိုးပွားစေခဲ့ပေသည်။ ထိုသို့သော အကြပ်အတည်းများကိုဖြေရှင်းပြေလည်စေရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သက်ဆိုင်ရာအာဏာပိုင်များသို့ တွေ့ဆုံဆွေးနွေးခြင်းဖြင့်ဖြေရှင်းရေးမှုကို ၁၉၈၉ ခုနှစ်ကတည်းက တင်ပြအကြံပြုခဲ့သည်။

လွှတ်တော်ခေါ်ယူရန်ပျက်ကွက်နေခြင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ပေါ်ပေါက်ရန် နှောင့်နှေး နေခြင်းနှင့်တကွ၊ နိုင်ငံသူနိုင်ငံသားတို့တွင် ကြီးမားလှသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကြပ်အတည်းများနှင့် ရင်ဆိုင်နေရခြင်းစသည့် တိုင်းပြည်ပြဿနာအရပ်ရပ်ကိုပြေလည်ဖြေရှင်းစေနိုင်ခြင်းအလို့ငှာ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် အာဏာပိုင်တို့အား တွေ့ဆုံဆွေးနွေးညှိနှိုင်းရန် အကြိမ်ကြိမ်အခါခါတိုက်တွန်းတောင်းဆိုသည်။ သို့သော် အာဏာပိုင်တို့ဘက်မှစေတနာမှန်ဖြင့်တုန့်ပြန်မှုမရှိခဲ့ပါ။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်ကိုခေါ်ယူဖွဲ့စည်းပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၃–၆–၉၈ နေ့က အာဏာပိုင်များသို့တရားဝင်အကြောင်းကြားစာပေးပို့ခဲ့သည်။ ထို့နောက်ပိုင်းတွင် အဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ၁၉၆၁ခုနှစ် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေဖြင့် အာဏာပိုင်တို့က သိက္ခာမဲ့စွာအရေးယူခဲ့ကြသည်။

အဖွဲ့ချုပ်ခေါင်းဆောင်များသည် တာဝန်နှင့်ဝတ္တရားအရလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရလည်းကောင်း၊ ဖမ်းဆီးခြင်းခံနေရသောပြည်သူလွှတ်တော်ကိုယ်စားလှယ်များနှင့် ၄င်းတို့၏မိသားစုများထံ အားပေးစကားပြောကြားရန် အေးချမ်းတည်ငြိမ်စွာဖြင့် အများပြည်သူတို့အသုံးပြုသည့်ခရီးလမ်းအတိုင်း သွား ရောက်ခဲ့ကြသော်လည်း အာဏာပိုင်များ၏မတရားတားဆီးပိတ်ဆို့မှုများကိုခံခဲ့ရသည်။ ဤသို့ တားဆီးပိတ်ဆို့ခြင်းသည် မြန်မာနိုင်ငံပါဝင်လက်မှတ်ရေးထိုးထားသည့် ကမ္ဘာ့ကုလသမဂ္ဂ၏လူ့အခွင့်အရေးကြေညာစာတမ်းပါ ပုဒ်မ ၁၃ (၁)အား ချိုးဖေါက်ရာရောက်သည်။

၇–၇–၉၈ ရက်နေ့ ပဲခူးတိုင်း၊ မင်းလှမြို့နယ်ခရီးစဉ်နှင့် ၂၀–၇–၉၈ ရက်နေ့ ရောဝတီတိုင်း၊ ပန်းတနော်မြို့နယ်ခရီးစဉ်တို့သည် နှစ်ဦးနှစ်ဘက်ညှိနှိုင်းခြင်းဖြင့် ဂုဏ်သိက္ခာရှိရှိအဆင်ပြေမှုရရှိခဲ့သည်။ သို့သော် ၂၄–၇–၉၈ ရက်နေ့နှင့် ၁၂–၈–၉၈ ရက်နေ့ ရောဝတီတိုင်း၊ ပုသိမ်မြို့နယ် ခရီးစဉ်များတွင်မူ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ အားသက်ဆိုင်ရာအာဏာပိုင်တို့သည် ညှိနှိုင်းခြင်းများမပြုလုပ်ဘဲ၊ ၂၄–၇–၉၈ ရက်နေ့နှင့်ပတ်သက်ရာ၌ ကိုယ်ထိလက်ရောက်အတင်းအဓမ္မချုပ်နှောင်၍ ဇွတ်အတင်းအိမ်ပြန်ပို့ခြင်းပင်ခံခဲ့ရသည်။

ဥပဒေကို မတရားအလွဲသုံးစားပြုခြင်း။

" တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး" ကို ပထမလက်ငင်းလုပ်ငန်းတာဝန်အဖြစ် ကြေညာလျှက်အာဏာသိမ်းခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(ယခုနိုင်ငံတော်အေးချမ်းသာယာ • ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)သည် ရာဇသတ်ကြီး(ပြစ်မှုဆိုင်ရာဥပဒေ) ပုဒ်မ- (၅၀၃)ပါ – "မည်သူမဆို အခြားသူ တဦးတယောက်၏ ကိုယ်ကိုသော်၎င်း၊ ဂုဏ်သရေကိုသော်၎င်း၊ ပစ္စည်းကိုသော်၎င်း၊ ထိုအခြားသူက အကျိုးလိုလားသောသူ၏ ကိုယ်ကိုသော်၎င်း၊ ဂုဏ်သရေကိုသော်၎င်း၊ နစ်နာစေမည်ဟုခြိမ်းခြောက်ရာတွင်၊ ထိုသို့ခြိမ်းခြောက်ခြင်းသည် ထိုသူအားထိတ်လန့်ခြင်းဖြစ်စေရန်အကြံဖြင့်ခြိမ်းခြောက်ခြင်းဖြစ်လျှင်၊ သို့တည်းမဟုတ် ခြိမ်းခြောက်သည့် အတိုင်းပြုလုပ်ခြင်းခံရမည်ကို ရှောင်ရှားနိုင်ရန်အကြောင်းအဖြစ်ဖြင့် ဥပဒေအရပြုလုပ်ရန်တာဝန်မရှိသောပြုလုပ်မှုကို ထိုသူအားပြုစေရန် အကြံဖြင့်သော်၎င်း၊ ဥပဒေအရပြုလုပ်ပိုင်ခွင့်ရှိသောပြုလုပ်မှုကို မပြုမလုပ်ပျက်ကွက်စေရန်အကြံ ဖြင့်သော်၎င်း၊ ခြိမ်းခြောက်ခြင်းဖြစ်လျှင် ထိုသူသည်ရာဇဝတ်မကင်းသောခြောက်လှန့်မှုကိုကျူးလွန်သည်မည်၏"ဟူသောပြဋ္ဌာန်းချက်များကို ချိုးဖေါက်ကျူးလွန်လျှက်ရှိသည်။

ချိုးဖေါက်သည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အခြားနိုင်ငံရေးအဖွဲ့အစည်းများမှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့ချုပ်မှ အဆင့်ဆင့်သောစည်းရုံးရေးအဖွဲ့ဝင်များ၊ ရိုးရိုးအဖွဲ့ဝင်များကိုဥပဒေမဲ့၊ တရားဥပဒေစိုးမိုးရေးကိုဖေါက်ဖျက်ကျူးလွန်လျက် ဖမ်းဆီးချုပ်နှောင်ထားလျှက်ရှိနေသည်။ သို့သော်စစ်မဟာဗျူဟာလေ့လာရေးရုံးမှ နိုင်ငံခြားသို့ထုတ်ပြန်သောသတင်းလွှာတွင် "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှအဖွဲ့ဝင်အတော်များများအား အစိုးရ၏အမြင်အယူအဆများကိုတင်ပြရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်မရှိဘဲနှင့်လွှတ်တော်ခေါ်ယူရေးကိစ္စအပေါ် ၎င်းတို့၏အကြံပြုချက်များရယူရန်အတွက် အစိုးရဧည့်ရိပ်သာများသို့ဖိတ်ခေါ်ထားပါသည်။"ဟုဖေါ်ပြထားပါသည်။ ဤကိစ္စလုံးဝမဟုတ်အမှန်ကြောင်းကို အဖွဲ့ချုပ်က ၂၃-၉-၉၈ ရက်စွဲဖြင့်ကြေညာချက်အမှတ် – ၇၁ (၉/၉၈)ကိုထုတ်ပြန်ခဲ့သည်။

(၂) အမှန်မှာ အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် အဖွဲ့သို့မိမိတို့၏လွတ်လပ်သောသဘောဆန္ဒတူညီခြင်းအရ မိမိတို့ကိုယ်စားလုပ်ဆောင်ရန် အခွင့်အာဏာပေးအပ်ထားခြင်းကိုပျက်ပြယ်သွားစေရန်ရည်ရွယ်လျှက် ရာဇဝတ်မကင်းသောခြောက်လှန့်မှုကို ပြုလုပ်နေကြခြင်းဖြစ်သည်။

အာဏာပိုင်များက "ဖိတ်ခေါ်ထားသည်" ဆိုသောအဖွဲ့ချုပ်မှအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနက် အချို့က မိမိတို့ကိုယ်စားလုပ်ဆောင်ရန်အခွင့်အာဏာပေးထားသည်ကိုရုပ်သိမ်းကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှနုတ်ထွက်ကြောင်း၊ အဖွဲ့ချုပ်မှခေါ်ယူဖွဲ့စည်းမည့် ပြည်သူ့လွှတ်တော်သို့တက်ရောက်မည်မဟုတ်ကြောင်းရေးသားသည့်စာများကို အာဏာပိုင်တို့က ကြေညာလျှင်၊ သတင်းဆောင်းပါးများတွင်ထည့်သွင်းဖေါ်ပြလျှင် အာဏာပိုင်များ၏ကိုယ်စား တပ်မတော်ထောက်လှမ်းရေးအဖွဲ့ဝင်များက ရာဇဝတ်မကင်းသော ခြောက်လှန့်မှုများပြုလုပ်ခဲ့ကြကြောင်းထင်ရှားသွားမည်ဖြစ်သည်။ ရာဇဝတ်မကင်းသောခြောက်လှန့်မှုအတွက် လက်ရှိဥပဒေများအရပြစ်ဒဏ်မှာ (၂)နှစ်အထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်သည်။

ထို့ပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်အဖွဲ့ဝင်များအား ၁၉၉၈ ခု၊ မေလ (၂၇)ရက်နေ့မှအစပြု၍ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများအက်ဥပဒေပုဒ်မ – ၅ (၁) ၈၊ ဆ တို့ဖြင့်အရေးယူခံခဲ့ကြရသည်။

အထက်ဖေါ်ပြပါအတိုင်း အာဏာပိုင်များသည် ရာဇဝတ်ကြောင်းအရလည်းကောင်း၊ ပဋိညာဉ်အက်ဥပဒေအရလည်းကောင်း အဓိပ္ပါယ်ဖွင့်ဆိုထားသည့်အတိုင်း ရာဇဝတ်မကင်းသောခြိမ်းခြောက်မှုကျူးလွန်ရာရောက်သည့် ပြင်ပဋိညာဉ်အက်ဥပဒေအရ သက်ဆိုင်ရာပုဒ်မများတွင်အဓိပ္ပါယ်ဖွင့်ဆိုထားသည့်အတိုင်း "နိုင်ထက်စီးနင်း ပြုကျင့်ခြင်း" သို့မဟုတ် "မတရားသြဇာလွှမ်းမိုးခြင်း" သို့မဟုတ် "လိမ်လည်လှည့်ဖြားခြင်း" သို့မဟုတ် "အလွဲတင်ပြပြောဆိုခြင်း"

သို့မဟုတ် "မှားယွင်းခြင်း" အကြောင်းများကြောင့်မဟုတ်လျှင် သဘောဆန္ဒတူညီခြင်း သည် လွတ်လပ်သောသဘောဆန္ဒတူညီခြင်းဟုအဓိပ္ပါယ်ဖွင့်ထားသည်။ လွတ်လပ်သောသဘောဆန္ဒတူညီခြင်းမရှိလျှင်တရားဝင်မဖြစ်နိုင်၊ ၎င်းပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို မတရားသောနည်းအမျိုးမျိုးဖြင့် •နုတ်ထွက်စေခြင်းမှာလည်းတရားမဝင်ပါ။ ပြည်သူ့လွှတ်တော်တရပ်ပေါ်ပေါက်လာသည့်အခါတွင်မှ လွှတ်တော်ဥက္ကဋ္ဌထံသို့ နုတ်ထွက်စာတင်ပြီး လွှတ်တော်၏သဘောတူညီချက်ဖြင့်ခွင့်ပြုပါကနုတ်ထွက်နိုင်ပါသည်၊"

97

၉–၁၁–၉၉ (စနေနေ့) ညနေ(၃း၄၅)နာရီခန့်တွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များဖြစ်ကြ သော ဦးတင်ဦး၊ ဦးကြည်မောင်နှင့်ဒေါ်အောင်စုကြည်တို့သည်၊ ကမ္ဘာ့ဇရိပ်သာဝင်းတံခါးမှထွက်ခါ တောင်ဘက် သို့ရှေ့ရှု၍ကား(၃)စီးဖြင့်ဖြေးညှင်းစွာမောင်းနှင်လာစဉ်၊ ယင်းဝင်းတံခါး၏တောင်ဘက် (၁၅)ပေအကွာခန့်တွင်ရှိ ဘတ်(စ်)မှတ်တိုင်နေရာမှစ၍၊ လမ်းပေါ်နှင့်လမ်းဝဲ–ယာတွင်နေရာယူထားသော ခန့်မှန်းခြေ(၂၀၀)ခန့်ရှိလူအုပ်စု(၁)စုကိုတွေ့ရသည်။ ၎င်းတို့က၊ ကျောက်ခဲ၊ ချိန်းကြိုး၊ သုံးဒုတ်စသည့် လူကိုသေစေနိုင်လောက်အောင်အန္တရာယ်ပေးနိုင်သောလက်နက်မျိုးစုံဖြင့် တဦးတယောက်၏စီစဉ်ညွှန်ကြားထားသောအမိန့်ကိုနာခံလျက် အကြမ်းဖက်တိုက်ခိုက်ခဲ့ကြသည်။ ဤတိုက်ခိုက်မှုကြောင့် ဒေါ်အောင်စုကြည်၏မော်တော်ကားနောက်ဘက်လေကာမှန်တွင် ဟက်တက်ကွဲသောဒဏ်ရာတခုနှင့်၊ ဦးတင်ဦးနှင့်ဦးကြည်မောင်တို့စီးလာသောကားတွင်၊ နောက်ဘက်တံခါးနှစ်ခုလုံးရှိမှန်များနှင့် နောက်ဘက်လေကာမှန်ကြီးတချပ်လုံး လုံးဝဥသုံ့ပျက်စီးသွားခဲ့သည်။

အချင်းဖြစ်နေ့က၊ အချင်းဖြစ်ပွားရာနေရာရှိ၊ ဘတ်(စ်)မှတ်တိုင်တွင် ဘတ်(စ်)ကားများရပ်ခွင့်မပြုပါ။ သာမန်ရိုးရိုးခရီးသွားများကိုပင်ဖြတ်သန်းသွားလာခြင်းမပြုနိုင်အောင်၊ ကြပ်တည်းစွာကန့်သတ်ထားသောနေရာဖြစ် သည်။ ကမ္ဘာ့ဇတံခါးအပြင်ဘက်နီးကပ်စွာတွင်လုံထိန်းတပ်ဖွဲ့၊ ထောက်လှမ်းရေးများနှင့်ယာဉ်ထိန်းရဲများရှိနေကြ သည်။ ကမ္ဘာအေးလမ်း၏အရှေ့ဘက်ရှိဆိုင်ခန်းများ၌လည်း ထောက်လှမ်းရေးအဖွဲ့နှင့်အခြားစစ်ဘက်အရာရှိဟုယူဆနိုင်သောပုဂ္ဂိုလ်အချို့ရှိနေကြသည်။ ကမ္ဘာ့ဇဝင်းတံခါး၏အတွင်းဝိုင်း၌လည်း တဘက်တွင်ကွမ်းယာဆိုင်၊ အခြားတဘက်တွင်လုံထိန်းတပ်ဖွဲ့ဝင်များနှင့်ယာဉ်ထိန်းရဲများရှိသည်။ ဦးကြည်မောင်၏အိမ်ဝင်တံခါးအပြင်ဘက်တွင် ဒေါ်အောင်ဆန်းစုကြည်၏လုံခြုံရေးအတွက်လိုက်ပါလာသော ထောက်လှမ်းရေးအရာရှိကားနှင့်ရဲကားတို့ ကမ္ဘာအေးဘုရားလမ်းသို့အသင့်ထွက်နိုင်ရန်ဦးတည်၍ရပ်ထားသည်။

အဆိုပါလူစုသည် ဦးကြည်မောင်၏အိမ်သို့ဒေါ်အောင်စုကြည်ရောက်ရှိလာသည့် ညနေ(၃း၃၀)နာရီတွင် လုံးဝမရှိဘဲ၊ ပြန်ထွက်သည့်(၃း၄၅)နာရီအချိန်၊ (၁၅)မိနစ်အတွင်းစုဝေးရောက်ရှိလာခြင်းဖြစ်ပါသည်။ ၎င်းတို့သည် ယဉ်ကျေးမှုတက္ကသိုလ်ဝင်းအတွင်းမှ စနစ်တကျဦးဆောင်ဦးရွက်ပြုသူတို့၏အစီအမံဖြင့် လျှင်မြန်စွာချီတက်စုဝေးခဲ့ကြခြင်းဖြစ်သည်။ ထိုလူစုတို့တွင်၊ စီမံကွပ်ကဲသူများ၏လက်၌ စကားပြောကြေးနန်းဖြင့်ပေါ်ပေါ်ထင်ထင်အချိတ်အဆက်လုပ်နေကြသည်ကိုအံ့သြဖွယ်တွေ့မြင်နေကြရသည်။

အဖွဲ့ချုပ်ခေါင်းဆောင်များ၏ကားများ ကမ္ဘာ့ဇဝင်းတံခါးမှစထွက်လာစဉ် တဦးယောက်က(ထွက်လာပြီ၊ ထွက်လာပြီ)ဟုအော်ဟစ်အချက်ပေးသည်နှင့် စတင်ပြင်ဆင်၍ ဦးဆောင်သူတဦးက၊ ဒေါ်အောင်ဆန်းစုကြည်ကားကို သေချာအောင်လူစစ်ကြည့်ရှုပြီး (ချ၊ ချ)ဟုအချက်ပေးသည်နှင့် စတင်တိုက်ခိုက်ခြင်းဖြစ်သည်။

ထိုလူများသည် လုံခြုံရေးတပ်ဖွဲ့အများအပြား၏ရှေ့မှောက်တွင် တကဲ့မင်းမဲ့တိုင်းပြည်ပမာ၊ ရက်စက်ကြမ်းကြုတ်စွာအကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့သောပြစ်မှုကြီးကိုကျူးလွန်ပြီးနောက်၊ အချင်းပွားရာနေရာမှအခြားသို့ထွက်ပြေးတိမ်းရှောင်မှုမပြုဘဲ၊ နေ့ခင်းကြောင်တောင်တွင် ကမ္ဘာအေးဘုရားလမ်း၏ ဝဲ/ယာတို့တွင်လည်းကောင်း၊ လမ်းမပေါ်တွင်လည်းကောင်း မိုးချုပ်မှောင်သည်အထိပိတ်ဆို့ထားခွင့်ရနေကြပါသည်။ ယင်းဒေသတဝိုက်ကိုအင်အားအပြည့်စိုးမိုးထားသော လုံခြုံရေးတာဝန်ယူကြသည့်တပ်ဖွဲ့မျိုးစုံတို့က၊ ၎င်းတို့အားဖမ်းဆီးခဲ့ခြင်းလည်းမရှိ။ ထိုနောက်မှစနစ်တကျအုပ်ချုပ်သူတို့၏အစီအစဉ်ဖြင့် ယဉ်ကျေးမှုတက္ကသိုလ်အတွင်းသို့ပြန်လည်ဝင်ရောက်သွားကြသည်။ ဤအချက်သည် နိုင်ငံတော်၏တရားဥပဒေစိုးမိုးရေးနှင့်ရပ်ရွာအေးချမ်းသာယာရေးကိုအကြီးမားဆုံးသောဖောက်ဖျက်မှုပင်ဖြစ်သည်။

အဆိုပါလူစုလူဝေးတွင်းရှိ အဖွဲ့အချင်းချင်းပြောဆိုဆက်ဆံမှုများအရ မြို့နယ်အသီးသီးမှကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဝင်များပါဝင်နေကြသည်ကိုသိရှိရသည်။

ဒုတိယအကြိမ်အကြမ်းဖက်တိုက်ခိုက်မှုမှာ တက္ကသိုလ်ရိပ်သာလမ်းနှင့်သံလွင်လမ်းထောင့်တွင်ဖြစ် သည်။ ထိုအချိန်မှာ ညနေ(၄း၄၅)နာရီခန့်ဖြစ်သည်။ ထိုနေရာတွင် စစ်တပ်မှဗိုလ်မှူးတဦး၊ ရဲမှူးတဦးနှင့်ယာဉ်ထိန်း ရဲ(၁၀)ဦးခန့်က

တက္ကသိုလ်ရိပ်သာလမ်းကိုပိတ်ထားခြင်းဖြစ်သည်။ သို့အတွက် သံလွင်လမ်းသို့ အဖွဲ့ချုပ် ခေါင်းဆောင်များအကွေ့တွင်၊ ၎င်းအရာရှိများအနီးမှပင်လူ(၂)ဦးပြေးထွက်လာပြီး၊ ခေါင်းဆောင်များစီးလာသည့် ကားကိုခဲနှင့်ပစ်ပေါက် ယုံမှုမက အနီးကပ်ဓါးနှင့်ဝင်ထိုးခဲ့သည်။ ကားသွားနေစဉ်ဖြစ်၍လူကိုမထိခိုက်ခဲ့သော်လည်း၊ ကြီးမားသောလုပ်ကြံမှုတခုပင်ဖြစ်သည်။ ထိုသူများသည် ယင်းသို့ရက်စက်ရိုင်းပျစွာကျူးလွန်ပြီးနောက် လုံခြုံစိတ်ချ စွာပင် လုံခြုံရေးအရာရှိများကြားသို့ပြန်လည်ပြေးဝင်သွားကြသည်။ ဤနိုင်ငံတွင်မဖြစ်စဘူးထူးကဲလှစွာသော အတွေ့အကြုံသစ်ပင်ဖြစ်သည်။

ဤဖြစ်ရပ်များသည် သာမန်အားဖြင့်စဉ်းစားဆင်ခြင်နိုင်သူတို့အဖို့ပင်၊ အလွန်အံ့အားသင့်ဖွယ်ဖြစ်ကြရ သည်။ အကြောင်းမှာ . . . တိုက်ခိုက်ရန်ရွေးချယ်ထားသောနေရာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များစိုးမိုးထားသော နေရာဖြစ်ခြင်း၊ တိုက်ခိုက်ချိန်သည်၊ နေ့ခင်းကြောင်တောင်လူမြင်ကွင်းတွင်၊ ရက်စက်ကြမ်းကြုတ်စွာတိုက်ခိုက်ခြင်း ဖြစ်၍ လူအများကမြင်တွေ့ခဲ့ရခြင်း။ တိုက်ခိုက်သူများကို မိမိတို့ဘက်ကရုတ်တရက်၊ အမျက်ဒေါသထွက်စေအောင် တစုံတရာပြုမူဆောင်ရွက်ချက်ဟူ၍မရှိဘဲ၊ အဆက်အစပ်ကင်းသောအဖွဲ့တခုက ခရီးသွားအခြားအဖွဲ့တခုကို အလွန် တရာမိုက်ရိုင်းရမ်းကားစွာပြုမူဆောင်ရွက်ခြင်းတို့ကြောင့်ဖြစ်သည်။

ယင်းလုပ်ရပ်များသည် သမိုင်းတွင်အလွန်အရုပ်ဆိုးစေမည့်အသက်ဆုံးရှုံးစေသောလုပ်ကြံမှုမျိုးဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ဂုဏ်သိက္ခာကိုလည်း အထူးထိခိုက်စေသည်။

ယင်းလုပ်ရပ်များသည် သင့်တော်သည့်နေရာကို၊ စီမံကိန်းတကျရွေးချယ်၍ သေချာအောင်ကြိုတင်စီစဉ် ထားသည့် အသက်သေဆုံးစေရန်၊ ကြံရွယ်ချက်ဖြင့်ပြုမူကြောင်းထင်ရှားသည်။ ဤသို့သောမင်းမဲ့စရိုက်ကို လစ်လျူရှုထားခြင်းသည်၊ သက်ဆိုင်ရာအာဏာပိုင်များကအားပေးရာရောက်သည်။ ကျွန်ုပ်တို့ဘက်အနေဖြင့်၊ မသမာသောကြံရွယ်ပြင်ဆင်မှုများအလျှင်းမရှိသည့် အပြစ်မဲ့၊ လက်နက်မဲ့သာဖြစ်ကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့ဝင် ဒေါက်တာမျိုးအောင်နှင့် ယာဉ်မောင်း (၂)ဦးအပါအဝင် အဖွဲ့ချုပ်လူငယ်(၁၆)ဦးတို့ ၂၄-၈-၂၀၀၀ ရက်နေ့၊ နံနက်(၀၉:၀၀)နာရီခန့်တွင် ရန်ကုန်တဖက်ကမ်း ဒလမြို့မှတဆင့်၊ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နှင့်ကော့မှူးမြို့များသို့ စည်းရုံးရေးကိစ္စများဆောင်ရွက်ရန် ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းမှခရီးထွက်ခွာရန်စီစဉ်ခဲ့ရာ၊ အာဏာပိုင်တို့က ပန်းဆိုးတန်းဆိပ်ကမ်းတွင်(၁)နာရီခွဲခန့် ပိတ်ဆို့ထားပြီးမှ ဒလသို့ကူးနိုင်ခဲ့သည်။

ဒလမြို့သို့ရောက်ပြီးနောက် ကြိုတင်စောင့်နေသောအဖွဲ့ချုပ်ကား(၂)စီးဖြင့် ကွမ်းခြံကုန်းမြို့သို့ခရီးထွက်ခဲ့သည်။ ဒလမြို့ပြင်ပ(၃)မိုင်ခန့်အကွာရှိ ကျွန်စစ်သားရပ်ကွက်အနီးတွင် ကားများအားပိတ်ဆို့ပြီး၊ ရဲမှူးမျိုးလွင်က ဆက်လက်သွားခွင့်မပြုနိုင်ကြောင်းနှင့် ရန်ကုန်သို့ပြန်လှည့်ရန်ပြောဆိုခဲ့သည်။ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့က ပြန်လှည့်ခြင်း မပြုသဖြင့် စစ်အာဏာရှင်များကမော်တော်ကား(၂)စီးအားမ၍ လမ်းမကြီးဘေးတွင်ရှိသောလယ်ကွင်းများအကြား မြေလမ်းပေါ်သို့ပို့ဆောင်ခဲ့သည်။

ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့က ကွမ်းခြံကုန်းမြို့သို့သွားနိုင်သည်အထိစောင်းရန် အခိုင်အမာရပ်တည်ပြီး ထိုနေရာတွင်တဲထိုး၍နေခဲ့ကြသည်။ အာဏာပိုင်များက အနှောင့်အယှက်အမျိုးမျိုးပေးခဲ့သည့်ကြားမှ သန္နိဋ္ဌာန်ခိုင်မာစွာဖြင့်ဆက်လက်ရပ်တည်နေခဲ့ရာမှ (၉)ရက်မြောက်နေ့ဖြစ်သည့် ၁-၉-၂၀၀၀ ရက်နေ့ည(၁၁:၁၅)အချိန်တွင် ရဲမှူးချုပ်အောင်နွယ်၊ ရဲမှူးမျိုးလွင်နှင့်စစ်ထောက်လှမ်းရေးအဖွဲ့မှ ဗိုလ်မှူးနေစိုး၊ ဗိုလ်မှူးတေဇတို့ပါဝင်သော လူအင်အား (၂၀၀ မှ ၄၀၀)ခန့်ရှိသည့်လုံခြုံရေးတပ်ဖွဲ့များက ဦးတင်ဦးနှင့်ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ရပ်နားသည့်နေရာသို့ ဝင်ရောက်စီးနင်းပြီး၊ အဖွဲ့ဝင်များအားအတင်းအဓမ္မရန်ကုန်သို့ပြန်ပို့ခဲ့သည်။

ထိုသို့ဝင်ရောက်စီးနင်းရာတွင် လူငယ်အချို့ကိုအကြမ်းဖက်ရိုက်နက်ခဲ့ပြီး၊ ဒေါ်အောင်ဆန်းစုကြည်အား အမျိုးသမီး(၆)ဦးကအတင်းအကြပ်ချုပ်နှောင်၍ စစ်အာဏာရှင်တို့က ၎င်းတို့၏မော်တော်ယာဉ်ဖြင့်တက္ကသိုလ်ရိပ်သာလမ်းနေအိမ်သို့ပို့ဆောင်ခဲ့သည်။ ဦးတင်ဦးအားလည်းအတင်းအဓမ္မချုပ်နှောင်ခေါ်ဆောင်ခဲ့ပြီး နေအိမ်သို့ရောက်သည့်အခါတွင် ကားပေါ်မှကြမ်းတမ်းစွာဆွဲချခဲ့သည်။

စစ်အာဏာရှင်တို့က ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား အကြမ်းဖက်၍နေအိမ်ပြန်ပို့ခဲ့ရုံမျှမက ထိုညတွင်ပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုဌာနချုပ်ရုံးကိုဝင်ရောက်သိမ်းပိုက်ခဲ့သည်။ နောက်တနေ့တွင် အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံးကိုအကျယ်ချုပ်ဖြင့်ထိန်းသိမ်းခဲ့သည်။

၁၄-၉-၂၀၀၀ ရက်နေ့နံနက်(၉)နာရီအချိန်တွင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေအား နအဖ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်ကဖိတ်ခေါ်၍၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်လူကြီးများအားလုံး ပြန်လည်လွတ်မြောက်ပြီဖြစ်ကြောင်းနှင့်၊ အဖွဲ့ချုပ်ဗဟိုဌာနချုပ်ရုံးကိုလည်းပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်းပြောဆိုခဲ့သည်။

၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁၆)ရက်နေ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ(၂)နှစ်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီမှ နအဖ၏ မတရားအမိန့်ဖြစ်သည့်၊ "အမျိုးသားညီလာခံကိုကာကွယ်သည့် ဥပဒေ၊ အမှတ်(၅/၉၆)"အားစိန်ခေါ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို မိမိတို့ဘာသာရေးဆွဲမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

၂၁-၉-၂၀၀၀ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့၊ အဖွဲ့ချုပ်လှုပ်ရှားမှုမရှိနိုင်ရန်ပိတ်ပင်တားဆီးမှုများ၊ အဖွဲ့ချုပ်ရုံးများအား မတရားပိတ်စေခြင်း၊ အဖွဲ့ချုပ်ရုံးဆိုင်းဘုတ်များအားမတရားဖြုတ်ချစေခြင်းများကိုသွားရောက်စုံစမ်းရန်အတွက် ညနေရထားဖြင့် မန္တလေးသို့သွားရန်စီစဉ်၍၊ မန္တလေးသို့သွားရန် ရန်ကုန်ဘူတာကြီးသို့သွားရောက်ခဲ့ရာ၊ လက်မှတ်ကုန်နေသည်ဟု မဟုတ်မမှန်အကြောင်းပြ၍ လက်မှတ်ရောင်းမပေးသဖြင့်၊ ရထားထွက်ချိန်အထိစောင်းဆိုင်းခဲ့ကြပြီး လက်မှတ်မရသဖြင့် နောက်နေ့နံနက်ရထားဖြင့်လိုက်ရန်ဆက်လက်စောင်းဆိုင်းနေခဲ့သည်ကို အတင်းအဓမ္မဖမ်းဆီး၍ လူငယ်များကိုထိန်းသိမ်းခဲ့ပြီး၊ လူကြီးများအား နေအိမ်သို့အဓမ္မပြန်ပို့ခဲ့သည်။ တဆက်တည်း စက်တင်ဘာလ (၂၂)ရက်နေ့မှစ၍ ဗဟိုအလုပ်အမှုဆောင်အားလုံးအားနေအိမ်ပြင်ပသို့ထွက်ခွင့်မပြုပဲ အကျယ်ချုပ်ချထားခဲ့သည်။

..... ဆက်ရန် .....
(မူကြမ်းမျှသာဖြစ်ပါသည်။)